လမင်းမိုမို

ဘဝရဲ့ချိုမြိန်သောအစိတ်အပိုင်း

လမင်းမိုမို

ဘဝရဲ့ချိုမြိန်သော အစိတ်အပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၁၀၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၄၁၀၀၇

၂၀၀၈ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဤဝတ္ထုတွင် ဖော်ပြပါရှိသော ကုန်တိုက်၊ ပုဂ္ဂလိက အထူးကုဆေးရုံကြီး၊ CT SCAN ရိုက်ကူးသောစက်ကြီး၊ ဆရာဝန်သူနာပြုများ၊ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်နှင့် ဝန်ထမ်းများ အားလုံးတို့သည် ပြင်ပလောက၌ အမှန်တကယ် မရှိသော စိတ်ကူးယဉ်ဖန်တီးမှုများ သက်သက်သာ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လမင်းမိုမို



လမင်းမိုမို

ဘဝရဲ့ချိုမြိန်သော အစိတ်အပိုင်း

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

၁

"သန္တာရေ အစ်မ ဒီ Suit case ယူမယ်နော်၊ ဖယ်ထားလိုက်တော့"

ဖူးစာ စကားကြောင့် Suit case တွေရဲ့ ကောင်တာတာဝန်ခံ သန္တာက လှမ်းကြည့်ရင်း ...

"သေချာတယ်နော် အစ်မ"

"အေး ... သေချာတယ်၊ သုံးသောင်းခွဲဆိုတော့ ဈေးလည်းမဆိုးဘူးလေဟယ်၊ အတော်ပဲ ပိုက်ဆံလည်းပါတယ်။ ခုပဲ ဘောက်ချာဖြတ်ပြီးယူမယ် သိလား၊ ဖယ်ထားလိုက်တော့၊ ဒီအနီကွက်လေးလည်းကြိုက်လို့"

သန္တာက ရှီးပြထားတဲ့ Suit case အနီကွက်ကို ဆွဲယူကာ ကောင်တာနောက်သွင်းချထားလိုက်ရင်း ဖူးစာကို ပြုံးကြည့်ကာ ...

"သွားတော့မယ်ပေါ့"

"အင်း ... အစ်မကလိုပါသေးတယ် သန္တာရယ်"

"တကယ်သွားတော့မှာပေါ့ ဟုတ်လား"

"အေးပေါ့ဟယ် အစ်ကိုကခေါ်တော့လည်း ..."

"အမယ် ... အစ်မကလည်း သံဝေဂသံလေးနဲ့၊ စင်ကာပူသွားနေရမှာ ကောင်းတာပေါ့၊ ပျော်စရာကြီး၊ သန္တာတို့ကိုများဖြင့် ခေါ်မယ့်အစ်ကို မရှိလို့ပါနော်၊ ခေါ်များခေါ်ရင် က,ပြီးသွားမှာပဲ"

ဖူးစာသည် သန္တာ့ကို တအံ့တသြကြည့်မိသည်။ မသွားချင်လှတာအမှန်မို့ မသွားချင်ပါဘူးဟုပြောလျှင် လူတွေကသွားရတော့မှာသေချာတာမို့ တမင်ဟန်လုပ်ပြောတယ် ထင်ကြသည်။ ဖူးစာက စိတ်ထဲရှိတဲ့အတိုင်း အမှန်အတိုင်းပြောတာပါ။ ကိုယ့် အသက်ကငယ်ငယ်လေးမှာ (ဆယ်ကျော်သက်လောက်ပေါ့) ကျောင်းတွေဘာတွေ သွားတက်ရမည်ဆိုရင်တော့ တက်ကြွ စိတ်လှုပ်ရှားချင်စရာကောင်းပြီး အသက်အရွယ်အရလည်း ပျော်ချင်ပျော်မိမည်။

သန္တာကတော့ ခုမှ အသက်နှစ်ဆယ့်နှစ်လောက်ရှိဦးမှာကိုး။ ဖူးစာကား အသက်သုံးဆယ်ထဲ တင်းတင်းဝင်လေပြီ။ ငယ်တော့တာမဟုတ်။ ဒီအရွယ်ကြီးကျမှ နိုင်ငံရပ်ခြားမှာ လူငယ်တွေနှင့်ပြိုင်ဆိုင်ပြီး ကျောင်းတက်စာကျက်လည်း တကယ် မလုပ်ချင်တော့။ အဲဒါကြောင့် ရှိတဲ့အရည်အချင်းလောက်နဲ့ အလုပ်ဝင်လုပ်မယ် ဆိုရင်လည်း သာမန်လစာနည်း အလုပ်သမဘဝပဲဖြစ်ရမှာပဲ။

ဒီမှာနေလည်း လုပ်ကိုင်ရုန်းကန်ရှာဖွေ စားရမှာပဲ။ ဟိုမှာနေလည်း လုပ်ကိုင်ရုန်းကန်ရှာဖွေစားရမှာပဲ။ ကိုကိုက နင်ဘာမှမလုပ်နဲ့ အိမ်မှုကိစ္စပဲကူညီပေးဆိုပေမယ့် ဘယ်ဖြစ်ဦးမလဲ။ ရသလောက်အချိန်တော့ ထွက်လုပ်ရဦးမှာပေါ့။ ကိုကို့အိမ်မှာ ထမင်းချက် အိမ်သိမ်း ကလေးထိန်းနေရုံနဲ့ ဖူးစာ ဘာပိုက်ဆံရမှာလဲ။ ကိုကိုကလည်း မုန့်ဖိုးလောက် အလွန်ဆုံးပေးနိုင်မှာပေါ့။

ငွေတစ်ပြားမှမရှိဘဲ အိမ်ထဲကုန်းရုန်းလုပ်ရပြီးတော့တော့ ကိုယ့်ဘဝကြီးကို မလည်ပတ်ချင်ပါဘူး။ ကိုကို့သားလေးဖိုးဂျစ်က ကျောင်းတက်ပြီဆိုတဲ့အတွက် တစ်နေကုန်ထိန်းရမှာမဟုတ်သော်လည်း နာမည်ကိုက 'ဖိုးဂျစ်'။ ဖအေမနိုင် မအေမနိုင်လေး။ ဒီလာလည်တုန်း သုံးနှစ်သားကတွေ့ဖူးပါရဲ့။ သူ့ကိုတစ်နာရီလောက်ထိန်းရတဲ့အချိန်အတွင်း ဆံပင်တွေပြေကျရှုပ်ပွ၊ အကျီကြယ်သီးတွေပြုတ်၊ မျက်နှာမှာ ကုတ်ခြစ်ရာ အစင်းရာတွေထ၊ လက်မောင်းမှာ ကုန်းကိုက်တဲ့ သွားရာအကွင်းလိုက်ကြီးကစိမ်းညိုပုပ်ကာ ငိုကိုယူရတဲ့အထိပါ။

အမလေး ... ပြန်တွေးရင် ကြက်သီးထလိုက်တာ။

နိုင်ငံခြားမှာ တစ်သက်လုံးများတော့ ဘယ်လိုမှနေနိုင်။ ငြိမ်းငြိမ်းလေးမနေရဘဲ ရှာဖွေစားသောက်ရမှာချင်းတူတူ ကိုယ့်လူမျိုး ကိုယ့်အပေါင်းအသင်းမိတ်ဆွေ ကိုယ့်သူငယ်ချင်းတွေရှိတဲ့၊ တိုင်ပင်ဖော်တိုင်ပင်ဖက် အားမနာစတမ်းခင်မင်သူတွေရှိတဲ့၊ လိုအပ်ရင် တစ်ယောက်ကိုတစ်ယောက်ကူညီနိုင်တဲ့၊ ကိုယ်

မသိတဲ့နေရာ လုံးဝမရှိဘဲ အလွယ်တကူသွားတတ် လာတတ် ဝင်တတ် ထွက်တတ်တဲ့၊ ကိုယ့်ဘာသာစကား ကိုယ်ပြောခွင့်ရတဲ့ ကိုယ့်ရေကိုယ့်မြေမှာပဲ နေထိုင်လုပ်ကိုင်စားသောက်တော့မှာပေါ့။

ကိုယ်က ဟိုကို သူဌေးကြီးဘဝနဲ့ သွားရတာလည်း မဟုတ်။ ဟိုကျ ရရာအလုပ်ဝင်လုပ်ရင်း အလုပ်ရှင်က ဆူပူကြိမ်းမောင်းခဲ့ရင် ဒီကဖူးစာတို့ရဲ့ ချဉ်ဖတ်အော့ကြောလန်မန်နေဂျာကြီးကပြောဆိုဆူပူတာထက် စိတ်ညစ်ရမှာအမှန်ပဲ။

ဒီမှာ လုပ်သက်လည်းကြာလာတော့ ဖူးစာတို့ဟာ အထက်ဖားအောက်ဖိ မန်နေဂျာကြီးကို သိပ်ပင်ဂရုစိုက်မနေကြချင်တော့။ သူ အော်ဆူလည်း ဘယ်ဖက်ကဝင်ရင် ညာဖက်ကထုတ်၊ ညာဖက်ကဝင်ရင် ဘယ်ဘက်ကထုတ်။ အားလုံးဟာ နားထဲမှာ တစ်ဖက်ကတစ်ဖက် တလဟောတောက်လျှောက် Run through သွားတာ။ ဟိုကျ ကိုယ့်လူမျိုးမဟုတ်တဲ့ အထက်လူက ကိုယ့်ကို ဖိအော်လျှင် ဘယ်လိုရင်ဆိုင်ခံစားရပါ့။

"ဘယ်တော့လောက်သွားမှာလဲ အစ်မ"

သန္တာက စိတ်ဝင်တစား ဆက်စူးစမ်းနေပါသေးသည်။

"အိမ်တွေဘာတွေ ငှားခဲ့ပြီးမှပေါ့၊ အစ်မက အင်တင်တင်လုပ်နေတာနဲ့ပဲ အချိန်ဖင့်နေတာ၊ တူလေးက အရင်သွားမှာ"

"ကျော်ကျော်လား"

"အေး"

ကျော်ကျော်ကိုတော့ ကုန်တိုက်ကို ရံဖန်ရံခါ လာဖူး၍ ဒီကလူတွေ သိကြသည်။ ဖူးစာရဲ့ တူအဆိုးလေးအဖြစ်သိကြသည်။ တူရယ်လို့ (အစ်ကို့သားတစ်ယောက် အစ်မသားတစ်ယောက်)နှစ်ယောက်ရှိပါတယ်။ နှစ်ယောက်လုံး တစ်မျိုးစီအဆိုးပင်။ ကိုကို့သား ဖိုးဂျစ်ဆိုးတာက ကလေးဆိုးကလေးကဲ။ မမသား ကျော်ကျော် ဆိုးတာကကျတော့ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ရဲ့ တစ်လောကလုံးကို မယုံကြည်မကျေနပ်တဲ့အဆိုးမျိုး။

ပိုပြီးဖြေရှင်းရလည်းခက်သည်။ ဖြေကိုမဖြေရှင်းတတ်တာ။ ဖူးစာမှာ ကျော်ကျော့် ခွတိုက်အဆိုးတွေကြောင့် မကြာခဏငိုရသည်။ အဒေါ်ကို စိမ်ပြေနပြေ တစ်ပတ်ချင်းရစ်သည်။ တစ်လောကလုံးကို မကျေနပ်သမျှ သူ့ထွက်ပေါက်ဟာ ဖူးစာအပေါ်။ ဆယ်တန်းအောင်ပြီးတဲ့ ဆယ့်ရှစ်နှစ်သားရှိပြီ။

ကျော်ကျော့်ကို ဆယ့်လေးနှစ်သား ရှစ်တန်းကျောင်းသားအရွယ်ကစတင်ပြီး ဖူးစာ တာဝန်ယူခဲ့ရပါသည်။ မယူလို့မရ။ ကျော်ကျော့်မိဘနှစ်ပါးဖြစ်တဲ့ ဖူးစာရဲ့အစ်မအကြီးဆုံးလင်မယားဟာ ဘုရားဖူးကားမှောက်ရင်း ဆုံးပါးကွယ်လွန်ရသည်။ သူက သေးတစ်ယောက်ပဲကျန်ရစ်တာ။ အဲဒီတုန်းက စင်ကာပူမှာရှိတဲ့ ကိုကို့ကို ကျော်ကျော့်ကို ခေါ်မလား တာဝန်ယူမလား တိုးလျှိုးမေးလှမ်းသေးသည်။

အဲဒီတုန်းက ကိုကို့မိန်းမက လုံးဝတာဝန်မယူနိုင်ဘူးငြင်းဆန်ခဲ့တာ။ ကိုကိုကလည်း မိန်းမကို မလွန်ဆန်နိုင်ဘူးလေ။ ဟိုလိုလိုဒီလိုလိုနှင့် လျှောက်အကြောင်းပြပြီး ငြင်းလေရာ ကျော်ကျော်ဟာ ဖူးစာရဲ့တာဝန်ဖြစ်ခဲ့သည်။ အဲဒီကတည်းက ကျော်ကျော်ဟာ သူ့ကို ဖူးစာတို့မောင်နှမနှစ်ယောက်က ဟိုပုတ်ဒီပုတ် ဘော်လီဘောလို ပုတ်ထုတ်ကြပါတယ်လို့ မကျေမချမ်းဂျစ်ကန်ကန်ဇာတ်လမ်းစ,တာ။

နောက်ဆုံး ဖူးစာဟာ လက်ခံထားလိုက်ရပေမယ့် စေတနာမပါဘူးလို့ အမြဲစကားနာထိုးလာတာ။ အာပေါက်အောင်စကားပြောရတာဝါသနာမပါတဲ့ ဖူးစာက ...

"ကျော်ကျော် မင်း ထင်တာမှားနေတယ်နော်၊ အန်တီလေး ဒါပဲပြောမယ်"

ဒီတစ်ခွန်းထက်ပိုပြီး မဖြေရှင်း။ သူ့ကို ကျော်ကျော် စကားနဲ့နှိပ်စက်တိုင်း အရွဲ့တိုက်တိုင်း တစ်ယောက်တည်း ကျိတ်ငိုရသည်။

ကျော်ကျော့်ကို ကိုကို့ဆီလွှတ်ဖို့ ကြံစည်ရတာက ကျော်ကျော့်အတွက်ပဲလေ။ သူ့မှာ ဒါကို သိမြင်ဆင်ခြင်နိုင်တဲ့ ရင့်ကျက်မှုမရှိသေး။ ဒီမှာ ဖူးစာ ရှာဖွေနိုင်တဲ့လခက သူ့ရဲ့ ကျောင်းစရိတ် (အထူးသဖြင့် ဆယ်တန်းကျူရှင်စရိတ်)အတွက် ဘယ်လိုများထောက်ကူနိုင်မှာလဲ။ ဖူးစာ ရှာစာက တူဝရီးနှစ်ယောက် ခြိုးခြိုးခြံခြံ စားသောက်နေထိုင်လို့တော့ ရပါသည်။

အဲဒီအပြင် မမတို့ပိုင် တိုက်ခန်းလေးကို လူငှားတင်ပြီး ရတဲ့အိမ်လခကို ကျော်ကျော့်စရိတ်သုံးပေးရပါသည်။ ဒီနှစ်ရပ်ပေါင်းတာတောင်မှ ခြစ်ခြစ်ကုတ်ကုတ်ပဲ နေနိုင်စားနိုင်တာ။ ကျော်ကျော်က ဖူးစာ စေတနာတွေကို လုံးဝနားမလည်တတ်ပါ။ သူ့ကို ကျွေးရတယ် ကျောင်းထားရတယ်မပြောနဲ့။ သူ့မိဘရဲ့ အိမ်ငှားခနဲ့ သူနေတာ သူစားတာ။ အဲသလို အချိုးဖြစ်သည်။

ထိုအိမ်ငှားခငွေကို ဖူးစာ ကိုင်သုံးတာကိုပင် မကျေနပ်။ ဖူးစာကလည်း သူ့လက်ထဲ ထည့်မပေးလိုက်နိုင်ပါ။ အိမ်တစ်အိမ်မှာ ငွေထွက်ပေါက်တွေ အများကြီး။ သူ့ကို စာရင်းလည်း ရှင်းပြမနေနိုင်။ လစာကောင်းတဲ့ အပျိုလူလွတ်ဖြစ်ပါလျက် ဖူးစာမှာ ချွေခြိုးနှိမ့်ချမိန်လာရသည်။ ငွေပိုရင် သူ့ဖို့ပဲ တီရှပ်လေး Jean လေး ဘောင်းဘီတိုလေးပိုးအိတ်လေး ဖိနပ်လေးဝယ်သည်။ ကိုယ့်ဖို့မဝယ်။

ဝယ်လည်းမဝယ်ချင်။ ကိုယ့်ဖို့ဝယ်တာကိုကျော်ကျော် ဒေါ်တူးမှာမျိုးလည်း မကြားချင်။ သူ့အတွက် စေတနာထား ပေးတဲ့ကြားက အကောင်းထင်မခံရ။ ကျော်ကျော် ဆယ်တန်းနှစ်မှာတော့ ကျူရှင်ဝိုင်းခ Guideခက သိန်းချီရာ ငွေမလောက်ပါ။

"Guideတော့မခေါ်ပါနဲ့လား၊ ကိုယ့်ဟာကိုယ်ကြိုးစားကျက်ကြည့်ပါလား ကျော်ကျော်ရယ်၊ စာမေးပွဲနီးမှ သိပ်လိုမှ နှစ်လ သုံးလ ခေါ်ရင်ခေါ်ပေါ့"

စသဖြင့် မပြောရဲပါ။ သူ့သူငယ်ချင်းများ အသီးသီး ဆက်ကျက် Guideရှိကြ၍ ကိုယ် ထမင်းမစားရခါမှမစားရစေတော့၊

သူ့အတွက် Guide တော့ မဖြစ်မနေခေါ်ဖို့ ဆုံးဖြတ်ရပါသည်။ ဒါပေမဲ့ အဲဒီနှစ်က အခြေအနေတွေကို သဘောပေါက်နေတဲ့ ကိုကိုက ကျော်ကျော့်အတွက် တစ်လတစ်သိန်းပို့ပေးသည်။ ဒါကြောင့် ပြေလည်အသက်ရှူချောင်သွားခဲ့ပါသည်။

ကျော်ကျော်ဟာလည်း တစ်မျိုးသာဆိုးတာ။ သူ့ကိုယ်သူ အပျက်စီးခံဆိုးတာမျိုးတော့ လုံးဝမရှိ။ စာလည်းကျက်ရှာသည်။ ဆယ်တန်းကို ဂုဏ်ထူးလေးခုနှင့်အောင်ထားပါသည်။ ကျော်ကျော် ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ကိုကိုတို့လင်မယားကွဲသည်။ အစက တည်းက ဖူးစာ လုံးဝမနှစ်သက်တဲ့ ယောက်မက နောက်အိမ် ထောင်နှင့် US ကို ထွက်သွားတာဖြစ်သည်။

ရှင်းရှင်းပြောရရင်တော့ ယောက်မ ဖောက်ပြန်တာ ပေါ့လေ။ ဖိုးဂျစ် ကျောင်းစတက်တဲ့နှစ်။ ကိုကို ဒေါင်ချာစိုင်း တော့တာပင်။

ဒီကို ဖူးစာတို့တူဝရီး ချက်ချင်းလိုက်ခဲ့လို့ ခေါ်သည်။ ကျော်ကျော်ကတော့ သွားချင်တာပေါ့။ ဖူးစာကတော့ ဘယ်လိုလုပ် သွားချင်ပါ့မလဲ။ ကိုကို့ကို မငဲ့ညှာလို့မဟုတ်။ ကိုယ့်ဘဝကိုယ် စိတ်ကုန်တာ။

တကယ်တမ်း ပြောရရင် ကျော်ကျော့်ကို လက် တာဝန်ယူလိုက်ရတဲ့အချိန် လွန်ခဲ့တဲ့သုံးနှစ်ခွဲလေးနှစ်က ခေါင်းညိတ် ချလုလုဆဲဆဲဖြစ်တဲ့ ချစ်ရသူတစ်ယောက် ဖူးစာမှာ ရှိနှင့်ပြီးပါ သူ့ကို ခေါင်းခါလိုက်ရပါသည်။

နဂိုကမှ သူက ကိုယ်နဲ့ကွာခြားပြီး အဆင့်အတန်းက ခပ်ဟဟ။ ကိုယ်က အနိမ့်ကလေးကနေ သူတို့မိသားစု သဘောမကျ ဖြစ်အောင် ခပ်လျှိုလျှိုဝင်ရမယ့်ကိစ္စမှာ တစ်ဦးတည်းဆိုတော့ ခေါင်းဝင်ကိုယ်ဆန့်ပေါ့။ ကျောင်းနေလက်စ တူကြီးတစ်ယောက်နဲ့ ဆိုတော့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်တော့မှာလဲ။

ဒီအတွက်တော့ ဖူးစာ မျက်ရည်မကျခဲ့ပါ။ ဒီလိုပဲ ဖြစ်သင့်တယ်လို့ ဆုံးဖြတ်လိုက်ပြီး သူ့ကို ခေါင်းခါပစ်လိုက်တာ။ သူ့ခမျာ ခုချိန်အထိ ဖူးစာကို မျှော်လင့်ချက်လက်မလွှတ်နိုင်ကာ အချစ်သစ်လည်းမရှာ။ တရစ်ဝဲဝဲရှိရှာတုန်း။ ကဲ ... ခုတစ်ခါ။

ဒီတော့ ဖူးစာ ကိုကို့ဆီ သွားချင်ပါ့မလားစဉ်းစား ကြည့်ပေါ့။ မသွားပြန်လည်း ဆယ်ကျော်သက်တစ်ယောက် ဆယ် ...်အောက်တစ်ယောက်နဲ့ ချာလပတ်ယမ်းတော့မည့် ကိုကို့ကို ...ငဲ့ညှာရာကျဦးမည်။ ရှင်းရှင်းပြောရရင် ဖူးစာရဲ့ အကူအပံ့ကို ...ချင်လို့ပဲ ကိုကိုက ကျော်ကျော့်ကိုပါ ခေါ်ယူကျောင်းထားပေးတာ။ ...ပဲ။ ကျော်ကျော် တစ်ယောက်တည်းရောက်လာမှာဆိုရင် ကိုကို ... သက်သက်ခေါ် ကျောင်းထားပေးလောက်အောင် သဘော ...ပြည့်ဝသူမဟုတ်ပါ။

အပေးအယူလေးလုပ်တာ။ တူကို စေတနာမရှိဘူး ...မဟုတ်။ ရှိတော့ရှိသည်။ သို့သော် သူ ရလိုတာလည်းပြန် ...မှ။ ကျော်ကျော့်အချိုးအချိတ်မျိုးနှင့် ဖူးစာမပါဘဲ ကိုကို့ထံ

ရောက်သွားလို့ကတော့ အလွန်ဆုံးနှစ်လ။ ကိုကိုက ကျော်ကျော့်ကို သူ့အိမ်ပေါ်က ဆောင့်ကန်မချလိုက်ရင် ပြောချင်တိုင်းပြော။

"ကျော်ကျော်လည်း ကံကောင်းတယ်နော်"

"ကံမကောင်းတာက ငါ သန္တာရေ့"

"အဟား ဟား ဟား ..."

သန္တာက ရယ်မောလိုက်ရင်း ...

"အစ်မက တကယ်မသွားချင်တာကိုး"

"တကယ်ပေါ့ဟယ်၊ ဘယ်သွားချင်ပါ့မလဲ"

"အဟဲ ဟဲ ... သံယောဇဉ်ကြိုးကလည်း တင်းကျန်ခဲ့တယ်လေ"

"ဟဲ့ ..."

"ကိုအလင်းရောင်ကြီးလေ"

"မပြောစမ်းပါနဲ့ သန္တာရယ်၊ ငါ ငြင်းထားတာ အားလုံးအသိပါ"

"အစ်မ ဘာကြောင့်ငြင်းထားရတာလဲ၊ အားလုံးအသိပဲလေ အစ်မမှာ ကိုယ့်ဘဝအတွက်ပဲ ကိုယ်စဉ်းစားရတယ်မရှိဘူး ကျော်ကျော့်လွှတ်လိုက်ပြီး အစ်မ ကျန်ခဲ့၊ ကိုအလင်းရောင်နဲ့ ယူပေါ့ ဒါပဲရှိတာ"

"ဟဲ့ ... လွယ်လိုက်တာ ... လွယ်လိုက်တာ"

"ဘာမလွယ်စရာရှိလဲ အစ်မကလဲ"

"ဒီအသက်အရွယ် ဒီဆင်ခြင်တုံတရားနဲ့ မိန်းမတစ်ယောက်မှာ အဲဒီလောက်အထိ Selfish ဖြစ်ဖို့အခွင့်အရေး မရှိပါဘူး ငါ့ညီမရယ်"

သန္တာက ရှုံ့မဲ့သွားပါသည်။

သင်းတို့က ငယ်သေးတာကိုး။ သူတစ်ပါးအတွက် ရှင်သန်ပေးရခြင်းမှာ အကျွမ်းတဝင်မှမရှိကြသေးတာ။ ဖုန်းသံမြည်လာ၍ သန္တာက ကောက်ကိုင်ထူးလိုက်ကာ ...

"ဩော် ... အေး ရှိတယ်၊ ဒီမှာရှိတယ်။ Suit case လာဝယ်တာ"

"အခုလာပြီပြောလိုက် သန္တာ"

"အညို ... အညို၊ အစ်မနဲ့ အရင်ပြောဦးမယ်တဲ့"

ဖူးစာက ဖုန်းကို လှမ်းယူနားထောင်လိုက်ပါသည်။

"အညိုရေ အခု ငါ လာတော့မှာပော့"

"မလာလည်းရပါသေးတယ်၊ ဒီအထပ်လူပါးပါတယ်၊ တစ်ခုက ဘိုးတော်လေးက ဟိုတစ်ခါဘွားတော်ကြီး ပုဂံခရီးစဉ် ဟိုတယ်တွေ ကားတွေ စီစဉ်ပေးတာ ဘယ်သူလဲမေးနေလို့ အဲဒါ အစ်မ မဟုတ်လား"

"အေး ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ဘိုးတော်လေးသည် ဖူးစာတို့ရဲ့ မေတ္တာတုံး အထွေးမန်နေဂျာ။ ဘိုးတော်ကြီး ဘွားတော်ကြီးဆိုသည်မှာ သူ့ဒွေးထေယား။ အားလုံးထဲမှာ ဘွားတော်ကြီးတစ်ယောက်ပဲ နည်းနည်း

ဆက်ဆံလို့ကောင်းသည်။ နိစ္စဓူဝဆက်ဆံရတဲ့ ဘိုးတော်လေးကတော့ အဆိုးဆုံး။

"အခု ဘိုးတော်ကြီး အတွက် ငွေဆောင်ခရီး စီစဉ်ပေးဖို့"

"အမလေးဟယ် ငွေဆောင်များ ခက်ခက်ငြားငြား သူ့ဟာသူ ဖုန်းကောက်ကက်ဆက်လိုက်ရင်လည်း ပြီးနေတာ"

"သူ ပျင်းလို့ပေါ့ အစ်မကလည်း၊ လုပ်တာလွဲရင် သူ့ခေါင်းမကျအောင်လည်း ခေါင်းရှာထားတာပေါ့"

"အေးပေါ့ ... ဒါပဲပေါ့၊ ငါ ဒီနေ့ စီစဉ်ပေးမယ်ပြောလိုက်"

"ရှိသေးတယ် အစ်မရဲ့"

"ပြော"

"Golden Rays ကုမ္ပဏီက ပစ္စည်းချတဲ့ကား လာမယ်"

ဖူးစာက ပြုံးစိစိဖြစ်မိကာ ...

"အဲဒါ ဘာဖြစ်လဲ"

Golden Rays ဟာ စတီးအိုးခွက်ပစ္စည်း၊ မယ်လမင်းပစ္စည်းများ စသဖြင့် Kitchen Wares တွေ အစုံအလင်တင်သွင်းဖြန့်ချိတဲ့ကုမ္ပဏီ။ ထူးခြားမှုကတော့ ... အင်း ...။ အဲဒါက ကိုအလင်းရောင်ရဲ့ကုမ္ပဏီလေ။ ကုန်တိုက်တွေကို ပစ္စည်းပို့ခြင်းကိစ္စလော ဟာ သူနဲ့ လားလားမှမအပ်စပ်သော်လည်း ကုမ္ပဏီပိုင်ရှင်ကြီးဟာ ဒီကုန်တိုက်ကိုဆိုလျှင် ကြိုကြား ကြိုကြား လိုက်ချတော် လာတတ်ပေသည်။

သူ့ခများ ဖူးစာကို မလှမ်းမကမ်းကဖြစ်ဖြစ် တွေ့ချင်မြင်ချင်လို့ဆိုတာ ဖူးစာသာမက ကုန်တိုက်ဝန်ထမ်းအားလုံးနီးပါး ရိပ်မိသိရှိကြသည်။ ဖူးစာရဲ့ ရင်ထဲမှာလည်း သူ့အပေါ်ကို အမြဲတမ်းနှစ်နှစ်ကာကာ အလေးအနက်ရှိခဲ့ပါသည်လေ။ သူနဲ့လည်း စကားပြောခွင့်လေးများရရင် ဒီရက်ပိုင်းမှာ ပြောဆိုနှုတ်ဆက်ချင်သား။

ဖူးစာ စင်ကာပူကိုသွားတော့မည်ဆိုရင် စိတ်မကောင်းလက်မကောင်းဖြစ်သွားမည့် သူ့အတွက် ကြိုတင်ကာ ဖူးစာ စိတ်မကောင်းပါ။ အချိန်ကာလကလည်း အကန့်အသတ်တစ်ခုခုပြောဖို့ ခက်နေသေးသည်။

"အစ်မကလည်း သူတို့ ပစ္စည်းလာချမယ် ဖုန်းဆက်ထားလို့ အညိုက အစ်မကို လှမ်းအသိပေး တင်ပြတာပါ ... အဟီး ဟီး"

"အေးပါ ငါ လာတော့မှာပါ။ ဒီမှာ သေတ္တာတစ်လုံးဝယ်နေလို့ဟော့၊ တော်ကြာ သူများဝယ်သွားမှာစိုးလို့၊ ဒါပဲနော် အညို"

ဒီကုန်တိုက်မှာ လုပ်သက်ခြောက်နှစ်ကျော်ခဲ့ပြီဖြစ်တဲ့ ဖူးစာဟာ ဝင်ကာစထက် ရာထူးတက်တက်ပြီး ခုတော့ စ်ထပ်စာရဲ့ အကြီးအမှူးတာဝန်ခံ Floor incharge ဖြစ်နေပါပြီ။ တော့ ဒီအထပ်နဲ့သက်ဆိုင်တဲ့ ပစ္စည်းလာကျမည့်သူထံမှ ပစ္စည်း က်ခံယူခြင်းလည်း လက်ခံဆောင်ရွက်ရမှာ။ မီးဖိုချောင်သုံး

ပစ္စည်းမျိုးစုံ ဦးစားပေးခင်းကျင်းတဲ့ ဖူးစာတို့ အထပ်မှာတော့ ကိုအလင်းရောင်တို့ရဲ့ Golden Rays ကုမ္ပဏီကပစ္စည်းတွေချည်းပဲ များလှပါသည်။

"သင်္ကြာရေ ခဏနေရင် တစ်ယောက်ယောက်နဲ့ ပိုက်ဆံ ပို့ရှင်းခိုင်းလိုက်မယ်၊ အခုသွားလိုက်ဦးမယ်၊ ဘိုးတော်ကြီး တို့ ငွေဆောင်ကိစ္စ စီမံပေးရဦးမယ်"

"အဲဒီတုန်းက အစ်မ စီစဉ်ဆက်သွယ်ပေးလိုက်တဲ့ကား တွေ ဟိုတယ်တွေကို သူတို့ အရမ်းသဘောကျလို့တဲ့"

"ဒါလည်း ငါ ကံစွပ်တာပါပဲ၊ ငါလည်း သွားဖူးတာမှ မဟုတ်တာ၊ ဒိုင်ယက်ထရီကနေ ရှာဖွေဖုန်းဆက်စီစဉ်ပေး လိုက်တာပါပဲဟာ၊ အခုတော့ ငွေဆောင်တဲ့၊ ဘယ်နှယောက် လဲမသိဘူး၊ ငွေဆောင်တော့ စိတ်ဝင်စားတယ်ဟယ်၊ စင်ကာ ပူအစား Beach တစ်ခုခုကိုသွားခွင့်ရရင် ငါ ပိုပျော်မှာ"

"အစ်မကလည်းလေ"

"ဟုတ်တယ်ဟဲ့၊ ဘယ် Beach မှ ငါ မရောက်ဖူးဘူး"

"ဟင် ... ချောင်းသာတောင် မရောက်ဖူးဘူး !!"

"အေး ... နင်က အဲလောက်ကြီး အံ့သြဘနန်းဖြစ်နေတော့ ပိုတောင်ဝမ်းနည်းစရာလိုဖြစ်နေပြီ၊ ဘာ Beachမှမရောက် ဖူးဘူး"

ဟိုတုန်းကတော့ ငပလီကလွဲပြီး တခြား Beach ကောင်းကောင်းမှမရှိတာ။ ငပလီကလည်းဝေးတော့ ဝန်ထမ်းမိသာ

တို့ရဲ့ သားသမီးဘဝမှာ သွားဖူးခွင့်မရခဲ့ပါ။ ဖေဖေနှင့်မေမေ မရှိ ကြတဲ့နောက်ပိုင်း ကိုယ့်အလုပ်ခွင်နဲ့ကိုယ်ဖြစ်ချိန်မှာ ချောင်းသာ Beachပေါ်ကာစကတစ်ခါ စီစဉ်ဖူးပြီး ခွင့်ရက်အားရက်တွေ မမ နဲ့ညှိမရ၍ မသွားဖြစ်ပြန်။

နောက်တစ်ကြိမ် ဒီနှစ်နွေသွားမယ်လို့စီစဉ်ခိုက်မှာ နွေမဝင်ခင် ဆောင်းအကုန်ကလေး မမတို့ ကွယ်လွန်ကြတာလေ။ Beachရောက်ရဖို့ ကံဇာတာမပါဘူးထင်ပါရဲ့။ တစ်သက်နဲ့တစ် ကိုယ် တစ်ကြိမ်မှ ပင်လယ်ကမ်းခြေကို မခံစားရဖူး၍ တကယ် င် စင်ကာပူအစား ချောင်းသာငွေဆောင်သာ သွားလိုက်ချင်တာ။

"စင်ကာပူရောက်မှ သွားတော့ပေါ့ အစ်မရယ်၊ ပိုမြင့်တာ ပေါ့"

"မြင့်ချင်မြင့် မမြင့်ချင်နေ၊ Beachသွားချင်တဲ့ စိတ္တဇကြီး မားနေတာ၊ ခုတော့ သူများသွားဖို့ပဲ သွားစီစဉ်ပေးလိုက် ဦးမယ်"

ဖူးစာ ကိုယ့်အထပ်ကိုယ် ပြန်ရောက်လာတဲ့အခါ င်ဝင်းရည်ဆိုတဲ့ ကောင်မလေးကို ပိုက်ဆံသုံးသောင်းခွဲပေး၍ အပေါ်ထပ် Suitcaseကောင်တာကို ငွေသွားချေခိုင်းလိုက်ပါသည်။

"အိတ်ကိုတော့ အဲဒီမှာပဲထားထားလို့နော်"

"ဟုတ်ကဲ့"

ဒိုင်ယက်ထရီစာအုပ် ရှေ့ချကာ ငွေဆောင်ကဟိုတယ် တွေကို ဈေးနှုန်းတွေ ဝန်ဆောင်မှုတွေစုံစမ်း၊ Booking တွေ

ဘယ်ရက်တွေမှာကျပ်နေလဲ မေးမြန်းပြီး စုံစုံလင်လင် သိရတဲ့အခါ အထွေထွေမန်နေဂျာ ဦးအောင်မြင့် ရုံးခန်းသို့လာခဲ့ပါသည်။ တံခါးခေါက်ဝင်သွားပြီး အချက်အလက်တွေပေးလျှင် ...

"ညည်းက ခုန ဘယ်ရောက်နေတာလဲ"

"Suitcase အသစ်တွေ ရောက်တယ်ဆိုလို့ ခဏသွားကြည့်တာပါ၊ ခရီးသွားဖို့ တစ်လုံးဝယ်တာပါ ဂျီအမ်မ်"

"ကိုယ့်အလုပ်ချိန် ကိုယ့်အထပ်မှာပဲနေပေါ့"

"ခဏလေးသွားတာပါ ဂျီအမ်မ်၊ လူရှင်းတုန်းပါ"

"ညည်းသွားတဲ့ခဏလေးအတွင်း ပြဿနာတစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ညည်းက incharge လေ"

"တစ်ခုခုဖြစ်ရင်တော့ အောက်ကနေ ဖုန်းဆက်ခေါ်ကြမှာပါ"

"ဒီလိုပဲဆင်ခြေပေးနေလို့ရမလား၊ ခေါ်လိုက်ရင် ရတာတော့ နင်ပြောမှလား၊ အစကတည်းက ကိုယ့်တာဝန်ချိန် ကိုယ့်ဟာကိုယ် စည်းကမ်းရှိရှိ တာဝန်ကျေဖို့ ပြောနေတာ"

ဖူးစာက သက်ပြင်းချရင်း ...

"ကျွန်မ တာဝန်မကျေတာ၊ တာဝန်ပျက်ကွက်ခဲ့တာ ဘာများရှိလို့လဲဂျီအမ်မ်ရယ်၊ အမြဲတာဝန်ကျေပွန်ပါတယ်၊ ခုလည်း ဆယ့်ငါးမိနစ်လောက်သွားတဲ့အတွင်းမှာ ဘာမှမဖြစ်ပါဘူး"

"မဖြစ်လို့ နင် ပြောအားရှိနေတာလေ၊ ဖြစ်ရင် ငါ ခေါင်းကျိန်းပြီ"

ဒီလိုကုန်တိုက်မျိုးမှာ ပြဿနာကြီးကြီးမားမားဆိုတာ အင်မတန်အဖြစ်နည်းပါဘိသနဲ့။ အလွန်ဆုံးဖြစ်ရင် ပစ္စည်းပျောက်တာ (သေးသေးကွေးကွေး)၊ ပစ္စည်းကျိုးပဲ့ ပျက်စီးတာကို မသိလိုက်တာ၊ အဲဒါလောက်ပါပဲ။ ပစ္စည်းပျောက်အတွက်ကလည်း အထပ်တိုင်းမှာ လေလွင့်ခွင့်ရှိတဲ့ အလေအလွင့်ပစ္စည်းတန်ဖိုး သတ်မှတ်ပေးထားပါသည်။ အဲဒီတန်ဖိုးဘောင်ထဲမှာတော့ ပျောက်ကျိုးပဲ့ခွင့်ရှိသည်။

သို့သော် ဝန်ထမ်းတွေလည်း အများကြီး၊ ကင်မရာတွေလည်း တပ်ဆင်ထားတဲ့ အရောင်းခန်းမများမှာ ဒီလိုပျောက်ပျက်စီးမှုက အလွန်နည်းပါးပါသည်။

"ပြောလိုက်ရင် စာစာ စာစာနဲ့ တစ်ခွန်းမခံပြန်ပြောချင်ကြတယ်၊ အလုပ်ကိုအလုပ်နဲ့တူအောင်ဖြင့် မလုပ်ချင်ကြဘူး"

ဖူးစာ နည်းနည်းတော့ ဒေါကန်လာချင်ပြီ။ အိမ်ကျတော့လည်း ဒီလို ပိကျိုပိကျို ပူညံပူညံ တူတစ်ယောက်နဲ့။ အလုပ်ကျတော့လည်း GMနဲ့။ ကျော့ပူပဲခံရင်ခံရ၊ နားပူမခံချင်တဲ့ဖူးစာ ...ညစ်လာပါသည်။

သူ့ကျတော့ကော စည်းကမ်းရှိသေလား။ အလုပ်ကို ...လုပ်နဲ့တူအောင်လုပ်လို့လား။ သူ လစ်တာကမှ ကုန်တိုက်ပြင်ပ ... တစ်နေ့မှာ နေ့တစ်ဝက်လောက်။ သူ့ဟာသူ အိမ်စီးပွားရေး ...ဖွင့်ထားတဲ့ အိမ်သုတ်ဆေးဆိုင်ကိုလည်း ပြေးလိုက်သေးသည်။

Small ထံကိုလည်း ပြေးလိုက်သေးသည်။ သူ ပြန်ရောက်လာပြီ ဆိုရင် သူ ရောက်မှန်း သူရှိမှန်း သက်သေရအောင် တစ်ယောက် မဟုတ်တစ်ယောက်ကို ခေါ်ဆူတာထုံးစံ။

ဝန်ထမ်းတွေကိုလည်း ဖိနှိပ်အော်ငေါက်ဆက်ဆံ သလားမမေးနဲ့။ ရစရာမရှိအောင် ပြောဆိုတတ်သည်။ တော်ရုံတန် ရုံ စိတ်ဆတ်သူဟာ အလုပ်ထွက်သွားတတ်မြဲ။ သူ့လက်အောက် ၌ အလကားအပြောခံမနေတော့။ ကုပ်ကတ်လုပ်နေသမျှလူတို့ ဟာလည်း သူ့ကို မုန်းတီးတဲ့သူကမုန်းတီး၍ လူပေါ်ကြီးသဘော ထားတဲ့သူကထားသည်။

သူ့ငွေးကိုတော့ ဖားသလားမမေးနဲ့။ ဟုတ်တာရော မဟုတ်တာရော စုံနေအောင်မြှောက်ပင့်သည်။ တကယ်တော့ သူ့ငွေးကလည်းပဲ သူ့ကို လူပေါ်လိုပဲသဘောထားတာပါပဲ။ တခြား စီးပွားရေးတွေ ရှိသေး၍ သူလည်း အဲဒီကုန်တိုက်ဘက် လှည့် ကြည့်နိုင်၍ လုပ်သက်ရှည်လူရင်းကို ပ,စားပေးထားတာသာဖြစ် သည်။

“တိ ... တိ ... တိ”

ပြောရင်း ဟဲန်းဖုန်းက မြည်လာပြန်ပြီ။ ထိုင်ခွင် မရဘဲ မတတ်တတ်ရပ်နေရတဲ့ ဖူးစာ ခြေညောင်းပြီသာမှတ်။

“ဟယ်လို”

ထူးသံကလည်း စတိုင်ပါသည်။ သူများဟယ်လိုနှင့် ကိုမတူ။

“ဟုတ်ပြီ ...။ ကောင်းပြီ”

“......”

“စိတ်ချ၊ ရစေရမယ်”

သူ ဖုန်းပြောပုံကတစ်မျိုး။ နားမှာကပ်၍ နားထောင် သည်။ ပြီးရင် နားမှခွာ၍ ပါးစပ်ရှေ့ရွှေ့ကာပြောသည်။ ပြီးရင် နားမှာ ပြန်ကပ်သည်။ သူများလို နားမှာကပ်ထားရင်း ရိုးရိုး ပြောလို့မရလို့လား။ ဖူးစာသည် ဂျီအမ်မ် စတိုင်နှင့် ဖုန်းပြောနေ တာကို ရပ်စောင့်ရင်း နာရီကြည့်မိသည်။ Golden Rays ကတော့ ရောက်နေလောက်ပြီ။ သူကောပါလာလေမလား။

“အော ... အော”

“......”

“ဟတ်လား ... ဟတ်လား”

“......”

ဖူးစာသည် သူ့ဆီ တစ်ချက်မျက်လွှာလှန်ကြည့်တဲ့ ဂျီအမ်မ်ကြီးကို လက်ပတ်နာရီလေး ထောင်ပြကာ လက်ဟန်နှင့် ‘ကိစ္စရှိလို့ ခဏသွားမည် ပြန်လာမည်’ ဆိုတဲ့အကြောင်း အမူအရာ ပြ၍ ဖွတ်ပဲ အခန်းထဲက ထွက်လာခဲ့လိုက်ပါတော့သည်။

ဟော ...။

ဖူးစာတို့အထပ်မှာ ဖူးစာကိုရှာဖွေပုံမပြဘဲ (ရှာဖွေ ချင်လို့သက်သက်) ပစ္စည်းပေါင်းစုံ စင်ပေါင်းစုံကိုပတ်၍ လက် ပိုက်ကာ ဣန္ဒြေရရလိုက်ကြည့်နေတဲ့ ကိုအလင်းရောင်။ ဖူးစာ

ဂျိအိမ်မ်အခန်းမှာရှိကြောင်း အညိုတို့ ယမင်းတို့က မပြောမနေ ပြောမှာပင်။ ဒါကြောင့် ပစ္စည်းတွေကြည့်သလိုလိုနဲ့စောင့်နေတာ။

ဖူးစာက အနားတိုးသွားလိုက်ကာ ...

"ပစ္စည်းတွေချဖို့ ဂိုဒေါင်မှာအဆင်ပြေရဲ့လား ဦးအလင်း"

စ,သိကာစကတော့ ဦးအလင်းရောင်။ နောက်တော့ သူ့ပန်ကြားချက်အရ သူ့မိသားစုက 'အလင်း'လို့ခေါ်ကြတယ်ဆို လို့ ကိုယ်ကလည်း 'ရောင်'ကိုဖြုတ်ကာ 'ဦးအလင်း'ပဲခေါ်ခဲ့တာ ကြာပြီ။ လှည့်ကြည့်လိုက်တဲ့ သူ့မျက်နှာသည် ခါတိုင်းလို ကြည် စင်ရွှင်ပျမနေဘဲ တစ်မျိုးတစ်မည် မှိုင်းအုံနေတာမို့ ဖူးစာရဲ့ အပြုံးလေးပင် တန့်သွားရသည်။

"မဖူးစာ ကျွန်တော် သတင်းတစ်ခုကြားမိလို့ မေးခွင့်ပြုပါ"

"မေးပါ ဦးအလင်း"

"စင်ကာပူကို ထွက်သွားတော့မယ်လို့ သတင်းကြားနေ တယ်"

ဖူးစာ ခေါင်းငုံ့ဝမ်းနည်းသွားပါသည်။

"ကိုကိုကခေါ်လို့ပါ၊ တူလေးနဲ့ပါ နှစ်ယောက်လုံးသွားရ မှာ၊ ဒါပေမဲ့ ဖူးစာ အမြဲနေဖို့တော့ စိတ်ကူးမရှိပါဘူး"

တစ်ယောက်ကိုတစ်ယောက် စူးစူငေးငေးကြည့်နေမိ ကာ သူ့မျက်ဝန်းမှ ကြေကွဲရိပ်ကိုမြင်တော့ ဖူးစာ ရင်ထဲ မျက် ရည်မိုးတို့အုံ့မည်းလာပါသည်။

✧❣✧

"ဟယ် ... ကျော်ကျော်ရယ်၊ နင်ကဟယ် လွန်လွန်းအား ကြီးတယ်"

ဖူးစာက စိတ်တိုတိုနှင့် အော်ပစ်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ"

ကျော်ကျော်က ထမင်းဝါးသံကြီးနှင့် ပလုပ်ပလောင်း ...န်မေးပါသည်။

"ဒီမှာ ဒီ Suitcase အနီကွက်လေးကို နင် ထည့်ထားပြီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဟဲ့၊ နင် ဟိုဖိုင်ဘာသေတ္တာ အကြီးကြီးနဲ့ တစ်လုံးထည့်ပြီးပြီလေ"

"အင်းလေ ... မဆန့်တာတွေ အနီကွက်နဲ့ထည့်ထားတာ၊ ဝိတ်ချိန်ကြည့်ရအောင်၊ ဘာလဲ အန်တီလေးပဲဝယ်လာပြီး တော့"

"ဟဲ့ ... ဝယ်လာတိုင်း နင့်ဖို့လား"

တကယ်စိတ်တိုသည်။ သူ့ပစ္စည်းတွေကို ကိုယ့်စာ ...င်းနဲ့တိုက်ဆိုင်စစ်ဆေးပေးနေရင်း မအောင့်နိုင်ဘဲ ...

"ဒီသေတ္တာကြီးကတစ်လုံး၊ လက်ဆွဲအိတ်ကြီးကနှစ်လုံး ရှိတာလေ၊ ဒီတော့ နင့်ကို ငါ ဘာပြောထားလဲ၊ ဒီဖိုင်ဘာ

သေတ္တာမီးခိုးရောင်ရယ် လက်ဆွဲအိတ်နှစ်လုံးထဲက နင်ကြိုက်တာတစ်လုံးရယ် နင် ယူသွားလို့ပြောထားတာ"

"ဟုတ်တယ်လေ ဒါပေမဲ့ အန်တီလေး လက်ဆွဲအိတ်တွေက ကြည့်ဦး၊ ဟောင်းနေပြီ မသားနားဘူး"

"သားနားစရာလိုသလားဟဲ့၊ ဟိုရောက်ရင် ခေါက်သိမ်းထားလိုက်ရတော့မှာ၊ လေယာဉ်ပေါ်လေးပဲ နင့် ဘယ်သူက ဟောင်းလား သစ်လား လာကြည့်နေမှာလဲ၊ ဒါတွေလည်း ထပ်ဝယ်ရရင် စျေးနည်းတာမဟုတ်ဘူး၊ သုံးလို့ရတယ် အကောင်းတွေ"

"သုံးလို့ရရင် အဲဒီလက်ဆွဲနှစ်အိတ်ကို အန်တီလေးလာရင် ထည့်ခဲ့ပေါ့"

"ဘာ ... နင်ဟာလေ၊ ဘယ်လိုအကောင်မှန်းမသိဘူး၊ ကိုယ့်အဒေါ်ကို ဘယ်တော့မှဦးစားလေးပေးမယ်မရှိဘူး၊ အိတ်နှစ်လုံးနဲ့ရော ငါ ထည့်ချင်တာဆန့်မလား၊ သေတ္တာတစ်လုံး အိတ်တစ်လုံးမှ ဆန့်မှာပေါ့"

"ဒီသေတ္တာကြီးက ကြီးသာကြီးတာ၊ သူလည်း နည်းနည်းဟောင်းပြီ"

"မဟောင်းပါဘူး ကျော်ကျော်ရယ်၊ နင်ဟာလေ ဘာမှမသိတတ်ဘူး၊ ငါ နောက်ထပ်သေတ္တာတစ်လုံး ထပ်ဝယ်ရရင် သုံးလေးသောင်းထပ်ထွက်ဦးမှာ၊ လက်ထဲမှာ ပိုက်ဆံက ရှိတာမဟုတ်ဘူး၊ ဒါတောင် ဒီတီဗီကို ငါ့စတပ်ဖ်လေး

ခင်ဝင်းရည်ကို ရောင်းလို့ရလို့ မနေ့ကပဲငွေတစ်သိန်းရလို့၊ နင် ရှိနေသေးလို့ တစ်ရက် နှစ်ရက် ထားဦးပြောထားတာ၊ နင် သွားတဲ့နေ့ သူတို့လာသယ်မှာ၊ ငါလည်း မကြည့်တော့ဘူး၊ ပိုက်ဆံတပုံကြီးကိုင်ပြီး ဝယ်ခြမ်းနေရတာမဟုတ်ဘူး ကျော်ကျော်၊ လှည့်ပတ်သုံးနေရတာ"

"အန်တီလေးကလဲဗျာ၊ အိမ်ငှားပြီးရင် ပိုက်ဆံထွက်လာမှာပဲဟာ"

"အေး ... အိမ်လည်းငှား ပိုက်ဆံလည်းထွက် ငါလည်းဆင်းလေ၊ ငွေပိုရှိလည်း တခြားပိုလိုအပ်တာဝယ်ရမှာပေါ့၊ နင်နဲ့ ငါနဲ့ သေတ္တာတစ်လုံး အိတ်တစ်လုံးဆိုရင် ဘာမှထပ်ဝယ်နေစရာမလိုဘူး၊ ခုတော့ နင်က သေတ္တာနှစ်လုံးထည့်တော့ ငါက အိတ်နှစ်လုံးနဲ့ ဘယ်လိုမှ မဆန့်နိုင်ဘူး၊ အဲဒါကြောင့်ပြောနေတာ"

"အန်တီလေးကလဲဗျာ ... အိတ်ကြီးတွေက စုတ်ပြတ်နေပြီ"

"မစုတ်ပြတ်ပါဘူး၊ ဘယ်မှာစုတ်ပြတ်လို့လဲ၊ နင် ဘာလို့ ဒီလောက်ကြီးကျယ်နေရတာလဲ၊ သွားတုန်းခဏကိုင်သွားရုံပဲဟာ"

"ဟာ ... လေဆိပ်မှာ လပ်ဂေ့ဂျ်တွေ ဘာတွေ ရွေးရင် ကိုယ့်ဟာကြီးက အမျိုးအစားကညံ့ စုတ်ဟောင်းနေရင် ရှက်စရာကြီး"

ကဲ ... မပြောချင်တော့ပေ။ ခုမှ စ,သွားရဖူးလို့ ပြဿနာကြီးနေတာ။ တချို့သွားချည်လာလှည့်လူတွေကျတော့ လည်း ဇစ်ပါတဲ့မြွေရေခွံအိတ်တွေနဲ့တောင် ထည့်သိုသွားတာ မြင်ဖူးသည်။ ကိုယ့်အသုံးအဆောင်ပစ္စည်းကိုကြည့်ပြီး ကိုယ့်ကို အထင်သေးမှာစိုးတာကို အပြစ်မဆိုပါ။

ဒါပေမဲ့ ကိုယ်မှ မတတ်နိုင်ရင်တော့လည်း တတ်နိုင် သလောက်နဲ့ပဲ ပြီးရပေမည်။ ရောင့်ရဲရပေမည်။ ဆက်ပြောရင် သူက ခံရန်ထောင် ကိုယ်က ဒေါသဖြစ် တူဝရီးရန်ဖြစ်ရတာများပြီ ဒါတောင်မှ ခုတလော ကျော်ကျော်က အရင်ကထက်နည်းနည်းပို အပိုးကျိုးနေသေးတာ။ အရင်က ဒီထက်ဆိုးတာ။

ခုတော့ စင်ကာပူသွားတော့မည့် နိုင်ငံခြားမှာ ပညာ သင်ရမည်ဆိုတဲ့ အဖြစ်အပေါ်မှာ သူ ရင်ခုန်စိတ်လှုပ်ရှားနေချိန် အရင်ထက် ပြေပြစ်နေသည်။ ပြီးတော့ သူနဲ့မရင်းနှီးတဲ့ ဦးလေး ထံ သူတစ်ယောက်တည်း အရင်ရောက်သွားရမည်ကို စိတ်ည ကာ ဖူးစာကို အမြန်ဆုံးလိုက်လာဖို့ သူ့မှာအလိုရှိနေသည် အဒေါ်ရယ်လို့ အားကိုးချစ်ခင်ပုံမျိုး ခုမှပင် အနည်းအကျဉ်း အစ အပြောက်မြင်ဖူးသည်။

"အန်တီလေးကတော့ ဟုတ်တာပေါ့ အပျိုကြီးကိုး။ သား လူပျိုလေး"

ကျော်ကျော်က မကြားတကြား ရေရွတ်နေပြန်သည်

"ဩော် ... အေး ... အေး"

ဖူးစာက တမင်ရွဲ့ကာ အငေါ်တူးလိုက်သည်။

"နင့်ပစ္စည်းတွေက တချို့တွေ ငါကြည့်တာ အပိုတွေလိုပဲ"

"ဘာမှမပိုဘူး၊ သားတို့ယောကျ်ားလေးတွေအတွက် လိုတာ ချည်းပဲ၊ ဟိုကျ လိုချင်နေရင် ဘယ်သူ့ပူဆာရမှန်းသိမှာ မဟုတ်ဘူး၊ ဦးလေးကလည်း သူစိမ်းသာသာ၊ အန်တီလေး ကလည်း တစ်ပြိုင်နက်ပါမလာ"

"ဩော် ... ဟုတ်ကဲ့၊ ငါက သူနဲ့ ဦးလေးကြား ကိုယ်စား လှယ်လုပ်ဖို့ လိုက်ရတာကျနေတာပဲ၊ နင့်ကျောင်းက ရှေ့ အပတ်ဖွင့်ပြီဆိုတာကိုး ကျော်ကျော်ရဲ့၊ နင် မသွားနှင့်လို့ မှမရတော့တာ၊ ဒီမှာကလည်း နင့်အမေအိမ်ပဲ ငှားပြီးသေး တာ၊ ဒီအိမ်က ငှားမှမငှားရသေးတဲ့ဟာ၊ ငါ့မှာ အပြီးသတ် ရှင်းလင်းဖို့တွေရှိသေးတယ်"

"အန်တီလေးကလည်း ပစ္စည်းတွေ လျှောက်ပေးပစ်လိုက် စမ်းပါ"

"အမယ် ... မပေးနိုင်ပါဘူး၊ ရေခဲသေတ္တာတို့ဘာတို့ ပေး စရာလား၊ ဗီရိုလောက်စားပွဲလောက်ကထားတော့"

"ဟိုမှာပဲနေတော့မယ့်ဟာ"

"ကျော်ကျော် သားက ငယ်သေးတယ်၊ ပြီးတော့ ယောကျ်ား လေး၊ ဟိုမှာကျောင်းတက်ဖြစ်ပြီဆိုရင် ဟိုမှာအလုပ်ရဖို့က လည်း အိတ်တီပါဆင့်သေချာပြီးပြီ၊ မင်း ရှေ့ရေးကတော့ ဟိုမှာ ပိုကောင်းတာမှန်တာပေါ့"

ကျော်ကျော်က အနားလာထိုင်ကာ ဖူးစာကို မျက်လုံးဝိုင်းနှင့် အကဲခတ်သည်။ ဒီလိုတော့လည်း သူ့ပုံစံက သနားစရာကလေးကြီး။

"အန်တီလေးကကော"

"ငါက ဟိုမှာဘာလုပ်ရမှာလဲ"

"ဟာ... အန်တီလေးကလဲ အရင်းဆုံးအစ်ကိုနဲ့ အရင်းဆုံးတူတွေနဲ့ ဟိုမှာလေ၊ ဒီမှာ ဘယ်သူကျန်လို့လဲ"

"ဒီမှာ ဆွေမျိုးဝမ်းကွဲနဲ့ မိတ်ဆွေတော့ ရှိသေးတာပဲ"

"အာ ... ဒါတွေက အရင်းမှမဟုတ်တာ"

"အရင်းဖြစ်တော့ ဘာထူးလို့လဲ"

"ဟား၊ ... အန်တီလေးက ဘုတောတာပဲ၊ အရင်းဆုံးတွေနဲ့နေရမှာပေါ့"

"ဆိုပါတော့ ငါ အဘွားကြီးဖြစ်တော့ နင်က တင်ကျွေးထားမှာမို့လား"

"ဒါတော့ အဲဒီအချိန်မှာ ရှိနေတဲ့ အခြေအနေအရပေါ့၊ ဒီကြားထဲ အန်တီလေးလည်း ကျောက်ခဲရေပေါ် ဟိုမှာစွံချင်စွံဦးမှာပေါ့"

"တော်စမ်း ... နင် တာဝန်မယူချင်တိုင်း ငါ့ကို ကြံရာနဲ့အစွံထုတ်ပစ်မယ့်ကောင်များ ငါ မသိဘူးမှတ်လို့လား၊ ဟွန်း ... ယောကျ်ားယူမယ်ဆိုရင် ငါ ဒီမှာပဲယူမှာပေါ့"

"ဒါဆိုလည်းယူပေါ့"

သူကပဲ စိတ်ဆိုးရတယ်ရှိသေး။ ဖူးစာ သူ့အိမ်မှာလာမကူညီဘူး၊ ထမင်းချက်မကျွေးဘူး၊ လျှော်ဖွပ်မပေးဘူး၊ သူ့သားဝေယျာဝစ္စလုပ်မပေးဘူးဆိုရင် ကိုကိုဟာ ကျော်ကျော့်ကိုခေါ်ဦးမတဲ့လား။ သင်း ဘာမှလဲမသိဘဲနဲ့။ သင်းအတွက်သက်သက်လိုက်ရမယ့် ဖူးစာကို တစ်ချိန်မှာ (ဘယ်တော့မှန်းမသိဘဲနဲ့၊ ဖြစ်ချင်မှလည်းဖြစ်လာမှာ) တာဝန်ယူရမှာကိုပင် ဖင်တွန့်နေတဲ့ဘုတော်မောင်။

တော်ပါပြီ။ ငိုချင်လာပြီ။

တကယ်ဆိုရင် ဒီမှာပဲကျန်နေရစ်ခွင့်ရပြီး ဦးအလင်းနဲ့ ဘဝရှေ့ရေးကို ညှိနှိုင်းတည်ဆောက်ချင်တာပေါ့နော်။

"ဒေါက် ... ဒေါက်"

"ဟော ... သွား ... တံခါးဖွင့်၊ ဒေါ်ဒေါင်းကြီးလာပြီဖြစ်မယ်၊ နင့်အဝတ်တွေ ဘာတွေ မီးပူတိုက်ဖို့ကျန်သေးရင် ထုတ်ပေးဦး"

ကျော်ကျော် ထ,ဖွင့်သောတံခါးမှ ဒေါ်ဒေါင်းကြီးဝင်လာသည်။ ဒေါ်ဒေါင်းကြီးဟာ ဖူးစာတို့အိမ်မှာ အဝတ်လျှော်မီးပူတိုက် လာလုပ်ပေးနေကျ အဒေါ်ကြီးပါ။ အဘွားကြီးခမျာအကြောင့်မှန်းမသိ စီးပွားရေးပျက် ဆိုင်ပြုတ်ပြီး သားနဲ့ချွေးမအိမ်ပေါ်တက်ကပ်ရပ်နေရတော့ ချွေးမက ထမင်းကျွေးတာထက်အမှုပိုပြီးတာဝန်မယူ။

ထမင်းကျွေးတာအတွက်လည်း အိမ်မှာချက်ပြုတ်ပေးရသေးသည်။ သူ့အတွက် ကွမ်းဖိုးဆေးလိပ်ဖိုးမှ လက်ထဲမှာ တစ်ပြားမှမရှိတော့ အိမ်တချို့ကိုလည်ပြီး အဝတ်လျှော်မီးပူတိုက်လုပ်ရသည်။ သူ့တနိုင်ပေါ့။ သူ့အသေးသုံးတော့ ချောင်ချောင်လေးရသည်။ ဒါကို ကုပ်ကပ်စုနေတာကိုပင် ချွေးမကမကြည်။ သူ့မှာဝင်ငွေရှိသားနဲ့ ထမင်းကို မှိန်းပြီးကပ်စားနေတယ်ဖြစ်သေးသည်။

ဖူးစာတို့လို သူ့ကိုခင်တဲ့ အိမ်ရှင်တွေက ချွေးမကို မပေးနဲ့ ဘာညာမြှောက်ပေးကြသည်။ အဘွားကြီးက သဘောကောင်းရှာပါသည်။ ချွေးမကိုမပေးပေမယ့် စုသမျှလေးဟာ မြေးမုန့်ဖိုးထဲချောပါသွားတတ်မြဲ။ အရင်က မုန့်ဟင်းခါးရောင်းလာသူဖြစ်၍ သူ့မုန့်ဟင်းခါးဆိုင်လေး သူ ပြန်ဖွင့်ချင်သည်။ အိုးခွက်ပန်းကန် စားပွဲ ခွေးခြေကအစ ပြန်ရင်းနှီးရမည်ဖြစ်၍ ငွေအတော်လိုရာ သူ့မှာ ပြန်မဖွင့်နိုင်ပါ။

သားကလည်း ရရစားစား။ အရင်းထုတ်ပေးနိုင်စွမ်းမရှိ။ ရှိရင်လည်း ချွေးမကပေးခိုင်းမှာမဟုတ်။ သိန်းချီမှာဖြစ်၍ တခြားကလည်း အလွယ်ချေးမရ။ ဒီလိုနဲ့ပဲ သူများအိမ် အဝတ်လျှော်မီးပူတိုက်ဘဝက ရုန်းမထွက်နိုင်သေးတာဖြစ်သည်။

"ဟင် ... သွားကြတော့မှာလား"

ဒေါ်ဒေါင်းကြီး တစ်ချိုးတည်း မျက်နှာပျက်ငယ်သွားကာ ကြမ်းပေါ်က သေတ္တာတွေ ပစ္စည်းတွေကို ငိုင်ငေးနေသည်။ ဖူးစာတို့ နိုင်ငံခြားသွားကြမှာကို သူလည်းသိသည်။

"ဖူးစာ မသွားသေးပါဘူး ဒေါ်ဒေါင်းရဲ့၊ ကျော်ကျော်အရင်သွားမှာ"

"ဘယ်နေ့လဲ"

"သန်ဘက်ခါ"

"သမီးကကော"

"ဒီအိမ်ငှားပြီးရင်ပေါ့"

"ငှားမထွက်သေးဘူးလား၊ ဟိုနေ့ကလာကြည့်တဲ့စုံတွဲကကော !!"

"တစ်နေ့ကလာကြည့်တဲ့လင်မယားကလည်း ဝယ်ပဲဝယ်ချင်တာ၊ အခန်းလေးကသန့်တယ် အလင်းရောင်လည်းရတယ်ဆိုပြီး သူတို့ တနိုင်လေးမို့ ဝယ်ထားလိုက်ချင်တာ၊ မငှားချင်ဘူး"

"ဝယ်ရင်လည်း ရောင်းလိုက်တာမဟုတ်ဘူး အန်တီလေးကလဲ"

"ဟဲ့ ... ငါ ဒီကိုပြန်လာတော့ ဘယ်သွားနေရမလဲ၊ အဲဒီကျမှ အိမ်ပြန်မဝယ်နိုင်ရင် လမ်းပေါ်ရောက်နေမယ်၊ နင်တောင်မှ ဟိုမှာရေရှည်ဖြစ်သွားဖို့ သေချာသလောက်ရှိတာတောင် နင့်တိုက်ခန်းကို ငါ မရောင်းခဲ့ဘူးလေ၊ နှစ်နှစ်ချုပ်ပြီးငှားခဲ့တယ်၊ အကယ်၍ အဆင်မပြေခဲ့သော်ဆိုတာတွေးရသေးတယ်"

"ဖူးစာတို့တိုက်ခန်းလေးက ကောင်းရက်နဲ့ ဘာလို့ငှား မထွက်ပါလိမ့်"

"ဖူးစာက နှစ်နှစ်အနည်းဆုံးချုပ်ချင်လို့ ဒေါ်ဒေါင်းရဲ့ ကိုယ်လည်းပြန်ပြန်လာနိုင်မှာမှမဟုတ်တာ၊ လာကြည့်သူ တွေက ခြောက်လတို့ အလွန်ဆုံးတစ်နှစ်ပဲ ချုပ်ချင်တာ၊ နှစ်နှစ်တစ်ခါတည်းချုပ်ပြီး တစ်ခါတည်းပုံပေးမယ့်သူဆို တာ ရှားတာပေါ့"

"ဩော် ..."

"ဒေါ်ဒေါင်းကြီး သူ့အကျီတွေ မီးပူတိုက်ပေးထားလိုက်ပါ၊ လျှော်စရာက နည်းနည်းပဲရှိပါတယ်၊ ဖူးစာ ဆပ်ပြာမှုန့် သွားကြိုစိမ်ထားလိုက်မယ်"

"ထားလိုက်ပါ ကျုပ် လုပ်ပါ့မယ် ဖူးစာရယ်"

ဖူးစာသည် ခင်မင်သူတစ်ယောက် ခရီးဝေးသွားတော့ မည်ဆို၍ ကြိုလွမ်းသလို မျက်နှာမကောင်းတဲ့ ဒေါ်ဒေါင်းကြီးကို သနားမိသည်။ အိမ်ငှားခရပြီးရင်တော့ မုန့်ဖိုးလေးနှစ်သောင်း သုံးသောင်း ပေးခဲ့မည်။ သိန်းချီတော့လည်း ကိုယ်လည်းမတတ် နိုင်။ ကိုယ်လည်း ပြည့်စုံအလျှံပယ်နေတာမဟုတ်။ သူ ဆိုင်ထွက် နိုင်လောက်အောင်တော့ ရင်းနှီးမပေးခဲ့နိုင်ပေ။

"အိမ်ငှားချင်တဲ့သူ သတင်းကြားရင်လည်း ညွှန်ပေးဦး ဒေါ်ဒေါင်းကြီး၊ ဒေါ်ဒေါင်းကြီးလည်း ပွဲခရတာပေါ့"

"အို ... ပွဲခရရ မရရ သတင်းကြားရင် ညွှန်မှာပေါ့ ဖူးစာ ရယ်၊ ကျုပ်ကလည်း ပိုက်ဆံရှိတဲ့သူတွေနဲ့ သိပ်သိတာကျွမ်း တာမှမဟုတ်တာ"

ဒေါ်ဒေါင်းအဖို့ကတော့ တစ်လငါးသောင်းတန်ကို ငှားနေနိုင်တဲ့သူဟာ ပိုက်ဆံရှိတဲ့သူပင်။

"တခြားဘာအလုပ်တွေရှိသေးလဲ၊ သွားခါနီးလာခါနီးလည်း ဖြစ် အိမ်ကငှားရဦးမှာနဲ့ အလုပ်တွေတော့ရှုပ်မှာပေါ့၊ ကျုပ်ကို ဒေါ်ခိုင်းလေ ဖူးစာရဲ့၊ အားမနာပါနဲ့၊ ရှင်းစရာ လင်းစရာတွေရှိလား လာရှင်းပေးမယ်"

"အိမ်ငှားလို့ထွက်မှပဲ ဒီကပစ္စည်းတွေ ရောင်းတန်ရောင်း ထားတန်ထား ရှင်းစရာရွှေ့စရာတွေပေါ်လာမယ်၊ ခုတော့ လုပ်စရာမရှိသေးပါဘူး"

"ကျော်ကျော်လေး သွားရင်ကော တစ်ယောက်တည်းနေရ ထိုင်ရဖြစ်ပါ့မလား၊ ကျုပ် လာနေပေးရမလား ဖူးစာ"

"ကြည့်သေးတာပေါ့ ဒေါ်ဒေါင်းရယ်"

ဒေါ်ဒေါင်းကြီးက မျက်နှာငယ်လေးနှင့် ...

"ဖူးစာတို့ကတော့ နိုင်ငံခြားသွားမှာဆိုတော့ ဘာပဲဖြစ်ဖြစ် ပျော်နေမှာပေါ့လေ၊ ကျုပ်မှာသာ တိုင်ပင်ဖော်တိုးတိုးဖော် မဲ့သွားမှာပဲ၊ ဖူးစာကို ကျုပ်က သမီးမရှိတော့ သမီးလေး လိုချစ်တာတော့၊ ယုံချင်ယုံ မယုံချင်နေပါတော်၊ သားလုပ် တဲ့သူကို အမြင်ကတ်ရဖန်များတော့ ကျုပ်စိတ်ထဲ ဖူးစာကို

သမီးလေးလိုသဘောထားမိတယ်၊ ဖူးစာ အားပေးတာလေး တွေနဲ့ ကိုယ့်ကိုယ်ကိုယ် အားပြတ်မသွားအောင် တင်းထား ဆည်ထားရတာတော့”

ပြောရင်းက မျက်ရည်စမ်းစမ်း ဖြစ်ချင်လာတဲ့ ဒေါ်ဒေါင်းရဲ့အသံတုန်တုန်ကြောင့် ဖူးစာပါ မျက်ဝန်းတွေ စိုစွတ် လာရသည်။ ငိုချင်ရက်လက်တို့ဆိုသလိုပေါ့။ ကိုယ်တိုင်လည်း ဟန်ကိုယ့်ဖို့နဲ့ မာန်တင်းထားရတာပဲ။ မခွဲခွာချင်တဲ့သူတွေကို ခွဲခွာသွားရမှာလေ။ အနည်းဆုံး နှစ်နှစ်လောက်ကတော့ ဟိုမှာ ဖင်လှည့်ခေါင်းလှည့်နှင့် နေဖြစ်သွားမှာပင်။

အဲလောက်ဆိုတော်ပြီပေါ့။ ကိုယ့်ဘဝကို ကိုယ်စိတ် ချမ်းသာသလို တည်ဆောက်ဖို့က လိုအပ်သေးသည်။ ဒီကြားထဲ ကိုကိုလည်း နောက်မိန်းမလေးဘာလေး ထပ်ရပါစေ။ ဖူးစာက ပြန်လာပြီး ဒီတိုက်ခန်းမှာပြန်နေ၊ အလုပ်တစ်ခုခုပြန်ရှာဝင်။

ဖူးစာသည် ဦးအလင်းရောင်ကို မြင်ယောင်လာပါ သည်။ ဒေါ်ဒေါင်းကြီးနီးပါးပဲ။ သူ စိတ်ထိခိုက်နေတာ။ ဖူးစာ ကလည်း စိတ်လိုလက်ရပင် အခြေအနေတွေကို ရှင်းလင်းပြော ပြခဲ့မိသေးသည်။ ဒီအခါ သူက ...

“အစ်ကိုတွေ တူတွေကို အခြေကျကျလေးဖြစ်စေပြီးရင် အရှိန်ရရင် မဖူးစာ ထားရစ်ခဲ့ပေါ့၊ စွက်ဖက်တာမဟုတ် ပါဘူး၊ ကိုယ်ပျော်ရွှင်မှု ကိုယ့်အဆင့်ပြေမှုကိုလည်း မဖူးစာ ထည့်တွက်ပါဦး၊ သူများအတွက်ချည်း အသက်ရှင်ရပ်တည်

နေရတာမျိုးတော့ မဖြစ်ပါစေနဲ့ဗျာ၊ ဒီကိုပြန်လာလို့ အလုပ် တစ်ခုခုပြန်အရှာခက်မှာမျိုးလည်း မပူနဲ့။ ကျွန်တော့်အလုပ် ထဲမှာ မဖူးစာအတွက် နေရာအမြဲရှိနေတယ်လို့ မှတ်ထား လိုက်ပါ ...

ဒီကြားထဲ ကျွန်တော့်ကိုလည်း အဆက်အသွယ် မဖြတ်ပါနဲ့နော်၊ နှစ်ချိုမယ်ဆိုရင်တော့ ဒီကြားထဲမှာ ကျွန် တော် လာလည်ဦးမယ်၊ ကျွန်တော်လည်း စင်ကာပူကို ရောက်ဖူးပြီးသားပဲ၊ အကျွမ်းတဝင်ရှိပါတယ်”

ကိုအလင်းရောင် စကားတွေက ဖူးစာ နိုင်ငံခြား ထွက်သွားရုံမျှဖြင့် သူတို့နှစ်ယောက် ဝေးဖို့အကြောင်းမရှိသလိုပင်။ အားတက်ကြည်နူးစရာရယ်လို့ ဒါလေးပဲ ရှားရှားပါးပါးရယ်။

✧❣✧

၃

“......” ဆေးရုံကြီးရဲ့ ဓာတ်မှန်ဌာနမှာ အလုပ်လုပ်တဲ့ ဖူးစာရဲ့သူငယ်ချင်း နုနုဆွေထံ ဖူးစာက ကုန်တိုက်ကအပြန် ဝင်လာခဲ့ပါသည်။ ကုန်တိုက်ကနေ ဒီကနေ့ ဖူးစာ ဂျူတီထွက်ရချိန်ကစောသည်။ ညနေငါးနာရီ။ ဒါကြောင့်လည်း နုနုဆွေထံ လှည့်ဝင်တာဖြစ်သည်။

နုနုဆွေက ဒီပုဂ္ဂလိကဆေးရုံမှာ နေ့လယ်ကနေ ညနေမိုးချုပ်အထိ အလုပ်ဝင်ရသည်။ မနက်တိုင်းမှာ သူ့အမေနှင့်အတူ ဈေးထွက်ပေးဆိုင်ဖွင့်ပေးလုပ်ပေးပြီး နေ့လယ်စာ ထမင်းစားပြီးမှ ဆေးရုံကို အလုပ်ဝင်ရုံပင်။ နုနုဆွေဟာ ဖူးစာရဲ့ ငယ်သူငယ်ချင်း။ ညီအစ်မတွေလို အလွန်ရင်းနှီးချစ်ခင်ပါသည်။

တစ်ယောက်အကြောင်းလည်းတစ်ယောက် အကုန်အစင်ဖွင့်ပြောတိုင်ပင်နေကျ။ သူလည်းပဲ ဖူးစာလိုပဲ အပျိုကြီးပင် (ဆိုပါတော့)။ အသက်သုံးဆယ်ထဲဝင်ပြီ။ ဖူးစာရဲ့ တိုက်ခန်းငှား

ချင်တာအတွက် နုနုဆွေ လွှတ်ပေးနေတာ နှစ်ယောက်ရှိပြီ။ တကယ်အိမ်လိုအပ်နေသူ ချက်ချင်းလက်ငင်းငှားမယ့်သူ သူ့အသိမိတ်ဆွေထဲက လွှတ်ပေးနေတာဖြစ်ပြီး ပထမတစ်ယောက်တုန်းကကျတော့ တကယ်ငှားလိုကြတာ မှန်ပါသည်။ စာချုပ်ကိုတော့ နှစ်နှစ်မချုပ်နိုင်လို့ ဆိုသည်။

သူတို့ရဲ့ ငွေရေးကြေးရေး အနေအထားကြောင့် ခြောက်လတစ်ကြိမ် လီပြီးချုပ်နေပါရစေတဲ့။ နေမှာကတော့ နှစ်နှစ်သုံးနှစ်နေလိုတာပင်။ လခကိုတော့ ခြောက်လတစ်ကြိမ်မှ ဆေးပါရစေဆိုသည်။ ဒါကြောင့် ဖူးစာက ငြင်းလိုက်တာ။ ဖူးစာအတွက်လည်း လက်ထဲငွေလုံးလုံးခဲခဲရောက်ချင်သေးသည်။ လုပ်ကိုင်သုံးစွဲစရာတွေရှိသည်။

နောက်တစ်ယောက် နုနုဆွေ ထပ်လွှတ်ပေးတဲ့လင်မယားကကျတော့ ပထမတော့ ငှားနေဖို့ပင်။ နောက်တော့ ဖူးစာရဲ့တိုက်ခန်းကျယ်ကျယ်ဝန်းဝန်း (ကန်ထရိုက်တိုက်ထဲမတော့ ဆယ့်ငါးပေခန့် ရှင်းရှင်းလေးကို ဒီလိုပဲပြောရမည်) လေဝင်လေထွက်ကောင်းကောင်း လင်းလင်းချင်းချင်းကလေးကို အပိုင်ရဖို့သဘောကျကြသည်။

တချို့တွေလို အိပ်ခန်းနှစ်ခန်းပါတယ် သုံးခန်းပါတယ်တွေ ပြောပြီး မဖြစ်မနေ ခိုအိမ်လေးတွေလို မရမကဖွဲ့ထားတာမဟုတ်။ အိပ်ခန်းလေးတစ်ခန်း ခပ်ကျယ်ကျယ်၊ ထမင်းစားစားပွဲအားဖို့ ထမင်းစားခန်းသတ်သတ်လေး မီးဖိုရှေ့ဘက်မှာကျန်ကာ

မီးဖိုကလည်း ကြွေပြားခင်းကပ်သန့်သန့်လေး။ ဘေးပြတင်းပေါက်တောက်လျှောက်နှင့် လင်းလင်းလေး။

ဖူးစာ နေတတ်ပုံကြောင့် ခန်းဆီးလေးတွေ တလွင့်လွင့်နှင့် စိတ်ကြည်နူးဖွယ် လှပသပ်ရပ်နေတဲ့ အခန်းလေးကို ထိုလင်မယားက ဝယ်ပဲဝယ်လိုသည်။ ယောက်ျားက သဘော်သား။ စုထားတဲ့ငွေက တိုက်တစ်ခန်းစာမပြည့်။ ရှိတဲ့ငွေအတွင်းက ဝယ်ရင် ကျဉ်းကျပ်အထပ်မြင့်လေးပဲရမှာမို့ နောက်တစ်ခေါက်ပြန်လာမှဝယ်ဖို့။

ခုတော့ စိတ်ကြိုက်အခန်းလေးတွေ့သောအခါ သူတို့မှာကျထားတဲ့ဟဲန်းဒ်ဖုန်းလေး ရောင်းဖြည့်ပြီး ဝယ်ချင်လာကြသည်။ ဒီတော့ ဝယ်ပါရစေ ပြောလာသည်။ ဖူးစာကလည်း ကိုယ့်အနေအထားနှင့် ကိုယ်မရောင်းနိုင်။ အချိန်မရွေး ကိုယ်ပြန်လာတက်နေဖို့ အခန်းကလေးတော့ ရှိနေချင်သေးသည်။

ဒီအခြေအနေတွေပြောပြပြီး လူထပ်ရှာပေးပါဦးဟယ်လို့ နုနုဆွေကို အပူကပ်ရမည်။ နောက်ဆုံးငှားမည့်သူမြန်မြန်မရရင်တော့ ခြောက်လလီကာ ငွေပေးမည့်သူကိုပဲ ငှားထားရစ်ပြီး ငွေထပ်ယူဖို့ စာချုပ်ချုပ်ဖို့တွေ နုနုဆွေပဲ ကူညီပါတော့လို့ ဂျီပီလွှဲခဲ့ရင် ကောင်းမလားလို့ပင်။

ဖူးစာက နုနုဆွေရှိတဲ့ ပထမထပ်က ဓာတ်မှန်ခန်းဆီလာခဲ့သည်။ ဒီဘက်က သွေးစစ်တဲ့လက်ဘ်။ ဒီဘက်ခန်းက အာလ်ထရာဆောင်း။ ဒီဘက်က အီးစီဂျီ။ စက်မျိုးစုံနှင့် ရောဂါ

ရှာဖွေရေးဌာန။ နုနုဆွေက ဒီမှာ တာဝန်ထမ်းဆောင်သည်။ သူက စက်ကိုင်တို့ ဓာတ်မှန်ကျွမ်းကျင်တို့တော့မဟုတ်။

အမျိုးသမီး Patient တို့အတွက် အဝတ်ချွတ်တာနေရာယူတာ ဘာဘာညာညာ ဘေးကကူညီပေးရတဲ့ ဝန်ထမ်းမျှသာဖြစ်သည်။ သူ့ကို ဒီမှာ အလုပ်သွင်းပေးသူက သူတို့အမေနှင့်တစ်မြို့တည်းဇာတိ အထူးကုသမားတော်ကြီးတစ်ယောက်ဖြစ်သည်။ သူ့ကို ဆရာဝန်ကြီးက သမီးလိုချစ်ကာ တခြားဌာနခွဲတွေ လွှတ်ပေးဘဲ သူ့လူနာကြည့်ချိန်ဆိုရင် သူ့နံဘေး ကူညီပေးရသူအဖြစ်သည်း တစ်ဝက်တာဝန်ယူပေးထားသည်။

ဖူးစာက အရင်လိုပင် ဓာတ်မှန်ခန်းတံခါးကို တွန်းဖွင့်ခေါင်းပြူလိုက်ကာ ဦးဆုံးတွေ့တဲ့ ဓာတ်မှန်ရိုက်သူ ကိုဇေယျာအား ...

"ကိုဇေယျာ နုဆွေရော"

"ခင်ဗျား နုဆွေ ဒီမှာမနေရတော့ဘူး"

"ဟင် ..."

"အခန်းသစ်ကြီး ရောက်သွားပြီဗျ"

ကိုဇေယျာက ရယ်မောရင်း ...

"စက်သစ်ကြီးထားတဲ့ အခန်းသစ်ကြီးမှာဗျို့၊ ဆရာကြီးဦးစောဘလဲက စက်ကြီးကိုင်ဖို့အတွက် လူငါးယောက်ကို ဖော်ရိန်နာနဲ့ သင်တန်းတိုပေးတုန်းက သူ့ပါထည့်ထားတာလေ"

"ဩော် ... ဟုတ်တယ်၊ နုဆွေ ပြောတော့ပြောတယ်၊ လဆန်းတုန်းကလေ"

"ဟုတ်တယ် အဲဒီစက်ကြီးတစ်ခန်းပဲ ဘယ်ဘက်မှာရှိတယ်၊ တွေ့လိမ့်မယ်၊ ဝင်သွားလိုက်"

"ဟုတ် ... ကျေးဇူးပဲ ကိုဖေယျာ"

ကိုဖေယျာ ညွှန်ပြတဲ့အတိုင်းဝင်ခဲ့ကာ တွေ့ရတဲ့ အခန်းကြီးဆီရောက်လျှင် မျက်စိနေရာမှာ ဖောက်ထားတဲ့ မှန်လေး ထောင့်ကွက်မှ အတွင်းကို ချောင်းကြည့်လိုက်တော့ ဝင်ဝင်ချင်း အခန်းတစ်ကန့်နားကစားပွဲမှာ နုနုဆွေကို တွေ့ရသည်။ နောက် ထပ်အမျိုးသမီးတစ်ယောက်ပဲရှိကာ နုနုဆွေက ဖူးစာကိုမြင်လျှင် ထိုအမျိုးသမီးဘက်လှည့်၍ ခွင့်တောင်းလိုက်ပုံရသည်။

ထို့နောက် နုနုဆွေ အပြေးထလာကာ တံခါးလာ ဖွင့်ပါသည်။ ဒီအခန်းရဲ့တံခါးကြီးကလည်း ထူထူလေးလေးကြီး

"ဟဲ့ ... လာ"

ဖူးစာက ပြုံးပြုံးလေးလှမ်းဝင်ကာ ...

"အမလေး ... ချမ်းလိုက်တာဟယ်"

နုနုဆွေတို့ကတော့ ဂျူတီကုတ်လိုအင်္ကျီဖြူနှင့် ဖူးစာက သာမန်လက်တိုဝတ်စုံကလေးဖြစ်၍ အေးစိမ့်သွားပါသည်။ နံရံတွေ ဖြူဖွေးသစ်လွင်တောက်ပကာ ပစ္စည်းသစ်တို့၏ အနံ့ ခြင်းတစ်မျိုးနှင့် အခန်းက သင်းပျံ့နေပါသည်။ အသက်ရှူ သလိုရှိတာတစ်ခုပင်။

"အခန်းကြီးက အပျံစားနော်၊ စက်ကြီးက ဟိုဘက်မှာလား"

"အေး ... ကြည့်မလား"

"ကြည့်တာပေါ့၊ မြင်မှမမြင်ဖူးတာ"

"လာ"

နုနုဆွေတို့ရဲ့ ဆစ်ချိုးကွေ့ စားပွဲလေးကနေ ကွေ့ ဝင်လိုက်တော့ သန့်ရှင်းဖြူစင်တောက်ပြောင်ကျယ်ဝန်းတဲ့ အခန်း ကြီးရဲ့ တစ်နေရာမှာ စက်ကြီးကို တွေ့လိုက်ရပါတော့သည်။ ခင်မတန်ကို ဈေးကြီးလှတဲ့စက်ကြီးဆိုတာ ဟိုးတလောကတည်း က နုနုဆွေပြောဖူးသည်။ ကြည့်လိုက်ရုံနှင့် စက်ကြီးရဲ့ ပုံသဏ္ဍာန် ဟန့်က ကြီးမယ့်ပုံကြီးပါ။

"ဟိုလို အခေါင်းကြီးထဲ ဝင်ရတာပေါ့နော်"

"အေး"

"ကြောက်စရာကြီးဟယ် မွှန်းမှာပဲ"

"ခဏလေးဝင်ရတာပဲဟာ ဘာမှမွှန်းစရာမရှိဘူး"

"လာ ... လာ ... ဟိုနားပဲထိုင်ရအောင်ဟယ်၊ မတော်တဆ တစ်ခုခုဖြစ်သွားရင် အနားမှာရှိတဲ့သူတွေ အပြစ်မကင်းဖြစ် နေဦးမယ်"

နှစ်ဦးသား ရယ်မောကာ စားပွဲကို ပြန်လာထိုင်ကြ သည်။

"ဒါက မကြူကြူတဲ့"

"ဟုတ်ကဲ့"

"မမကြူ ဒါ နုနု အချစ်ဆုံးသူငယ်ချင်း ဖူးစာတဲ့"

"ဟယ် ... နာမည်လေးက"

"နာမည်က စီးနေတော့ ဘယ်သူနဲ့မှ ဖူးစာမပါဘူးဖြစ်နေတယ် မမကြူရေ ... ဟီဟိ"

ရှင်လန်းတက်ကြွတတ်တဲ့ Typeဖြစ်တဲ့ နုနုဆွေက အပြောင်အနောက်စကားလေးတွေ ဆက်ပြောနေ၍ ဖူးစာလည်း အတူတူရယ်မောနေရပါသေးသည်။ ပြီးမှ ဖူးစာရဲ့အိမ်အငှားကိစ္စ ပြောပြရသည်။ အခြေအနေတွေသိစေပြီး ငှားချင်သူလည်း ထပ်ရှာပေးဖို့။

"ကူညီရမှာပေါ့ဟယ် ငါ့သူငယ်ချင်းပဲ ငါမှမကူရင် ဘယ်သူလာကူမလဲ"

"နင်ကချည်း ငါ့ကို ကူညီပေးတာတွေ များနေတာပါဟာ ငါက နင့်ကို ပြန်ကူညီရတာဆိုတာ မရှိသလောက်ပါ"

"ဟီဟိ ... နင် သိပ်ကူညီချင်နေရင် ဒီလိုလုပ်လေ၊ နင့်အသိအကျွမ်းထဲက ကင်ဆာတို့ ဘာတို့ ဖြစ်နေတဲ့သူတွေ မရှိဘူးလား၊ ဒီစက်သစ်ကြီးနဲ့ တစ်လွှာချင်းဖြတ်ပြီး Scan ရိုက်ကြည့်လို့ရတာလေ၊ ဒီကိုလွှတ်လိုက်"

"ဟဲ့ ... နုနုဆွေကလည်းဟယ်"

"ရတယ် မမကြူ၊ သူနဲ့ ဖူးစာက ထင်ရာပြောနေကျပါ၊ ငါ့အသိထဲလည်း ကင်ဆာဖြစ်နေတယ်လို့ ကြားမိတာ တစ်ယောက်မှ မရှိဘူးဟဲ့"

"ဦးခေါင်းကစပြီး ရင်ဘတ်ဝမ်းဗိုက် အထဲက ကလီစာတွေ ဘယ်နေရာဖြစ်ဖြစ်၊ အောင်မယ် ... ငါတို့စက်ကြီးက Brand new တစ်ယောက်မှကို ဖွင့်ပွဲမရိုက်ရသေးတာ၊ ကိုယ်က First Patientဖြစ်ရမှာ၊ နင် ဘာသိလဲ ဖူးစာရဲ့၊ ပထမဆုံး ရောက်လာမယ့် ရိုက်မယ့်လူနာကို ဆေးရုံက မေတ္တာလက်ဆောင် အလကားရိုက်ပေးမှာ၊ နောက်ထပ်သုံးဦးကို 50% ဒစ်စ်ကောင့်ထ်နဲ့ရိုက်ပေးမှာ၊ ပြီးမှ ပုံမှန်ရိုက်ခ ယူသွားမှာ၊ ပထမဆုံးလူနာတော့ ကံကောင်းတာပဲ၊ အလကားရိုက်ရမှာလေ၊ နင် ရိုက်ပါလား၊ ငါတို့လည်း စက်ကိုင်ရ စမ်းရတာပေါ့ ... ဟား ဟား"

"ဟဲ့ ... နုနုဆွေရယ်"

"သူက နုနုကို ကူညီချင်တယ်လေ မမကြူရယ် ... ဟား ဟား"

"ငါမှ ရောဂါမှမရှိတာဟဲ့ နုဆွေရဲ့။ သူ့စက်ကြီးရိုက်ရဖို့ ငါကပဲ ကင်ဆာဖြစ်ပေးရမလိုလို"

"ကင်ဆာရယ်မှလည်း မဟုတ်ပါဘူး၊ အတွင်းမှာ အဖုအကြိတ် အလုံးအခဲ ..."

"အမလေး ... ကြက်သီးတွေထပြီး အော်ဂလီဆန်လိုက်တာဟာ၊ တော်ပါတော့"

"နင် ဟိုတလောက အစာအိမ်ရောဂါထ,ပြီး ခံလိုက်ရသေးတယ်လေ၊ အစာအိမ်ကို ရိုက်ပါလား"

"အာ ... နင်ကလည်း မရိုက်ချင်ပါဘူးဟာ"

"ပထမဆုံး Patientအလကားရိုက်ရမှာဆိုလို့ ငါက ငါ့အမေကိုဆောင်ပြောနေသေးတာ၊ အမေကလည်း ငါ့ကို တုတ်ရော၊ နင့်ဟာနဲ့ရိုက်ဖို့ ငါက ရောဂါရှိရဦးမယ်ပေါ့ ဆိုပြီးဆဲတာလေ"

နုနုဆွေက တသောသော ရယ်နေပါသည်။

"နင်တို့ကြည့်ရတာ ပထမဦးဆုံးအစမ်းသပ်ခံလူလိုနေပုံပဲ"

"ငါတို့က လက်တွေ့ကျကျ ရောဂါကို ရှာဖွေတွေ့ရှိချင်လို့ အရမ်းစမ်းသပ်ရိုက်ကူးချင်နေပြီဆိုတာတော့အမှန်ပဲ၊ တကယ်ရိုက်ပေးမယ့် ငါတို့ဆရာဆိုရင်လည်း သိပ်ရိုက်ချင်နေပြီဟာ လူနာက မရှိသေးတာ"

"နင်တို့ထဲက တစ်ယောက်ဝင်ရိုက်လိုက်ပါလား"

"အဲဒါကျတော့လည်း ဘာလိုင်းကြီးလေ၊ နင့်ကိုသာ နောက်နေတာပါ၊ တကယ်က ဒီစက်နဲ့စမ်းရိုက်ကူးအဖြေရှာကြည့်ပါဆိုတဲ့ ဆရာဝန်ညွှန်ကြားလက်မှတ်လည်း လိုသေးတာပေါ့"

"ငါကတော့ စက်ကြီးထဲဝင်ရမှာ ရိုက်ရမှာတော့ မကြောက်ပါဘူး၊ ဒါပေမဲ့ ရိုက်လိုက်ကာမှ ရောဂါတွေ ထွက်လာမှာကိုတော့ကြောက်တယ်၊ ကိုယ်မသိဘဲရှိနေမယ့် ရောဂါတွေ မတော်တဆပေါ်လာမှာမျိုးကိုကြောက်တာ"

"နင်ကလည်း ဘာကြောက်စရာရှိလဲ၊ ရောဂါရှိမှန်းမသိရဘဲရှိနေတာသာကြောက်ဖို့ကောင်းတာ၊ ရောဂါရှိမှန်းသိပြီဆိုရင် စောစောသိလေ စောစောကုခွင့်ရလေ ပိုကောင်းတာပေါ့ ဖူးစာရဲ့"

"ကဲ ... ငါလည်း ပြန်တော့မယ်၊ နင်လည်း အလုပ်ပျက်နေပြီ"

"ဘာအလုပ်မှမပျက်ဘူး ... ဟား ဟား၊ ငါတို့က အခုစက်စောင့်ကြီးတွေပဲလုပ်နေရတာဟ"

ဖူးစာက မကြူကြူကို နှုတ်ဆက်ကာ ပြန်ထွက်လာသည်။

သူ့နောက်မှ နုနုဆွေကပါလာကာ ...

"ဖူးစာ နင် သွားရတော့မှာဆိုတော့ ကိုအလင်းရောင်ကို မလွမ်းဘူးလား"

"အင်း ... မနေ့ကတောင် စကားပြောရသေးတယ်၊ သူလည်း ကုန်တိုက်က တစ်ယောက်ယောက်ဆီက သတင်းကြားတယ်နဲ့တူတယ်၊ ငါ ပြန်လာမယ်ဆိုရင် သူ့ကုမ္ပဏီမှာ ငါ့အတွက် အလုပ်အဆင်သင့်ရှိနေမယ်တဲ့၊ နှစ်ချီကြာမယ်ဆိုရင်တော့ အလည်ထွက်ရင်း ရောက်လာမယ်တဲ့"

"သူက နင့်ကို တကယ်စွဲစွဲမြဲမြဲချစ်တာ ဖူးစာ၊ နင် သူ့ကို လက်ခံသင့်တယ်"

"အစကတော့ ကျော်ကျော့်တာဝန်နဲ့ ငါ ငြင်းလိုက်တာလေ၊ ခုတော့လည်း ကျော်ကျော့်ကို ကိုကို ဆက်ပြီးတာဝန်ယူမယ် ဆိုတော့ ..."

"နင်ကတွေးပူနေတာပါဟာ၊ ဒီလိုပဲဖြစ်သွားမှာပါ၊ ဒီလောက် အဖက်ဖက်ကပြည့်စုံပြီး နင့်ကို စိတ်ရှည်လက်ရှည် စောင့် ချစ်လာတဲ့သူမျိုး နင် ထပ်ကိုမတွေ့နိုင်တော့ပါဘူး ဖူးစာရာ"

"အဲဒီပြည့်စုံလွန်းတာကိုလည်း ရင်လေးရပြန်ရော"

"နင် ရင်မလေးတာရှိလား၊ အဘွားကြီးအိုလေးကျနေတာပဲ၊ နင့်မှာ ပူပန်သောက များလွန်းတယ်၊ နင် ထွက်သွားပြီးမှ ဆိုရင် ဝေးသွားတော့ သူလည်း သွေးအေးမသွားဘူး မပြောနိုင်ဘူးနော် ဖူးစာ၊ မသွားခင် အဖြေတွေဘာတွေပေး ရင် ပေးသွားပါဟာ၊ သူလည်း ဝမ်းသာမှာ"

"သူ့မိသားစုတို့ သူ့မိဘတို့က ငါ့လောက်အဆင့်မိန်းက လေးတစ်ယောက်နဲ့ သဘောတူပါ့မလား နဲ့ဆွေရယ်၊ သူ့ အမေက '......'ဘဏ်ရဲ့ဥက္ကဋ္ဌဆို၊ ရှယ်ယာဝင်ငါးဦးထဲ မှာ သူ့ရှယ်ယာ အများဆုံးဆို"

"အဲဒီတော့လည်း ဘာဖြစ်လဲဟယ်၊ အလကားနေအားထေ နေတာပဲ နင်က၊ သူ့အမေက ဘဏ်ဥက္ကဋ္ဌဖြစ်ပေမယ့် အ ကတော့ သာမန်ကုမ္ပဏီထူထောင်ထားတဲ့ ကုမ္ပဏီပိုင်ရှင်ပဲ"

နုနုဆွေက ဖူးစာကို အားပေးသလို လက်ဖျားကလေး ညှစ်ဖျစ်လိုက်သည်။ သူ့သူငယ်ချင်း ဖူးစာဟာ ပန်းချီဆရာ စိတ်

ကြိုက်ရေးဆွဲထားတဲ့ မျက်နှာလေးမျိုးပိုင်ဆိုင်တဲ့သူကလေး။ မျက် ခုံး မျက်လုံး နှာတံ နှုတ်ခမ်း၊ ပါးမို့ကလေး၊ မေးဖျားလေး၊ အေးရိုးနားထင်၊ နားရွက်ကလေးတို့ကအစ အသေးစိတ်အပြစ်မရှိ လှနိုင်လွန်းတာ။

အသားရောင်ဆိုတာလေးကလည်း ဖြူလွန်းရင်လည်း ဖွယ်တယ်တယ် ကြည့်မကောင်းတတ်။ ညိုလွန်းရင်လည်း အလှအပ ပေါ်တတ်။ ဖူးစာရဲ့ အသားအရေကလေးဟာ ဝင်းဝင်းဝါဝါ နုစ်နှစ်ပြစ်ပြစ်ကလေးနဲ့ ဘယ်လိုအရောင်ကလေးလဲ တင်စားပြော ဆိုဖို့ပင်ခက်တာ၊ လှလွန်းအားကြီးလှတာ။

မျက်နှာကလေး တည်ဆောက်ပုံက ကရုဏာသက် ချင်စရာ ကြင်နာချင်စရာဟန်မူရာလေးနှင့်။ သူ့မျက်လုံးကလေး တွေနှင့် ဝင့်ကြည့်လိုက်လျှင် စိုလက်တောက်ရွှဲနေတဲ့ မျက်ဆန် ကြီးဟာ တစ်ဖက်သားကို တကယ်ပင် ကတုန်ကယင် အသက် များစေတာပါ။ ကျောင်းတုန်းကတည်းက ချစ်သူကြိုက်သူတွေ ခြုံချင်းလိမ်ပြီး တစ်ယောက်နဲ့တစ်ယောက် တုတ်တပျက်မေးတာ ကြက်တွေပင် ဖြစ်တတ်ကြလို့ ဖူးစာခမျာ ဒါတွေကို ရှက်ကြောက် ဝင်မဆိုင်ရဲအောင် ရိုးသားလွန်းတော့ တစ်ယောက်တည်း ဘယ် တော့မှမနေရဲ။ သူငယ်ချင်းအုပ်ကြီးထဲမှာ နီးရာတစ်ယောက်ရဲ့ နောက်မှာကွယ်ပြီး အမြဲပုန်းနေတတ်တဲ့မိန်းကလေး။

အချစ်ရေးကို နည်းနည်းကလေးပင် စိတ်မပါဝင်စား ။ အားလုံးကို ငြင်းထုတ်ပြီး ရည်းစားမထားဘူး အိမ်ထောင်

မပြုဘူးနဲ့သာ စကားကုန်တွင်တွင်ဆိုနေတာ။ သူ တကယ်လည်း ဘယ်သူ့ကိုမှ စိတ်မဝင်စား ရင်မခုန်တော့ အားလုံးကို အပြတ်ငြင်းပစ်တာပင်။ ကျောင်းပြီးလို့ အလုပ်ခွင်ဝင်မှပဲ အဲဒီ ကိုအလင်းရောင်နဲ့က ဖူးစားပါလို့ကို ဆုံကြရတာ။

အပြင်မှာတွေ့ပြီး တကောက်ကောက်လိုက်လာတဲ့ ကိုအလင်းရောင်က ဖူးစာလုပ်တဲ့ ကုန်တိုက်ကို သိသွားတဲ့အခါ ကုမ္ပဏီပိုင်ရှင်ကြီးလုပ်ပြီး ပစ္စည်းပို့တဲ့ကားနဲ့ လိုက်လိုက်လာတတ်တာပင်။

ကိုယ့်ရဲ့ဖူးစာဖက်နဲ့ ကြုံရတော့လည်း တစ်သက်လုံးကမလှုပ်ရှားခဲ့တဲ့ နှလုံးသားတို့ဟာ လှုပ်ရှားရတော့တာပဲ။ ဖူးစာတစ်ယောက်လည်း ရင်တွေတုန် နှလုံးတွေခုန်။ သူ့ထုံးစံအတိုင်း ရှက်ရင်းကြောက်ရင်း ပုန်းရင်းကပဲ နောက်ဆုံးတော့ လက်ခံလိုက်ပါတော့မယ်လို့ စဉ်းစားစပြုရတဲ့အချိန်ကျမှ သူ့အစ်မက ကွယ်လွန်ကာ တူဖြစ်သူ ကျော်ကျော်ကို စောင့်ရှောက်အုပ်ထိန်းမွေးမြူရဖို့ဖြစ်လာပါသည်။

ခုတော့ ကျော်ကျော်လည်း ကိုယ်တစ်ယောက်တည်း စောင့်ရှောက်ဖို့မှ မလိုတော့တာ။ လိုက်သွားပြီး နေသင့်သလောက် နေပေးပြီးရင် ဒီကိုပြန်လာပြီး ဖွဲကောင်းစိတ်ရှည်တဲ့ ကိုအလင်းရောင်နဲ့ ကိုယ့်ဘဝကိုယ်ထူထောင်ချေဦးပေါ့။ နုနုဆွေက အဲသလို အမြဲနားချနေတာပင်။ ဖူးစာလည်း အဲသလိုပဲ အလေးပေးစဉ်းစားနေပုံပါ။

"တကယ်ပဲချစ်ကြရက်နဲ့ အနေဝေးပြီး သွေးအေးသွားရရင် နှမြောစရာကြီး ဖူးစာရယ်၊ နင် မသွားခင် ကိုအလင်းရောင်ကို အဖြေပေးလိုက်ပါ"

"အေးပါ ... ငါ စဉ်းစားပါဦးမယ်"

"စဉ်းစားမနေနဲ့၊ သူလည်း မျှော်လင့်ချက်လေး ရှိတော့ စောင့်ရတာ ပိုစိတ်ချမ်းသာတာပေါ့ ဖူးစာရာ၊ ကိုယ်ချင်းများစာပါဦး"

"အေးပါ နုဆွေရယ်။ တကတဲ နင့်ကို ပွဲခများပေးပြီး အကျိုးဆောင်ခိုင်းထားသလား မှတ်ရတယ်"

"ဟယ် ..."

"ဘာလဲ"

"ဟိုမှာ ... ဟိုမှာ ... ကိုအလင်းရောင်၊ ဘေးက သူ့အမေ ထင်တယ်"

ဖူးစာ လှမ်းအကြည့် လေှကားမှတက်လာကာ ားထိပ်ရောက်လာတဲ့ ကိုအလင်းရောင်ကလည်း ဖူးစာကို မြင်သွားပါသည်။ အံ့အားတသင့်ပြုံးမြသွားတဲ့ သူ့မျက်နှာက က်လို့ပင်။ ကိုအလင်းရောင်ရဲ့ နံဘေးက သူ့အမေဖြစ်ပုံ ဖြူဖွေးသန့်ပြန့်သားနားလှတဲ့ အမျိုးသမီးကြီးကိုမြင်လျှင် ူးစာရဲ့ ခြေလှမ်းလေးက တုံ့သွားပါသည်။

"ဟဲ့ ... မရပ်လိုက်နဲ့လေ၊ သွား ... သွား ... ဆက်လျှောက်၊ အေးဆေးနှုတ်ဆက်လေ ဖူးစာ"

နုနုဆွေက ဘေးကနေ သွားကိုစေ့ကာ မာန်မဲသထ
ပေးနေပါသည်။

"ငါ ကြောက်တယ်ဟ သူ့အမေကြီးကို"

"ဘာလို့ကြောက်ရမှာလဲ ဒီလောက်လှတာ၊ သရဲမကြီး
မဟုတ်တာ"

နုနုဆွေက ကျောကိုတွန်းကာ ရှေ့ဆက်စေသ
ဖူးစာလည်း ရွံ့ရင်းရှန်းရင်း တွန့်ရင်းကပင် လှေကားထိပ်နား
ရောက်လာခဲ့ပါသည်။ ကိုအလင်းရောင်က ပြုံးရင်း ...

"ဖူးစာ ဘယ်ကိုလာတာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီ လာတာပါ ဦးအလင်း"

သူ့အမေက မသိမသာ အကဲခတ်လာပါသည်
ငြိမ်းချမ်းသိမ်မွေ့တဲ့ရုပ်သွင်ရှိတဲ့ အမျိုးသမီးကြီးဟာ မောက်
ခက်ထန်ပုံတော့ မရပါ။ သို့ပေမဲ့ သူ့ကိုယ်ခန္ဓာမှ ဖိတ်လျှံထွက်
သလို ထင်ရသောအရှိန်အရောင်အဝါတစ်မျိုးက အလိုအလျော
ဘေးလူကို သိမ်ငယ်မှေးမှိန်စေသည်။

"ဖူးစာကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့် အမေ
ဒေါ်မြတ်မြတ်ထွေး"

"ဟုတ်ကဲ့ပါ တွေ့ရတာဝမ်းသာပါတယ် အန်တီ"

"မေမေ ဒါက '......' ကုန်တိုက်က ကျွန်တော့်ပစ္စည်း
တင်တဲ့ အထပ်က Floor incharge ပေါ့၊ မဖူးစာတဲ့"

"ဩော် ... အေး ... အေး"

စကားပြောဆိုရင်းက ဖူးစာရဲ့ မနေတတ်မထိုင်တတ်
ဟိုလှည့်ဒီငဲ့ ချောင်တိုးချင်သလို နုနုဆွေ နောက်ကွယ်ထဲ ပုန်းချင်
သလို လှုပ်ရှားမှုများကြောင့် ရပ်နေကြတဲ့ လူလေးယောက်သား
ဟာ မျက်နှာချင်းဆိုင်အနေအထား ဖြစ်အောင် ကျန်လူတွေပါ
ဖြစ်မနေ ရွေ့ရလှုပ်ရှားရဖြစ်ရင်း တဖြည်းဖြည်းနှင့် ဖူးစာက
လှေကားဘက်ကျောပေးအနေအထားမျိုး ဖြစ်သွားပါသည်။

"မေမေ နည်းနည်းနေမကောင်းလို့လေ၊ မေမေက နှလုံး
သိပ်မကောင်းဘူး၊ သွေးတိုးလည်းနည်းနည်းရှိတယ်၊ အခု
ဒီအထပ်မှာ ECG ရိုက်ဖို့တက်လာတာ"

"အလင်း မေမေ့အိတ် ခဏပေးပါဦး"

ဒေါ်မြတ်မြတ်ထွေးက အလင်းရောင် ကိုင်ထားပေး
သော သူ့ရဲ့လက်ပွေ့အိတ်ကို လက်လှမ်း၍တောင်းကာ ခလုတ်
ဖွင့်လိုက်ပါသည်။ အိတ်ထဲလက်နှိုက်မွှေကာ တစ်ရှူးအိတ်လေး
တစ်အိတ် ဆွဲထုတ်လိုက်ပါသည်။

"ဦးအလင်း သွားစရာရှိတာသွားပါ၊ အန်တီ ပင်ပန်းနေဦး
မယ်၊ ဖူးစာလည်း သွားပါဦးမယ်"

ဖူးစာရဲ့ပြောလိုက်တဲ့စကားမဆုံးခင်ပင် ဒေါ်မြတ်
မြတ်ထွေး ဆွဲထုတ်လိုက်တဲ့ တစ်ရှူးအိတ် အဝတ်စကြားထဲမှ
ညပ်ပါလာတဲ့ ဖုန်းချိတ်ဆွဲကြိုးကြောင့် ဒေါ်မြတ်မြတ်ထွေးက
ကိုယ့်ဟာကိုယ် အလန့်တကြား လက်ကိုဆပြီး ...

"ဟဲ့ ... ဟဲ့"

ဖုန်းလေးဟာ ကြွေပြားဆေးရုံကြမ်းခင်းပေါ်
ချင်းပြွတ်မကျဘဲ လက်ကို ရုန်းဆလိုက်တဲ့ ဒေါ်မြတ်မြတ်ထွေး
လှုပ်ရှားမှုကြောင့် မြှောက်ပြီးပစ်လိုက်သလိုဖြစ်သွားရကာ လေထဲ
အလေးချိန်နှင့် မြှောက်လွင့်သွားပါသည်။

"ဟယ် ..."

"ဖုန်း ... ဖုန်း"

ဖူးစာရော နုနုဆွေပါ ပါးစပ်က ထွက်မိထွက်ရာ
ယောင်ယမ်းထွက်မိကြပြီး ဖူးစာကတော့ လူပါယောင်ယမ်းကာ
ဖုန်းလေးကို ကြမ်းပြင်ပေါ်မကျအောင် ကိုယ်ကို ယို့ပြီးအဖမ်း
နောက်တစ်လှမ်းနှစ်လှမ်းဆုတ်လိုက်သလိုဖြစ်သွားတဲ့ ဖူးစာဟာ
သူ ရပ်နေမိတဲ့ လှေကားထိပ်ကနေ ဒူးညွတ်ညွတ်ခွေခွေပုံစံလေး
နှင့် နောက်လန်ကာ ဒလိမ့်ခေါက်ကွေး ကျသွားပါတော့သည်။

"ဟယ် ..."

"အမလေး ... လုပ်ကြပါဦး"

"ဖူးစာ ... ဖူးစာ"

အော်ဟစ်သံတွေ ဆူညံသွားရကာ ဖူးစာကတော့
ကျောက်ပြားလှေကားမှ ဒုတ်ဒုတ်မြည်ကာ တစ်ထစ်ပြီး တစ်ထစ်
လှုပ်တစ်ပြက်အတွင်း ကျသွားတော့သည်မှာ အောက်ကတက်လာ
တဲ့လူတစ်ယောက် လှမ်းတွန်းကာ ဆီးဖမ်းလိုက်မိချိန်အထိ
စ,ကျတဲ့အချိန်မှာ ပက်လက်ပုံစံနှင့် ခေါက်ထိုးကျခဲ့တာ။ ဖူး

ခေါင်းနောက်စေ့တို့ဟာ ကျောက်လှေကားထစ်များနှင့် ခေါက်
ခုနစ်ချက်ထက်မနည်း ဆောင့်သွားခဲ့ရပါသည်။

"အမလေး ... ဘုရား ... ဘုရား"

"မေမေ ခဏ"

အလင်းရောင်သည် မျက်လုံးပြူးမျက်ဆံပြူးနှင့် လှေ
တစ်လျှောက် အပြေးဆင်းချသွားတော့တာမို့ နုနုဆွေက
မြတ်မြတ်ထွေးကို တွဲထားလိုက်ပါသည်။

"အန်တီ ဒီမှာထိုင်လိုက်ပါ"

အနီးဆုံး ပလတ်စတစ်ခုံလေးတစ်ခုကို ဆွဲယူထိုင်
လိုက်ရာ ဒေါ်မြတ်မြတ်ထွေးက ...

"ရတယ် ... ရတယ်၊ အန်တီ ထိုင်နေမယ်၊ သွား ... သွား
ကြည့်ပါဦးကွယ်၊ ဘာများဖြစ်သွားလဲ ဖြစ်ရလေ"

နုနုဆွေသည် ဘေးမှာကျနေတဲ့ ဖုန်းလေးကို ကောက်
ဒေါ်မြတ်မြတ်ထွေး ပေါင်ပေါ်တင်ပေးခဲ့သည်။ ဖူးစာ လက်
အောက်ကပင့်ရိုက်သလိုဖြစ်သွားတဲ့ ဖုန်းကလေးဟာ လှေကား
ကျတော့ဘဲ အလင်းရောင်ရဲ့ ရင်ဘတ်ကို လာထိခိုက်မိပြီးမှ
ပေါ်ကျသွားတာ။ ဖုန်းခွံအက်ကွဲသွားခဲ့သည်။

မြန်ဆန်လှတဲ့ လျှပ်တစ်ပြက်အဖြစ်အပျက်တွေရဲ့
မှာတော့ ဖူးစာဟာ လှေကားရဲ့တစ်ဝက်တစ်ပျက်နေရာမှာ
လစ်ကာနေသည်။ အလင်းရောင်က ဖူးစာကို ရင်ခွင်ထဲပွေ့မှီ
မေးဖျားမှလှုပ်ရင်း ...

"ဖူးစာ ... ဖူးစာ"

"ခေါင်းကွဲသလားဟင် ဦးအလင်းရောင်"

"နောက်စေ့မှာ နည်းနည်းတော့ဖူးယောင်လာတယ်၊

တော် ကြည့်ပြီးပြီး သွေးမထွက်ဘူးဗျ၊ မကွဲဘူးထင်တ

"ဖူးစာ ... ဖူးစာ ... သူငယ်ချင်း၊ သတိမရဘူး ဦးအ

ရောင်"

"ဘယ်ကိုပို့ရမလဲ"

"ဦးအလင်းရောင် ပွေ့သယ်ခဲ့မလား"

"ဟုတ်ကဲ့ သယ်ခဲ့မယ်"

ဝိုင်းအုံကြည့်နေတဲ့ လူအုပ်ကို လမ်းရှင်းကာ ဆွေက ဦးဆောင်၍ အနီးဆုံးလူနာစမ်းသပ်ခန်းဆီ ဖူး သယ်ခဲ့ပါသည်။ ထိုအခန်းမှာရှိနေသည့် အတွေ့ထွေရော သမားတော်ကြီးကိုပဲ ပြရတော့သည်။ သမားတော်ကြီးက ဖြကာလက်နှိပ်ဓာတ်မီးနှင့်ကြည့်၊ ပရက်ရှာတိုင်း၊ နှလုံးခုန်စမ်း နေဆဲပင် ဖူးစာက လူးလွန့်ကာသတိရလာသည်။

"ဖူးစာ"

"မဖူးစာ"

"အား ... ကျွတ် ... ကျွတ် ... နာလိုက်တာ"

"ဖူးစာ ဘယ်လိုနေလဲ"

"ဖုန်း ... ဖုန်း ..."

"ဖုန်းက အရေးမကြီးပါဘူး မဖူးစာရယ်၊ အခုနေသာရဲ့ လား"

ဖူးစာဟာ ရုတ်တရက် ဘာမှမဖြေနိုင်။ နာတာကိုသာ ညည်းညူနေပါသည်။ ဆရာဝန်ကြီးရဲ့ မူးသလား အန်ချင်သလား မေးခွန်းတွေကိုလည်း မဖြေဘဲ နာကျင်ကြောင်းကိုသာ သူ့ဟာသူ ညည်းညူနေသည်။

"သူ့ကို ခဏတစ်ဖြုတ် ဒီမှာပဲလှဲခိုင်းပြီး နားပစေဦး၊ မပြန်နဲ့ဦး၊ ခဏစောင့်ကြည့်ရအောင်၊ ဒီထဲကို ခုတင်ပိုထိုးခဲ့"

ဆရာကြီး လူနာကြည့်ဖို့ခုတင်ပိုတစ်ခု တွန်းသယ် လာရသည်။ ရှိနှင့်ပြီးခုတင်မှ ဖူးစာကို ဆရာကြီးက လှဲနေခိုင်းပါ သည်။

"လူပိုတွေဖယ်ထား၊ မင်းက ဝန်ထမ်းလား"

"ဟုတ်ကဲ့ ဆရာကြီး"

"သူကရော"

"ကျွန်တော်က ဟို ... မိတ်ဆွေ၊ ဒီမှာဆုံတာပါ"

"ဒါဖြင့် အပြင်မှာပဲစောင့်နေပေါ့၊ ဒီထဲမှာ လူတွေများနေ တယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

အလင်းရောင်သည် သူ့အမေကိုလည်း နောက် ကြောင်းမအေးနိုင်သေးတာမို့ အပေါ်ကိုပြန်ပြေးတက်လာရပါသည်။

"သား မေမေ့ကိုလည်း ECG ရိုက်ဖို့လာခေါ်နေကြပြီ၊ ထို
ကလေးမရော"

"သတိတော့ရပြီ မေမေ"

"ဘာဖြစ်သွားသေးလဲကွယ်"

"မသိသေးဘူး မေမေ၊ ခေါင်းတော့မကွဲဘူး"

"သွေးတွေဘာတွေမထွက်ဘူးပေါ့၊ တော်ပါသေးရဲ့ ဘုရား
ဘုရား ... ဖြစ်ချင်တော့ ကြံကြံဖန်ဖန်ဖြစ်ရပုံကွယ်"

အလင်းရောင်က မေမေ့ကို ECGရိုက်ဖို့ တွဲခေါ်သွား ရပါသည်။ သူ့မှာ မေမေ့လည်းပြစရာကရှိ ဖူးစာထံလည်းသွား ချင်။ စိတ်တွေယောက်ယက်ခတ်ကာနေသည်။

ဖူးစာအနားမှာတော့ နုနုဆွေ တစ်ယောက်တည်း ဝမ်းပန်းတနည်းဖြစ်နေပါသည်။ တကျွတ်ကျွတ် စုတ်သတ်နေတဲ့ ဖူးစာတစ်ယောက် ပုံမှန်မှဟုတ်ရဲ့လားလို့ စိတ်ပူကာနေသည်။ ခဏကြာလျှင်တော့ နုနုဆွေသည် ဘာမှမပြောဘဲမှိန်းနေတဲ့ ဖူးစာ အနားကခွာကာ သူနှင့် ခင်မင်သော ဦးနှောက်နှင့်အာရုံကြောခွဲ စိတ်သမားတော်ကြီးရဲ့အခန်းကို ခပ်သုတ်သုတ်သွားနေချေတော့ပြီ။

သူနှင့်တူဝရီးလို သားအဖလို တရင်းတနှီးချစ်ခင် သော ဆရာကြီးဦးစောဘလဲထံဝင်ကာ အဖြစ်အပျက်ကို များ ကလဲဆန်ပြာ ဓာတ်စုံခင်းပြနေပါသည်။ သမားတော်ကြီးရဲ့ မူးသလား အန်သလား ရောင်သလား မေးခွန်းတွေကိုလည်း အသေးစိတ်ဖြေဆိုပြီးလျှင်တော့ ...

"အန်ကယ် သူက မကြာခင်လည်း နိုင်ငံခြားသွားဖို့ရှိသေး တယ်၊ သူ့ကို အဲဒါ သမီးတို့ စက်သစ်ကြီးနဲ့ ခေါင်းကို ရိုက်ကြည့်ရင်များ ကောင်းမလား အန်ကယ်။ ဒီတိုင်းကြီး သူ နိုင်ငံခြားခရီး သွားရမှာလည်း သမီးက စိတ်ပူလို့၊ ခေါင်းက ခုလိုအပြင်းအထန်ဆောင့်ပြီး အပြင်ကို သွေး မထွက်ဘဲနေရင် အတွင်းပိုင်းသွေးယိုမှာ စိုးရိမ်ရတယ်မဟုတ် လားဟင် အန်ကယ်"

ဦးစောဘလဲက သဘောကောင်းသူပီပီ နုနုဆွေရဲ့ ချောင်းမင်းရေခင်းပြစကားတွေကို တာဟားဟားသဘောတကျ ရယ်နေပါလေသည်။ ဒီကလေးမလေးကတော့ ငယ်စဉ်က ည်းက ရုပ်ဆွေရုပ်မျိုး ကိုယ့်သားသမီးလို တူမလေးလိုဖြစ်နေ သည်။

"သူနဲ့အဖော်ပါလား"

"မပါဘူး အန်ကယ်"

"တစ်ယောက်တည်း ဘာလာလုပ်လဲ၊ ဘာလာပြတာလဲ"

"ဘာမှမပြဘူး အန်ကယ် နေကောင်းတယ်၊ သမီးဆီ လာ လည်တာ"

"အင်း ... သူကကော ရိုက်ချင်ပါ့မလား"

"အာ ... အန်ကယ်က အခြေအနေသိရအောင်ရိုက်ကြည့် ဆိုရင် ရိုက်မှာပဲပေါ့ အန်ကယ်ရ၊ သူက လူနာဖြစ်နေပြီပဲ"

"ညည်းသူငယ်ချင်းမ ချာချာလည်လည်းမမူးဘူး၊ အန်လည်း အအန်ဘူးဆိုတော့ ဘာမှတော့မစိုးရိမ်လောက်ပါဘူး၊ ငါ့ဆီ ခေါ်ခဲ့ပါဦး၊ နည်းနည်းစမ်းကြည့်သေးတာပေါ့"

"ဟုတ်"

နုနုဆွေက တက်တက်ကြွကြွပြန်ပြေးကာ ဗိုးချဲလေး ယူပြီး ဖူးစာကို သွားခေါ်ယူပါသည်။ မူးနောက်နောက်လေးရှိဆဲ ဖူးစာက ...

"ဦးအလင်းကော"

"သူ့အမေ သွားပြနေပြီထင်တယ်၊ ဒီကို သူ ပွေ့လာတာဟဲ့"

"အခု ငါ ဘာလုပ်ရမှာလဲ"

"ငါ့ဆရာကြီးဆီ သွားပြရမှာ"

"ငါ ဘာမှမဖြစ်ပါဘူး၊ နည်းနည်းခေါင်းထဲနောက်တောက် တောက်ပဲဖြစ်တာ၊ ဆောင့်ထားမိလို့ပါ"

"အိုး ... နင်ကလည်း ဆောင့်မိတာက ခြေတွေလက်တွေ မဟုတ်တာ၊ ခေါင်းကို၊ ပြီးတော့ ကျောက်လှေကားထစ်တွေ နဲ့၊ အပြင်မှာ ဘာမှမဖြစ်ပေမယ့် အတွင်းမှာ ဘာဖြစ်သေး လဲစစ်ရဆေးရဦးမှာပေါ့"

"သတိလစ်သွားသေးတယ် ဟုတ်လား"

"အင်းပေါ့၊ လုံးလုံးသတိလစ်သွားတာ၊ ယောက္ခမလောင်း ရဲ့တယ်လီဖုန်းကျကွဲမှာ အသက်စွန့်ပြီးတော့ကို ကာကွယ် တာပဲနော်၊ ပြီးတော့လည်း ဖုန်းကကွဲတာပါပဲ"

"ဟယ် ... ကွဲသွားသေးတယ် ဟုတ်လား"

"ကွဲပြီပေါ့ဟဲ့၊ ကျောက်ပြားပေါ်ကျတာ၊ နင့်ခေါင်းမကွဲတာ ကံကောင်းတယ်မှတ်"

နုနုဆွေက ဗိုးချဲကို ဆရာကြီးအခန်းထဲ တွန်းချဲဝင် သွားလိုက်ပါတော့သည်။

✧ ❣ ✧

၄

"နုနုဆွေ"

"ရှင် ... အန်ကယ်လ်"

ဆရာကြီး ဦးစောဘလဲက ဒီမနက်မှာ ဆေးရုံတ နေတဲ့ သူ့လူနာတစ်ယောက်ကို ဝင်ပြီး Round လုပ်တာဖြစ်သည် သူ့လူနာကြည့်ပြီးတဲ့နောက် စက်ခန်းထဲဝင်လာကာ ...

"မနေ့ကရိုက်သွားတဲ့ First Patient ရဲ့ပုံတွေဘယ်လို ကြည့်ရအောင်"

... ဟုဆိုလေလျှင် စက်နဲ့ပတ်သက်တဲ့အစွဲ ခေါင်းဆောင်လည်းဖြစ် မနေ့ကလည်း သူကိုယ်တိုင်ရိုက်ကူး လိုက်တာဖြစ်တဲ့ ဒေါက်တာကျော်သာက ခလောလောဆယ် အဲဒီဦးခေါင်းနှင့်ဦးနှောက်ဖြတ်ပိုင်းပုံတွေကို သူ ထိုင်ကြည့် လာနေဆဲဖြစ်၍ သွက်သွက်လက်လက်ထ၍ ...

'ဟုတ်ကဲ့ ဆရာကြီး' ဟုဆိုကာ ပုံတွေကို နံရံက ကြည့်ရန်နေရာမှာ တင်ချိတ်ပေးလိုက်ပါသည်။

ဘဲဥပုံဦးခေါင်းခွံနှင့် အတွင်းက ဦးနှောက်ဖြတ်ပိုင်းများကို နံရံပေါ်၌ ထင်ထင်ရှားရှား။ ဦးစောဘလဲက အခန်းအလယ်မှာ ရပ်ကြည့်နေရာမှ ရှေ့သို့တိုးကပ်သွားကာ ပုံပေါ်လက်တောက်ပြီး ပွတ်ကြည့်ရာမှ ...

"ဒါ ... ဘာလဲ"

အံ့အားတသင့် ရေရွတ်လိုက်ပါသည်။

"ဆရာကြီး ကျွန်တော်လည်း ခုပဲကြည့်နေမိတာ"

"ကျွတ် ... ကျွတ် ... ကျွတ် ... ဘယ်လိုဖြစ်တာလဲ"

"ထင်ထင်ရှားရှားကြီးပဲဖြစ်နေတယ်၊ ဒီဘက်ပုံလည်းကြည့်ပါဦး ဆရာကြီး"

"အင်း ... So bad ပဲ"

"ခုနပဲ ကျွန်တော်တောင် နုနုဆွေကိုခေါ်ပြီး Patient ရဲ့ ရာဇဝင်မေးကြည့်နေသေးတယ်"

"ဘာရှိတယ်တဲ့လဲ"

"ဘာမှ History မရှိဘူး ဆရာကြီး၊ ခုတောင် မနေ့က ခေါင်းဆောင့်တဲ့ ကိစ္စကြောင့်သာ ရိုက်ရတာလို့ပြောတယ်"

"ဟုတ်တယ်၊ တကယ်တော့ မနေ့က Accident ဖြစ်ပြီးတော့ သူ့ပုံစံကြည့်ရတာ Serious ဘာမှဖြစ်ပုံမရှိပါဘူး၊

ဒါဆေမဲ့ မလိုလည်းလိုလည်း မင်းတို့စက်ကိုလည်း အဖွင့်
ခမ်းပြီး ရိုက်ချင်နေတာနဲ့ ငါက ရိုက်ဖို့လွှတ်လိုက်တာပါ"

"ဟုတ်ကဲ့"

"ငါ့လူနာ ဝင်ကြည့်တာကွ၊ ပြန်အဆင်း သတိရပြီး ဒါ
တစ်ချက်စစ်ဦးမယ်ဆိုပြီး ဝင်လာတာ၊ ခုတော့ စိတ်တော
အတော်မကောင်းဘူး ဖြစ်သွားပြီ၊ မနေ့က ခေါင်းဆော
တာနဲ့မဆိုင်ဘူး၊ ဒါတွေက ဟိုးအစောကြီးကတည်းကရှိ
တဲ့ဟာတွေ၊ ကျွတ် ... ကျွတ် ... နည်းတာမှ မဟုတ်
သူ့ဟာက Stage တွေအများကြီး ကျော်ဖြတ်လွန်လာ
ခုအနေအထားက အန္တရာယ်တောင် အလွန်ကြီးနေ
ဒီကောင်မလေး ဘာမှကို မခံစားရဘူးလား"

"ဆရာကြီးပဲ ပြန်ခေါ်ကြည့်ရမှာပေါ့"

ဦးစောဘလဲက သက်ပြင်းတစ်ချက်ချရင်း ...

"ဒါပေါ့လေ ဒါပေမဲ့ ဒီဘက်က တစ်လုံးကိုကြည့်
နေရာယူပုံရော အရွယ်အစားအရရော အရမ်းဆိုး
Very risky၊ မဖွင့်သင့်တော့ဘူး၊ Patientမှာ ဝေဒနာတ
ခံစားနေရတယ်၊ အသက်အရွယ်အရရော သူ့ဝေဒနာ
ရော ကံဆိုးကံကောင်း ရွေးရတော့မယ် ဆိုရင်တော့
riskကိုပဲ အံတုပြီးခွဲကြည့်ရရဲ့၊ အခု လူနာက အေးအေး
ဆေးပဲ၊ သူ့ဟာသူ ဘာမှတောင်မသိဘူး၊ မနေ့က ချော

မကျလိုက်ရင် ဘာဆိုဘာမှ မသိဘူး၊ ဒီတော့ riskယူပြီး
ခွဲလိုက်ဖို့ရာကလည်း ..."

ဦးစောဘလဲသည် ခါးကိုထောက်၍ နဖူးကိုရှုံ့ကာ
း:စားနေပါသည်။

"အံ့သြစရာပဲ ဒီကောင်မလေး ဘာဝေဒနာမှ မခံစားရဘူး
လား၊ ဒါမှမဟုတ် တခြားမှာပဲ ပြဖူးသလား"

"ဆရာကြီး ပြန်တော့ကြည့်ကိုကြည့်ပေးရမှာပဲ"

"နုနုဆွေ ရောက်ပြီဟုတ်လား"

"ရောက်နေပါပြီ ဆရာကြီး"

"ခေါ်စမ်းပါဦးကွာ"

ဦးစောဘလဲ လေသံဟာ စိတ်ပျက်လက်ပျက်။
က်တာကျော်သာသည်ပင်လျှင် ဦးစောဘလဲလောက် ဘယ်နည်း
ဝါမရင့် မကျွမ်းကျင်သေးပေမယ့် ဓာတ်ပုံထဲက ဦးနှောက်
တ်အပိုင်းကိုဖိထားသည့် အဖြူရောင် Tumour အလုံးကြီးကို
ကို ဘယ်နည်းနှင့်မှ မျက်စိမှားယွင်းမြင်စရာမရှိ။

တကယ့်ကို ထင်ထင်ရှားရှား။ အလုံးတစ်ခုတည်း
း:မဟုတ်။ စပျစ်ခိုင်လို သေးသေးပွတ်ပွတ်တွေက တစ်ခြမ်း
နောက်တစ်ခြမ်းမှာတော့ အတော်အရွယ်ကြီးမားသည့် အလုံး
တစ်ခု၊ ခပ်ငယ်ငယ်ကတစ်ခု။ တကယ့်ကို ကြောက်စရာ
း:နေတဲ့ Brain Tumour ပင်ဖြစ်တော့သည်။

ဒေါက်တာကျော်သာ သွားခေါ်လာ၍ ဂျူတီဖ

ဖြစ်ဖြူလေးနှင့် သွက်လက်ဖြတ်လတ်စွာ ဝင်လာသော နနွ

က ...

"မောနင်း အန်ကယ်လ်၊ သမီးက ဒီနေ့ အန်ကယ

အချိန်နေ့လယ်မှာဆိုတာသိတော့ သူငယ်ချင်းကိုခေ

လိုလားမလိုလားတောင် မေးကြည့်မလို့"

ပြုံးချိုရွှင်ပျသွက်လက်နေတဲ့ နနွဆွေကိုကြည့်

ဦးစောဘလဲက ခဏတစ်ဖြုတ် စဉ်းစားနေပြီးမှ ...

"နနွဆွေ"

"ရှင် ... အန်ကယ်လ်"

"သူက ဘာလုပ်လဲ"

"ဖူးစာလား အန်ကယ်လ်"

"နာမည်က ဖူးစာတဲ့လား"

"ဟုတ် ... သူက ကုန်တိုက်တစ်ခုမှာ လုပ်ပါတယ်

ကယ်လ်၊ အထပ်တစ်ထပ်ရဲ့ incharge ပါ"

"မိသားစုအခြေအနေကရော"

"အဖျိုပါ အန်ကယ်လ်"

"ဒီနေ့ အလုပ်တော့ သွားရမှာပေါ့"

"ဟုတ်ကဲ့ ... အဲ ... ခွင့်ယူမလားမသိဘူး အန်

ဒီနေ့ သူ့တူလေး စင်ကာပူသွားမှာမို့ သူပဲ လေဆိပ်

"ခွင့်ယူယူ မယူယူကွယ် ဒီနေ့ ငါ့အချိန်မှာ ဆေးရုံလာပြ စမ်းလို့ လှမ်းဆက်သွယ်လိုက်စမ်း"

"ဒီနေ့လား အန်ကယ်လ်"

"အေး"

"သူ လေဆိပ် ဘယ်အချိန်သွားရမှာလဲတော့ မသိဘူး အန်ကယ်လ်"

"ညည်းသိဖို့က သူ ငါနဲ့ ပြန်ပြဖို့ လိုတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် မြန်မြန်ပြန်ပြနိုင်အောင်သာ ညည်း စီစဉ်လိုက် နနွဆွေ၊ ညည်းဟာညည်း အဆင်ပြေသလိုသာ ကြည့်စီစဉ် တော့၊ သူ့မိဘအုပ်ထိန်းသူပဲဖြစ်ဖြစ် အိမ်က ဆွေမျိုးရင်း ထဲကလည်း ခေါ်လာပစေ"

နနွဆွေသည် အမြဲပြုံးရွှင်နေသော ဦးစောဘလဲရဲ့ တည်တည်ကြီးကို အလန့်တကြားလေးကြည့်နေမိပါသည်။ ယ်လ်ဟာ သိပ်သဘောကောင်းတာ။ ခုလည်းပဲ သူ စိတ် င်အယုက်ဖြစ်နေတာ။ အန်ကယ်လ်ကိုကြည့်ရုံနှင့် တစ်ခုခု ကြီးပြီဆိုတာ နနွဆွေ သိနေပါပြီ။

"အန်ကယ်လ်"

"အေး"

"ဟို ... ဖူး ... ဖူးစာ ... စိုး ... စိုးရိမ်ရလို့လားဟင်၊ ဟိုလေ ဦးနှောက်ထဲကို သွေးစိမ့်သွားလို့လား"

ကြားဖူးနားဝ ရှိတာကို ကလေးတစ်ယောက်
ရမ်းသမ်းမေးလိုက်ပါသည်။

"မနေ့က ဆောင့်မိတဲ့ကိစ္စက ဘာမှ မဖြစ်ဘူး"

"ဒါ ... ဒါဖြင့် ..."

"ဩော် ... ပြန်ကြည့်ဖို့လိုလို့လည်း ငါ ခေါ်တာပေါ့
ရယ်၊ စကားမများနဲ့ သူ့ကိုသာ ခေါ်လိုက်"

"ဟုတ် ..."

နုနုဆွေ မျက်နှာမှာ သွေးဆုတ်ဖြူဖျော့နေပါ
သည်။ ဆေးပညာ ဘာမှသိပ်နားမလည်ပေမယ့် ဆရာဝန်ကြီး
မျက်နှာရိပ်မျက်နှာကဲကိုတော့ အတော်နားလည်ပါသည်။
ကယ်လ် မျက်နှာမကောင်းပါ။ ဦးစောဘလဲ လှည့်ထွက်လျှင်

"အန်ကယ်လ်"

နောက်က သုတ်သုတ်လေးလိုက်၍ စိုးရိမ်တ
ထပ်ခေါ်မိသည်။

"ကဲ ... နုနုဆွေ ငါ့ကို ဘာမှမမေးနဲ့၊ ညည်း လူနာ
ခေါ်"

"ဟုတ်ကဲ့"

နုနုဆွေ ခြေစုံရပ်ကျန်ရစ်ရသည်။ ဒါတောင်
မို့သာ ဆရာဝန်ကြီး ဦးစောဘလဲကို ဒီလောက်မေးဝံ့တာ။ ဦး
ဘလဲကလည်း သဘောကောင်းလို့။ နုနုဆွေကလည်း သ

င်းနီးသူမို့။ တခြားဆရာတွေဆိုရင်လည်း မေးဝံ့မှာမဟုတ်။
ဒေါက်တာကျော်သာတို့ပင်လျှင် ဦးစောဘလဲ အပါအဝင် ဘယ်
ဆရာဝန်ကြီးကိုမှ နှိုက်နှိုက်ချွတ်ချွတ်တွေ လိုက်မေးဖို့ပြောဖို့မရဲပါ။

"ဒေါက်တာ ဟို ... ဟိုလေ ... သူ ... သူ့ခေါင်းထဲက
ဘာတွေတွေ့လို့လဲဟင်"

နုနုဆွေက ဒေါက်တာကျော်သာဘက် လှည့်ကာ
ရဲရွှန့်မေးပြန်ပါသည်။

"နေ့လယ်ကျရင်ပဲ သိရမယ့်ဟာ၊ နင်ကလည်း စိတ်စော
လိုက်တာ၊ နင် လူနာကို ဘာမှသွားမပြောပါနဲ့၊ ဆရာကြီးပဲ
ရှင်းပြပစေ"

"ကျွန်မ မပြောပါဘူး ဆရာ၊ သိရုံသိချင်တာပါ"

"တော်ကြာ နင်က စိုးရိမ်တကြီး သွားပြောရင် နင် ပြော
တာတွေက နင့်စိုးရိမ်သောကကြောင့် ပုံကြီးလည်းချဲ့ရင်ချဲ့
သွားမယ်၊ မပြည့်စုံပဲလည်းဖြစ်ရင်ဖြစ်မယ်၊ နင်လည်း
ဒီရောဂါအကြောင်း ဘာမှအသေးစိတ်နားမလည်ဘူး၊ ဆရာ
ကြီး သူ့ဟာသူ ပြောပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အန်ကယ်လ် ပြောတာပဲ ကျွန်မ သူ
ငယ်ချင်း သိစေပါ့မယ်၊ ကျွန်မ ဘာမှမပြောပါဘူး၊ ကတိ
ပေးပါတယ်၊ ကျွန်မ စိတ်ပူလို့ သိချင်လို့ပါ၊ အရေးကြီး
တယ် စိုးရိမ်ရတယ်ပေါ့နော်"

"သူ့ဦးနှောက်မှာ ကျူမာလုံးတွေတော့ တွေ့နေရတယ်"

"ရှင် ... ဟို ... ဟို ... ဘရိန်းကျူးမာပေါ့ ဆရာ"

"ဟိုပုံကိုကြည့်ကြည့်လေ"

"ဟင် ... အဲ ... အဲဒီအဖြူ အဖြူလုံးတွေလားဟင်"

နုနုဆွေသည် သိပ်နားမလည်နိုင်လှတဲ့ ဦးခေါင်းဖြတ်ပိုင်းပုံတွေကိုကြည့်ကာ ပါးစပ်အဟောင်းသားဟာပြီး ရင်တလှပ်လှပ်တုန်လာသည်။ ဘာမှနားမလည်တာတောင်မှ ပုံထဲမှာ ကွမ်းသီးလုံးလိုဖြူဖြူအလုံးကြီးတွေ တွေ့နေရတာကြီးက ကြောက်စရာ။ ဟိုဘက်မှာက အစိအစိသေးသေးပျွတ်ပျွတ်လေးတွေ။ ဘုရား ... ဘုရား။

"ဟဲ့ ... ဪ ... ဒီကောင်မလေး ဒုက္ခပါပဲ၊ ဆရာကြီးက ဘာပြောသေးလို့ နင်က ငိုနေရတာလဲ"

"ဒေါက်တာရယ် ကျွန် ... ကျွန်မ အချစ်ဆုံးသူငယ်ချင်းမို့ပါ"

ဒေါက်တာကျော်သာသည် နုနုဆွေ ဖြစ်နေပုံကို ကိုယ်ချင်းစာကရုဏာသက်မိကာ ...

"နင်က သူ့ဆီ လှမ်းအကြောင်းကြားရင် ငိုသံပါကြီးဖြစ်နေရင် သူ ဘယ်လိုနေမလဲ၊ ပိုလန့်ပိုဆိုးမှာပေါ့၊ ဆရာကြီးလည်း ဘာမှအတိအကျမပြောသေးပါဘူး"

မပြောသေးပေမယ့် ဒီလောက် အခြေအနေကြီးဟာ မခွဲသင့် မစိတ်သင့်တော့အောင် အန္တရာယ်ကြီးမားလှကြောင်း

ဒေါက်တာကျော်သာ သိသည်။ နေရာအနှံ့ပျံ့နေတာကြီး။ မခွဲရင်ရော ဘာဖြစ်မလဲ။ မခွဲရင်သေမည်။ ဒါပါပဲ။ ခွဲရင်ရော !!။ ခွဲရင် စိတ်မှုအောင်မြင်ဖို့ဟာ (ရှင်းရှင်းပြောရရင်) နိုင်ငံခြားမှာဆိုရင် ဂ်လန်လိုနေရာမျိုးမှာဆိုရင်တော့ 50 % လောက်ရှိမည်။ ရှင်ဖို့ ါးဆယ်၊ သေဖို့ငါးဆယ်။

ခွဲစိတ်ကုသကုန်ကျစရိတ်ဟာတော့ ခန့်မှန်းခြေ ပေါင်နှစ်သောင်းခွဲနှင့် သုံးသောင်းကြားလောက် ရှိလိမ့်မည်။ သိန်း ါးရာ ခြောက်ရာ ခုနစ်ရာပေါ့။ လူနာဟာ အပြင်းအထန်ဝေဒနာ ားနေရကာ ဘယ်လိုမှမနေနိုင်အောင် ဝေဒနာကြီးနေရင် အသက် ျှယ်အရလည်း ကြီးရင့်နေရင်တော့ လောလောဆယ် ဝေဒနာကို ယ်ပျောက်ဖို့ရှေ့ရှုပြီး (ငွေလည်းပေါရင်) သွားခွဲကြည့်ရင်ကြည့် ါလေ။

ဖူးစာရဲ့ အနေအထားက ကံအားထောက်မစွာ ာမကျင် မမူးမကိုက် မျက်စိမကွယ် ခြေလက်မသေမဆွဲဘဲ ာတိအကောင်းရှိနေသည်။ ခွဲလိုက်မှ !!အင်း ...။ အဆိုးဘက် ာက်သွားရင် ကိုယ့်ရဲ့ကောင်းနေတဲ့အခြေအနေလေးကို နှမြော ်းနည်းစရာ။

"ဒေါက်တာ ကျွန်မ ဖုန်းခဏသွားဆက်ပါရစေ"

"သွား ... သွား"

နုနုဆွေ လက်ပတ်နာရီလေးကို ကြည့်သည်။ ၉း၃၀ ရှိ။ ဒီအချိန်လောက်မှာတော့ ဖူးစာတို့ လေဆိပ်မသွားလောက်

သေး။ ကျော်ကျော် လေယာဉ်ထွက်မှာ မနက်ပိုင်းလို့သိထားသည်။ အချိန်တော့ အတိအကျမသိ။ ဆေးခန်းချိန်ပေါ်မှာဆိုရင်တော့ အန်ကယ်လ်ဆီ ဘယ်လာလို့ရမလဲ။ မရလို့လည်းမဖြစ်။ ကျော်ကျော်ကို သူ့သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ် အို ... ဒီလိုလည်း ဖူးစာက စိစဉ်မယ်မထင်။

နောက်ဆုံးတော့ ဖူးစာတို့ အောက်ထပ်ခန်းကို ဖုန်းဆက်လိုက်ရသည်။ ဖူးစာကို ခေါ်ပေးခိုင်းသည်။ လာမပြောမှာစိုး၍ ...

“အရေးကြီးတယ်လို့ပြောပါရှင်”

ခဏနေလျှင်တော့ ဖူးစာ လာကိုင်ပါသည်။

“ဟဲလို”

“ဖူးစာ”

နုနုဆွေက အသံမတုန်အောင် မနည်းထိန်းလိုက်ရသည်။

“ဟောတော် ... နုဆွေ ငါက ကုန်တိုက်ကလားလို့၊ နင်က ဘာအရေးကြီးနေတာလဲ”

“နင် လာမကိုင်မှာစိုးလို့”

“ကဲ ... ဘာလဲ ပြော”

“ကျော်ကျော် လေဆိပ် ဘယ်အချိန်ဆင်းမှာလဲ”

“ဆယ်နာရီခွဲ အိမ်ကထွက်မယ်”

“နင် ဟိုက ဘယ်အချိန်ပြန်မှာလဲ”

“သူ အထဲဝင်သွားရင်တော့ ပြန်မှာပေါ့၊ လေယာဉ်အထွက်အထိ မစောင့်တော့ဘူးလေ၊ ငါက နေ့တစ်ဝက်ပဲခွင့်ယူခဲ့တာ၊ ငါတို့ ဘိုးတော်လေးက နင်သိတဲ့အတိုင်း၊ ကုန်တိုက်ပြန်ဝင်ရမှာ”

“နင် တစ်နေကုန် ခွင့်ယူလိုက်တော့”

“အာ ... ဘာဖြစ်လို့လဲ၊ မရပါဘူး”

“နင့် မနေ့က နင့်ခေါင်းကို စကဲန်ရိုက်သွားတာ အန်ကယ်လ်နဲ့ ပြန်ပြရဦးမယ်”

“ဘယ်သူလဲ”

“ဦးနောက်နဲ့အာရုံကြောသမားတော် ဦးစောဘလဲလေ”

“ဟဲ့ ... ငါ ခုဆို နာတောင်မနာတော့ဘူး၊ ကိုင်ကြည့်မှနည်းနည်းပဲနာတော့တယ်၊ ပြဖို့မလိုတော့ပါဘူးထင်ပါတယ်”

“ဒါက နင် ထင်တာလေ ... ကျွတ်”

နုနုဆွေက ငိုချင်လာ၍ စကားခဏရပ်ရသည်။

“ပြရမယ်ဆိုရင်လည်း နောက်နေ့ပေါ့ဟယ်”

“မရဘူး ဖူးစာ၊ ခုနကပဲ အန်ကယ်လ်နဲ့ တွေ့လို့ နင့်ကို ခေါ်နေတာ၊ ပြကိုပြရမှာ”

“နောက်နေ့ ...”

“နောက်နေ့မရဘူး ဒီနေ့ခေါ်တာ”

“ငါ နေ့ဝက်ပဲ ခွင့်တင်ခဲ့တယ်”

"ထပ်တင်ရင်လည်းတင်လိုက်"

"မဖြစ်ဘူး နုဆွေရယ်၊ ငါ့ဂျီအမ်မ်အကြောင်း နင် မသိဘူး၊ ဆဲခံထိမှာ"

"ဆဲရင်လည်း ခံလိုက်ပါဟာ၊ နင် ဒီနေ့ နေ့လယ်တော့ အန်ကယ်လ်နဲ့ လာပြမှဖြစ်မယ်"

"ဘာအရေးကြီးလို့လဲဟာ နင်ကလဲ"

"နင် ရိုက်သွားတဲ့ပုံတွေ ဆရာဝန်ကြီးက ပြန်ကြည့်ပေးရဦးမှာပေါ့၊ ရိုက်ပြီး ဒီအတိုင်းပစ်ထားလိုက်လို့ ဘယ်ဖြစ်မလဲ၊ နောက်နေ့မှ လာမယ်လည်းမပြောနဲ့၊ အန်ကယ်လ်ကိုယ်တိုင်က ဒီနေ့နေ့လယ်ခေါ်လိုက်ပြောတာ၊ ငါ ရအောင်ခေါ်မထားရင် ငါ့ကိုလည်း အန်ကယ်လ် ဆူမှာဟ"

"သြော ... နင်တော့အဆူမခံ ငါတော့ အဆဲခံပေါ့ ဟုတ်လား"

"နင် ဒီကို ဆယ့်နှစ်နာရီလောက် ရောက်လာနိုင်ပါတယ်ဟာ၊ ဆယ့်နှစ် ဆယ့်နှစ်ခွဲပေါ့၊ ဆရာဝန်နဲ့တွေ့ရတာက အလွန်ဆုံး နာရီဝက်ပေါ့၊ ဘယ်သူက နင့်တစ်ယောက်တည်းကို အကြာကြီးဆွဲထားမှာလဲ၊ အလွန်ဆုံး နင် ကုန်တိုက်ကို နှစ်နာရီ နှစ်နာရီခွဲ အလွန်အကျွံပြန်ရောက်မှာ"

"အမလေး ... အမလေး ... နှစ်နာရီ နှစ်နာရီခွဲ၊ ဟားဟား ... နင်က ငါ့ဂျီအမ်မ်ကို လူပု သဘောကောင်းလေး ထင်နေလား"

"ဒီနေ့ နင့်ဂျူတီက ညကိုးနာရီထိမဟုတ်လား၊ တကယ်တမ်း အချိန်တစ်ဝက်ခွင့်ယူရမယ်ဆိုရင် နေ့လယ်သုံးနာရီထိ နင် နေလို့ရတယ်"

"နုဆွေရယ် ဒါတွေက ဆန္ဒတွေပါ၊ ဆန္ဒနဲ့ မျှော်လင့်ချက်ဆိုတာက တကယ်ဖြစ်နေတာတွေနဲ့ ..."

"ဖူးစာ ... နင် ဆယ့်နှစ်နာရီ ဒီကို မလာရင် နင်နဲ့ငါ အပြတ်ပဲ"

နုနုဆွေက ခြိမ်းခြောက်လိုက်၍ ဖူးစာမှာ အိုးတိုးအတဖြစ်ကာ ...

"ဟင် ... နင်ကလဲဟာ"

"မရဘူး ငါ့အတွက် သိပ်အရေးကြီးနေလို့ပါ ဖူးစာ"

"သြော် ... နင့်အတွက် သိပ်အရေးကြီးနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"သြော် ... စောစောကပြောပေါ့ဟယ်၊ နေဦး အင်း ..."

"နင် လာကိုလာရမယ်"

နုနုဆွေ အသံက မထိန်းနိုင်ဘဲ ငိုသံပါလာသည်။

"ဟယ် ... နုဆွေ နင် ဘာတွေ ဝမ်းနည်းနေတာလဲ"

"နင် လုံးဝလာရမယ်"

"ကျွတ် ... အေး ... ပြီးရောဟာ၊ ဘာဖြစ်ဖြစ် နောက်မှ ရောက်လျှားပဲ၊ ငါ လာခဲ့မယ်"

"တကယ်နော်"

"တကယ်"

"နင် ကတိပေးနော်"

"ဪ ... ကတိပေးတယ်ဟယ်"

"ပြီးရော"

"နေဦး နင် ဘာတွေဒုက္ခရောက်နေလို့လဲ၊ ငါ့ကို အရေးမပါဘဲ စက်ကြီးနဲ့ ရိုက်လိုက်လို့ ဆေးခန်းပိုင်ရှင်က ဆူနေလား"

"အာ ... ပေါက်ကရဟာ၊ အန်ကယ့်လ် ညွှန်ကြားချက် လက်မှတ်နဲ့ရိုက်တာပဲ"

"သိဘူးလေ နင်က ငိုသံပေါက်နေတော့"

"ဆက်ဆက်လာခဲ့နော် သူငယ်ချင်း"

"လုံးဝ စိတ်ချဟာ"

✧ ❣ ✧

၅

"ကျွန်မမှာ အုပ်ထိန်းသူမရှိပါဘူး ဆရာကြီး၊ ကျွန်မ အသက်သုံးဆယ်ရှိပါပြီ၊ ကိုယ့်ကိုယ်ကိုယ်ပဲ အုပ်ထိန်းနေပါတယ်၊ မိဘကလည်း ကွယ်လွန်ပါပြီ၊ အစ်ကိုရင်းက စင်ကာပူမှာပါ၊ အပျိုကြီးမို့ အိမ်ထောင်လည်းမရှိပါဘူး၊ အိမ်ထောင်ဦးစီးလည်း ကျွန်မပါ"

ဦးစောဘလဲက ရှေ့မှမိန်းကလေးကို ကရုဏာနှင့် ပြုံးကာကြည့်ရင်း ...

"ဒီလိုပါကွယ်၊ အန်ကယ်လ်ဆိုလိုတာက ဆွေမျိုးသားချင်း ထဲက တခြားရော၊ ဦးလေးအဒေါ် အဘိုးအဘွား စသည် ဖြင့်"

"အရင်းထဲက တကယ်မရှိတာပါ ဆရာကြီး၊ အဒေါ်ဝမ်းကွဲ တွေတော့ရှိပါတယ်၊ အားကိုးအားထား ပြုလောက်အောင် မဟုတ်ပါဘူး၊ ဆရာကြီးက မိဘဆွေမျိုးအုပ်ထိန်းသူမေး တာက ဘာအတွက်ပါလဲရှင်၊ ကျွန်မမှာ ကျွန်မ အရေးကိစ္စ

ကို အားကိုးတကြီး ဖွင့်ပြောအကြံဉာဏ်တောင်းယူ
လူကြီးသူမထဲကတော့ တကယ်မရှိတာပါ၊ အနီးစပ်ဆုံး
မဖြစ်မနေခေါ်ရမယ်ဆိုရင် ဟောဒီက သူငယ်ချင်း နုနုဆွေ
အမေပဲဖြစ်ဖြစ် ရှာကြံခေါ်ရပါမယ် ...

အရင်းနှီးဆုံး တိုင်ပင်ဖော်ကတော့ နုနုဆွေပါပဲ"

ဦးစောဘလဲက မျက်ခုံးကို စုံမြှင့်ကာ စားပွဲထဲ
လက်နှင့်ပုတ်လိုက်ပြီး ...

"အိုကေပါ၊ နုနုဆွေရဲ့ အချစ်ဆုံးသူငယ်ချင်း ဆိုတော့
အန်ကယ့်လ်တူမလေးလိုပဲ အန်ကယ်လ် သဘောထားလိုက်
ရမှာပေါ့ ဟုတ်ပြီနော်၊ ဘယ်သူမှမရှိဘူးဆိုရင်တော့ သမီး
ကိုပဲ အန်ကယ်လ်က စုံစုံလင်လင် ပွင့်ပွင့်လင်းလင်း ရှင်း
ပြရမှာပေါ့လေ"

ဖူးစာက ဆရာဝန်ကြီးကို ခေတ္တကြောင်ကြည့်နေ
ပြီးမှ ...

"ကျွန်မ ခေါင်းထဲမှာ ရောဂါတွေ့နေလို့ပါလား ဆရာကြီး"

"ဟုတ်ပါတယ်"

ဖူးစာက ရင်ထဲ ဒုတ်ခနဲနေအောင် နှလုံးခုန်သွားရ
တံတွေးတစ်ချက်မျိုချလိုက်မိရင်း ...

"မ ... မနေ့က ဆောင့်မိတဲ့နေရာကတော့ ကိုင်ကြည့်
နည်းနည်းလေးပဲနာပါတယ်၊ မကိုင်မိရင် လုံးဝတောင်
နေပါတယ်"

"မနေ့က လိမ့်ကျတာနဲ့ မသက်ဆိုင်ပါဘူး သမီး၊ မနေ့
က မတော်တဆလိမ့်ကျတာက သူ့ဟာသူ တိုက်ဆိုင်ဖြစ်
ပျက်တာ၊ သမီး ခေါင်းထဲမှာ ရောဂါဝေဒနာ ဖြစ်နေတာက
ဟိုးအစောကြီးထဲကတည်းကဖြစ်နေတာ၊ ဒါပေမဲ့ မနေ့က
လိမ့်ကျတာပဲ ခပ်ကောင်းကောင်း၊ အဲဒါကြောင့် ဦးခေါင်း
ကို ဓာတ်မှန်ရိုက်ကြည့်ဖြစ်တယ်၊ ခုလို ဝေဒနာရှိတာ
သိရတယ်၊ မနေ့က ဒီလိုမရိုက်ဖြစ်ရင် သမီးမှာ သိခွင့်ရလိုက်
ဖို့တောင်မလွယ်ဘူး"

"သိခွင့်ရလိုက်ဖို့ !!"

"သမီး ဦးခေါင်းထဲမှာ ဝေဒနာတစ်ခုခု ခံစားရတာမျိုးရှိ
လား"

"အခုလား ဆရာကြီး"

"အခုရော အရင်ကရော"

နုနုဆွေသည် မလှမ်းမကမ်းမှာ လက်လေးပိုက်ကာ
ရပ်နေသည်။ ရင်ထဲတွင် ငိုချင်စိတ် အလိပ်လိပ်ထကာဖိုလှိုက်
သည်ကို မျိုချနေပါသည်။ ဘေးတိုက်မြင်နေရတဲ့ ချစ်သူငယ်
ချင်းရဲ့ လှပဖူးမွတ်တဲ့ မျက်နှာကလေးကို ငေးမောနေမိပါသည်။
တော့်ပြီး ဖူးစာက နုနုဆွေထံ တစ်ချက်လှည့်ကြည့်ကာ လှမ်းပြုံး
လိုက်ပြီးမှ ...

"ဆရာကြီး ခုနကအထိ သမီး အလုပ်တွေရှုပ်နေတော့
အာရုံမစိုက် ဂရုမပြုမိဘဲ ဖြစ်နေတယ်ထင်ပါတယ်၊ အခု

ငြိမ်ငြိမ် စိတ်အေးလက်အေးထိုင်နေတော့ သမီး နောက်
ထဲက ဓူးခနဲ ဓူးခနဲ တစ်ချက်တစ်ချက် ထိုးသွားပါတ
မနေ့ကဆောင့်မိတဲ့ဒဏ်လား မသိဘူးရှင့်"

"ဒီလို ဓူးခနဲစစ်ခနဲထိုးတာမျိုးက ဟိုးအရင်ကကော မခံ
ရဘူးလား"

"ခံစားရဖူးပါတယ်"

"ဘယ်တုန်းကလဲ"

"ဟိုးလွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းကပါ၊ အဲဒီတုန်း
ကျွန်မရဲ့ အစ်မရင်းလင်မယား Accidentဖြစ်ပြီး ကွယ်
ပါတယ်၊ အဲဒီအချိန်မှာ ဆယ့်လေးနှစ်သားရှိတဲ့
ကျွန်မ တာဝန်ယူစောင့်ရှောက်ဖို့ ဖြစ်လာပါတယ်၊
စေတနာရှိပေမယ့် ကိုယ်တိုင်လည်း အသက်နှစ်
ခြောက်ပဲရှိသေးတော့ ခုလိုတာဝန်ယူဖို့ကို ငါ နိုင်ပါ့မ
လို့ စိုးရိမ်ပူပန်မိပါတယ် ...

အစ်ကိုက စင်ကာပူမှာဆိုတော့ အစ်ကိုများ တာ
ယူနိုင်မလား ကမ်းလှမ်းကြည့်တော့လည်း အစ်ကို
သူ့မိသားစုနဲ့ဆိုတော့ တာဝန်ယူဖို့ အဆင်မပြေ၊
အဲသလိုစိတ်ရှုပ်ထွေးနေတာကိုသိတဲ့ တူလူပျိုပေါက်
လည်း သူ့ကိုတာဝန်မယူချင်ဘူးထင်ပြီး ကျွန်မကို မ
လင်၊ ဂျစ်ကန်ကန်တွေလုပ်၊ အဲဒီအချိန်ပိုင်းက ကိုယ့်
ကိုယ် တည်ဆောက်ဖို့ အစီအစဉ်ကိုဖျက်လိုက်ရပြီး

တာဝန်ကိုပဲ ခေါင်းပေါ်တင်ယူလိုက်ရတဲ့အချိန်မှာ စိတ်
ခတ်ကျမှုလည်း အနည်းငယ်ရှိပြီး ကျွန်မ Stress ဖိစီး
ခဲ့ပါတယ်"

ဦးစောဘလဲက ခေါင်းညိတ်၍နားထောင်နေပါသည်။

ကိုယ့်ဘဝနောက်ကြောင်းကို ပြန်စဉ်းစားလိုက်ရတဲ့
းစာဟာ ဘယ်တုန်းကမှ ကိုယ့်အတွက် သက်သောင့်သက်သာ၊
အပြည့်အဝ ပျော်ရွှင်ကျေနပ်စရာရယ်လို့မရှိခဲ့ရတဲ့ ဘဝအတွက်
အသစ်တစ်ဖန် ဝမ်းနည်းလာမိပါသည်။ မျက်ရည်လည်ချင်တဲ့
က်လုံးလေးပေါ်မှာ မျက်လွှာလေးစင်းချထားရင်း ...

"အဲဒီအချိန်ပိုင်းလောက်က ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး
ခေါင်းကိုက်တာတွေ၊ ခေါင်းထဲက တစစ်စစ်ထိုးပြီး ဓူးတာ
တွေ၊ ခေါင်းထဲ တစ်နေရာရာက နာကျင်တာတွေ တောက်
လျှောက်ဖြစ်ခဲ့ပါတယ်"

"ဟုတ်ပြီ လေးနှစ်ရှိပြီနော်၊ ဆရာဝန် ပြခဲ့သလား"

"ဟုတ်ကဲ့ ခေါင်းထဲမှာ ဝေဒနာမရှိတဲ့နေ့ဆိုတာ မရှိသ
လောက်ပါပဲ၊ နေ့စဉ်ရက်ဆက် လနဲ့ချီပြီး ဝေဒနာခံစားလာ
ရတာမို့လို့ ဆရာဝန် ပြဖြစ်ပါတယ်"

"သမီး ဘယ်သူ့နဲ့ပြခဲ့လဲ"

"ကျွန်မတို့ အိမ်နားမှာ နီးတဲ့ဆေးခန်းတစ်ခုက ရိုးရိုးအထွေ
ထွေကုဆရာဝန်နဲ့ပဲ ပြခဲ့ပါတယ်၊ ပြနေကျလည်းဖြစ် ခင်
လည်းခင်နေတဲ့ ဆရာဝန်ပါ"

"ဟုတ်ပြီ ဒီတော့ သူက ဘာပြောလဲ"

"ကျွန်မက ခုလိုပဲဖြစ်စဉ်တွေပြောပြတော့ သူက Stress ကြောင့်ဖြစ်တဲ့ အာရုံကြောပင်ပန်းနွမ်းနယ်မှုလို့ ပြောပါတယ်၊ နောက်စေ့ဘက်က စူးတာနာတာဟာ အာရုံကြောတွေ ရောင်ချင်တာလို့ပြောပါတယ်၊ အဲဒါနဲ့ပဲ ပတ်သက်တဲ့ဆေးတွေပဲ နှစ်ပတ်လောက်တိုက်တာ သက်သာသွားပါတယ်"

"သွေးစစ်တာတို့၊ X . rayတို့၊ ခေါင်းကို တစ်ခုခုရိုက်တာတို့"

"ဘာမှမလုပ်ပါဘူး ဆရာကြီး"

"နောက်ကော ထပ်ဖြစ်သေးလား"

"အဲသလို တစ်နှစ်ကိုတစ်ကြိမ်လောက်တော့ ဖြစ်ပါတယ် အရင်လောက်သိပ်မဆိုးဝါး မပြင်းထန်တော့ တစ်ခါတလေ ကျ ကိုယ့်ဘာသာပဲ နျူရိုဘီယွန်လောက် သောက်ဖြစ်လို့ပါတယ်"

"ဟာ ... ရမ်းကုတော့ တွေ့နေပြီ၊ ပျောက်လား"

"ပျောက်သွားတာပါပဲ ဆရာကြီး"

ဦးစောဘလဲက ဟား ဟား ဟားနှင့် ရယ်နေပါသည်။ သူကတော့ ဆရာဝန်ကြီး အတွေ့အကြုံများလှချည်မို့ ရယ်နိုင်သော်လည်း နုနုဆွေမှာတော့ မငိုရုံတမယ်။

"နောက်ဆုံး ဘယ်တုန်းကဖြစ်လဲ"

"နောက်ဆုံးတစ်ခေါက်က လွန်ခဲ့တဲ့ လေးလလောက်က ခေါင်းတွေကိုက်၊ မျက်ရိုးတွေကိုက်၊ နဖူးထဲကကိုက်၊ နောက်စေ့ထဲကကိုက်"

"အစုံကိုက်တာပေါ့"

ဆရာကြီးက နောက်ကာဖော့ကာ စကားထောက်သည်။

"ဟုတ်ကဲ့"

"အဲဒီတော့ နျူရိုဘီယွန်ပဲ သောက်လိုက်လား"

"ဆရာဝန်ပြပါတယ်"

"ဟိုဆရာဝန်ပဲ"

"ဟုတ်ကဲ့ ဒီတစ်ခါတော့ သူက မျက်စိပါစစ်ခိုင်းပါတယ်"

"သြော် ... ဒီတော့ စစ်ရောပေါ့"

"ဟုတ်ကဲ့ စစ်လိုက်တော့ အဝေးလည်းနည်းနည်း အနီးလည်းနည်းနည်းချင်း မှုန်နေပါတယ်"

"အင်းပေါ့ သုံးဆယ်လောက်ရှိမှတော့ နည်းနည်းစီတော့ မှုန်ပြီပေါ့၊ မျက်မှန်တပ်တယ်ပေါ့၊ ခုဘယ်မလဲ"

ဖူးစာက ပြုံးကာ ...

"မရှိဘူး ဆရာကြီး"

"မနေ့ကကွဲသွားလား"

"အဟင်း ... ကျွန်မ လုပ်ကိုမလုပ်ဖြစ်သေးတာပါ ဆရာကြီး"

"ဟော ..."

"တအားကြီးလည်း မမြင်ရအောင်မမှုန်တော့ မလုပ်ဖြစ်သေးတာပါ၊ ဆရာဝန်စကားကို ဂရုမစိုက်တာ မဟုတ်ပါဘူး၊ လုပ်မယ်လုပ်မယ်နဲ့ပဲ ဟို ... မျက်မှန်နှစ်လက်ဆိုရင် ဈေးသက်သာတဲ့ကိုင်းနဲ့တောင်မှ တစ်လက်တစ်သောင်းလောက်တော့ကျမှာ ဆရာကြီးရယ်"

"ဟော ... နုနုဆွေ၊ ညည်းသူ့ငဖော်ချင်းကို ငါ မျက်မှန်စိုက်လုပ်ပေးမှန့်တူတယ်"

ဦးစောဘလဲ နောက်ပြောင်စကားကို ဖူးစာက ရယ်မောနိုင်ပေမယ့် နုနုဆွေက မရယ်နိုင်ပါပေ။

"ဆရာကြီး ကျွန်မကို ဘာရောဂါရှိနေတယ်ဆိုတာ ပြောပြပါ၊ ကျွန်မ မကြောက်တတ်ပါဘူး"

"အင်း ... သမီးကိုပဲ တိုက်ရိုက်ပြောပြရတော့မှာပဲလေ"

"ဟုတ်ကဲ့ပါ ပြောပါ ဆရာကြီး"

"သမီး ဦးခေါင်းထဲမှာ ကျူမာခေါ်တဲ့ အလုံးအကျိတ်တွေ ရှိနေတယ်။ Brain Tumour ပေါ့ကွယ်"

"ရှင်"

"Brain Tumour လို့ခေါ်တယ်"

"ရှင် ..."

နုနုဆွေသည် ရုတ်တရက် သတိလစ်သလိုဖြစ်သွားတဲ့ ဖူးစာထံပြေးကာ ပခုံးကိုဖက်ရင်း

"ဖူးစာ ... ဖူးစာ"

"......"

"ဖူးစာ"

"Brain ... Brain Tumour"

ဖူးစာသည် အံ့အားတသင့် ကြောင်တက်ရေရွတ်နေသည်။ ကိုယ်က ဆေးပညာဗဟုသုတမကြီးလှပေမယ့် ကြားဖူးဖူးရှိသလောက်တော့ ဘရိန်းကျူးမားဆိုတာ ဆိုးဝါးတဲ့ရောဂါကြီးပဲ။ သေမှာပဲ။ ဖြစ်ရင်ခွဲမနေနဲ့။ ဒါမျိုးတွေပဲကြားဖူးသည်။

"ဆရာကြီး ... ကျွန်မ ... ကျွန်မ"

"ဒီပုံတွေကို ကြည့်ရအောင် သမီး၊ ဒါ မနေ့က သမီးဦးခေါင်းပိုင်းရိုက်ထားတဲ့ပုံတွေ"

"......"

"ဟောဒီဖြူဖြူအလုံးတွေက အကျိတ်အလုံးတွေပဲ"

"......"

ဓာတ်မှန်တစ်ချပ်မှာ အကွက်စိတ်ပိုင်း၍ ပုံကလေးများစွာ။ စိုက်ကြည့်နေရင်းက ဖူးစာသည် ရင်တွေ တဒိုင်းဒိုင်းလက်ဖျားခြေဖျားတွေ အေးစက်ပြီး ကပ်လာကာ လူတစ်ကိုယ်လေထဲလွင့်ပါမြောက်တက်သွားသလို ဟာတာတာကြီး ခံစားရသည်။ ကိုယ်ဆိုတဲ့ အကောင်အထည်ရုပ်ဒြပ်ကြီး မရှိတော့ဘဲ လူက ပေါ့ရွတ်နေသလိုပင်။ ဘရိန်းကျူမားတဲ့။ ဘာဖြစ်လို့ ဘာဖြစ်လို့လဲ လောကကြီးရယ်။

ဖူးစာသည် မကြောက်တတ်ပါဘူးပြောအပြီး တ
နစ်အတွင်း ပါးပြင်နှစ်ဖက်ပေါ် မျက်ရည်သွင်သွင်စီးကျနေလေ
ဒါပေမဲ့ ကြောက်တာမဟုတ်။ ယုံပါ။ တကယ်ကိုကြောက်
မဝင်ပါ။ မဝင်သေးပါ။ ခံစားလိုက်ရတာက စိတ်ဓာတ်ကျဆင်းသွ
တာ။ စိတ်ပျက်သွားတာ။ ဘာဖြစ်လို့များ သူ့မှာ ဒီရောဂါ
လာဖြစ်ရတာတဲ့လဲ။

ဘာဖြစ်လို့လဲ။ ဘာအပြိုးနဲ့လည်း လောကကြီးရ

ကျွန်မမှာ ရွှေထီးဆောင်းခဲ့ရတဲ့နေ့တွေ ဆိုတာ
မရှိခဲ့ရသေးပါဘူး။ ခုထိကတော့ အလိမ့်လိမ့်အလူးလူးနေ့တွေ
ပါ။ ဒီလိုချည်း ဘဝကိုဖြတ်သန်းလာခဲ့တာပါ။ ပိုကောင်းတဲ့မ
ဖြန်ကို မျှော်လင့်ရင်း မျှော်လင့်ရင်းပါ။ ကျွန်မအပေါ် အမှတ်
နေလို့လား။ တစ်လှည့်တစ်ခိုက် ကံဆိုးသင့်သေးတယ်များ အော
မေ့လို့လား။ တစ်ကြိမ်မှ ကံကောင်းလိုက်တာလို့ အားပါးအ
မဟာစ်ကြွေးရဖူးသေးပါဘူး။ ဖြစ်သလိုလေးပဲ ကြုံကြုံခံနေတာ
ပျော်ရွှင်တယ်ရယ်လို့လည်း မဟုတ်ခဲ့ပါဘူး။ ထူးပြီး စိတ်ဆင်
မနေရသော်လည်း ကျွန်မဘဝရဲ့ အကောင်းဆုံးအပိုင်းတွေ
မပြည်းစမ်းရသေးပါဘူး။

"အဲဒီတော့ သမီးအနေနဲ့ ခွဲစိတ်ဖို့စဉ်းစားမယ်ဆိုရင်

"………"

"………"

မကြားတစ်ချက်ကြားတစ်ချက်။ ကိုယ့်ကိုမှ။ ဘာ
ကြောင့် ကိုယ့်ကိုမှနည်း။ ဒီအတိုင်းဆိုရင် လူတိုင်းမှာရှိကြတယ်
ပိုင်ကြတယ်ဆိုတဲ့ 'ဘဝရဲ့ အချိုမြိန်ဆုံးသော အစိတ်အပိုင်းများ'
ကို မပြည်းမစမ်း မကြုံကြိုက်လိုက်ရဘဲ ကျွန်မ သေရတော့မှာ
ပေါ့နော်။

"ဖူးစာ"

"……"

"ဖူးစာ"

ဖူးစာက သက်ပြင်းတစ်ချက်ချရင်း …

"ငါ ဘာမှမဖြစ်ပါဘူး နုဆွေ စိတ်မပူပါနဲ့"

အားယူ၍ ခပ်လျော့လျော့ကြည့်လိုက်မိသော နုနုဆွေ
မျက်နှာဟာ မျက်ရည်နှင့် စိုရွှဲနေသည်။ ပြော် … ချစ်သူငယ်ချင်း
လေး။ ဒါကြောင့် မနက်က ဖွတ်တရွတ်ခေါ်နေရှာတာ။ သူ့အတွက်
အရေးကြီးနေလို့ပါဆိုပြီး မရမကခေါ်တာ။ နုဆွေရယ် … ဒီလို
သူငယ်ချင်းမျိုးတွေကို ခွဲပြီး ငါ သေရတော့မယ်တဲ့လား။

ဖူးစာက လက်အုပ်ကလေးချီကာ ဆရာဝန်ကြီးကို
မျက်နှာချင်းဆိုင်လိုက်ပါသည်။

"ပြောမှားဆိုမှားပါရင် ခွင့်လွှတ်ပါ ဆရာကြီး၊ ကျွန်မ
တိကျသေချာချင်လို့ပါ၊ ဒီအတိုင်းနေသွားရင် ကျွန်မ
နေရဖို့ဟာ တစ်လလောက်ပဲကျန်တော့တယ်လို့ ဆရာကြီး
ပြောလိုက်ပါသလား"

ဦးဓာတလဲက ခေါင်းတစ်ချက် ညိတ်လိုက်ပါ သည်။

"လပိုင်းလေး၊ လပိုင်းလေးမှာ သုံးလလေးလ စသဖြင့် လောက်တောင် ခန့်မှန်းဖို့မဖြစ်နိုင်ဘူး၊ တစ်လ တစ်လ ကျော်ဆိုတာ အနီးစပ်ဆုံးပဲ၊ ကျုမာတွေရဲ့ အရွယ်အစား အရေအတွက် အခြေအနေကို ထောက်ရှုပြီးပြောရတာလေ သမီး"

"ဆရာကြီးကို လေးစားပါတယ်၊ ယုံကြည်ပါတယ်၊ စော်ကားတာမပါပါဘူး၊ ဒါပေမဲ့ တစ်လပဲနေရတော့မယ်ဆိုတာ ဟုတ်ပါ့မလား ဆရာကြီးရယ်၊ ကျွန်မ ခေါင်းထဲက နည်းနည်းပါးပါး စိုးစိုးစစ်စစ်ဖြစ်တာကလွဲရင် ကျွန်မ နေထိုင်ကောင်းပါတယ်"

ဖူးစာက မျက်ရည်များနှင့် ထရပ်ကာ လက်ကိုလွဲလှုပ် လမ်းသွက်သွက် လျှောက်လိုက်ရင်း ...

"နည်းနည်းလေးတောင် အားနည်းမနေပါဘူး ဆရာကြီးရယ်၊ ကျွန်မ အိပ်လည်းပျော်တယ်၊ စားလို့သောက်လို့လည်း ကောင်းတယ်၊ နောက်တစ်လမှာ သေရမယ့် ခံစားချက် ကျွန်မမှာ ဘာမှခံစားမနေရဘူး"

"ထိုင်ပါဦး သမီး"

ဖူးစာ ပြန်ထိုင်ချလိုက်ပါသည်။

"ဒီလောက်အထဲမှာ Tumour အလုံးတွေ အများကြီးရှိနေပြီဖြစ်ချိန်မှာ သမီးမှာ ပြင်းပခံစားရချက်က မသိမသာ ရံဖန်ရံခါ နည်းနည်းပါးပါးပဲ ဆိုတာကတော့ သမီးဟာ Pain threshold ခေါ်တဲ့ ဝေဒနာကို တုံ့ပြန်ခံနိုင်စွမ်း မြင့်နေတာလည်း ဖြစ်နိုင်တယ်၊ တချို့လူတွေက ဒီ Pain threshold မြင့်တယ်၊ သူများထက် ခံနိုင်ရည်ရှိကြတယ်၊ တချို့က threshold နိမ့်တယ်၊ နည်းနည်းလေးထိရင် နာနေရောမပြီးနိုင်ဘူး၊ ဒီလိုသဘောကြောင့်လည်း ဖြစ်နိုင်တယ် ...

ဒါ့အပြင် သမီးရဲ့ စိတ်ကိုကလည်း ကိုယ့်ကိုယ်ကိုယ်ဆောင်တာ၊ ငါ ကျန်းမာတယ်ထင်နေတာပါတယ်၊ ဒီလိုပဲ စိတ်ကိုဆောင်ပြီးနေရမှာပါပဲ၊ ဒါပေမဲ့ ဒီပုံထဲမှာ ပေါ်နေပြီဖြစ်တဲ့ အတိုင်းကတော့ အကျိတ်တွေဟာ ကြီးတဲ့ဟာကလည်းကြီးနေပြီ၊ ပွားလည်းပွားများနေပြီ၊ ဘယ်နည်းနဲ့မဆို ..."

ဆရာဝန်ကြီးက စကားခဏရပ်ကာ သက်ပြင်းရှိုက်သည်။ ဖူးစာသည် ရုတ်တရက် ရယ်ချင်လာသလိုဖြစ်ကာ ...

"ဆရာကြီး ခုနစကားထဲမှာ တစ်ခုလည်းကြားလိုက်သေးတာ၊ အင်္ဂလန်မှာ သွားခွဲစိတ်မယ်ဆိုရင် ဆေးကုခချည်းပဲ ပေါင်နှစ်သောင်းခွဲသုံးသောင်းဆိုတာ ..."

"ခန့်မှန်းချေပေါ့ သမီးရယ်"

"ဒါတောင် ဖစ်ဖတိ ဖစ်ဖတိတဲ့"

"ဟုတ်ပါတယ်"

"စင်ကာပူမှာဆိုရင်ကော ဆရာကြီး"

"မထူးခြားနား မတိမ်းမယိမ်းပေါ့ သမီးရယ်"

"ငါးဆယ်ရာနှုန်းပဲပေါ့နော်"

"ဒီလိုပဲပြောရမယ်၊ အဲဒီမှာတွေကတော့ တိုးတက်
ဦးနှောက်ခွဲစိတ်မှုတွေ လုပ်နိုင်ပြီလေ၊ Neurosurg
Gamma Knife Treatmentဆိုတာမျိုးရှိတယ်၊ ဘရိန်းကျ
ခွဲစိတ်တဲ့စနစ်သစ်ပေါ့။ ကုန်ကျစရိတ်တွေကတော့ အဂ်
စင်ကာပူ ကွာခြားမှုတွေရှိပေမယ့် မြန်မာလို သိန်းရာဂဏ
နှစ်ခုသုံးခုတော့ ရှိနိုင်တာပဲ၊ ဒါက လှမ်းစုံစမ်းမေးမြန်
ရပါတယ်"

ဖူးစာသည် ရူးသွပ်သွားသူအလား မျက်ရည်တွေ
ကပဲ အသံကလေးထွက်အောင် ရယ်လိုက်မိပါတော့သည်။ ဆ
ဝန်ကြီးကိုတော့ အားနာမိပါသည်။ မလေးမစား စော်ကား
အလျဉ်းမရှိပါ။ ဆရာဝန်ကြီးက လုံးစေ့ပတ်စေ့ကိုရှင်းပြ
မြန်မာငွေဆိုရင် သိန်းငါးရာ ခြောက်ရာတဲ့။ အဟင်း ... ယ
သိန်းတစ်ရာလောက်တန်တဲ့ တိုက်ခန်းလေးတစ်ခန်းကလွဲရင်
ပိုင်တာဆိုလို့ ကိုယ့်ခန္ဓာတစ်ကိုယ်လုံးသာပဲရှိပါတယ်။ ဆေး
တိုးတက်တဲ့တိုင်းပြည်မှာတောင် ငါးဆယ်ရာခိုင်နှုန်းပဲအောင်
စွမ်းရှိတဲ့ ဒီခွဲစိတ်မှုကို ဘာကြောင့်များ မျှော်လင့်ရင်မောနေ
မှာနည်း။

"ကျွန်မ မခွဲစိတ်တော့ပါဘူး ဆရာကြီး"

"......"

"တစ်က ငွေလည်း မရှိပါဘူး"

"......"

"နှစ်က ခွဲနိုင်ရင်တောင် ကောင်းဖို့က ငါးဆယ်ရာနှုန်း"

"ဒါတောင် ငါးဆယ့်အပြည့်အဝ အာမခံချက် မရှိဘူး
သမီး၊ ဒီကော့စ်မျိုးဟာ အင်မတန်အန္တရာယ်ကြီးပါတယ်"

"ဒါဖြင့် ကျွန်မက သေရတော့မယ့် နောက်တစ်လအကြာ
ကိုပဲ စောင့်ရတော့မယ်ပေါ့နော် ဆရာကြီး"

"သမီး စိတ်ထဲ ဒီထက်ပိုကျေနပ်သေချာချင်ရင် တခြား
ဦးနှောက်ပိုင်းဆိုင်ရာ ဆရာကြီး ဆရာမကြီးတွေနဲ့ ထပ်ပြ
ကြည့်ပြီး ..."

"မလိုပါဘူး ဆရာကြီးရယ်၊ ဆရာကြီးကို ကျွန်မ စိတ်ချပါ
တယ်၊ အခုရှိနေတဲ့ တခြားဆရာဝန်ကြီးတွေလည်း များ
သောအားဖြင့်က ဆရာကြီးတပည့်တွေပါ၊ ထပ်ပြတာက
တော့ အပိုပါ။ ဆေးပညာရှင်မပြောနဲ့ ကျွန်မလို လူပြိန်း
မျက်စိထဲမှာတောင်မှ ဒီအကျိတ်အလုံးအခဲကြီးတွေက
ဒီလောက်ကြီး သိသိသာသာထင်ထင်ရှားရှားပေါ်နေတာ"

ဦးစောဘလဲမှာလည်း ရှေ့ပိုင်းက နားခံသာအောင်
ာက်ကာပြောင်ကာ နားသွင်းပြောလာသမျှ သူ့ရှေ့မှာ ကလေးမ

နှစ်ယောက်သား မျက်ရည်သွယ်သွယ်ကျနေတော့ သက်ပြင်း
တွင်တွင်ရှိုက်နေရတော့သည်။

"ဆရာကြီးလည်း ကျွန်မနဲ့တင် အချိန်အရမ်းကုန်သွားပါ
နောက်လူနာတွေလည်း ကျန်ဦးမှာ၊ ဒါဖြင့် ကျွန်မက
စိတ်ဘူး ဒီအတိုင်းပဲနေတော့မှာမို့ ဘာမှဆက်လုပ်ဖို့မ
တော့ဘူးပေါ့နော်"

"ဆေးတော့သောက်ဖို့ပေးဦးမယ် သမီး၊ ပျောက်ကင်း
ရောဂါမဟုတ်တာတောင်မှ တစ်လအစား နှစ်လ စသ
ဒီအကျိတ်တွေက ဦးနှောက်ကိုဖိတဲ့အခါ နည်းနည်းပါး
သက်သာရာရဖို့"

"ဟုတ်ကဲ့ပါ ကျွန်မ မမျှော်လင့်ချင်တော့ပါဘူး ဆရာ
ရယ်၊ ဝေဒနာနဲ့ အသက်ထပ်ရှည်မနေချင်ဘူး၊ နောက်
နှစ်လောက်ဆွဲဆန့်လို့ရတယ်ဆိုရင် တစ်မျိုးပါ"

"ဒါတော့ သမီးသဘောလေ၊ အန်ကယ်လ်တော့ ဒီ
သောက်ဆေးညွှန်ပေးထားတယ်"

"ဆရာကြီးဆီလည်း လာထပ်ပြဖို့ မလိုတော့ပါဘူးနော်
"နောက်ထပ်နှစ်ပတ်ပြည့်ရင်တော့ တစ်ကြိမ်လာထပ်ပြ
ဦး၊ ထူးတာမထူးတာထက် အန်ကယ်လ် မေတ္တာရပ်ခံတာ
တစ်ကြိမ်လာပြန်တွေ့ပါဦး၊ အခြေအနေကို အန်ကယ်
ထပ်ကြည့်ပါရစေ"

ဖူးစာက ခေါင်းကလေးညိတ်ပြလိုက်ပါသည်။
ဆရာပ်ကာ ဖြည်းဖြည်းလှည့်ထွက်ချိန်မှာ ရှေ့အဖို့ သူ ဘာဆက်
လုပ်မယ်ဆိုတဲ့လမ်းခရီးက မှုန်ဝါးနေကာ ရှေ့အစီအစဉ်ကို မစဉ်းစား
နိုင်အောင်ဖြစ်နေပါသည်။

✧ ❣ ✧

၆

"မဖူးစာ မဖူးစာရဲ့ ဘိုးတော်လေးတော့ ဟုန်းဟုန်းထနေပြီ"

ကုန်တိုက်ကို ဖူးစာ သုံးနာရီထိုးမှရောက်လာခဲ့… သည်။ မစီးစဖူး အငှားကားစီးလာခဲ့တာပင်။ နောက်ကျရတာ ကတော့ ဆေးရုံအိမ်သာထဲဝင်ပြီး အားရပါးရ တစ်ချီတမောင်း ငိုခဲ့ရသေးလို့။ ဘာဆက်လုပ်ရမှန်းမသိအောင် သူ့မှာ လမ်းပျောက် သွားတာ။ နောက်တစ်လလောက်မှာ သေရမယ့် အခြေအနေနဲ့ စင်ကာပူကို လိုက်သွားရင်လည်း ကိုကို့ သွားကူညီရာမရောက် ဒုက္ခသွားပေးရာသာ ရောက်ရပေမည်။

မလိုက်ပြန်ရင်ကော။ ကိုယ်နေမှာမို့ အိမ်ကို မငှား… တော့ဘူးဆိုတော့ လက်ထဲ ဘာပိုက်ဆံမှမရှိ။ သေဖို့တောင် စရိတ် မရှိ။ ဒါတွေကို ရင်နာနာနှင့် ငိုနေလိုက်တာ။ ဘေးမှာ အားပေး ဖော်တောင်မှမရှိ။ နုနုဆွေကလည်း သူတာဝန်ကျနေတဲ့ ဆရာကြီး

…းစောဘလဲ အခန်းထဲပဲ ကျန်ရစ်ခဲ့ရတာ။ ငိုလို့အားရမှ ကားငှားပြီး …ုန်တိုက်ကို လာခဲ့သည်။

စိတ်မပါလက်မပါ အပေါ်ရောက်လာတဲ့ မျက်နှာ …ာ သနပ်ခါးပေါင်ဒါ ပြောင်သလင်းခါကာ ငိုထားတဲ့ရုပ်ကြီး …ီလောက်တောင် အသိအသာနှင့် မျက်ခွံနှာသီးဖျားတွေ ဖောင်းမို့ …မြန်းနေပေမယ့် ဘယ်သူမှ မသင်္ကာမဖြစ်။ ဒီမနက်ဟာ ကျော်ကျော် …သွားတဲ့မနက်မှန်း လူတိုင်းသိသည်။ ဒီဒုက္ခအိုးတူလေးကို ဖူးစာ …န်းမုန်းနဲ့ပဲ အတော်ချစ်ရကြောင်းလည်း အားလုံးသိကြသည်။

အညိုက လှမ်းသတင်းပေးလျှင် ...

"ဘာဖြစ်လို့လဲ"

"မဖူးစာက ဆယ့်နှစ်နာရီအထိပဲ ခွင့်ယူတာဆို"

"ဘယ်နှနာရီလို့ ငါ တစ်လုံးမှ ထည့်မရေးပါဘူး၊ နေ့ တစ်ဝက်လို့ပဲ ရေးခဲ့တာ"

"ဆယ်နှစ်နာရီဟာ နေ့တစ်ဝက်မဟုတ်လား မဖူးစာရဲ့"

"သေချာလား"

ဖူးစာ နောက်တယ်ထင်၍ အညိုက ရယ်နေသည်။

"အခု ရှိလား"

"ရှိတယ်၊ မနက်က မရှိတာ၊ အခုရှိတယ်၊ တစ်နာရီလောက် ရောက်လာတာ၊ ရောက်တာနဲ့ မဖူးစာ ပြန်ရောက်လား တန်းမေးတာပဲ"

"ဘာ်နေ့ဘလေ တစ်ယောတ်ယောက်ကိုမှ မဆူလိုက်ရဘဲ နေဝင်သွားမှာကြောက်လို့"

"အဟီး ဟီး"

"စတိုကကောင်တွေ တစ်ပြုံလုံးကိုတော့ ဆူပြီးပြီ"

ခင်ဝင်းရည်လည်း ဝင်ပြောပါသည်။

"ခင်ဝင်းရည် ညီမ ... ညနေကျရင် တီဗီသယ်လို့ရပြီ သိလား"

"နေပါစေဦး မဖူးစာ ကြည့်နှင့်ပါဦး"

"လာသယ်ချည်၊ ငါ့ဖို့မလိုဘူး"

"ရပါသေးတယ်ဆို အစ်မကလဲ၊ ဒီတစ်လုံးက သမီးတို့ ညီအစ်မအခန်းထဲ အပိုထည့်မှာပါ"

"ဩော် ... လာသယ်ပါဆို၊ ငါက လက်မလေးဆယ်ဝယ် တော့မလို့"

"အဟား ဟား"

"သော့ယူသွားပြီး နင့်ဟာနင် တံခါးဖွင့်ဝင်ပြီးသယ်သွား၊ အဟုတ်ပြောတာ၊ ကျော်ကျော် သွားပြီဆိုတော့ သူ့သော့ရှိ ရှိတယ်၊ ရော့ ... ယူ၊ ငါက ညကိုးနာရီမှပြန်ရမှာလေ၊ နင် အခန်းထဲဖွင့်ဝင်ပြီး တီဗီ ယူပြီးရင် အိမ်လေးဘာလေး ပွနေရင်လည်း ရှင်းသွားပေါ့ဟယ်"

"အဟား ဟား"

တမင်တကာ ကိုယ့်ဝေဒနာကို ဖြေကာဖော့ကာ နောက်တီးနောက်တောက်လုပ်နေတာပင်။ ကောင်မလေးတွေက ပွဲကျနေပါသည်။

"မဖူးစာ ရောက်တာနဲ့ လွှတ်လိုက်ပြောထားတယ်"

"အေးပါဟာ သွားလိုက်ပါဦးမယ်၊ ငါကလည်းငါပဲ၊ သုံးနာရီတောင်ကျော်ပြီ"

ဖူးစာသည် လေးနင့်နေသော ရင်ထဲက သက်ပြင်းကို လုံးကြီး မှုတ်ထုတ်ကာ ဂျီအမ်မ်အခန်းရှိရာသို့ လျှောက်လာပါသည်။ ဩော် ... နှစ်ပေါင်းများစွာ အလုပ်လုပ်လာတဲ့ ဒီကုန်တိုက်။ ကြောခင်ထွက်ပြီး စင်ကာပူသွားရတော့မယ်ဆိုတုန်းက ဒီလောက် ခံစားရ။ ခုတော့ တခြားတစ်နည်းနဲ့ ခွဲခွာရတော့မှာမျိုးလေ။

ဒီလူတွေ ဒီမျက်နှာတွေ ဒီပစ္စည်းတွေ ဒီအဆောက် အအုံ အို ... အားလုံး။ ဘယ်တော့မှ (ဘယ်တော့မှ) ပြန်မတွေ့ တော့ဘူးလေ။ ဘုရားရေ။ ကိုယ်မကြာခင်သေရတော့မယ်လို့ သိနေရတဲ့ဘဝလောက် ဝဋ်ကြီးတာ ကံဆိုးတာမရှိပါလား။ ဘာ ကြောင့်များ သိခွင့်ရပါလိမ့်။ မနေ့ကချော်လိမ့်မကျရင် သိခွင့် မှာမဟုတ်။ သေမယ်နေ့ကျမှ အေးအေးဆေးဆေးသေသွားရုံပဲ။ တော့ မသေမချင်း သေတော့မယ် ... သေတော့မယ်လို့ သိနေ တဲ့ဘဝ။ အင်မတန်ဆိုးဝါးတဲ့ဘဝပါလား။

ဖူးစာသည် ဂျီအမ်မ့်အခန်းရှေ့ရောက်လျှင် မှန်တံခါး ကို လက်ဆစ်လေးနှင့် ခေါက်ပါသည်။ တုံ့ပြန်သံမကြားရ၍ မှန်

ရဲ့အတွင်းဘက် ယင်းကာလေးကြားက ချောင်းကြည့်တော့ ဖုန်းပြော နေသည်။ ဒီတော့ ရပ်စောင့်ပေါ့။ ငါးမိနစ်တစ်ခါလောက် ချောင်းရင်း ဖုန်းမပြီးရင်း။ လောကကြီးအပေါ် မကျေမချမ်းရင်းခံရှိတဲ့ ဖူးစာ စိတ်မရှည်ချင်တော့ပါ။ ဆယ့်ငါးမိနစ်ကြာမှ ဖုန်းပြောခြင်း ပြီးစီး၍ လက်ချောင်းလေးများနှင့် 'လာ'လို့ လှမ်းပြလိုက်တာ မြင်ရပြီး ဖူးစာ တံခါးဖွင့်ဝင်သည်။

"ကဲ ..."

"ဟုတ်ကဲ့ ကျွန်မ နည်းနည်းနောက်ကျသွားပါတယ်"

"အဲလိုပြောလိုက်တော့ ပြီးသွားရောပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ဂျီအမ်မ်၊ ကျွန်မ အရေးကြီး ..."

"ခွင့်တိုင်တုန်းက ဘယ်လိုတိုင်လဲ၊ နေ့လယ်ဆယ့်နှစ် [illegible] ပဲဆို"

"ကျွန်မ နေ့တစ်ဝက်လို့ ပြောတာပါ"

"ဘာ ... နေ့တစ်ဝက်ဆိုတာကို ညည်းက ဘယ်လိုအဓိပ္ပာ[illegible] သတ်မှတ်ချင်လို့လဲ၊ မိုးလင်း မျက်စိနှစ်လုံးပွင့်တာ[illegible] မအိပ်ခင်အထိကြား တစ်ဝက်တိတိပေါ့ အဲလိုလား"

"ကျွန်မ ..."

"ညည်း တူက သွားတာမနက်ပိုင်း မဟုတ်လား"

"ဟုတ်ပါတယ် ဂျီအမ်မ်၊ ဒါပေမဲ့ ကျွန်မ ..."

"ဘာလဲ ... ငါက လကုန်ရင် အလုပ်ထွက်မှာပဲ၊ စင်[illegible] ကိုသွားမှာ၊ နိုင်ငံခြားသွားမှာမို့ အလုပ်ထွက်ပစ်မှာ[illegible]

လက်မလေးတထောင်ထောင်နဲ့ မထွက်ခင်စပ်ကြား စည်းကမ်းပျက်ချင်သလိုပျက်တယ် ဒီလိုလား"

လက်မလေးထောင်ပြကာ ဒေါကြီးမောကြီး အော်ဟစ်နေတဲ့ ဂျီအမ်မ်ကို ဖူးစာက စိတ်ပျက်လက်ပျက်နှင့်ပဲ ငြိမ်ကြည့်နေလိုက်မိသည်။ မဟုတ်မှန်းသိသိနှင့် တမင်နှိပ်ကွပ်ပြောတာပဲ။ ကိုယ်ကလည်း နိုင်ငံခြားထွက်ရမှာကို ဂုဏ်လုပ်မော်ကြွားနေရတာ မဟုတ်။ ဖြစ်နိုင်ရင် မသွားချင်တဲ့သူအစစ်။

"ဘာမှ လာပြီးကြီးကျယ်မနေနဲ့၊ ဒါလုပါးဝတဲ့အချိုးအချိုတ်ပေါ့လေ"

"မဟုတ်ရပါဘူး ဂျီအမ်မ်ရယ်၊ ကျွန်မ နေမကောင်းလို့"

"ဘာနေမကောင်းတာလဲ၊ ဖြီးလုံးရှီးလုံးတွေလာမပြောနဲ့၊ ပါးစပ်ကလေးကနေပြောတာတော့ ဘယ်သူပဲဖြစ်ဖြစ် ပလီစီချောက်ချက်ပြောတတ်တယ်"

ဖူးစာ ထောင်းခနဲ ဒေါသထွက်သွားပါသည်။

"တီတီ ... တီတီ"

လာပြန်ပြီ ဖုန်းက။

"ဟယ်လို"

ဂျီအမ်မ်ရဲ့ နှုတ်ခွန်းဆက်ဖုန်းထူးသံကို တောက်လျှောက်အမြင်ကတ် နားကြားပြင်းကတ်ရတဲ့အထဲမှာ ဒီတစ်ကြိမ်ကတော့ အဆိုးဆုံးပင်။ ဖူးစာသည် မျက်စိရှေ့မှာ မီးတောက်မီးလျှံတွေမြင်လာရသလိုရှိကာ ရင်ထဲမှာ တငြီးငြီး တရှိန်ရှိန်ခံစားလာရ

သည်။ အလန့်တကြား သိလိုက်ရသည်မှာ ထွက်ပေါက်မရှိ နာကြည်းဖွယ်အတိလို့ ကိုယ့်ကိုယ်ကိုယ် ယူဆနာကျင်နေခြင်းကို ဖုံးဖိမျိုသိပ်နေရတဲ့ ဖူးစာမှာ ဘယ်သူ့ကိုမဆို လော်လောဆယ်မှာ စစ်မျက်နှာဖွင့်ပစ်လိုက်ဖို့ အသင့်ရှိနေတော့ခြင်းပင်။

ခိုင်လုံချင်လုံ မလုံချင်နေ။ သူ့ရှေ့မှာ ရုတ်ရုတ်ရုတ်ရုတ် အမှားအယွင်းမပြုမိစေနဲ့။

"ဘာ ... မင်းကို ငါဘာ ပြောထားလဲ၊ ဒါအလုပ်ချိန်ကွ၊ ငါ့ကို နောက်ကနေဖုန်းနဲ့ချက်ကင်လိုက်တာတွေ လျှောက်စုံစမ်းတာတွေလာမလုပ်နဲ့၊ ငါ့အကြောင်းသိသွားမယ်၊ ဘာ ... ခုနက အကြာကြီးဖုန်းမအားတာဘာဖြစ်လဲ၊ မင်း အပူပါလား၊ အေးကွာ ... ထားတယ် ဘာလုပ်ချင်လဲ၊ အေးဆေးကျွေးထားရင် အေးဆေးနေ"

ဖူးစာရဲ့ မျက်လုံးများ မီးဝင်းဝင်းတောက်တောက်မတောက်။

သူ့မိန်းမဆက်နေတာသိသာသည်။ မိန်းမဆိုတာကတော့ စမောထားနေတာ တစ်လောကလုံးသိနေတဲ့ လင်ယောကျ်ားကို ပူညံပူညံလုပ်မှာပဲ။ ကိုယ်လုပ်ပုံမဟုတ်ဘဲ မိန်းမကို ပြောပုံကရင့်သီးပက်စက်လှရာ ဖူးစာရဲ့ ပေါက်ကွဲလုဆဲဆဲ မီးတောင်ဝကိုခေတ်ဆီပုံးနဲ့ လှမ်းပက်ထည့်သကဲ့သို့ ဖြစ်နေပါသည်။

ဦးအောင်မြင့်က ဖုန်းကို ဂျပ်ခနဲပိတ် စားပွဲပေါ်ဆောင့်ခနဲချလိုက်ရင်း ...

"ပြော ... ပြော ဘယ်သူမှ အချိုးမပြေကြဘူး၊ ပြော ... ညည်း နောက်ကျရခြင်းအကြောင်းရင်း ပလီစီ ချောက်ချက်ကို၊ တောက် ... အခွင့်ရေးသမားတွေ"

ကိုယ်ဘယ်တုန်းကများ ဘာအခွင့်အရေးများ ယူခဲ့ဖူးပါလိမ့်။ အထက်လူကြီးဆိုပြီး အောက်လူကို နှိမ်းပြီးပြောဆိုတာကတော့ ရိုင်းလွန်းသည်။ ဖူးစာသည် မတ်တတ်ရပ်လျက်ပင် ဂျီအမ်မ်ကို စူးစူးရဲရဲကြည့်နေပါသည်။

"အောင်မာ ... နင်က ငါ့ကို ဘာကြည့်တာလဲ"

နူးညံ့သိမ်မွေ့တဲ့ ဝန်ထမ်းအမျိုးသမီးထဲပါတဲ့ ဖူးစာထံက ဒီအကြည့်မျိုး တစ်ကြိမ်မှလက်မခံရဖူးတဲ့ ဂျီအိမ်မ်ဟာ ဒေါသတကြီး ဝုန်းခနဲထရပ်ပြီး စားပွဲကိုလည်း ဖြန်းခနဲ ပုတ်လိုက်ပါသည်။ အမြဲတမ်းသိုးငယ်လို ငုံ့လျှိုးခဲ့မြဲ အမျိုးအစားထဲကမို့ ဒီလောက်ဆိုတော့ တစ်ခွန်းဖိဟောက်ရင် ပြန်ကုပ်သွားမယ်ရယ်လို့ပင်။

"တီ့တီ ... တီတီ"

စကားပြောဖို့အရှိန်ယူလိုက်တဲ့ ဖူးစာက ထ,မြည်လာပြန်တဲ့ဖုန်းကို ဘာမပြောညာမပြော ဦးအောင်ကောက်ယူလိုက်ကာ ကိုယ့်ကိုယ်ကိုယ်တောင် ကြိုမသိကြိုမရည်ရွယ်မိဘဲ ကြွေပြားကြမ်းပြင်ပေါ် ခွမ်းခနဲနေအောင် တအားလွှဲပြီးပေါက်ခွဲပစ်လိုက်လေသည်။ ထိုရုံးခန်းက အသံမလုံတာမို့ ခုန ဂျီအမ်မ် အော်နေကတည်းက အပြင်နားကနီးတဲ့ ကောင်တာတွေဘက်က ကွက်ကြည့်ကွက်ကြည့်။

ခုတော့ အားလုံး ဖျတ်ခနဲ အလန့်တကြား စူးစူးရဲရဲ လှည့်ကြည့်လာကြပါသည်။

"ဟင် ... နင် ... နင်"

ဂျီအမ်မ်ကြီးသည် အံ့လည်းဩ လန့်လည်းသွား ဒေါသလဲထွက် စကားတွေထစ်ကာ လက်ညှိုးတထိုးထိုးဖြစ်နေ သည်။

"ဟုတ်တယ် ဂျီအမ်မ်၊ ကျွန်မ ပြောချင်တာလည်းပြောခွင့်မ တော့ဘူး၊ ပထမတော့ ကျွန်မ ကျန်းမာရေးချို့ယွင်းတဲ့ အကြောင်းကို ဂျီအမ်မ်ကို ကိုယ့်လူကြီးမိဘလို ကိုယ့်လုပ် ဖော်ကိုင်ဖက်လို သဘောထားပြီး တိုင်တိုင်ပင်ပင်ပြောပြ ပါ။ ခုတော့ ပြောစရာမလိုဘူးဆိုတာ ဆုံးဖြတ်လိုက်ပြီ ပြောလည်း ဂျီအမ်မ်လိုလူက ကိုယ်ချင်းစာတရားဆိုတာ နားလည်တဲ့သူမဟုတ်ဘူး ဒီတော့ လေကုန်တယ် ...

လိုရင်းတိုရှင်းပဲ ဂျီအမ်မ်၊ လကုန်မှထွက်စာနဲ့ ... ကမ်းတကျတောင်းထွက်ဖို့ စီစဉ်ခဲ့ပေမယ့် ခုတော့ ... ဂျီအမ်မ် လက်အောက်မှာလည်း တစ်မိနစ်တောင် ... မလုပ်နိုင်တော့ဘူး၊ လူတစ်ဖက်သားမှာရှိနေတဲ့ အကျ... အကျပ် အခက်အခဲ ပြဿနာတွေကို ဘာတစ်ခုမှ နား... စာနာမှုမပေးနိုင်တဲ့သူဟာ လူကြီးမလုပ်ထိုက်ဘူး၊ ... သာ ဒီကုန်တိုက်ပိုင်ရှင်ဆိုရင် ဂျီအမ့်မ်လို စိတ်ထား... ရှိတဲ့သူကို တံမြက်စည်းလှည်းငှား မခန့်ဘူး ...

ပါးစပ်ကတစ်မျိုး။ လုပ်ပုံတစ်မျိုး၊ ငါ ပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့၊ ငါ စည်းကမ်းဖောက်ဖျက်မယ်၊ နင် တို့ မပျက်နဲ့ဆိုတာမျိုးကို ဝဋ်ကြွေးမကုန်သေးတဲ့သူတွေပဲ လက်ခံပါလိမ့်မယ်၊ ကျွန်မက ဝဋ်ကြွေးကုန်ပြီ၊ အခု အလုပ် ထွက်တယ်"

ဂျီအမ်မ်ကြီး ဘာမှမပြောနိုင်အောင် ဒေါသတကြီး အငိုက်မိဆွံ့အနေချိန်မှာ ဖူးစာက မှန်တံခါးဖွင့်ထွက်ကာ အပြင် ရောက်မှသတိတရနှင့် ရင်ပတ်က ကုန်တိုက်တံဆိပ်ပါဝင်သော ရာထူးအမှတ်အသား ဖိုင်ဘာကတ်ပြားလေးကို ချိတ်ဖြုတ်ပြီးလျှင် ဂျီအမ့်မ်စားပွဲပေါ် လှမ်းပစ်ပေါက်တင်လိုက်ပါသည်။

"တယ်လီဖုန်းခွဲ လျှော်ဆိုရင် လျှော်မယ်နော်"

ဂျီအမ်မ်ကို ခပ်အေးအေးတစ်ခွန်း လှမ်းပြောလိုက် ပါသေးသည်။

အားလုံးဝိုင်းပြီး တအံ့တဩငေးမော ကြည့်နေတဲ့ ကြားထဲကပင် ခပ်တည်တည်နှင့် အေးဆေးစွာ ဖြတ်လျှောက် ထွက်လာခဲ့သည်။

ကိုယ့်အထပ်ရောက်လျှင် အိတ်ကို ကောက်လွယ်ကာ ဘယ်သူ့ကိုမှ ဘာမှပြောမနေ နှုတ်ဆက်မနေတော့ဘဲ ပြန်လာခဲ့ပါ သည်။ ဘဝတစ်ခုလုံးမှာ ရက်သုံးဆယ်သာကျန်တော့တယ်ဆိုတာ သေချာရင် ဒီရက်ပိုင်းလေးကို ဘယ်လိုအသုံးချမလဲ။

သေချာတာကတော့ ချစ်ခင်သူတွေနှင့် ဝေးရမှာ သေလိုတာပင်။

✧ ❣ ✧

အိမ်ကို အစောကြီးပြန်ရောက်နေတာမို့ တစ်ယောက်တည်း အေးဆေးငြိမ်သက်စွာထိုင်ပြီး ဘာဆက်လုပ်မယ်ကို စဉ်းစားသည်။ သိပ်ခဲခဲယဉ်းယဉ်း စဉ်းစားမနေရပါ။ နှစ်မျိုးသုံးမျိုး စဉ်းစားပြီးရွေးချယ်မှာလည်းမဟုတ်ပါ။ ခေါင်းထဲတွင် သူ ဘာလုပ်မည်လို့ အလိုအလျောက်ပင်ရှိနေသလိုပင်။

ဘယ်တုန်းတည်းကရှိနေပါလိမ့် !။

ဘာပြီးဘာလုပ်မယ်ကိုသာ နည်းနည်းပါးပါး အစီအစဉ်ချလိုက်သည်။ လုပ်ကိုလုပ်ရမည့်ကိစ္စတွေကို ချက်ချင်း ခေါင်းထဲပေါ် ချက်ချင်း အကောင်အထည်ဖော်။ အောက်ထပ်ကိုဆင်း၍ ဖုန်းဆက်လိုက်သည်။

"အစ်မရေ ကျွန်မ ဖူးစာပါ၊ အစ်မတို့က အိမ်ကို မငှားချင်ဘူး၊ ဝယ်ချင်တယ်ပြောတာလေ၊ စိတ်ပြောင်းသွားပြီလား"

"အစ်မတို့ စိတ်မပြောင်းပါဘူး၊ ညီမ စိတ်ပြောင်းသွားလို့လား ဟုတ်လား"

"ဟုတ်ကဲ့ ကျွန်မ စိတ်ပြောင်းသွားတယ်၊ ကျွန်မ ရောင်းတော့မယ်"

"ဒါဆိုရင် ဝမ်းသာလိုက်တာ ညီမရယ်၊ အစ်မတို့ ငွေနည်းနည်းလိုနေတော့ ပြည့်အောင်ဖြည့်ရှာလိုက်မယ်၊ တစ်ရက်နှစ်ရက်ပါ၊ ညီမသာ စိတ်ပြန်ပြောင်းမသွားနဲ့ဦး"

"ငွေက ဘယ်လောက်လိုတာလဲ အစ်မ"

"ဖုန်းရောင်းလိုက်ရင်ပြည့်တယ် ညီမ၊ ဟဲန်းဒ်ဖုန်းလေ၊ တစ်ရက်နှစ်ရက်ပါ"

"မရောင်းနဲ့တော့အစ်မ၊ တန်ဖိုးဖြတ်ပြီး ငွေနဲ့အတူ ကျွန်မ ထည့်ယူလိုက်မယ်"

"ဟင် ... အဟုတ်ပြောနေတာလား"

"အဟုတ်ပေါ့"

"ဒါဆိုရင် ဒီညနေတောင် ပတ်ကားစာချုပ်တစ်ခါတည်း လာချုပ်လို့ရတယ်"

"ဟင်... အစ်မကလည်း စိတ်မစောရှာဘူး၊ နက်ဖြန်မှချုပ်ပေါ့"

"ညီမ စိတ်ပြောင်းတာမြန်တော့ အခု ဒီစိတ်ထပ်ပြောင်းသွားမှာစိုးလို့"

ဖူးစာသည် စိတ်ပါလက်ပါပင် ရယ်မောပစ်လိုက်သည်။ ကြေကွဲစရာကြီးပဲတွေးပြီး ကြေကွဲငေးမှိုင်နေလို့မဖြစ်ဘူးလေ။

အနည်းငယ်ကလေးပဲကျန်တဲ့ ရက်ပိုင်းအတွင်းမှာ ဘဝကို အကျိုးရှိရှိ စိတ်ချမ်းချမ်းသာသာ ကုန်ဆုံးစေရမယ်။

"ပြီးတော့ အစ်မက ပြက္ခဒိန်ကို အပြန်ပြန်အလှန်လှန် ကြည့်ထားတာ၊ အလွတ်ကိုရလို့၊ ဒီနေ့က ရက်ရာဇာ၊ ခဏနေရင် စာချုပ်ရိုက်ပြီး တစ်ခါတည်းယူလာပြီး ငွေ လာချေလိုက်မယ်၊ ပွဲစားကလည်း နုနုဆွေတစ်ယောက် တည်းပဲဟာ၊ သူ့အမေ ခေါ်လာခဲ့ရင်လည်းဖြစ်တယ်၊ နုနု ဆွေက အပြန်နောက်ကျဦးမှာ"

သူတို့ကလည်း နုနုဆွေတို့နှင့် လူခင်တွေပင်။

"အစ်မ ဘယ်သူ့မှ အချိန်မီခေါ်မလာနိုင်ရင်လည်းပဲ ကျွန်မ က နုနုဆွေကို ပွဲခပေးမှာပါ"

"ဒါဖြင့်ပြီးတာပဲ၊ တကယ်လာတော့မယ်နော်"

"အင်းပါ အစ်မရယ်၊ တကယ်ပါ၊ ဒါပေမဲ့ ကျွန်မ အိမ် ပေါ်ကဆင်းနိုင်မှ အစ်မတို့ ငွေအကြေချေရမှာမဟုတ်လား ဒီနေ့ စရံဖြစ်ဖြစ် တစ်ဝက်ဖြစ်ဖြစ်ပဲ ချေထားပါ၊ ကျွန်မ သုံးရက်အချိန်ပေးပါ၊ သုံးရက်ပြည့်တဲ့နေ့ ဒီအိမ်ကဆင်း မယ်၊ အဲဒီကျမှ ကျန်တဲ့ငွေချေလေ"

"ရတယ်လေ အဆင်ပြေပါတယ်၊ ညီမ အဆင်ပြေသလိုလုပ် ပါ"

ဖူးစာ အိမ်ပေါ်ကိုပြန်အတက်မှာ ဒေါ်ဒေါ်င်းကြီး လည်း ရောက်လာ၍ အတူတူလိုက်တက်လာပါသည်။

"ဒီနေ့ ပြန်တာတယ်စောပါလား တူမရဲ့၊ ဘာရယ်မဟုတ် ဘူး၊ ဒီဘက်လျှောက်လာတာ၊ ဖူးစာကို တွေ့လို့လှည့်ဝင် လာတာ၊ ဘာတွေလုပ်စရာရှိလဲ"

"ရှိတယ် ရှိတယ် ဒေါ်ဒေါ်င်းရေ၊ လုပ်စရာတွေပေါ်လာပြီ၊ ရှင်းရလင်းရ သယ်ရပို့ရတော့မယ်၊ ဖူးစာ ဒီကသုံးရက် အတွင်းဖယ်တော့မယ်"

"အလိုတော် မြန်မယ့်မြန်တော့ မြန်လှချည်လား ဖူးစာရယ်"

"အိမ်မငှားတော့ဘူး ဒေါ်ဒေါ်င်း၊ ရောင်းပစ်တော့မှာ"

"ဟင် ... ဘယ်လိုဖြစ်လို့လဲ"

"ဒီလိုပဲဖြစ်သွားတယ် ဒေါ်ဒေါ်င်းရယ်"

"ဒါလည်းကောင်းတာပါပဲလေ၊ ဒါပေမဲ့ သိပ်အချိန်ကပ် လွန်းတော့ စိတ်တောင်မကောင်းပါဘူးတော်၊ ဒီကဖယ်တော့ ဘယ်သွားမှာလဲ၊ တစ်ခါတည်းနိုင်ငံခြားကိုလား"

"ဒီကြားထဲ တစ်ခါမှမရောက်ဖူးတဲ့ အမြဲရောက်ချင်နေရတဲ့ Beach ကို မသေခင်သွားလိုက်ဦးမယ် ဒေါ်ဒေါ်င်းရေ"

ဖူးစာက လွတ်ခနဲပြောလိုက်မိသော်လည်း ဒေါ်ဒေါ်င်း က ဘာမှ ဂရုမပြုမိဘဲ ...

"ဘိ"

"ကမ်းခြေလေ၊ ချောင်းသာတို့ ငွေဆောင်တို့လိုကမ်းခြေ ကိုပြောတာ ဒေါ်ဒေါ်င်းရဲ့"

"သြော် ... အင်း ... အင်း"

ဒေါ်ဒေါင်းသည် အိမ်ခန်းထဲရောက်လျှင် မျက်စိရှေ့ မြင်မြင်ရာ လိုက်ကောက်သိမ်းနေသည်။ လူကြီးမို့ သိမ်းစရာ ဆည်းစရာမြင်သည် သိသည်။ ဖူးစာသည် စိတ်လက်မပါလှသလို အသာငေးကြည့်နေရင်း ...

"ဒေါ်ဒေါင်းကြီး"

"ရှင်"

"မီးဖိုထဲက အိုးခွက်ပန်းကန်တွေ ယူမလား"

"ဟင် ... အကောင်းအသန့်ကြီးတွေဟာကို၊ အလကား ပေးမှာလား"

"အလကားပေါ့ ဒေါ်ဒေါင်းရယ်"

"တကယ်ပေးရင် တကယ်ယူမှာပေါ့တော်"

"ထမင်းစားပွဲ ကုလားထိုင်တွေရော"

"ဟင် ... တကယ် !"

"တကယ်ပေါ့"

"အမလေး ဖူးစာရယ် တန်ကြေးရှိတဲ့ပစ္စည်းကြီးတွေ၊ ရှင် ကျုပ် ကံကောင်းတာပေါ့တော့၊ အိုးခွက်ပန်းကန်တွေ ပို မက်ပါတယ်၊ စားပွဲကုလားထိုင်တော့ ချွေးမကို မျက်နှာလုပ် ပြီးပေးလိုက်ပါ့မယ်"

"ဒေါ်ဒေါင်း ပေးချင်တဲ့သူပေးတော့၊ အိမ်က ရောင်းတော့မှာ ဆိုတော့ ဒါတွေ မရွှေ့မသယ်နိုင်တော့ဘူး၊ တိုလီမုတ်စ တွေ ဒေါ်ဒေါင်း လိုချင်တာအကုန်သာယူတော့"

"အမလေးတော် ဝမ်းသာလိုက်တာ"

ရွှင်လန်းသွားတဲ့ ဒေါ်ဒေါင်းကြီးဟာ တက်ကြွဖျတ် လတ်လာတော့သည်။ ဩော် ... မေမေတို့ဟာ ဒီအရွယ်လောက် နေမသွားကြရရှာဘူး။ ကိုယ့်အမေသာ အိုကြီးအိုမ သူများအိမ် မှာ အဝတ်လည်လျှော်ရမယ်ဆိုရင် ကိုယ့်ရင်ထဲ ဘယ်လိုများ နေပါမလဲ။ ဖူးစာ ရင်ထဲ နင့်လာကာ ဝမ်းနည်းဖိုလှိုက်ရင်း ...

"ဒေါ်ဒေါင်းကြီး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ဖွင့်မယ်ဆိုရင် သပွဒနံပေါင်း ဘယ်လောက်ငွေရင်းရမှာလဲ"

ဒေါ်ဒေါင်းသည် မျက်ခုံးကြီးပင့် မျက်လုံးကြီးပြူး တာ ဖူးစာကို ပါးစပ်အဟောင်းသားကြီး ကြည့်နေသည်။

"တကယ်မေးနေတာ ဒေါ်ဒေါင်းရဲ့"

"ဟိုဒင်း ... အင်းလေ ... ဟင်းရည်အိုးကြီးတွေကအစ အသစ်ပြန်ဝယ်ရမှာ၊ ဒီအိုးကြီးတွေက နည်းတာမဟုတ်ဘူး ပေးရတာ။ မုန့်ဖတ်ထည့်ဖို့ကြွေရည်သုတ်ဇလုံ၊ အင်း ... အကြော်တွေဘာတွေ ယင်လုံအောင်ထည့်ဖို့ မှန်ပုံးလေး"

"ဒေါ်ဒေါင်းကလည်း ကိုယ်လိုချင်နေတာကို တန်ဖိုးတွက် မထားကြည့်ဖူးဘူးလား"

"အရင်တစ်ခါ တွက်ကြည့်တာတော့ နှစ်သိန်းနီးပါးကပ် သွားတာ သမီးရဲ့၊ စားပွဲတို့ ခွေးခြေတို့ အိုးကြီးကပဲ မုန့် ဟင်းနဲ့ အုန်းနို့ဟင်း နှစ်အိုး"

"နှစ်သိန်းပေါ့"

"......"

"ဒေါ်ဒေါင်းကို ဖူးစာ ပိုက်ဆံနှစ်သိန်းပေးမယ်"

"ဟင် ..."

ဒေါ်ဒေါင်းက မျက်လုံးပြူးကြီးနှင့် ...

"ဘယ် ... ဘယ်တော့မှပြန်ဆပ်ရမှာလဲ၊ အတိုးကကော

"အတိုးလည်း မရှိဘူး၊ ပြန်လည်းမဆပ်ရဘူး၊ အလက ပေးမှာပါ၊ ဒေါ်ဒေါင်းက ဆပ်ချင်ရင်တောင်လည် ဒေါ်ဒေါင်း ဆပ်နိုင်မယ့်အချိန်ကျ ဖူးစာကမရှိတော့ဘူး

ဖူးစာက ကိုယ့်အတွေးနှင့်ကိုယ် ရင်နင့်နင့်က ပြောမိသည်။ ဒေါ်ဒေါင်းခမျာတော့ မယုံနိုင်အောင် အံ့အားတသ ရင်ကိုဖိကာ ...

"ဘုရား ... ဘုရား"

"ပေးတယ်ဆိုတာထက် လှူမှာပါ၊ အိမ်ငှားရတာဆိုရင် ဒီလိုဘယ်လှူနိုင်မလဲလေ၊ ခုကတော့ အိမ်ကို ရောင်း ဆိုတော့လည်း အတော်ရမှာပဲ၊ ဒေါ်ဒေါင်း ဆန္ဒရှိ မုန့်ဟင်းခါးဆိုင်ဖွင့်နိုင်အောင် လှူမယ်၊ တကယ်ဖွင့်ရ နော်"

"ဘယ့်နှယ် ပြောလိုက်တာတုံး၊ သိပ်ဖွင့်ချင်နေတဲ့ တကယ်ဖွင့်မှာပေါ့ ဖူးစာရယ်"

ဒေါ်ဒေါင်းကြီးမှာ ခြေမကိုင်မိလက်မကိုင်မိတွေဖြစ်။ အာတွေခြောက်ကာ ရေတွေထသောက်။ ယောက်ယက်ခတ်နေပါသည်။ အဲဒီတုန်းရောက်လာတာက ခင်ဝင်းရည်။

"ဟင် ... အစ်မကလည်း သော့ဖွင့်ဝင်ရမှာလားလို့ ဒီမှာ သော့ကြီးနဲ့လာတာ"

ခင်ဝင်းရည်တို့ ညီအစ်မမှာ ဖြူဖြူထွေးထွေး ချစ်စရာလေးတွေ။

"ငါ နေ့လယ်က ပြဿနာတက်ပြီးပြန်တာ နင် မသိဘူးလား"

"သိတော့သိတယ်၊ အဲလိုကြီးဖြစ်သွားတော့ အစ်မ အိမ်မပြန်ဘဲ စိတ်ထိခိုက်ပြီးတော့ လျှောက်သွားနေမလားထင်တာ၊ အမေကလည်း သူများပြဿနာတက်နေတုန်း တီဗီသွားမသယ်ပါနဲ့လို့ပြောတယ်၊ အခုက တီဗီသယ်ဖို့မဟုတ်ဘူးနော်၊ အစ်မကို စိတ်ပူလို့အရိပ်အကဲ လာကြည့်တာပါ အစ်မဖူးစာရဲ့"

"ဘာအရိပ်အကဲကြည့်တာလဲ"

"မသိဘူးလေ ... အဟီး"

"ကြာတော့ သည်းမခံချင်တော့ဘူးလေဟယ်၊ ကိုယ်လည်း မကြာခင်အလုပ်ကထွက်မယ့်တူတူပဲ၊ ခုလိုလုပ်လိုက်တော့ ကိုယ်ပြောချင်တာပြောခွင့်ရတယ်၊ ပြီးရော"

"ဂျီအမ်မ်ကြီးတော့ ... ဟီ ဟိ"

"ဝတ်ရမ်းနေရောလား"

"ဘယ်ကလာ အစ်မကလဲ၊ အသံကိုတိတ်နေတာ၊ မခံရစေဘူး အနှိပ်ခံလိုက်ရတာကိုး၊ အဲဒီကောင်တာတွေက မချိုတို့ပြော တာ၊ အစ်မက ဂျီအမ့်မ်ဖုန်းကို ပေါက်ခွဲလိုက်တာဆို"

"အေး"

"အမလေးနော် မြင်ချင်လိုက်တာ မြင်ချင်လိုက်တာ၊ သူ ဘယ်လောက်ဒေါသတွေထွက်နေမယ်ဆိုတာ၊ အောက်လူ က ခံအော်သွားတော့ မျက်နှာပူပြီးရှက်နေမှာပေါ့၊ ဒါကြောင့် တိတ်နေတာ"

"လူကြီးကို ခံမပြောချင်ပါဘူးဟယ်၊ ဒါပေမဲ့ လူတစ်ဖက် သားကို သူက စော်ကားလွန်းတယ်၊ ပြောသမျှလည်း လိမ့်တယ်ညာတယ် ပလီစီချောက်ချက်လုပ်တယ်ပဲ ဖွတ် စွပ်စွဲနေတာ၊ ကြာတော့ လူကခံပေမယ့် ဒေါသကမခံတော့ ဘူးဟာ၊ အဘိုးကြီး အုံ့အားသင့်ပြီးငြိမ်သွားတော့လည်း စိတ်မကောင်းပါဘူးဟာ"

"စိတ်မကောင်းမဖြစ်နဲ့ ပြီးတာပြီးပြီပဲဟာ၊ အစ်မ အလုပ် ထွက်သွားပြီဆိုတော့ ဝမ်းနည်းသား အစ်မရယ်၊ ညီမတို့ လွမ်းနေမှာ"

"ခု မထွက်လည်း လကုန်ထွက်မှာပဲလေဟယ်၊ ရက်ဖိုး ပဲစောတာပါ"

"အစ်မ ဘာကူလုပ်ရမလဲဟင်၊ ပစ္စည်းတွေ သိမ်းနေတာ လား"

"အေး ... စ,သိမ်းပြီ၊ ခဏနေ အိမ်ဝယ်မယ့်သူတွေ စာ လာချုပ်မယ်၊ သိမ်းတာတော့ ဒေါ်ဒေါင်းကြီးပဲကြည့်သိမ်း ပါလိမ့်မယ်၊ နင်တို့ညီအစ်မတော့ မပြန်ဘဲ ခဏနေပေးပါ ဦး၊ ငွေလာချေရင် ငွေကူရေပေးပါဦးနော်"

"ရတယ်လေ အစ်မ၊ နေပေးပါ့မယ်၊ တီဗီကြီးနဲ့ဆိုတော့ ကားငှားပြန်ရမှာပဲဟာ၊ သိပ်လည်းမဝေးပါဘူး"

"နင်တို့ တီဗီဖိုးပေးထားတဲ့ ငွေတစ်သိန်း ငါ ပြန်ပေးမယ် သိလား"

"ဟင် ... မရောင်းတော့ဘူးလား"

"မရောင်းတော့ဘူး ပေးပဲပေးတော့မယ်"

"ဘာကိုပြောတာလဲ"

"ငါလည်း ဒီက အပြီးပြောင်းဆိုတော့ အမှတ်တရပေါ့၊ လက်ဆောင်ပဲပေးခဲ့တော့မယ်၊ ငါလည်း မသယ်နိုင်ဘဲသူ များကို ပေးခဲ့မှာတွေ အားလုံးပဲ၊ နင့်ကိုတော့ နင်တို့ နဂို တည်းကလိုချင်လို့ဝယ်တဲ့ ဒီတီဗီကိုပဲ လက်ဆောင်ပေးခဲ့ မယ်၊ ဟိုရေခဲသေတ္တာအသေးလေးတော့ အညို့ကိုပေးလိုက် မယ်၊ သူတို့အိမ်မှာ ရေခဲသေတ္တာမရှိဘူးလေ၊ နင် နက်ဖြန် ဆက်ဆက်ပြောလိုက်နော် ခင်ဝင်းရည်၊ နက်ဖြန်ညနေ လာသယ်ဖို့၊ ငါက သုံးရက်ပဲနေတော့မှာ"

"အစ်မရယ် စိတ်မြန်လက်မြန်ရှိလိုက်တာ"

"ဟို ... ဟို ... တီဗီအလကားကြီးပေးတော့ အားနာစရာကြီး"

ခင်ဝင်းရည် အစ်မက အားနာပါးနာဝင်ပြောပါသည်။

"အားမနာပါနဲ့ ညီမ၊ လူဆိုတာ တစ်နေ့သေရင် တစ်လောကလုံးကို သံယောဇဉ်ဖြတ်ရမှာပဲလေ၊ ဒီလိုပစ္စည်းပစ္စယဆိုတာမျိုးတော့ သံယောဇဉ်ပြတ်ပါတယ်၊ ညီမတို့ကိုရောင်းလို့ရမယ့်ငွေတစ်သိန်း ဘာလုပ်ရမှာလဲ၊ ခဏနေသုံးလိုက်ရင်ကုန်မှာပဲ။ ခုလို အမှတ်တရလက်ဆောင်အဖြစ်ပေးခဲ့တော့ ညီမတို့ စိတ်ထဲ အစ်မကို မမေ့ဘူးပေါ့၊ သတိရနေမှာပေါ့"

"သတိကတော့ ရမှာပါ အစ်မရယ်"

"ဗီရိုတွေတော့ နုနုဆွေဆိုတဲ့ သူငယ်ချင်းကိုပေးလိုက်မယ်၊ ဒီဆဲက်တီလည်း သူ့ပဲသယ်ခိုင်းတော့မယ်၊ ခုတင်နှစ်လုံးတော့ ထားရစ်ခဲ့မလားလို့၊ အိမ်ဝယ်မယ့်သူတွေ သုံးပစေတော့၊ ကျန်တာတွေ ဒီလိုပဲ အဆင်သင့်သလိုပေးပစ်ခဲ့မှာပဲ၊ အစ်မလည်း ဘာမှသယ်လို့ရတာမှ မဟုတ်ဘဲလေ၊ သေတ္တာပဲလိုတာလေ"

စင်ကာပူသွားဖို့ ပြောနေတယ်ပဲထင်ကာ ရှည်ရှည်ဝေးဝေးတွေးကြပုံမရ။

"ဘုရားစင်နဲ့ ဘုရားဆင်းတုတွေတော့ အစ်မတို့အမေကိုးကွယ်တဲ့ကျောင်းကို လှူလိုက်တော့မယ်၊ ဦးပဉ္ဇင်းတွေကို လာသယ်ပါလို့ နက်ဖြန်ပဲဖုန်းဆက်ရမယ်"

ဖူးစာကလည်း ကိုယ်ဟာကိုယ် ပါးစပ်ကနေ လက်တန်းစီစဉ်ပြောကြားနေပါသည်။

"ဩော် ... အစ်မ ဟိုလေ ... ဦးအလင်းရောင် လာတယ်၊ သူ့ဟာသူလာတာ၊ ညနေလေးနာရီခွဲလောက်က၊ အစ်မကိုမေးသေးတယ်၊ ဈေးပြန်သွားတယ်လို့ သမီး ပြောလိုက်တယ်၊ နေကောင်းရဲ့လား မေးနေလို့ ကောင်းတယ်လို့ ဖြေလိုက်တယ်"

ဖူးစာ နှုတ်ဆိတ်၍ငိုင်သွားပါသည်။

ဦးအလင်းရယ် သံယောဇဉ်ကြီးရသူတွေထဲမှာ ထိပ်ဆုံးကပါ။ ချစ်သူလို့သာ ရင်ထဲကသုံးနှုန်းပါရစေတော့။ ကိုယ်သူ့ကို တကယ်ချစ်မိတာပဲလေ။ မဖြစ်နိုင်တုန်းက ငြင်းခဲ့ရတာ။ တော့ ပိုလို့ ပိုလို့တောင် မဖြစ်နိုင်တော့ဘူးပေါ့ ဦးအလင်းရေ။ သေရမယ်ဆိုရင်တော့ ချစ်ခင်သူတွေအနားနားမှာ မသေချင်ပါဘူး။ အသုံးတန်မပြတ်ဘဲ တငင်ငင်ဖြစ်နေရပါဦးမယ်။

ကိုယ်သေတော့မှာပါလားလို့သိကြပြီး ပူဆွေးကြေကွဲမှာကိုလည်း မလိုလားပါဘူး။ သေလွန်သွားပြီးတော့မှပဲ သူရှိတော့ပါကလားလို့ အထိတ်တလန့်ဖြစ်ရင် ဖြစ်ပါလေတော့။ ချစ်သူခင်သူတွေ ပတ်ပတ်လည်ထားပြီး လောကကြီးကို စွန့်ခွာ

သွားရလောက်အောင် ဖူးစာရဲ့ အသည်းဆိုင်မမာကျောနိုင်လို့ပါ ဦးအလင်းရေ။

"အလုပ်ထွက်တာတွေဘာတွေတော့ စကားရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာစိုးလို့ ညီမ မပြောပြလိုက်ဘူး"

"အေး ... ကောင်းပါတယ် ညီမရယ်၊ မပြောတာပဲကောင်းပါတယ်"

မနေ့က လိမ့်ကျတာကို သတင်းမေးလာတာဖြစ်မှာပင်။ သူ့ကိုတွေ့ရင် ဝမ်းနည်းအားငယ်နေမိဦးမှာမို့ မတွေ့လက်စနဲ့ မတွေ့ဘဲသာနေပါရစေတော့။

✧ ❣ ✧

၇

ကဲ ... လက်ထဲမှာ ပိုက်ဆံရှိတယ်ဆိုရင် ကိုယ်လုပ်ချင်နေတာ ဘာရှိသလဲ ?။

ပထမဆုံးတော့ ဖူးစာသည် ကားတစ်စီးငှားကာ နာမည်ကျော်ကြားလှသော Beauty Saloon တစ်ခုကို ထွက်လာပါသည်။ ရှည်လျားရိုးစင်းလှတဲ့ ဆံပင်ကြီးကို မကောက်စဖူး ကောက်ပစ်လိုက်မည်။ မလုပ်ဖူးတာတွေလုပ်မည်။ ဆံပင် မျက်နှာ ကိုယ်ခန္ဓာ ပေါင်းလို့ရသမျှ အကုန်ပေါင်းတင်ပါ။ Care လုပ်လို့ရသမျှ Skin အားလုံးကို Care လုပ်ပါ။ Beach သွားမှာမို့ Sun screen သုံးနည်းက အစသင်ပေးလိုက်ပါ။ ခြေသည်းလက်သည်းတွေပါ အားလုံးပြင်ပါ။

အဟင်းဟင်း ...။

သေခါနီး မသေခင်လုပ်တဲ့အလုပ်တွေကလည်း တိမ်လိုက်တာဟယ်လို့ ကဲ့ရဲ့ချင်လည်းကဲ့ရဲ့ကြတော့။ ဘဝမှာ သူတစ်

ပါးအတွက်ပဲ ပြည့်ဆည်းအသက်ဆက်လာခဲ့ရတာများတော့ ကိုယ့်အတွက် ကိုယ်လုပ်ဖူးတယ်ရှိအောင်လေ။ မသေခင်အချိန်အတွင်း လှလှပပကလေး ကြော့ကြော့မော့မော့ကလေး နေလိုက်မည်။

ပိုက်ဆံငွေကြေးဆိုတာဟာ မသေခင် နေရတုန်းတော့ သုံးဖို့စွဲဖို့ ရှာလိုက်ဖွေလိုက်ရတာ ရှာလို့တောင်မလောက်ပါ။ သေပြီဆိုရင် ဒီပိုက်ဆံတွေ ဘာလုပ်ဖို့ရသေးလို့လဲ။ ဖူးစာသည် သူတို့ရဲ့ ကုန်တိုက်သူဌေးကို ဟိုတစ်နေ့က စိစဉ်ဘွတ်ကင်လုပ်ပေးလိုက်ရတဲ့အတိုင်း ကိုယ့်အတွက်ကားကိုလည်း ထိုကားကုမ္ပဏီကပဲငှား။ ဟိုတယ်ကိုလည်း ကိုယ့်သူဌေးတည်းမယ့် (အကောင်းဆုံးဈေးအကြီးဆုံး)ဟိုတယ်မှာပဲ ဘွတ်ကင်လုပ်။

သေတော့မယ်ဆိုလို့ သွေးပျက်ရူးသွပ်သွားပလားလို့ ထင်ချင်ထင်ကြ။ ကိုယ်တိုင်ပင် တစ်ချက်တစ်ချက် အဲသလိုပဲ ထင်မိသေးသည်။

အဝတ်အစားဝယ်ဖို့ MKကိုဝင်သည်။ ကုတ်နဲ့ဘောင်းဘီရှည်အတွဲလိုက်။ ဘလောက်စ်နဲ့ စကတ်အတွဲလိုက်။ တစ်စုံကို ရှစ်သောင်း တစ်သိန်း ကျတဲ့အခါ အံ့သြဘနန်းဖြစ်ရသည်။ သေမှာမို့ပင် ဒီဇဟုသုတရတာ။ သေမှာသာမဟုတ်ရင် ဝတ်စုံတစ်စုံ ဒီလောက်ပေးရလိမ့်မယ် ထင်မှာမဟုတ်။ နှမြောတော့နှမြောပေမယ့် နှမြောနေတော့ကော ဘာအကျိုးထူးဦးမှာနည်း။

မေမေ့ဘုရားစင် ဘုရားဆင်းတုတို့လှူရင်း အဲဒီဘုန်းကြီးကျောင်းမှာ တူးနေတဲ့အစီစိတွင်းအတွက်လည်း ငွေလှူဒါန်း

လိုက်ပါသေးသည်။ ဟိုအရင်နဂိုကတည်းက (ကိုယ်ကလည်း သိပ်ပြည့်စုံတာမဟုတ်တော့) အလှူအကြီးကြီးတွေ လှူရတာထက် မရှိဆင်းရဲသားတွေကို ထမင်းတစ်နပ်ကျွေးလိုက်တာမျိုးလေး၊ နယ်ကဆေးလာကုရင်း ဆေးဖိုးပြတ်တဲ့ တောသူတောင်သားတို့ကို ဆေးဖိုးတတ်နိုင်သလောက်လှူတာလေး၊ အဘိုးအိုအဘွားအိုတို့ကို တတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲတာလေး။

မျက်စိရှေ့ တကယ်ဒုက္ခဖြစ်နေတဲ့ လိုအပ်နေတဲ့သူတွေကို တနိုင်တပိုင် ကူညီလှူဒါန်းရတာမျိုးလေးအပေါ် ပိုမိုအာသီသရှိခဲ့တဲ့ ဖူးစာက ခုလည်းပဲ သွားရင်းလာရင်း ကြုံသလို လှူဒါန်းပေးကမ်းပါသည်။ ဒီရက်ပိုင်းလေးအတွင်းမှာ တကယ်ကုသိုလ်မြည့်အလှူသေးသေးလေးတွေလည်းပြုပါရဲ့။ ထပ်လည်းပြုဦးမှာ။

လှဖို့ပဖို့ကိစ္စတွေ သုံးဖြုန်းပစ်မိတာကိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း တားမြစ်ပညတ်မနေချင်တော့ပေ။ ဖြုန်းဖူးတယ်အောင်။ စိတ်ကလည်း ခပ်လေလေရယ်လေ။ တက္ကစီတစ်စီးနှင့်တ်ကာ ခရီးသွားဖို့ ဝယ်ခြမ်းသမျှအကျီတွေက ရယ်ဒီမိတ်တွေည်း (ချုပ်နေချိန်လည်းရှိမှမရှိတာ)။ ခရီးဆောင်အိတ်က ဘလေ်က ဆဲမ်ဆိုနိုက်ကို သွားဝယ်သည်။ (ကျော်ကျော်မြင်လျှင် ငိုင်းချသွားနိုင်သည်)။

လွယ်ဖို့အိတ်က လိပ်ကျောက်မြီးအိတ်။ ဖိနပ်က at wave။ နေကာမျက်မှန်က Guess။ Fashion Accessory

အနုံအလင်း။ မိန်းမတစ်ယောက် လှပရှိုးကျဖို့အတွက် လိုအပ်ကျန်
ရစ်ခဲ့တဲ့ပစ္စည်း မရှိစေရ။

ဒီလို စိတ်ထင်ရာတွေ ဆင်ခြင်သုံးသပ်နေခြင်း မရှိ
တော့ဘဲ စိတ်ကူးပေါ်သလို လုပ်ပစ်နေတဲ့အတွက် ပျော်သလား
ဆိုတော့လည်း ပျော်လှသည်မရှိ။ သုံးစွဲလိုက်ရလို့ ကျေနပ်တယ်
လည်း မဟုတ်။ ရည်မှန်းတာကတော့ လက်ထဲကငွေလည်းကုန်
ကိုယ်လည်းသေပဲ။ ဘာကိုမှ အလေးအနက် မတွေးချင်တော့
အားလုံးကို ပေါ့ပေါ့ပါးပါးပဲ ထားလိုက်ချင်ပါတော့သည်။

"တူတူ ... တူတူ"

ခြေသည်းလက်သည်းတွေ ပုံဖော်ဆေးခြယ်နေရင်း
တယ်လီဖုန်းလေးမြည်လာပါသည်။ အိမ်ဝယ်သူတို့ထံမှ တန်ဖိုး
သင့်ကာ ဖလှယ်ယူလိုက်တဲ့ ဟဲန်းဒ်ဖုန်းလေးလေ။

"ဟယ်လို"

"မအိနဲ့ ပြောချင်လို့ပါ"

"ဪ ... ညီမလေးရေ မအိဖုန်းကို အစ်မ ဝယ်လိုက်
လို့ပါ။ မအိ လက်ထဲမှာ မဟုတ်တော့ပါဘူး"

"ဪ ... ဆောရီးပါ"

ဖုန်းကလေးကိုပိတ်ကာ ဖူးစာ ငိုင်ငေးနေမိသည်။
မနက်ဖြန်မနက်ဆိုရင် ငွေဆောင်ကိုထွက်ပြီ။ ငွေဆောင်မှာ ဘယ်
ရက်နေမယ် မဆုံးဖြတ်ထားသေး။ ကိုအလင်းရောင်ကို ဆက်
လိုက်တာ။ သူ နေ့တိုင်း ကုန်တိုက်ကိုလာသည်ဆိုတာ ရှာ

သတင်းပြန်ကြားနေရပါသည်။ ဖူးစာကို မေးပေမယ့် ကောင်မလေး
တွေကလည်း ဖူးစာ မှာထားတဲ့အတိုင်း ဒီနေ့ အလုပ်မလာပါဘူး
ည်းဖြေကြတာပင်။

ခေါင်းဆောင့်ပြီးကတည်းက ရုံးမတက်တော့သလို
ဖြစ်တာမို့ သူ စိတ်တော့အတော်ပူနေရှာတော့မှာ။

ဖူးစာက သူ့အသည်းထဲမှာ မြဲမြဲစွဲစွဲ သိထားတဲ့
ပါတ်တစ်ခုနှင့် ကောလ်တာတစ်ခုလုပ်လိုက်ပါသည်။ ခေါ်ဆိုနေ
တဲ့ အသံကြားနေခိုက်မှာ နှလုံးသားတွေက သိမ့်သိမ့်တုန်ဟည်း
သည်။ ဒီဖုန်းလေး လက်ဝယ်ရောက်ရှိပြီးကတည်းက တစ်ကြိမ်
ဖုန်းမခေါ်ရသေးပါ။ ဒါဟာပထမဆုံး။

"ဟယ်လို"

သန့်စင်ကြည်လင်အေးမြတဲ့ ထူးသံတစ်ခု။ ဖူးစာ
ည် အသံ၌ မိန်းမူးဝေးငိုင်နေပါသည်။

"ဟယ်လို"

"......"

ရုတ်တရက် မျက်ရည်လည်လာမိပြီး ဖူးစာက ဖုန်းကို
ုတ်ကလေးနှိပ်ချလိုက်မိပါသည်။ ခလုတ်ကို ဆက်တိုက်ကြီး
ထားမိသည်။ ဖုန်းက လိုင်းအဆက်အသွယ်ရပ်ရုံမက ပါဝါပါ
ောက်သွားတော့တဲ့အထိ လုံးလုံးပိတ်ကျသွားရပါသည်။

နှုတ်ခမ်းလေးနှစ်လွှာကို တင်းတင်းဖိကြိတ်ကာ မျက်
ည်ကို မျက်တောင်ပုတ်ခတ်သွင်းရင်း ဝမ်းပန်းတနည်း ရင်ကွဲ

ဖြစ်နေသည်။ ဒီဘဝကြီးတစ်ခုလုံးကို လပိုင်းအတွင်း တွေ့တစ်စွန့်ခွာရတော့မှာပါလား။ မစွန့်ခွာချင်လိုက်တာ။ ကိုယ့်အတွက်အကောင်းဆုံး မဟုတ်ခဲ့ပေမယ့် ဒီဘဝလေးကို ဖူးစာ မြတ်နိုးပါသည်။

ဒီဘဝလေးထဲမှာ ချို့တဲ့ပေမယ့် သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင်ကလေး ဖူးစာ နေထိုင်ခဲ့ပါတယ်။ ကောင်းသောစိတ်ကို မွေးခဲ့ပါတယ်။ ဘာနာမည်ပျက် နာမည်ဆိုးမှ မရှိခဲ့ပါဘူး။ လူမှန်းထက် လူချစ်လူခင်များခဲ့ပါတယ်။ ကိုယ့်ဝန်းကျင်မှာ ရှိသမျှ လူတွေအားလုံးအပေါ် ကိုယ့်ဘက်က အမြဲမေတ္တာပဲ ရှေ့ရှုပေးဆပ်ခဲ့ပါတယ်။

ဘဝမှာ လူလူချင်းဖြစ်စေ အခြေအနေတစ်ခုနဲ့ဖြစ်စေ ဆိုးဆိုးဝါးဝါး ပဋိပက္ခပြဿနာမျိုးလည်း မရှိခဲ့ပါဘူး။ သူသူကိုယ်ကိုယ် လူအများတွေလိုပဲ ဒီထက်ပိုအဆင်ပြေချောမွေ့သာယာလာမယ့် ဘဝတစ်ခုကို မျှော်လင့်ချက်တစ်ခုနဲ့ စောင့်ဆိုင်းရှေ့ဆက်နေခဲ့ပါတယ်။ ဖူးစာမှာ ဘာအမှားတွေများ ရှိခဲ့လို့လဲရှင်။ ဝဋ်ကြွေးဆိုရင်တော့ ဒီဘဝမှာ ဘယ်သူ့အပေါ်မှ မကောင်းစိတ်တောင်မမွေး ကိုယ့်ထိလက်ရောက်မကောင်းမှုပြုဖို့ဝေးရောမို့ ဟိုရှေး ဘဝရဲ့ အကုသိုလ်ဝဋ်ကြွေးသာလျှင်ဖြစ်မှာပါ။

"အစ်မ ကြိုက်လား"

ဖူးစာက ကြမ်းပေါ် အားရပါးရထိုင်နေတဲ့ ကောင်မလေး အမေးကြောင့် သူ ကိုင်တွယ်နေတဲ့ ကိုယ့်ခြေထောက်ထို

ငဲ့ကြည့်လိုက်ပါသည်။ အောင်မလေး ... အံ့ဩဘနန်း။ စိတ်ရှည်လိုက်တာ။ ခြေသည်းတွေဟာ အသေးစိတ်ခြယ်မှုန်းထားတဲ့ စိတ္တဇ ပန်းချီကားလေးတွေသဖွယ် ဆန်းကြယ်နေသည်။

"ကြိုက်တယ် ညီမလေး ကြိုက်တယ်"

"ဒါဖြင့် လက်ကိုလည်း ဒီအဆင်ဒီဒီဇိုင်းပဲလုပ်လိုက်မယ်"

"လုပ် လုပ်"

"ဘာအင်္ကျီအရောင်ဝတ်ဝတ် လိုက်တယ်သိလား အစ်မ"

"အင်း ... အင်း ... ကျေးဇူးပဲ"

တစ်နေကုန် အလှအပကိစ္စနှင့် အချိန်ကုန်ဆုံးရပြီးသော် ဖူးစာသည် တစ်ချက်တစ်ချက် ငိုက်မြည်းလို့ပင်နေသည်။ တစ်ကိုယ်လုံး ပေါင်းတင်တုန်းကတော့ တစ်ချက်လောက်တောင် ပျော်သေးသလားပဲ။ တစ်ကိုယ်လုံးကို အဆီတွေနှင့် လိမ်းကျံနယ်ပေးနေတာကို မှောက်ရက်ခံယူနေရတာ ငိုက်မြည်းလာတာပါ။

တကယ်တော့ လှချင်လွန်းလို့ လုပ်နေတာလည်း မဟုတ်။ ဘဝမှာ မလုပ်စဖူးတွေကို တစ်ခါမှမလုပ်လိုက်ရဘဲ မသွားရအောင် အရွဲ့တိုက်ပြီးလုပ်နေတာပင်။ ဟုတ်တယ်လေ။ သခင် အစွမ်းကုန် လှလိုက်စမ်းပါ။ ဒါမှ လှလှလေးသေရအောင်။

ခုအချိန်ထိ ဖူးစာသည် သူသေရင် ဘယ်နေရာမှာ လိုက်မည်လို့ နည်းနည်းလေးမှ မစဉ်းစားရသေး။ ချစ်ခင်သူ

သံယောဇဉ်ရှိသူအပေါင်းအသင်း အသိုင်းအဝိုင်းကလူတွေ အနား မှာမရှိဘဲ သေချင်သည်။ ကမ်းခြေမှာပဲ တစ်လလုံးတော့လည်း ပျင်းဖို့ကောင်းလှမည် ထင်ပါရဲ့။ ဘာလုပ်နေရမှာလဲ။ ဒါဆိုရင် ကမ်းခြေက ပြန်လာပြီးရင် ဘယ်မှာသွားနေရမှာလဲ။

နုနုဆွေ အိမ်ပေါ်ကို အချိန်မရွေး တက်နေနိုင်သလို အလုပ်ကခင်မင်တဲ့ အညိုတို့ ခင်ဝင်းရည်တို့မပြောနဲ့ မခင့်တခင် သန္တာတို့ စုလှဲ့တို့ စသဖြင့် ဖူးစာကိုချစ်ခင်ကြတဲ့ အပေါင်းအသင်း လေးတွေ အများကြီးဟာလည်း တစ်ပတ်နှစ်ပတ် အိမ်ပေါ်နေပါရ စေဆိုရင် ငြင်းမယ်မထင်။ ကိုယ်ကသာ အားနာရမှာ။

အမျိုးတွေရော။ ဝမ်းကွဲအမျိုးတွေလေ။ နေမယ်ဆို ရပါတယ်။ မနက်ကလည်း ဝမ်းကွဲတည်းက အရင်းဆုံးအဒေါ်နှစ် ယောက်နှင့် ဘကြီးတစ်ယောက်ရဲ့ အိမ်သုံးအိမ်ကို တစ်အိမ်တက် ဆင်း နှုတ်ဆက်ကန်တော့ရင်း ခရီးသွားတော့မှာမို့လို့ အကြောင်း ပြရင်း တစ်ဦးကို ငွေတစ်သိန်း ကန်တော့လိုက်သေးသည်။

ပေးနေလည်းမကျ၍ (ပေးလည်း မပေးနိုင်ခဲ့လို့) ဘကြီးတို့ အဒေါ်တို့ အံ့အားသင့် ဝမ်းသာနေကြသည်။ သီတင်း ကျွတ်မှပဲ တစ်နှစ်ကိုတစ်ခေါက်ရောက်ကာ လိမ္မော်သီးတွေ ကိတ်မုန့်လေးနဲ့ပဲ ကန်တော့နေခဲ့ရတာမဟုတ်လား။ မဆင်းရဲသော် လည်း အကြွယ်ဝကြီးတွေလည်း တစ်ယောက်မှမဟုတ်တဲ့ ဘကြီး အဒေါ်တို့မှာ ဝမ်းနည်းဝမ်းသာဖြစ်နေကြသည်။ ဖူးစာမှာလည်း ဝမ်းနည်းဝမ်းသာပင်။

ဒါပေမဲ့ သူတို့ထံလည်း တက်ဒုက္ခပေးပြီးမသေချင်။ အကောင်းဆုံးလို့ထင်ရတာကတော့ ကမ်းခြေမှာသာ ကြာကြာလေး နေပြီး နောက်ဆုံးပိုင်းရက်တွေမှာ လူသိနည်းတဲ့ အေးဆေးဆိတ် ငြိမ်တဲ့ ပုဂ္ဂလိကဆေးရုံတစ်ခုခုကို တက်နေလိုက်ဖို့ပင်။ ခုခေတ်မှာ အားနည်းနေလို့ အနားယူတာပါဆိုပြီးတော့ ဆေးရုံတက်လို့လည်း ဘယ်ဆေးရုံကမှ မောင်းချနေမှာမဟုတ်။ အလွယ်တကူပင်။

ဒါကြောင့်လည်း ကြားဖူးတာတစ်ခုက ဟိုးနယ်စွန် နယ်ဖျားကတက်လာတဲ့ တိုင်းရင်းသားသူဌေးတွေဟာ ရန်ကုန်ကို လာပြီး မရှိရှိတဲ့ရောဂါရှာပြီး နှလုံးအားနည်းတယ်၊ သွေးတိုးနေလို့ နားရမယ် စတဲ့အကြောင်းတွေရှာကြကာ ဆရာဝန်တစ်ယောက် ယောက်နဲ့ပြပြီးရင် နယ်ကိုလည်းပြန်ဖို့ အားမရှိသေးသလို ဖုတ် လိုက်ဖုတ်လိုက်လုပ်ပြပြီး ဆေးရုံမှာ အနားယူဖို့လက်မှတ်ရအောင် ကြိုးစားကြသတဲ့။

ဆရာဝန်က ဆေးရုံတက်ချင်တက်နားလေလို့ ဆို လိုက်ရင် ဆေးရုံက ကောင်းပေ့ဆိုတဲ့ မိသားစုပါ လိုက်အိပ်လို့ ရတဲ့ အခန်းအကျယ်ကြီးယူမှ အပြင်က ဟိုတယ်ခရဲ့ တစ်ဝက် လောက်မကျဘူးတဲ့။ အပြင်မှာ ဒီမိသားစုဦးရေနဲ့ ဟိုတယ်ခန်းငှား ရင် မနည်းကျမှာဖြစ်ပေမယ့် ဆေးရုံကျတော့ တစ်ခန်းစာနဲ့တင် အိမ်းမရော သမီးရော သားရော ချွေးမရော မြေးတွေရော ဝင်နေ လို့ရသတဲ့။

နေ့လယ်ကျ သားသမီးဇနီးတို့က သူ ညွှန်ကြားသလို စီးပွားရေးကိစ္စ ပတ်လုပ်ကြ။ သူကတော့ လူနာမို့ ဆေးရုံခုတင်ပေါ် ငြိမ့်ငြိမ့်ကြီးနေပြပေါ့။ ဒါတောင် တချို့ကျ လူနာကိုယ်တိုင် လစ်ထွက်သွားပြီး ခွင်ကလေးဘာလေးသွားဖန်လိုက်သေးတာတဲ့။ လူနာခန်းကျယ်ကြီးထဲ Suitcase တွေ အိတ်တွေ ပလုံးတွေ အကုန်ပုံထားပြီး ခုတင်ပိုမှာ အိပ်သူအိပ်၊ ကြမ်းပေါ်ဖျာခင်းအိပ်လို့ အိပ်။

စစ်မယ့်ဆေးမယ့်သူတွေ ဆရာဝန် နာ့စ်တွေလာ လောက်ချိန်ဆို အပြင်ထွက် ကိုယ်ရောင်ဖျောက်ရင်ဖျောက်၊ အိမ် သာထဲဝင်ရင်ဝင်နေ။ တီဗီနဲ့ ဆက်တလိုက်နဲ့၊ ရေခဲသေတ္တာနဲ့ အဲကွန်းနဲ့၊ ဖုန်းနဲ့ တစ်နေ့မှာ ဘာမှမကျဘဲ ဆယ်ရက်လောက် ဆေးရုံတက်သွားပြီးရင် သူတို့အလုပ်ကိစ္စလည်းပြီး လက်ထဲလည်း အကျိုးအမြတ်တွေ မျိုးမျိုးမျက်မျက်နဲ့။ နာ့စ်တို့ ဘာတို့ကိုလည်း Tip တွေပေးလို့။ ဟုတ်နေကြတာတဲ့လေ။

ဒီလိုအဖြစ်မျိုးတွေရှိကြောင်း သူများပြောတာကြား ဖူးနားဝနှင့် ဗဟုသုတ ရှိရပါသည်။ ဖူးစာကတော့ လိမ်ညာပြီး ဆေးရုံတက်နေရမှာတော့မဟုတ်။ သူ့ကိုပေးလိုက်တဲ့ MRT ကြီးနဲ့ ရိုက်ထားတဲ့ပုံတွေထဲမှာ ဒီလောက်ထင်ရှားနေတဲ့ Tumour ကြီး တွေနဲ့လူနာလေ။ စိတ်လုံလုံနဲ့တက်လို့ရသည်။

"ကဲ ... အစ်မ အရမ်းကိုလှသွားပြီ၊ တစ်ကိုယ်လုံး ဘာမှ ပြောစရာမရှိတော့ဘူး"

ဖူးစာက မှန်ကြီးထဲ ငေးကာကြည့်နေမိပါသည်။ ...နွံ့တွန့်ကလေး တချောင်းချင်းခွေကာကျသွားတဲ့ ဆံပင်ရှည်ကြီး ... တင်းပါးကိုလွှန်နေရာ ကြည့်ရတာ ဆန်းသစ်နေပါသည်။ ဆံပင်ကြီးတစ်ခုတည်းကောက်ခက တစ်သိန်းခွဲတဲ့။ အင်း ... ...ရှိရင် လူဟာ လှတာပဲဆိုတာ မှန်တယ်ထင်ပါရဲ့။

ဆံပင်ပေါင်း၊ မျက်နှာပေါင်း၊ ခန္ဓာကိုယ်ပေါင်း၊ ...တွေလက်တွေ ဖယောင်းတင် Waxတိုက်၊ ခြေသည်းလက်သည်း ...သွင်းဆေးခြယ်၊ ဘာလုပ်ဖို့ကျန်လဲ။ ဘာမှကို မကျန်တော့ဘူး။ ...ာလည်း ရုပ်တောင်ပြောင်းသွားပြီ။ ခုနေ နှုန္တခွေနဲ့ မျက်နှာ ...င်းဆိုင်ဆုံရင်တောင် ဒီရုပ်ကြီး ဘယ်လောက်သိသိ ဒီအပြင် ...ဆင်မျိုး ဖူးစာ လုပ်မှာမဟုတ်ဆိုပြီး ကျော်တောင်ကျော်သွားမှာ။

"အစ်မ ခရီးသွားမှာဟုတ်လား"

"အင်း"

"ဘယ်လဲ အစ်မ"

"အင်း ... Beach ကိုပါ"

"ဒါဖြင့် ပြန်လာရင် တစ်ခါလာပြီး Treatmentယူဦးနော်၊ Beach မှာ အသားအရေ အပျက်စီးဆုံးပဲ။ အပေါ်ကနေနဲ့ အောက်က ပင်လယ်ရေနဲ့ ရေထဲဆင်းတာတောင် ဦးထုပ်ဝိုင်း ဝိုင်းကြီးဆောင်းနော်၊ နေကာမျက်မှန်တပ်၊ မိုးလင်း ရေချိုး ပြီးတာနဲ့ ဟောဒီ Sun Screen ကို တစ်ကိုယ်လုံးလိမ်း။ အနံ့လိမ်း။ ဒီတစ်ဘူးကို လေးရက်တော့ လိမ်းရပါတယ်။

အစ်မက ထပ်ယူဦးမယ်ဆိုတော့ ဒီမှာနှစ်ဘူးထည့်ပေးထားတယ်နော်၊ ဆံပင်ကကောက်ပြီးစဆိုတော့ ပထမတစ်ရက်နှစ်ရက်ကို ပင်လယ်ရေ မထိနေစေနဲ့ဦး ...

ဟောဒီမှာ ခေါင်းကိုထုပ်ဖို့ကက်ပ်။ ဆံပင်ကို အဖျားကနေ ဟောဒီရာဘာတံနဲ့ညှပ်လိုက်ပြီး လိပ်လိပ်တင်သွားပြီးတော့ ထိပ်ဆုံးရောက်ရင် သေချာဖိပြီးမှ ဟောဒီကတ်ပ်ကိုစွပ်၊ သူက အကျပ်၊ လုံးဝ ရေမဝင်ဘူးသိလား အစ်မ"

"အင်း ... အင်း ... အင်း"

"ညကျအိပ်ခါနီးကျ Skin Care Night Cream တစ်ကိုယ်လုံးပြန်လူးအိပ်နော်၊ ဒီအတိုင်းသာလိုက်နာ၊ ကမ်းခြေမှာဘယ်နှရက်နေနေ အစ်မ အသားအရေ ပစ်စလက်ခတ်မပျက်ဘူးသိလား အစ်မ"

"အင်း ... အင်း"

"ပြန်ရောက်တာနဲ့ ဒီကိုတန်းလာနော် အစ်မ၊ Sauna တွေဘာတွေပြန်လုပ်မယ်၊ အကောင်းပကတိဖြစ်အောင် ပြန်ထိန်းသိမ်းမယ်"

ဘာအတွက်လဲ ...။

စိုစိုပြည်ပြည်လေးသေဖို့ပေါ့နော်။ ဖူးစာသည် စိတ်ပါလက်ပါ စေတနာပါပါ ရှင်းပြနေတဲ့ Beautician လေးကို အားနာ၍ စောဒကမတက်သော်လည်း သူ့စိတ်ထဲတော့ ငိုချင်ရယ်ချင်ဖြစ်နေသည်။ ဒီလောက်ငွေတွေ တစ်ပုံကြီးကျအောင် တစ်ကိုယ်

လုံးပြုပြင်တော့ အမြဲကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်သ,နေသူလို့ပဲ ထင်မှာပါ။ သူ့အတွက် ငွေထွက်မည့် Customer တစ်ယောက်ရပြီပေါ့။ ဒီတော့ ဂရုတစိုက် သူ့ခမျာ အာပေါက်မတတ်ရှင်းပြနေသည်။

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ သွားတော့မယ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ကားရော အစ်မ၊ မပါဘူးလား"

"အင်း ... မပါဘူး"

"ဖုန်းဆက်ဦးလေ၊ အေးအေးဆေးဆေးစောင့်လေ၊ ရတယ်အစ်မရဲ့ အားမနာနဲ့"

ကိုယ်ပေါ်မှာ Designer's clothes တွေနှင့် အကောင်းစားအသုံးအဆောင်တွေနှင့် ဖူးစာကို သူဌေးမကြီးပဲ ထင်နေမှာပေါ့။

"ကားပဲငှားပြန်မှာ ညီမရဲ့"

"ဒါဖြင့်လည်း ငှားပေးမယ်၊ ဟော့ ... သမီးတစ်ယောက် ကားထွက်ငှားပေးလိုက်"

ဖူးစာသည် မနေတတ်မထိုင်တတ်ကလေးပြုံးကာ ဆိုင်ထဲပဲထိုင်စောင့်ရသည်။ ဆိုင်က ကလေးမလေးတစ်ယောက် သွားငှားပေးတဲ့ကား ရောက်လာတော့မှ တစ်ဆိုင်လုံးကို နှုတ်ဆက်ထွက်လာခဲ့ရပါသည်။

နက်ဖြန်မနက်စောစော ငွေဆောင် Beach သွားဖို့ ...ထားတဲ့ကားရောက်မည်။ အိမ်ဝယ်သူ မအိတို့လင်မယားကို ...က်ဖြန့် တက်လို့ရပြီဆိုတာ လှမ်းပြောပြီးပြီ။ အိမ်ပြန်ရောက်တဲ့

အခါ တစ်နေ့လုံးပင်ပန်းနွမ်းနယ်လာတဲ့ ဖူးစာသည် ခြေကုန်လက်ပန်းကျကာ အလမ်းမ်ပေးပြီး အိပ်မောကျသွားပါတော့သည်။

✧ ❣ ✧

ဖုန်းမြည်လာသံကြောင့် ဖုန်းလေးထုတ်ကာ ဖွင့်နားထောင်လိုက်ပါသည်။ အဲကွန်းကောင်းကောင်းကားထဲမှာ နောက်ခန်း၌ တစ်ယောက်တည်း ဇိမ်ကျကျမှီထိုင်နေရင်းက ...

“ဟယ်လို”

“ဖူးစာ”

ငိုသံပါကြီးကြောင့် ဖုန်းလွတ်ချမိမတတ် လန့်ဖျပ်သွားပါသည်။

“ဖူးစာ ... ဖူးစာ မဟုတ်လား၊ နင် ဖုန်းမပိတ်နဲ့နော်”

ဖူးစာ တိတ်နေမိသည်။ နုနုဆွေ။ ဘာဖြစ်လို့ ငါ့အတွက် စိတ်ရှုပ်ခံ စိတ်ဆင်းရဲခံနေပါသလဲ သူငယ်ချင်းရယ်။

“ဖူးစာ ဖုန်းမပိတ်နဲ့နော်၊ ငါ တောက်လျှောက်ခေါ်နေမှာ”

“မပိတ်ပါဘူးဟာ ပိတ်စရာလား”

“နင် ဘယ်မှာလဲ”

နုနုဆွေက မေးရင်းငိုချလိုက်ပါသည်။ သူ ငိုမှ ဖူးစာလည်း မျက်ရည်တွေ ချက်ချင်းလိုက်ကျလာသည်။

“ငါ လမ်းမှာ”

“ဘာလမ်းမှာလဲ”

“လမ်းတစ်နေရာပေါ့ဟာ”

“ဖူးစာနော် ... နင်နော်၊ နင် ငါ့ကို စိတ်ဆင်းရဲအောင်လုပ်နေတာလား”

“ငါ ဘာလုပ်မိလို့လဲ နုဆွေရယ်”

ဖူးစာသည်လည်း ရှိုက်ရှိုက်ကာငိုမိ၍ ရှေ့ကကားသမားပင် နောက်ကြည့်မှန်မှ စူးစမ်းလာသည်။

“ငါ မနေ့ကလည်း တစ်နေကုန် နင့်ကိုရှာတာ၊ နင့်အိမ်လာလိုက် သော့ခလောက်ပဲတွေ့လို့ ပြန်ထွက်သွား၊ ကုန်တိုက်သွား၊ တစ်ခါ နင့်အိမ်ပြန်ရှာ၊ ဖုန်းပဲဆက်ရင် နင်ကမရှိဘူးဆိုပြီး လာမကိုင်ဘဲနေရင်နေမှာဆိုပြီး လူကိုယ်တိုင်လိုက်နေတာ၊ နင့်အိမ်ကို မနေ့က သုံးခေါက် ပြန်ဝင်တယ် ...

သုံးခေါက်စလုံး သော့ခလောက်၊ ငါ နောက်ဆုံးပြန်တော့ ညခုနစ်နာရီ၊ အတူတူလိုက်တဲ့ ငါ့တူမလေးလည်း ညည်းညူပြီမို့ ပြန်သွားတာ”

“ဘာလို့ အဲသလိုလိုက်ရှာနေလဲ နုနုဆွေရယ်၊ ပင်ပန်းလိုက်တာဟာယ်၊ ငါ ညကရှစ်နာရီ ပြန်ရောက်ပါတယ်”

“နင် ဘယ်တွေ လျှောက်သွားနေလဲ၊ နင် ဘာမဟုတ်တာတွေ လျှောက်လုပ်နေလဲ”

"ငါက မဟုတ်တာတွေ လုပ်မယ့်သူလား၊ လုပ်ရမယ့်အရွယ်လားဟဲ့၊ ငါ စိတ်ပြေလက်ပျောက်နဲ့ အလှပြင်ဆိုင်သွားနေတာပါ၊ ခြေဆုံးခေါင်းဖျား အလှတွေပြင်နေတာ တစ်နေကုန်ပဲ၊ အခု ငါ အရမ်းလှနေတယ်ဟဲ့"

"ကောင်မစုတ်"

နုနုဆွေရဲ့ ငိုသံပါ ရယ်သံတစ်ဝက် ထောပနာသံက ဖူးစာရဲ့မျက်ရည်ကို ပိုပြီးချူချပါသည်။ ဘာမှမဖြစ်သလို ခပ်ရွှင်ရွှင်စကားတွေဆက်နေပေမယ့် ဒါဟာ နုနုဆွေ အငိုတိတ်ဖို့သာ။ ကိုယ်တိုင်တော့ တစ်ဖက်မှာခိုးငိုနေမိတာ။

"နင် ခုဘယ်မှာလဲ"

"တစ်နေရာရာမှာပေါ့ဟာ"

"ဖူးစာနော် ငါ့ကို စိတ်ပူအောင်မလုပ်ပါနဲ့၊ နင် ဘယ်မှာလဲ ပြောစမ်းပါ၊ ဒီမနက် နင့်အိမ်ကိုဝင်တော့ တံခါးသော့ခတ်လို့၊ ပထမ နင် ညပြန်မအိပ်ဘူးလားတောင် ထင်တာ၊ ခဏနေတော့ မအိ ရောက်လာတယ်၊ နင် ဒီမနက်အစောအိမ်ပေါ်က ဖယ်မယ်ပြောတယ်တဲ့၊ သူ့ကိုတော့ တစ်နေ့ကတည်းက သော့ပေးထားတာတဲ့၊ သူတို့လာမှ နင် ဖယ်မယ်ထင်နေတာ၊ နင်က ကြိုထွက်သွားပြီး ဘယ်သွားနေတာလဲ၊ မအိက ဒီဖုန်းနံပါတ်ပေးတာ၊ နင့်လက်ထဲမှာ ဒီဖုန်းကိုင်ထားလိမ့်မယ်ဆိုလို့ အခု ငါ ဆက်တာ"

"နုဆွေ ... သူငယ်ချင်း ငါ့အတွက် စိတ်မပူပါနဲ့ဟယ်၊ ငါ ဘာမှမဖြစ်ပါဘူး၊ ငါ့ကိုစိတ်ချပါ"

"ဖူးစာ ... နင့်မှာ ရောဂါဝေဒနာကြီးနဲ့လေ၊ နင် ဒီလိုပျောက်သွားနေလို့ ဘယ်ဖြစ်မလဲ၊ အခု နင်ရှိတဲ့နေရာ ငါ့ကိုပြော၊ ငါ လာခေါ်မယ်"

"အဲဒီရောဂါဝေဒနာကြီးက ငါမှ ဘာမှခံစားမနေရတာ၊ သိလို့သာသိလိုက်ရတာ၊ ဘာမှမှမဖြစ်တာ၊ ငါ အကောင်းပဲ ဘာမှလဲကုသဖို့မလိုဘူး၊ နင် စိတ်ပူမနေနဲ့"

"မရဘူး အခု နင့်မှာ နေစရာလည်းမရှိဘူး၊ ငါ့ဆီလာနေ"

ပြောပြီး နုနုဆွေက တအီအီငိုနေပါသည်။

"ငါ့ကိုချစ်ရင် မငိုပါနဲ့ နုဆွေရယ်"

"ငိုမယ် ... ငိုမယ်၊ နင် ဘယ်သွားနေမလို့လဲ၊ ဘာလုပ်မလို့လဲ၊ နင် နင့်ကိုယ်နင် တစ်ခုခုလုပ်တာတွေ ဘာတွေ မလုပ်ရဘူးနော်"

"မလုပ်ပါဘူးဟာ၊ ငါ ကိုယ်ကိုယ့်ကိုယ်လည်း သတ်မသေရဲဘူး စိတ်ချ"

"နင် ဘယ်မှာလဲ ငါ့ကိုမပြောတာက ဘာအဓိပ္ပာယ်ရှိလဲ"

"နုဆွေ ငါ ချစ်တဲ့ခင်တဲ့သူတွေလက်ထဲမှာ ငါ မသေချင်ဘူးဟာ"

"ဘယ်ရမလဲ"

နုနုဆွေကား သနားစဖွယ် ငိုနေရှာပါသည်။

"ငါချစ်တဲ့လူတွေကို ငါ့ကြောင့် ခံစားပြီးမကျန်ရစ်ခဲ့စေချင်ဘူး"

"နှင် ဘယ်မှာနေနေ ဘယ်လိုလုပ်လုပ်ခံစားရမှာပဲ၊ ဘာမှမထူးဘူး၊ နှင် အခု ဘယ်မှာရှိလဲ ငါ့ကိုသာပြော"

"ငါ ဘယ်သူ့ကိုမှမပြောခဲ့ဘူး၊ နှင့်ကိုလည်း မပြောတော့ဘူးဟာ"

"ငါ့ကိုပြော"

"မပြောဘူး"

"နှင် ကိုအလင်းရောင်ကိုရောပြောလား"

"ဘယ်ပြောပါ့မလဲ နုနုဆွေရယ်"

"တကယ်နော်"

"တကယ်ပါ၊ ငါ နှင့်ကိုမှမပြောရင် တခြားပြောစရာလည်း မရှိဘူး၊ လုံးဝမပြောတာ၊ ဘယ်သူမှမသိဘူး၊ နှင်လည်း သူ့ကိုသွားမပြောပါနဲ့နော်"

"ငါမှမသိတာ"

"ငါ့ရောဂါကိုလေ"

"......"

"ငါ ဘာဖြစ်နေတယ်ဆိုတာ ဦးအလင်းကို မပြောပါနဲ့ နုနုဆွေရယ်၊ သူ မတော်တဆ နှင့်ဆီရောက်ချင်ရောက်လာမှာ၊ ခေါင်းဆောင့်မိပြီးတဲ့နေ့ကစပြီး ငါ ပျောက်သွားတာကို သူလည်း စိတ်ထဲတစ်မျိုးဖြစ်မှာပဲ၊ လိုက်ရှာမှာပဲ၊ ကုန်တိုက်

မှာလည်း လာလာရှာတယ်၊ နှင့်ဆီလည်း ရောက်လာပြီး မေးနိုင်တယ် ...

ငါ ဘရိန်းကျူမာဖြစ်နေပါတယ်၊ တစ်လဝန်းကျင်မှာ သေရပါတော့မယ်ဆိုတာကို ဦးအလင်းကို လုံးဝမပြောပါဘူးလို့ ကတိပေးပါ နုဆွေ"

"......"

"နုဆွေ ငါ့ကို ကတိပေးပါ"

"သူ့ကိုလည်း အသိမပေး ဘယ်ပျောက်သွားလဲဆိုပြီး သူ နှင့်ကို အထင်အမြင်လွဲနေလိမ့်မယ်"

"လွဲပါစေ တခြားတစ်ခုခုထင်နေတာက ဘာပဲထင်ထင် အမှန်ကိုသိရတာထက် သူ့အတွက် ကောင်းပါသေးတယ် နုဆွေရယ်၊ အမှန်တိုင်းသိလိုက်ရရင် သူ ရင်ကွဲပက်လက်ဖြစ်သွားမှာပေါ့၊ မသိဘဲသာထားလိုက်ပါ၊ ဘာမှ မပြောပါနဲ့"

"အေးလေ နှင် မပြောစေချင်ရင် ငါ မပြောပါဘူး ဖူးစာ"

"ကျေးဇူးပါပဲဟာ"

"နှင့်အစ်ကိုဆီမသွားတော့ဘူးပေါ့"

"ဟင့်အင်း"

"စင်ကာပူကို လုံးဝမသွားတော့ဘူးပေါ့"

"အင်း ... ငါ မသွားတော့ဘူး"

"အဲဒါကို ဘာဖြစ်လို့ အိမ်ရောင်းပစ်တာလဲ"

"နုဆွေ နင် ဦးနောက်နဲ့စဉ်းစားလေ၊ ငါက သေလူလေ၊ *ကြောခင်သေမှာလေ*"

"ဒါဖြင့် အိမ်ရောင်းလို့ရတဲ့ငွေတွေကိုကော"

"တချို့လည်း ငါ လှူတယ်၊ ဒေါ်လေးတို့ကို နည်းနည်းကန်တော့တယ်၊ လိုအပ်နေတဲ့ တစ်နေရာရာတွေ့ရင်လည်း လှူဦးမယ်၊ ကျန်တာကိုတော့ သုံးဖြုန်းပစ်လိုက်မယ်လေ၊ ဒီတစ်လအတွင်း ငါ ပျော်မယ်ထင်တာတွေလုပ်မယ်၊ မဟုတ်တာတွေမကောင်းတာတွေတော့ ငါလိုမိန်းမတစ်ယောက်က လုပ်မှာမဟုတ်ဘူးဆိုတာ နင် စိတ်ချထား နုဆွေ၊ ကောင်းတာတွေပဲလုပ်မယ်၊ သူများအတွက် ကောင်းတာလည်းလုပ်မယ်၊ ကိုယ့်အတွက်ကောင်းတာလည်းလုပ်မယ်"

"နင့်အတွက်ကောင်းတာဆိုရင် ဆေးကုဖို့ပဲရှိတာ"

"ဘယ်ဟုတ်မလဲ၊ ဆေးကုမိရင် မကောင်းမှာ၊ ငွေမလောက်ဘူး၊ လူလည်းဒုက္ခခံရဦးမယ်၊ ဟိုဘက်ဒီဘက် ရာခိုင်နှုန်းတစ်ဝက်ကြားမှာ လွန်ဆွဲခံရဦးမယ်"

"ဒါဖြင့် နင့်အတွက်ကောင်းတာဆိုတာ ဘာတွေလဲ"

"မနေ့ကဆို ငါ (......) Beauty Saloon မှာ တစ်နေကုန်တာ၊ ထွက်လာတော့ အခုလေ ငါ အရမ်းကိုလှတာပဲ"

"အရူးမ"

"နောက် ငါမစားဖူးတာတွေ ဟိုတယ်မှာ တက်စားမယ်၊ မတည်းဖူးတဲ့ အပျံစားဟိုတယ်ကြီးတွေ တက်တည်းပစ်မယ်၊ ငါ အခု အရမ်းကောင်းတဲ့ကားတစ်စီးငှားပြီး လျှောက်သွားနေတယ်"

"ဖူးစာရယ်"

"နင် ငါ့အတွက် ဘာမှစိတ်မပူနဲ့ နုဆွေ၊ ငါက ပျော်နေတာ၊ နင် စိတ်မကောင်းဖြစ်နေဖို့မတန်ဘူး"

အဲဒီလို နင်ပျော်နေတယ်ဆိုတာက ပျော်မယ်ထင်တာတွေကို လိုက်လျှောက်လုပ်ရတာမို့ အဲဒါကိုပဲ ပိုစိတ်မကောင်းတာ။ နုဆွေသည် တစ်ဖက်မှာ ကိုယ့်ဟာကိုယ် စိတ်ထဲကကျိတ်ပြောနေပါသည်။

"နုဆွေ"

"အင်း ..."

"သေချာတာက ငါ နင်တို့လက်ထဲမှာ မသေဘူး"

"နင် ဘယ်မှာသွားပြီး ..."

ဆက်မမေးရက်၍ ထစ်တုံ့သွားပါသည်။

"ချစ်တဲ့သူတွေနဲ့အဝေးမှာ ငါ သွားသေမယ်၊ ငါ ဆုံးဖြတ်ပြီးပြီ၊ သူစိမ်းတွေကြားထဲမှာ ငါ သွားသေမယ် နုဆွေ၊ အဲဒီသူစိမ်း ဆိုတာတွေကလည်း သိပ်ခံစားရမှာမဟုတ်ဘူးလေ၊ အလွန်ဆုံး သူတို့နားမှာ သူစိမ်းကောင်မလေးတစ်

ယောက် သေသွားပါလားဆိုတာလောက် သာမန် စိတ်

မကောင်းတာလောက်ပဲခံစားရမယ်"

"နင် ရူးနေပြီ ဖူးစာ"

"ငါ မရူးပါဘူး နုဆွေရယ်"

"အခုတော့ နင်က ဝေဒနာမသည်းသေးဘူးကိုး၊ နင့်

ဒနာသည်းထန်လာရင် နင်တစ်ယောက်တည်း သူစိမ်းတွေ

အလယ်မှာ ဘယ်လိုလုပ်ဖြစ်မှာလဲ၊ နင့်ကိုကော ဘယ်သူ

ပြုစုယုယမှာလဲ"

"မလိုဘူး နုဆွေ"

"လိုတယ် အခု နင်မှ ဘာမှမဖြစ်သေးတာ၊ ပြောအား

မနေနဲ့၊ နင် တကယ်ခံစားရတော့ နင် ဒုက္ခရောက်မှာ"

"မလိုဘူးဆိုတာက ချစ်တဲ့သူတွေ ခင်တဲ့သူတွေ မလို

ကိုပြောတာပါ၊ ပြုစုတဲ့သူတွေလိုမှာကိုတော့ မငြင်းပါဘူး

ငါ့ကို ငါ ပိုက်ဆံပေးငှားမယ့် သူနာပြုတွေ ပြုစုကြမှာပေါ့

ငါနဲ့ သူစိမ်းတွေပဲလေ၊ သူတို့အတွက် လူမမာတစ်ယော

သေတယ်ဆိုတာကလည်း ဘာမှ မဆန်းဘူးလေ"

နုနုဆွေသည် ရှိုက်ကာ ရှိုက်ကာ ...

"နင် ... နင် သိပ်ရက်စက်တာပဲ"

"နုဆွေ"

"နင် သိပ်အသည်းမာတာပဲ"

"ငါ အသည်းမမာပါဘူး၊ ငါ့အသည်း ပျော့ပါတယ် နုဆွေ

ရယ်၊ ငါ့နှလုံးသားလည်း ပျော့ပျောင်းလွန်းပါတယ်၊ ပျော့

လွန်းလို့ကို ငါ ဒီလိုစီစဉ်တာပါ၊ အခု နင့်ဆီမှာ ဒီဖုန်းနံပါတ်

ရှိနေသားပဲ နုဆွေရယ်၊ နင် ငါ့ကို အချိန်မရွေး ဆက်သွယ်

နိုင်တာပဲ"

"နင်က ဖုန်းပိတ်ထားမှာ"

"မပိတ်ဘူး၊ ငါ စကားပြောပါ့မယ်၊ ငါ နင့်ကို အဆက်

အသွယ်မဖြတ်ပါဘူး"

အေး။

ငါ အဆက်အသွယ်ဖြတ်သွားပြီဆိုရင်တော့ ငါ

ပြီ။ ဒါမှမဟုတ် ငါ သေလုမျောပါးဖြစ်နေပြီလို့သာ နင် ယူ

လိုက်တော့ နုနုဆွေရေ။ နှုတ်ကဖွင့်မပြောဘဲ ဖူးစာ ရင်ထဲ

ကျိတ်ပြောဖြည့်စွက်လိုက်ပါသေးသည်။

"နင် ကတိတည်နော်"

"အေးပါ နုနုဆွေရယ်"

ဖူးစာသည် ဖုန်းလေးကို နှုတ်ခမ်းလေးနှင့်ကပ်၍

ရှိုက်ရင်း မျက်ရည်တွေ ဆက်တိုက်ကျနေခဲ့ပါသည်။

၈

"ကားသံက ဘယ်သူလဲ၊ အလင်းလား"

ဒေါ်မြတ်မြတ်ဆွေ စကားကြောင့် မိဖြူက ခေါင်း
လေးညိတ်ကာ ...

"ဟုတ်ပါတယ် မေမေကြီး၊ ကိုကိုကြီး ပြန်လာတာပါ"

"အလင်း တစ်ယောက်လည်း ခုတလော ဒီရက်ပိုင်း
ပျာယာခတ်နေတာပဲ။ မြင်ရတာ စိတ်မငြိမ်းချမ်းလို
တာ၊ မြမြ ... ခေါ်စမ်း နင့်မောင်ကို၊ တစ်ခါတည်းဝင်
ဖို့ သွားခေါ်ချည်၊ နို့မို့ရင် သူဟိုလိုလို ဒီလိုလိုနဲ့ ဒီ
လည်း ထမင်းမစားဖြစ်ပြန်ပဲ နေမယ်၊ သွားခေါ်ဦး"

"ဟုတ်"

ဒေါ်မြတ်မြတ်ထွေးရဲ့ လက်စွဲတော် တူမဝမ်း
ဖြစ်တဲ့ မြက ထမင်းစားပွဲမှ ခပ်သွက်သွက်ထကာ ထွက်သွား

သည်။ မြမြလည်း ဧည့်ခန်းထဲအရောက် အလင်းကလည်း အိမ်ပေါ်တက်အလာ အချိန်ကိုက်ပင်။

"အလင်း"

မထူးဘဲ လှည့်ကြည့်လိုက်တဲ့ အလင်းရောင်ရဲ့မျက်နှာက နွမ်းလျှမှုန်မှိုင်းနေသည်။ မြမြကို မြင်မှ ...

"ဘာလဲ ... မမမြ"

"အန်တီက တစ်ခါတည်း ထမင်းဝင်စားဖို့ ပြောတယ် အလင်း"

"အာ ... မစားချင်သေးပါဘူး မမမြရာ၊ စိတ်ရှုပ်ရတဲ့ ကြားထဲ"

"အလင်း"

လှေကားဆီ ပြေးတက်တော့မည့် အလင်းရောင်က
တ်မရှည် လက်မရှည် လှည့်ကြည့်ရပြန်သည်။ မြမြသည် အစ်မ
သမယ့် ဝမ်းကွဲမို့ အလင်းရောင်ကို လန့်ပါသည်။ သို့သော် အရဲ
န့်၍ ...

"အလင်း စိတ်မကြည်လင်တာတော့ သိပါတယ်၊ ဒါပေမဲ့ အန်တီက အလင်းကို စိတ်ပူနေတယ်၊ အလင်းက အပြင်မှာ ထမင်းစားတတ်တဲ့သူလည်း မဟုတ်၊ အခု အိမ်မှာ ညစာထမင်းမစားတာ နှစ်ရက် သုံးရက်ရှိပြီလေ"

"ကျွန်တော် နောက်တော့ စားပါ့မယ်၊ မဆာသေးလို့ပါ"

"ပြီးတော့ ... အန်တီ နက်ဖြန်မနက်စော သွားမှာနော်၊ အလင်း သတိရရဲ့လား"

ဒီတော့မှ အလင်းရောင် ငိုင်ကျသွားပါသည်။ တကယ်ပင် သူ မေ့နေပါသည်။ သွေးတိုးနှလုံးတို့အတွက် မေမေ့ကို ဆရာဝန်က ပင်လယ်ကမ်းခြေ တစ်ခုခုကို ခရီးထွက် အပန်းဖြေ အနားယူဖို့ ညွှန်ကြားရာ မေမေက ငွေဆောင်ကိုသွားဖို့ စီစဉ်ထားပါသည်။ ပထမတော့ အလင်းရောင်က လိုက်သွားမလို့ပင်။ အလုပ်တစ်ဖက်မို့ လိုက်ဖြစ်ရင်လည်း နှစ်ရက်လောက်ပဲ နေပြီး သူက အရင်ပြန်ရမှာ။

ခုတော့ သူ မလိုက်ဖြစ်တော့ပါ။ စိတ်ချတဲ့ မမမြ အပြင် လက်တိုလက်တောင်းအဖြစ် ဆယ့်နှစ်နှစ်အရွယ် မိဖြူလေး ပါ ပါဦးမှာ။ မေမေက အရမ်းနေမကောင်းနေတာလည်း မဟုတ်၍ စိတ်ပူစရာလည်း မရှိ။ အနားယူရုံသက်သက်သာ။ သူ့မှာသာ တအုံ့နွေးနွေး ရင်မအေးနိုင်တဲ့ ကိစ္စကြီးက တစ်ဖက်နှင့်မို့ အလင်းရောင်က မလိုက်ဖြစ်တော့ဘဲ နေခဲ့လိုက်တာ။

နက်ဖြန်မနက် မေမေသွားမှာ ဟုတ်တာပဲ။ သူမှာ နေလိုက်တာ။ မေမေက တစ်ပတ် ဆယ်ရက် နေချင်သလောက် ရက်ရှည်နေလိမ့်မည်။ သူ ခုလို အခန်းအောင်းသွားမိပြီးရင် အဆော ကနေ နွားနို့တောင်းသောက်တာမျိုးလောက်သာရှိလျက် ပြန် ထွက်လာ မဆင်းလာ ဖြစ်တော့ရာ မေမေနှင့် တွေ့လိုက်စော တောင် မရှိတော့။

"လာပါ အလင်းရယ်၊ အန်တီ ခေါ်ခိုင်းလိုက်တာ"

"ဟုတ် ...၊ လာပြီ မမမြ"

အလင်းရောင် ထမင်းစားခန်းဘက် လှည့်ဝင်ခဲ့ရပါတော့သည်။

"သား"

ဝင်လာတဲ့သူ့ကို ထမင်းစားနေရာမှ လှမ်းကြည့်ကာ မေမေက ...

"နေကောင်းရဲ့လား သား"

မေမေက သူ့ကို မေးရတယ်လို့။ သူ စိတ်မကောင်း ဖြစ်သွားကာ ...

"ကောင်းပါတယ် မေမေ၊ ကျွန်တော်က မေမေ့ကို မေးရမှာပါ မေမေရယ်"

"မေမေက ကောင်းနေသားပဲဟာ၊ သားသာ စိတ်ညစ်နေတာ မေမေလည်း သိတယ်လေ၊ ဘာထူးသေးလဲ သား"

အလင်းရောင်က ခေါင်းခါလိုက်သည်။ မေမေ မေးလိုက်တော့ ဝမ်းနည်းသွား၍ စကားနှင့် ပြန်မဖြေဖြစ်။

"ခုထိ သား သူ့ကို မတွေ့သေးဘူးပေါ့"

"မတွေ့ဘူး မေမေ"

"သူ့အိမ်ကိုရော ! "

အလင်းရောင်က သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

"ပထမ ကျွန်တော်က ခေါင်းဆောင့်ထားလို့ နာကျင်နေလို့ ဆိုင်ကို မလာဘူးပဲ ထင်နေတာ၊ သူ့ကုန်တိုက် သွားမေးတော့လည်း ကောင်မလေးတွေက ဒီနေ့ မလာပါဘူးပဲ ပြောပြတာကို၊ နောက်တစ်နေ့ကျမှ သူတို့ မန်နေဂျာနဲ့ စကားပြောဖြစ်တော့ ဖူးစာက အလုပ်ထွက်သွားပြီဆိုတာ သိရတယ်"

"ဘာလို့ အလုပ်ထွက်တာလဲ"

"မသိဘူး မေမေ၊ ဆေးရုံမှာ လှေကားကလိမ့်ကျ ခေါင်းဆောင့်မိတဲ့နေ့ရဲ့ နောက်တစ်နေ့မှာ အလုပ်ထွက်သွားတာ၊ အမှန်ဆို သူ အလုပ်ထွက်ဖို့ အစီအစဉ်ကလည်း ရှိပြီးသား၊ သူ့အစ်ကိုကခေါ်လို့ သူ စင်ကာပူကို လိုက်သွားရမယ်"

"ဪ ... အပြီးတော့ မဟုတ်ပါဘူးမို့လား"

"သူ့အစ်ကိုကလည်း ကလေးတစ်ဖက်နဲ့ မိန်းမကမရှိ သူ့ကို ကူညီဖို့ခေါ်တဲ့ သဘောပါ၊ ဟိုတစ်ခါ ကျွန်တော် ပြောပြတဲ့ သူ့တူကိုလည်း ကျောင်းတက်ဖို့ခေါ်တယ်၊ ဒီမှာ အလုပ်ထွက်သွားရမှာပေါ့၊ လကုန်မှထွက်ဖို့ စီစဉ်ပြီးသား၊ အဲဒါ အခု ရုတ်တရက် အလုပ်ထွက်သွားတော့ စဉ်းစားစရာ ဖြစ်နေတာပေါ့"

"ဟို ... ဆေးရုံက သူ့သူငယ်ချင်း ကောင်မလေးကိုရော မေးကြည့်ပါဦးလား"

ဘယ်နေပါ့မလဲ။ သူ ရောက်ပြီးပြီပေါ့။

"မေးပြီးပြီ မေမေ၊ သွားပြီးပြီ၊ အဲဒီနေ့က မေမေလည်း စိတ်လှုပ်ရှားပြီး သွေးတက်လာလို့ ဆရာဝန်က ငြိမ်ငြိမ် ပြန်နားနေခိုင်းတာနဲ့ ပြန်လိုက်ရတယ် မဟုတ်လား၊ နောက်နေ့ ကုန်တိုက်ကို မလာဘူး ဆိုကတည်းက သူ့သူငယ်ချင်း နုနုဆွေကို ကျွန်တော် သွားတွေ့ပါတယ်၊ ဒါပေမဲ့ မတွေ့ခဲ့ဘူး၊ နောက်တစ်ရက်လည်း မတွေ့ဘူး၊ ဒီနေ့မှ တွေ့ရတယ်၊ တွေ့တော့ မေးကြည့်ပါတယ်၊ ဖူးစာ ခေါင်းဆောင့်မိတဲ့ အခြေအနေ ဘယ်လိုလဲ ... လို့၊ ခေါင်းဆောင့်မိတာ ဘာမှမဖြစ်ပါဘူးတဲ့"

အလင်းရောင်သည် ပြောနေရင်းက နုနုဆွေ မျက်နှာကိုပါ ပြန်မြင်ယောင်လာသည်။ နုနုဆွေသည် မျက်နှာခပ်လွှဲလွှဲ ...ငွ့်တပွင့်။ မပြောချင်သလို ပြောချင်သလို ပုံစံမျိုးပင် ဖြစ်နေ...ယ် ထင်ရသည်။ ဘာကြောင့်ပါနည်း။ သူက သိချင်တာတွေ ...းသေးသည်။

"ကုန်တိုက်ကလည်း သူ ထွက်သွားပြီလို့ သိခဲ့တယ် မနုနုဆွေ"

"အင်း ... ဟုတ်တယ်ရှင့်"

"လကုန်မှ ထွက်ဖို့စီစဉ်ထားတာ မဟုတ်လား၊ အခုရက်တွေ စောစောလိုသေးတာပဲ"

"ကျွန်မလည်း သိပ်မသိဘူး၊ သူ ဘာတွေလုပ်နေလဲဆိုတာ"

"စင်ကာပူကိုများ စောထွက်ဖြစ်ဖို့ ရှိလို့လား"

"အဲဒါတော့ မသိဘူးရှင့်"

"ထွက်တောင် ထွက်သွားပြီတော့ မဖြစ်နိုင်ပါဘူးနော်"

"မသွားဖြစ်သေးပါဘူး"

"မနုနုဆွေနဲ့ရော ဒီတစ်ရက် နှစ်ရက်အတွင်း တွေ့သေးလား"

"ဟင့်အင်း ... မတွေ့ဘူးရှင့်"

ခေါင်းငုံ့ မျက်နှာလွှဲပြီး စိတ်မပါတာလိုလို၊ မပြောချင်သလိုလို ဖြစ်နေတဲ့ နုနုဆွေနှင့် သူကလည်း သိပ်ခင်လွန်းတာ မဟုတ်လေရာ သိပ်ထဲထဲဝင်ဝင်တွေလည်း မမေးရဲပါ။ ဒါတောင်မှ ...

"ကျွန်တော် ဖူးစာရဲ့ အိမ်လိပ်စာများ သိရနိုင်မလား ခင်ဗျာ"

သူ့ကို နုနုဆွေက တစ်ချက်ကြည့်ကာ ကိုယ်ချင်းစာ ကရုဏာသက်တဲ့ အရိပ်အကဲတော့ တွေ့လိုက်ရပါသည်။

"ကျွန်တော်က ရပ်ကွက်နဲ့ လမ်းတော့ သိပါတယ်။ တိုက်နံပါတ်တော့ အတိအကျ မသိလို့ပါ"

"တိုက်နံပါတ်(၁၅)၊ သုံးလွှာပါ"

ဤမျှလောက် ပြန်ဖြေဖော်ရတာအတွက် အင်မတန်ကို ကျေးဇူးတင်ရပါသည်။ အဲဒီလိပ်စာရှိရာကို ချက်ချင်းအပြေးအလွှား ရောက်သွားတော့မှ အမောဆို့နေသူကို ရင်ဝဆီးကန်ခံရတာလို အင့်ခနဲ ပက်လက်လန်သွားရတော့တာ။

"သြော် ... မဖူးစာက ကျွန်မတို့ကို အိမ်ရောင်းသွားပါပြီ"

"ခင်ဗျာ"

ဟိုရက်ပိုင်းကလေးကပဲ သူ့အိမ်ရော သူ့တူရဲ့အိမ်ရော လူငှားတင်သွားမယ်လို့ ပြောသွားတာ ကောင်းကောင်းမှတ်မိနေပါသည်။

"ငှားတာလား ရောင်းတာလား ခင်ဗျာ"

"ရောင်းတာပါ၊ ပထမတော့ မဖူးစာက ငှားရုံငှားချင်တာလေ၊ ဒါပေမဲ့ ကျွန်မတို့ကလည်း ဝယ်ချင်နေတော့ နောက်ဆုံးတော့ မဖူးစာက ရောင်းလိုက်တာပါ"

"မကြာသေးဘူး ထင်တယ်နော်"

"အရောင်းအဝယ်ဖြစ်တာ သုံးရက်လောက်ပဲ ရှိသေးတာပေါ့၊ ကျွန်မတို့ ဒီနေ့မှ အိမ်ပေါ်တက်တာရှင့်၊ မနက်ကမှ ပြောင်းရွှေ့လာတာ"

"ဒီနေ့မှ ! ဒါဖြင့် ဖူးစာက ဒီနေ့မှ ပြောင်းသွားတာပေါ့"

"ဟုတ်"

"ဘယ်ကိုပြောင်းသွားတာလဲ ခင်ဗျာ၊ သူပြောင်းတဲ့နေရာ သိပါရစေ၊ ကျွန်တော် သူ့ရဲ့မိတ်ဆွေပါ၊ ဒါ ကျွန်တော့် ကုမ္ပဏီဗစ်ဇစ်တင်းကတ်ပါ"

ဘယ်ကလူလဲ၊ ဘာလဲ ထင်ကာ ဖူးစာအတွက်လည်း ဂုဏ်သိက္ခာ မကျစေချင်၍ ကုမ္ပဏီလိပ်စာကတ်ကို ထုတ်ပေးလိုက်ပါသည်။ အိမ်ရှင်မက ကြည့်ရင်း ...

"မဖူးစာ ဘယ်ကိုပြောင်းသွားလဲ၊ ကျွန်မတို့ တကယ်မသိ
ဘူးရှင့်၊ အဝင်အထွက်လည်း မဆုံလိုက်ပါဘူး၊ ငွေချေ
ပြီးသားမို့ မဖူးစာက ကျွန်မတို့ကို သော့ပေးလိုက်ပါတယ်
ဒီနေ့ ရွှေ့လို့ရပြီလို့ မနေ့က လှမ်းပြောတာနဲ့ ကျွန်မတို့
ဒီမနက် ဒီကိုလာတော့ မဖူးစာ မရှိတော့ဘူး၊ သော့ချေ
ခတ်ခဲ့ပြီး ပြောင်းသွားပြီးပြီ"

အလင်းရောင် အံ့အားတသင့် ဖြစ်ရသည်။ တစ်မျိုး
ကြီး ဖြစ်နေသလို စိတ်က မတင်မကျ ခံစားရသည်။

"သူ နိုင်ငံခြားသွားမယ်ဆိုတာ စောထွက်ဖို့ ဖြစ်လာလို့
လားတော့ မသိဘူးရှင့်၊ ကျွန်မစိတ်ထင် သုံးလေးရက်
အသိမိတ်ဆွေအိမ် ခဏနေလိုက်ပြီး အဲဒီက လေဆိပ်ဆင်း
မှာမျိုးလေ၊ သူ့ပစ္စည်းတွေတော့ သူ့သူငယ်ချင်းမိတ်ဆွေ
တွေကို ခွဲဝေပေးနေတာ ငွေလာချေတဲ့နေ့က တွေ့တယ်
ဒီမှာတောင် ခုတင်နှစ်လုံး ထားသွားခဲ့သေးတယ်၊ ဆိုတာ
တာက ပြောင်းရွှေ့တာ လူချည်းပဲ၊ အဝတ်သေတ္တာလေး
နဲ့ပဲ ပြောင်းသွားတာ"

"ဟုတ်ကဲ့"

"ဖုန်းဆက်ကြည့်ပါလား"

"ခင်ဗျား ... ဖုန်း ! ! ..."

"ဟုတ်တယ်၊ ဒီဖုန်းနံပါတ်ကို သူ အခုကိုင်ထားတယ်

အမျိုးသမီးက သူ့ကို ဂျီအက်စ်အမ်မ် ဟဲန်းဒ်ဖုန်း
တစ်လုံးရဲ့နံပါတ် ရေးပေးလိုက်ပါသည်။ သူ့မှာ ရင်တွေတောင်
တုန်သည်။ ဖုန်းနံပါတ်ကို မြင်တာနှင့် သူ ဒက်ခနဲ ချက်ချင်းပဲ
သတိရသည်။

မနေ့က ...။ မနေ့က ညနေစောင်းလောက်က သူ့
ထံ ဖုန်းကောလ်တစ်ခု ဝင်လာသည်။ သူ မသိတဲ့ ဖုန်းနံပါတ်
တစ်ခု။ သူက ဟယ်လို ... ဟယ်လို ထူးပေမယ့် ဘာမှမပြော
ဘဲ ဖုန်းပြန်ချသွားခဲ့သည်။

အလင်းရောင် ရင်တွေ တဒိတ်ဒိတ် ခုန်လာပါသည်။
အိမ်ရှင်မကို ကျေးဇူးစကားဆိုပြီး ကားပေါ်ပြန်ရောက်တာနှင့်
သူ့ဖုန်းကိုဖွင့်ကာ In coming calls တွေရဲ့ စာရင်းကိုကြည့်သည်။
မနေ့ကပဲ ဆက်ထားတာမို့ ဖုန်းထဲက ပျောက်မသွားနိုင်သေး။
တွေ့ပါပြီ။ ဖုန်းထဲက နံပါတ်နှင့် ခုန အမျိုးသမီး ပေးလိုက်တဲ့
နံပါတ်ဟာ အတူတူပါ။

ဖူးစာ။

မင်းမနေ့က ကိုယ့်ဆီ ဖုန်းဆက်ခဲ့တယ်။ ကိုယ်ကိုင်
ါလျက်နဲ့ ဘာမှမပြောဘဲ ပြန်ချသွားခဲ့တယ်၊ ဘာသဘောများလဲ
ူးစာရယ်။ ဘာတွေပြောချင်လို့ ဘာအခက်အခဲတွေ ရှိလို့များ
ုန်းဆက်တာလဲ။ ပဟေဠိဆန်ဆန်နဲ့ မင်း ဘယ်ပျောက်နေသလဲ
ူးစာ။

အလင်းရောင်က ထိုဖုန်းနံပါတ်ကို နှိပ်သည် ခေါ်သည်။ အကြိမ်ကြိမ် ဆက်တိုက်။ တုံ့ပြန်တဲ့အသံက "စက်ပိတ်ထားပါတယ်ရှင်"တဲ့။

တစ်လမ်းလုံး ဆက်သည်။ ခုထိ အိမ်ကိုသာ ပြန်ရောက်လာသည်။ ဆက်လို့ကို မရ။ စက်ကို လုံးဝပိတ် ထားဆဲပင်။

ဒါတွေ အခု မေမေ့ကို အားလုံး အကြမ်းဖျဉ်း ပြန်ပြောပြတော့ မေမေလည်း ငြိမ်ငေးနားထောင်နေရုံပင်။ သူ ဘယ်လိုမှ စဉ်းစားမရသလို မေမေလည်း စဉ်းစားလို့ ရနိုင်စရာမရှိ။ မေမေဟာ "ဖူးစာ"ဆိုတဲ့ အမည်ကလေးကို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သိခွင့်ရနေခဲ့တာပါ။

သိဆို သူကိုယ်တိုင် ဖွင့်ပြောထားခဲ့တာ။

"မေမေ ကျွန်တော် လက်ထပ်ချင်တဲ့၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး အနားမှာ အဖော်အဖြစ် ရှိသွားစေချင်တဲ့ မိန်းကလေးတစ်ယောက် တွေ့ပြီ"

မေမေ့ကို အဲသလိုစပြီး အသိပေးခဲ့တာ။

အဲဒီတုန်းက ဖေဖေတောင် ရှိပါသေးသည်။ ဖေဖေ မဆုံးခင် တစ်နှစ်ကျော်လောက်ပေါ့။ ဖေဖေရော မေမေရောဟာ ငွေကြေးပြည့်စုံကြွယ်ဝသလောက် မမောက်မမာ လူတန်းစားမခွဲ စိတ်သဘော အေးချမ်းကြတဲ့သူတွေပင်။ အလင်းရောင်ရဲ့ တစ်သက်မှာ ဒီစကားမျိုး မိဘကို ဒီတစ်ကြိမ်သာ ပြောဖူးတော့ ဒါ

ဟာ ရိုးမြေကျ ရည်ရွယ်တဲ့သဘောဆိုတာ ဖေဖေတို့ မေမေတို့လည်း နားလည်ပါသည်။

အလင်းရောင်ရဲ့ အထက်မှာ အစ်မတစ်ယောက်ပဲရှိကာ မမကြီး "အကြင်နာ"ကတော့ မေမေတို့သဘောတူတဲ့ ဆရာဝန်တစ်ယောက်နှင့် လက်ထပ်ကာ ခုတော့ အမေရိကားမှာ အခြေချနေကြပါသည်။ တစ်ယောက်ပဲကျန်တဲ့ သားဖြစ်သူ အလင်းရောင်ကတော့ ...

"ကျွန်တော်ကတော့ ကျွန်တော်ချစ်တဲ့ ကောင်မလေး ရှာယူမှာနော် မေမေ"

"အင်းပါ သားရယ်၊ ရှာယူပါ၊ မင်းအစ်မက မရှာလို့ မိဘကဝတ္တရားအရ ရှာပေးရတာပါ၊ ငါ့သားလေးက မေတ္တာရှိရင် မေမေတို့က သဘောတူပါတယ်၊ အဓိက အရေးကြီးတာက စိတ်ဓာတ်လေး ကောင်းဖို့၊ ငါ့သားကို ချစ်ဖို့၊ ပညာလေး အသင့်အတင့်တတ်ဖို့ ဒါပဲ၊ ငွေကြေးတွေ ဘာတွေ မေမေတို့အတွက်မလိုဘူးလေ၊ စိတ်ဓာတ်လေးကောင်းမှ ဒီသားနဲ့ ဒီမိဘ မကွဲမကွာ ဥမကွဲသိုက်မပျက် ရမှာလေ"

မေမေက အများကြီး မမျှော်လင့် မတောင်းဆိုပါ။ ဖူးစာဟာ မေမေ သဘောကျမည့် အလိမ္မာ အိမ်ပါ ချွေးမကလေး ဖြစ်မှာ အလင်းရောင်က သေချာသိသည်။ တဖြည်းဖြည်း ရင်းနှီးမှုတွေ သံယောဇဉ်တွေပျိုးကာ တိုးကာ ချည်နှောင်လာပြီး သူ့ဘက်ကလည်း ခိုင်မာ၊ ဖူးစာဘက်ကလည်း ခေါင်းညိတ်ဖို့ သေချာ

သလောက် ရှိပြီးကာမှ ...။ မကြာခင် အိမ်ခေါ်လာတော့မယ်လို့ အိမ်ကိုတောင် ကြွားလုံးထုတ် ကြေညာထားပြီးကာမှ ...။

"ဖူးစာ ဦးအလင်းကို ငြင်းပါရစေတော့၊ အချစ်ရေး အိမ်ထောင်ရေးကို ဖူးစာ စဉ်းစားလို့ မရသေးပါဘူး၊ မစဉ်းစားချင်သေးပါဘူး၊ ဘယ်တော့မှ စဉ်းစားမယ်လို့လည်း ကြိုတင်မျှော်လင့်ချက် ပေးမထားချင်ပါဘူး၊ ဖူးစာကို မေ့လိုက်ပြီး ဖူးစာထက်သာတဲ့ သူတစ်ယောက်ကို ရှာလိုက်ပါတော့နော်"

ငြင်းစကားလေးကိုက သနားစရာ။ သူ စုံစမ်းကြည့်လိုက်တော့ ဖူးစာရဲ့ အစ်မတို့လင်မယား အဖြစ်အပျက်ရယ်၊ တူလေးကို ဖူးစာ တာဝန်ယူလိုက်ရတာရယ် သိရပါသည်။ အဲဒီအခါ သူက မရမကပင် ဒီတူကိုပါ သူတာဝန်ယူ စောင့်ရှောက်နိုင်ကြောင်း ဖူးစာကို တောင်းဆို တိုးလျှိုးပါသေးသည်။

"မယူခင်ကတည်းက အနောက်က ဝန်ထုပ်ဝန်ပိုးတန်းလန်းတွဲပါလာတဲ့ ချွေးမအဖြစ် ဖူးစာ မျက်နှာမငယ်ပါရစေနဲ့ ဦးအလင်းရယ်၊ ဦးအလင်းတို့ မိသားစုက သဘောထားကြီးတယ်၊ ကြည်ဖြူပါတယ်ဆိုတာတောင်မှ ဖူးစာက ဒီဝန်ထုပ်ကြီးကို သူတစ်ပါးကို တာဝန်မပေးချင်ပါဘူး ဘယ်နည်းနဲ့မှ ဖူးစာ လက်မခံမှာမို့ ဦးအလင်း စိတ်ဖြောင့်ဖြောင့်သာ နောက်ဆုတ်လိုက်ပါနော်၊ လုံးဝမျှော်လင့်ချက်မထားပါနဲ့တော့"

ဖူးစာ ဘယ်လိုပြောပြော သူကတော့ မျှော်လင့်ချက်တွေ အမျှင်တန်းကာ သံယောဇဉ် တငင်ငင်နဲ့ ခုထိကို ဖူးစာမှ ဖူးစာ မျှော်လင့် စောင့်စားနေခဲ့သူပါ။ ဒီအဖြစ်အပျက်တွေကို မေမေလည်း သိထားပါသည်။ မေမေက ဘာမှမဝေဖန်ပါ။

အလင်းရောင် ပြောပြနေတဲ့ စကားတွေကို ငြိမ်ငေးနားထောင်ပေးနေတဲ့ ဒေါ်မြတ်မြတ်ထွေးမှာလည်း ထင်မြင်ချက်တိတိကျကျ ဘာတစ်ခုမှ မပေးတတ်ဘဲ ရှိပါသည်။

"သားကိုလည်း ဘာမှမပြောမဆို၊ မိတ်ဆွေတွေကိုလည်း ဘာမှ ရေရေရာရာ မတိုင်ပင်ဘဲ ရုတ်တရက်ကြီး ခပ်မြန်မြန် ဆုံးဖြတ်လုပ်ကိုင်သွားပုံကတော့ ပုံမှန်တော့ မဟုတ်ဘူးလို ဖြစ်နေတာပဲ၊ ဟိုဟဲန်းဒ်ဖုန်းကလည်း စက်ပိတ်ထားတယ်ဆိုတော့ နိုင်ငံခြားများ ထွက်သွားပလားကွယ်၊ မေမေကတော့ ကိုယ့်မျက်စိရှေ့ နောက်ပြန်ပစ်ကျသွားပြီး လှေကားက ဒလိမ့်ခေါက်ကွေး ကျသွားတဲ့ပုံကို မျက်စိထဲက မထွက်ဘူး၊ ခုထိ ရင်တုန်တယ် ...

အောက်ရောက်တော့ သတိလစ်လို့၊ သူ့ခမျာမေမေ့ရှေ့မှာ ပျာပျာသလဲ ခြေတုန်လက်တုန် ဖြစ်နေရှာတာလည်းပါတယ်၊ အဲဒါကြောင့် စိတ်မကောင်းဘူး၊ သားလည်း သိပ်တော့ စိတ်ပူပန်မနေပါနဲ့ကွယ်၊ ဖူးစာရေစက်မှန်ရင် ဆုံစည်းရမှာပါ"

"ဖုန်းလည်း ထပ်ဆက်ကြည့်နေဦးပေါ့ အလင်းရဲ့"

မမမြဟာလည်း အသက်လေးဆယ်တွင်း ဝင်ကာ အပိုကြီးတစ်ယောက်အဖြစ် ဒီမောင်ဝမ်းကွဲနှင့်ပဲ အားကိုးအားထား ပြုပြီး တစ်သက်လုံး နေရဖို့ရှိတော့တာမို့ အလင်းရောင်ကနေတစ် ဆင့် တော်စပ်ရရှိလာမယ့် ယောက်မဝမ်းကွဲကို စိတ်ဝင်တစားရှိ တဲ့သူပါ။ ခပ်ငယ်ငယ်ကတည်းက အလင်းရောင်တို့နှင့်ပဲ အတူ နေလာသူမို့ အလင်းရောင်ကိုလည်း အရင်းအချာလို ချစ်ခင်တွယ် တာသူ ဖြစ်ပါသည်။

"ဆက်ကြည့်နေမှာပါ မမမြ"

"အလင်းက တမှိုင်မှိုင် တတွေတွေ ရှိနေတော့ အန်တီ တောင် နောက်ဆံတင်းချင်သလို ဖြစ်နေပြီ အလင်းရဲ့ လာပါ ... ထမင်းနည်းနည်းဖြစ်ဖြစ် စားလိုက်ပါ၊ မမမြ ထည့်လိုက်မယ်နော်၊ အလွန်ဆုံး စိတ်ဆင်းရဲစရာဖြစ် နိုင်ငံခြား ထွက်သွားပြီ ဆိုတာလောက်ပဲ ဖြစ်စရာရှိတာပဲ ဟာ၊ ဒီလောက်များတော့ အချိန်မရွေး အလင်း နောက်က လိုက်သွားနိုင်စွမ်း ရှိတာပဲ၊ ဘာစိတ်ညစ်နေမှာလဲ"

"ဟုတ်သားပဲ သားရယ်"

ဒီတော့မှ အလင်းရောင်က မေမေတို့ စိတ်ချမ်းသာ အောင် မျက်နှာထားကို ကြည်လင်ရပါသည်။ မမမြ ထည့်ပြင် ပေးတဲ့ ထမင်းကို စားရပါသည်။ သူကိုယ်တိုင်လည်း ရင်ဖွင့်ရ တော့ နည်းနည်းတော့ ရင်ထဲ ပေါ့ပါးချောင်လည်တာပေါ့။

"အင်းပေါ့လေ ... ညည်းမောင်လည်း သို့သော သို့လောနဲ့ ဘာမှန်းမသိရတော့ တအုံ့နွေးနွေး ဖြစ်တာပေါ့။ လေ့ကား ပေါ်က သူ လိမ့်ကျတာ မြင်ရပြီး နောက်ထပ် မတွေ့ရ တော့ဘူးဆိုတော့ ပူမယ်ဆိုလည်း ပူတော့ ပူချင်စရာပဲလေ မြမြရဲ့၊ ငါတောင် စိတ်မကောင်း ဖြစ်မိတယ်"

"အဲဒီနေ့က မြ မပါလာလိုက်ရတော့၊ မြ မမြင်လိုက်ရဘူး၊ အန်တီကတော့ မြင်ဖူးသွားပြီပေါ့နော်"

"မြင်ဖူးတယ် ဆိုရုံလေးပါပဲ၊ မှတ်တောင် သေချာမမှတ် မိပါဘူး မြမြရယ်၊ သူကလည်း အရမ်းရှိန်နေပြီး ခေါင်း ကြီးက ငုံ့ဖယ်ဖယ်နဲ့ မျက်နှာကို သေချာဖော်တာ မဟုတ် ဘူး"

"ဖူးစာက ကျွန်တော်တို့ အသိုင်းအဝိုင်းကို ရှိန်တာပေါ့ မေမေ၊ အဆင့်အတန်းချင်း အရမ်းကွာတယ်ဆိုပြီး ကြောက် ရှာတာ၊ မမျှော်လင့်ဘဲ မေမေနဲ့ တွေ့လိုက်ရတာကို သူ ထူပူပြီး ပျာယာတွေ ခတ်နေတာပါ"

အလင်းရောင်သည် မျက်စိထဲ ဖူးစာပုံသဏ္ဌာန်ဟန် ...ကလေးပဲ တရစ်ဝဲဝဲပေါ်ကာ ထမင်းလည်း ကောင်းကောင်း ...ချနိုင်ခဲ့ပါ။

✧ ❣ ✧

၉

ရေချိုးခန်းမှ ထွက်လာသော ဖူးစာသည် room service ဝင်လာတဲ့ မိန်းကလေးကို တံခါးဖွင့်ပေးလိုက်ရင်း ပြုံးပြ လိုက်ပါသည်။ ကောင်မလေးက ဖူးစာကို ခါးညွတ်၍ အရိုအသေ ပြုကာ ...

"မမ ... ဘရိတ်ဖတ်စ် စားပြီးပါပြီလား"

"စားပြီးပြီ၊ စားပြီးမှ ပြန်လာပြီး ရေချိုးတာ"

"ရေထဲဆင်းရင် ဆင်းလေ မမ၊ အခန်းရှင်းထားလိုက်မယ်"

"မမ ရေထဲမဆင်းသေးဘူး"

"ဒီအချိန်ဆို နေသိပ်မပူဘူး မမ"

"အင်း ... ဒါပေမဲ့ မမက အေးအေးဆေးဆေးနေမှာ၊ ရေ ရှည်နေမှာ၊ ဘယ်တော့ဆင်းဆင်း ရတယ်"

"ဩော်"

"လုပ် ... ညီမ လုပ်စရာရှိတာလုပ်"

ဖူးစာက မှန်တင်ခုံရှေ့ထိုင်ကာ အနည်းအကျဉ်း ပြင်ဆင်သည်။ တကယ်တော့ room service မိန်းကလေးတွေဟာ ဖူးစာတို့ကို ဒီလောက် အချိုအချနှင့် စကားများများ ပြောလေ့မရှိ ကြပါ။ ဖူးစာကိုယ်တိုင်ကိုက မနေ့ကတည်းက ဒီကောင်မလေး ကို တမင်တကာ ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီးနှင့် စကားတွေ ပြောထားလို့သာ အခု ဒီလောက် ပြောရဲတာ။

ကိုယ့်မှာ အဖော်လည်း ရှိတာပါတာမဟုတ်။ ဒီတော့ ဝန်ထမ်းတွေကို စကားပြောမှပဲ စကားပြောဖော် ရှိပေမည်။ ဖူးစာ ကတည်းတဲ့ "......"ဟိုတယ်ဟာ ငွေဆောင်ကမ်းခြေက ရှိသမျှ ဟိုတယ်အားလုံးထဲမှာ ဈေးနှုန်းအကြီးဆုံး ဟိုတယ်ပင်။ တမင် တကာ ဒီကိုပဲ ဘွတ်ကင်လုပ်ထားတာ။ ကိုယ်ထွက်မလာခင် ရက်လောက်က ဖူးစာကိုယ်တိုင်ပဲ ဘွတ်ကင်လုပ်ပေးထား တဲ့ ဖူးစာတို့ရဲ့ ကုန်တိုက်သူဌေးဟာ အခု ဒီမှာပဲ ရှိနေပါသေး သည်။

မနေ့က ရောက်ကတည်းက တွေ့သည်။ သို့သော် အကသာ ကိုယ့်သူဌေးမို့ ကိုယ်သိတာ။ သူက ဖူးစာကို ရာအကြောင်းမရှိ။ မသိပါ။ ဖူးစာ ဘွတ်ကင်လုပ်ပေး န်းက နှစ်ယောက်ခန်း၊ ဆီးဗျူးအကောင်းဆုံး အခန်းတစ်ခန်း လုမ်းချိတ်ထားရတော့ သူဌေးတို့ လင်မယား အနားလာယူ ထင်မိခဲ့သည်။

ဘယ်ဟုတ်မလဲ။ ဒီမှာ သူဌေးကိုတွေ့တော့ အသက်နှစ်ဆယ်လောက် သူ့သမီးအရွယ်လောက်သာရှိတဲ့ အဖော်ကလေးနှင့် ဖြစ်နေရာ ဖူးစာမှာ အံ့သြလန့်ဖျပ် သက်ပြင်းရှိုက်ရသည်။ သူဌေးကတော့ ဖူးစာကို သူ့ဝန်ထမ်းမှန်းလည်း မသိ။ သူ့ကို ဒီအခန်းတွေ ကားတွေ စီစဉ်ပေးခဲ့သူမှန်းလည်း မသိတဲ့အပြင် ဒီဟိုတယ်ကြီးမှာ လာတည်းခိုသည်ဆိုတော့ တော်ရုံတန်ရုံ ပိုက်ဆံရှိသူထဲကပင် မဖြစ်နိုင်ဟု နားလည်ရမည် ဖြစ်လေရာ ထမင်းစားခန်း အပြင်စကြံကွေ့လေးမှာ ရင်ဆိုင်ဆုံတော့ပင် ဧည့်သည်ချင်းမိတ်ဖွဲ့တဲ့အနေမျိုးနှင့် ပြုံးပြသွားပါသေးသည်။

စဉ်းစားလိုက်တော့ ရယ်ချင်စရာပင်။ မျက်နှာချင်းဆိုင်ဆုံတွေ့ ရပ်စကားပြောရဖို့ပင်ခက်တဲ့ ကိုယ့်ရဲ့အလုပ်ရှင်သူဌေးက ကိုယ့်ကို လူကြီးလူကောင်းချင်း ဆက်ဆံသလိုနှယ် မသိမသာခေါင်းညွတ်ပြုံးပြသွားတယ်ဆိုတော့ ...။

"အဟင်း ... ဟင်း"

ဖူးစာသည် မအောင့်နိုင်စွာ အသံလေးတစ်ချက်ထွက်ပြီး ရယ်မိပါသည်။ လောကကြီးမှာ ငွေပါပဲလား။ ငွေထုပ်ကြီးကိုင်ကာ အကောင်းဆုံးဟိုတယ် တက်တည်းလာတော့ ကိုယ့်ကို ဘယ်သူကမှ နှိမ်ချမဆက်ဆံဝံ့ပါလား။ ဒီဟိုတယ်မှာ တည်းနေတယ် ဆိုသည်နှင့် ကမ်းခြေမှာ အပန်းလာဖြေနေကြတဲ့သူချင်းတူတူမှာပင် အရေးထားစရာ အဆင့်တစ်ဆင့် အလိုလို မြင့်သလိုလို။

ကမ်းခြေပေါ် အတူတူချင်း ရှိတာကိုပင် ...

"အဲဒါ '......'ကဟာတွေ"ရယ်လို့ ဂရုစိုက်စရာ
ိတ်ဝင်စားစရာလို လုပ်ပြီးပြောသွားတတ်ကြပါသေးသည်။

"ညီမ ဒီမှာလုပ်တာ ကြာပြီလား"

"ဟုတ်ကဲ့၊ ဟိုတယ်စဖွင့်ဖွင့်ချင်း အလုပ်ဝင်တာဆိုတော့ တစ်နှစ်ရှိပါပြီ"

"ရန်ကုန်ကလား"

"ပုသိမ်ကပါ"

"ဪ ... ပုသိမ်ကလူတွေ ဒီမှာ များသလား"

"ရှိပါတယ်၊ ဒီနားက ရွာနီးချုပ်စပ်တွေကလည်း များပါတယ်၊ ဒေသခံတွေကို ဦးစားပေး အလုပ်ပေးတာပါ၊ တချို့ ရာထူးနဲ့ လူတွေလောက်ပဲ ရန်ကုန်က လာတာများတာရှင့်၊ ကျွန်မတို့လို အောက်ခြေဝန်ထမ်းတွေတော့ များသောအားဖြင့် အားလုံးလိုလို ဒေသခံပါပဲ၊ ရန်ကုန်ကလူ နည်းပါတယ်"

ဖူးစာသည် မနေ့ညက တွေ့လိုက်ရတဲ့သူကို ပြန်
တိရကာ ...

"ဪ ... ညီမကို မေးကြည့်ရဦးမယ်၊ မနေ့ညက ကမ်းခြေဆင်းပြီး လမ်းလျှောက်တော့ ဟိုဘက်ဟိုတယ်ထမင်းစားခန်းမရဲ့ ဘေးနားမှာ ဂစ်တာတီး သီချင်းဆိုနေကြတာတွေ့တယ်"

"ဟုတ်ကဲ့၊ ဟိုဘက်ဘေး နောက်ထဲက ဝန်ထမ်းလိုင်းထေ
မမ"

"ဝန်ထမ်းတွေပေါ့"

"ဟုတ်ကဲ့"

"ဂစ်တာတီးနေတဲ့ လူတစ်ယောက်က မမ အသိတ
ယောက်နဲ့ သိပ်တူတာပဲ၊ အဲဒါ ဘယ်သူလဲ သိလား"

"ညကမမြင်ပေမယ့် အဲဒီမှာ ဂစ်တာတီး တအားကောင်း
တာကတော့ ဟိုတယ်ရဲ့ စားဖိုမှူးပဲ မမ၊ မမနဲ့ သိလို့လား
စားဖိုမှူးကတော့ ရန်ကုန်ကလာတာ ဟုတ်တယ် မမ"

"သူ့နာမည် သိလား"

"ဟုတ်ကဲ့ သိတယ်၊ စားဖိုမှူးနာမည်က ဦးဂျင်မီရွှေတဲ့"

ဖူးစာရဲ့ မျက်နှာက ပြုံးသွားရကာ ...

"ဪ ... သူက ဂျင်မီရွှေ ဟုတ်တယ်ပေါ့"

"ဟုတ်တယ် ... မမနဲ့ သိလား"

ကောင်မလေးက ဒီဟိုတယ်မှာတည်းတဲ့ သူဋ္ဌေး
လေး(သူတို့အထင်)တစ်ဦးနဲ့ သူတို့ဟိုတယ်က စားဖိုမှူး ခင်ခင်
တယ်ဆိုတာကို အံ့အားတသင့်ရှိသည်။

"သိတယ်၊ သိပ်ခင်တာ၊ ဟိုးငယ်ငယ်လေးကတည်းက
အိမ်နီးနားချင်း နေလာကြတာပေါ့ ညီမရယ်၊ မတွေ့
တာ ငါးနှစ် ခြောက်နှစ်တော့ရှိပြီ၊ ညက မသဲမကွဲမြ
လိုက်တော့ သူနဲ့တူပါတယ်ထင်သား"

"ဦးဂျင်မီက မမကို မမှတ်မိဘူးလား"

"မမှတ်မိဘူး ထင်ပါရဲ့ကွယ်"

ဘယ်မှတ်မိနိုင်ပါ့မလဲ။ သွားနှုတ်ဆက်လိုက်မှသာ
တ်မိမှာပေါ့။ ငယ်ငယ်က အိမ်ချင်းကပ်ရပ် နေခဲ့ကြတုန်းက
စာတို့မိသားစုက ဂျင်မီရွှေတို့ မိသားစုလောက်ပင် မပြည့်စုံမပို
တာ။ ဂျင်မီတို့ရဲ့ မိုးမိုး ပါးပါးတို့ဟာ သမီးမိန်းကလေး
မွေးဘဲ သားသုံးယောက်သာ မွေးထားတော့ ဖူးစာတို့ညီအစ်မ
အင်မတန် ချစ်ပါသည်။

"အမလေး ... ရုပ်ကလေးတွေက ချောထားလိုက်ကြတာ၊
မရဘူး၊ ညည်းတို့နှစ်ယောက် ငါ့သားသုံးယောက်ထဲက
ကြိုက်တဲ့နှစ်ယောက်ကို ယူရမယ်"

စကားသံဝဲတဲတဲနှင့် မိုးမိုးက အားပါးတရ ပြောလေ့
သည်။ မိုးမိုးဟာ ကရင်လူမျိုးပီပီ အစားအသောက် မုန့်ပဲ
ရေစာ ဟင်းလျာတွေ ချက်ပြုတ်ရာမှာ အင်မတန် လက်ရာ
ာင်းပြီး နေ့စဉ် တစ်မျိုးမဟုတ် တစ်မျိုး လုပ်စားနေဖို့
သနာကိုပါတာ။ ဒါကြောင့်လည်း သူ့သား ဂျင်မီ စားဖိုမှူးဖြစ်
တာနေမှာ။

ငယ်တည်းက အမေဖြစ်သူထံက ဗီဇအမွေ ရလားမ
တာ။ ဖူးစာတို့ ငယ်ငယ်က ဟိုဘက်အိမ်မှာ မိုးမိုး တစ်ယောက်
တထောင်းထောင်းနှင့် အိုးကြီးတစ်အိုးကို မွှေနေပြီဆိုရင်
န်း ညာမုန်း မသိသေးဘဲနှင့်ကို ကိုယ်ထည့်စားဖို့ ဇလုံလေး

လက်ကကိုင်ကာ ငုတ်တုတ်ထိုင် သွားမျှော်နေလိုက်တာပင်။ ကလေးဆိုတော့ ရှက်ရကောင်းမှန်းလည်း မသိ။

မိုးမိုးကလည်း ဖူးစာတို့ ဇလုံလေးကိုင်ကာ ကူး... ပြီး သူ့ဟာစားချင်လို့ လာမျှော်နေတယ်ဆိုလျှင် အလွန်သ... ကျတာ။ လာဟဲ့ ... လာဟဲ့နှင့် ယောက်ချိုဗွန်းကြီးနှင့် တစ်ခွ... ကြီး ခပ်ထည့်ပေးတဲ့ ကန်ဇွန်းဥသာကူတို့၊မုန့်ကြာဇိတို့၊ နို့ထ... တို့ကို ခုပြန်တွေးရင် ခုတောင် သရေယိုချင်လာသည်။

လွမ်းစရာ။

ဂျင်မီက ဖူးစာထက် တစ်နှစ် နှစ်နှစ် ကြီး... လည်း ဂျင်မီပဲ ခေါ်ကာ တန်းတူပေါင်းပြီး ပြေးလွှားဆော့က... လာတာ။ ဂျင်မီ့အောက်က အပါက နာမည်ရင်း စတီဗင်... ဖူးစာထက် နှစ်နှစ်လောက် ငယ်သော်လည်း သူ့အမေက ... လှလို့ထင့် ဖူးစာကို သူ့ခမျာ စိတ်တွေကစားကာ သံယော... တွယ်တာ နှောင်တဲဖူးသေးသည်။

ဒါကြောင့် ဖူးစာကို "မမထား"လို့ ပြောင်... ကာ ခေါ်တတ်သည်။ အပါရဲ့ မမထားပေါ့။ ဖူးစာက အ... မကြိုက်။ မောင်ကလေးလို သူငယ်ချင်းလိုပင်။ ဖူးစာတို့ မိ... အဲဒီရပ်ကွက်ကနေ အိမ်ပြောင်းတော့ အပါ ငိုတာကို မှတ်မိ... သည်။ အဲဒီနောက် သူတို့လည်း အင်းစိန်ဘက် ခြံကွက်ဝ... ပြောင်းသွားကြပါသည်။ နေရပ်တွေ တစ်နေရာစီ ဖြစ်သွား... ရန်ကုန်တစ်မြို့တည်းမို့ ရံဖန်ရံခါ ဆုံကြတွေ့ကြသည်။

သူတို့အစ်ကိုအကြီးဆုံး ကိုဂျိန်း ယိုးဒယားဘက်ကူး ...သွားပြီး ယိုးဒယားမနဲ့ ယူသွားတာ၊ အပါ ခေါ် စတီဗင် သင်္ဘော ...က်သွားတာတွေအထိ သိသေးသည်။

အရင်က သူတို့လောက်တောင် မပြည့်စုံတဲ့၊ ဘဝကို ...လိုပဲ ရုန်းကန်လှုပ်ရှားနေရတဲ့ ငယ်သူငယ်ချင်း ဖူးစာဟာ ......"ဟိုတယ်ကို တက်တည်းနိုင်စွမ်းရှိတဲ့ သူမျိုးမှ မဟုတ်တာ။ ...စာလို့ ယောင်လို့တောင် ထင်မှာမဟုတ်။ သူသိတဲ့ ဖူးစာဟာ ...ည်း ဆံပင်ရှည်ကြီးကို စုစည်းရင်စည်း၊ ကျစ်ဆံမြီးကျစ်ရင်ကျစ်၊ ...စ်ပတ်လျှိုချရင်ချ၊ ရိုးရိုးကလေးနဲ့ ယဉ်ကျေးလှပသူ။ အခုဖူးစာ ...က ရှည်လျားတဲ့ ဆံပင်ကြီးကို စပင်ရင်ချောင်းပေါင်း များစွာ ...ားသလို အမျှင်အနွယ်တွေနှင့်။

ပြီးတော့ အရင်က ဖူးစာ အိပ်မက်တောင် မမက် ...ယ့် တစ်စုံကို သိန်းနားကပ်တဲ့ အဆင့်မြင့် ဖက်ရှင်ဝတ်စုံတွေ ...င်။

ဂျင်မီဟာ ဟိုတယ်ရဲ့ဧည့်သည်ဖြစ်တဲ့ ဖူးစာကို ...ဆဲ့တောင် လှမ်းကြည့်ဖြစ်မှာ မဟုတ်ပါ။ ဘယ်လိုလုပ် သိနိုင် ...လဲ။ ပြီးတော့ သူ့ဂျူတီက ဟိုတယ်ရဲ့ မီးဖိုဆောင်ထဲမှာ ...။

"အောင်မာ ... ဦးဂျင်မီကြီးကတော့၊ မမကတောင် သူ့ကို မှတ်မိတယ်ဆိုရင် သူက ဘာဖြစ်လို့ မမှတ်မိရဘူးလဲ"

"မမက ပုံပြောင်းနေတာ ညီမရဲ့"

ဖူးစာသည် ပျင်းပျင်းနှင့် ဒီအခန်းရှင်းသူလေးကို စကားတွေ ဖောင်ဖွဲ့ပြောနေရပါသည်။ ဟိုးကမ်းခြေတစ်လျှောက်မှာ လူတွေစည်ကားစပြုပြီ။ ရေထဲမှာလည်း လူများနေပြီ။ ဖူးစာကတော့ ရေထဲလည်း ဆင်းချင်စိတ်မရှိ။ ပြတင်းပေါက်မှ ငေးမျှော်ကြည့်နေပါသည်။ အဝေးကို မျှော်ကြည့်ရတာမို့ လူလေးတွေကို သေးသေးဖွဖွလေးတွေသာ မြင်ရသည်။

"ရေထဲဆင်းပါလား မမရဲ့၊ အဖော်မရှိလို့လား"

"အင်း … မဆင်းချင်သေးပါဘူးကွယ်"

"မမသူငယ်ချင်းတွေက နောက်မှ လိုက်လာကြမှာလား"

"အဲသလို မဟုတ်ပါဘူး၊ မမက ကျန်းမာရေးသိပ်မကောင်းလို့ လာအနားယူတာပါ"

"ဩော် … ဒါကြောင့်လား၊ လိုတာပြောနော် မမ၊ ကျွန်မလုပ်ပေးမယ်"

"အင်း … အင်း"

ဖူးစာက ကောင်မလေးကို Tip တစ်ထောင်ပေးလိုက်ပါသည်။

"ဟိုတယ်ပင်မဆောင်ကြီးရဲ့ အပေါ်ထပ်တွေမှာ အားကစားရုံတို့၊ ဘော်ဒီဖစ်ထ်နက်စ်တို့၊ ဗြူတီစပါးတို့၊ မာဆာ့ချ်အခန်းတို့၊ ကာရာအိုကေတို့ အစုံရှိတယ်နော် မမ၊ အင်တာနက်တွေ၊ နက်ဝပ်ဂိမ်းတွေလည်းရှိတယ် အစုံပဲ၊ မမ သွားကြည့်ပေါ့"

"အေး … အေး"

"လိုရင် တစ်ယောက်ယောက်ကို ခိုင်းခိုင်းလို့ မှာလိုက်နော် မမ၊ မမ လိုတာ လာလုပ်ပေးမယ်၊ ခဏနေရင် ဧည့်သည်ကားတွေ တစ်စီးပြီးတစ်စီး ရောက်ကြတော့မှာမို့ ကျွန်မသွားလိုက်ဦးမယ်နော် မမ"

"အေး … အေး … သွား"

ဖူးစာက အခန်းထဲက ထွက်လာကာ ဘန်ဂလိုလေးတွေအနား ဟိုတယ်ပရဝုဏ်ထဲမှာပဲ တစ်ယောက်တည်း ဟိုလျှောက်ဒီလျှောက် လျှောက်နေပါသည်။ တစ်ခါတစ်ခေါက်မှ မရောက်ဖူးတဲ့ ပင်လယ်ကမ်းခြေရဲ့ အလှကို ကြည့်နူးခံစားနေမိပေမယ့် အဖော်အသင်း တစ်ယောက်မှ မပါ၍ ပျော်စရာမကောင်းပါ။ ပြည့်အဝ စိတ်တိုင်းကျရတယ်လို့ မဖြစ်ပါ။

ကိုဂျင်မီ ရှိတယ်လို့ သိရတာကိုပဲ အတော်ပျော်နေသည်။

လွမ်းတာကတော့ ဦးအလင်းကိုလည်းလွမ်း။ နုနုဆွေကိုလည်းလွမ်း။ ကိုကိုနဲ့ ကျော်ကျော့်ကိုလည်းလွမ်း။ ကုန်တိုက်က ငယ်ဖော်ကိုင်ဖက်တွေကိုလည်းလွမ်း။ ဝယ်စားနေကျ လမ်းထဲက လက်ဖက်သုပ်ဆိုင်လေးကိုတောင် လွမ်းသည်။ ကောင်းတယ်၊ လွမ်းပစေ။ အဲဒီအလွမ်းကို ခံနိုင်ရည်ရှိအောင်ခံပြီး သံယောဇဉ်တွေ ဖြတ်ပေတော့ ဖူးစာ။

မကြာခင် အပြီးခွဲရတော့မယ့်အစား အကျင့်လေး အောင် ခွဲခွာဖူးရတာပေါ့။ လွမ်းရတာများ ဘာဖြစ်သေးလဲ။ တစ် ယောက်တည်း ရောက်တတ်ရာရာ လျှောက်တွေးကာ ငေးမိငေးရာ တွေ ငေးနေရင်း ဟိုတယ်ထဲ ကားတွေခပ်ကျဲကျဲ ရောက်လာနေ တာ သတိပြုမိနေပါသည်။ ဒီဟိုတယ်ကို လာသူတွေက ကိုယ်ပိုင် ကားတွေနှင့်ပဲ များသည်။ ဘတ်စ်ကြီးတွေနှင့် လာတဲ့သူမျိုးလုံးဝ မရှိ။

ဘန်ဂလိုတွေဘက် ပစ္စည်းသယ်ပို့သူတွေ နောက်က ပါလာတဲ့ ဧည့်သည်သစ်တွေထဲမှာ နိုင်ငံခြားသားတွေလည်းပါ သည်။ မြန်မာတွေကတော့ ကြည့်လိုက်တာနှင့် သူဌေးပုံထွက်နေ တဲ့သူတွေချည်းပင်။ ကိုယ်ကလည်း သူတို့ကိုကြည့်၊ သူတို့က လည်း ကိုယ့်ကို အကဲခတ်။

ဘိချ်နဲ့လိုက်ဖက်တဲ့ အရောင်တောက်တောက် ဝမ်း ပွင့်တွေအဆင် ပိုးသားဂါဝန်က ဖူးစာကိုယ်ပေါ်မှာ လေကြောင့် လွင့်ခတ်နေသည်။ ဂါဝန်က အောက်နားကားကား။ ပါးလွှာမျှော အိ၍ လေတွင် လှုပ်လွင့်နေပုံက ကဗျာဆန်လှပါသည်။ ခေါင်း ပေါ်မှာ အနားဝိုင်းပါတဲ့ ဦးထုပ်ဖြူဖြူနှင့် ဖူးစာရဲ့ပုံစံက လှ အဆင့်မြင့်နေရာ အကဲခတ်ကြည့်မသွားတဲ့သူ မရှိပါ။

လူတွေဟာ သူဌေး သူဌေးချင်းဆိုတဲ့ အသိနဲ့ တော့ ဖော်ဖော်ရွေရွေ အင်မတန် ရှိကြသားပင်။

"ဟေး ... ကြားလား၊ အေး ... ငါတို့ ရောက်ပြီသိလား၊ အဲဒါ လှမ်းအကြောင်းကြားတာ၊ ဟား ဟား၊ ပျော်စရာ ကြီးဟေ့၊ ဒါပဲ ... ဒါပဲ၊ ချက်ချင်းပြေးဆင်းတော့မယ်၊ တာ့တာ"

လူရွယ်တစ်ယောက် ဟဲန်းဒ်ဖုန်းနှင့် ဘယ်သူ့ဆီလှမ်း ဆက်မှန်းမသိ၊ အော်ကြီးဟစ်ကျယ် ပျော်ရွှင်နေသံ ကြားသောအခါ ဖူးစာသည် တယ်လီဖုန်းလေးကို သတိရလိုက်မိပါသည်။ ကြည့် မ်း၊ မေ့နေလိုက်တာ။ စက်ကိုပိတ်ပြီး ပစ်ထားတာ ဘယ်လောက် ကြာပြီလဲ။ ညကလည်း ချော့ဂျင်မသွင်းမိ။ အခန်းပြန်တဲ့အခါ ချော့ ဂျင်သွင်းဦးမှပဲ။

ဖူးစာက သတိတရနှင့် ဘန်ဂလိုတွေဘက် ပြန်လှည့် ပြင်လိုက်စဉ် ...

"ဟင်"

ဖူးစာမျက်လုံးလေး ဝိုင်းသွားရပါသည်။

ရှေ့က လပ်ဂေ့ဂျ်သယ်သည့် အလုပ်သမားတစ် ယောက်နောက်မှ ဖြည်းဖြည်းလိုက်လာသော အမျိုးသမီးနှစ် ယောက်။ တစ်ယောက်ဟာ ဦးအလင်းရဲ့မေမေလေ။ တစ်ကြိမ်ပဲ မြင်ဖူးပေမယ့် ဖူးစာ မှတ်မိပါသည်။ ဦးအလင်းနဲ့လည်း မျက်ခုံး မျက်လုံးတွေ သိပ်ဆင်တဲ့ အန်တီ။ နာမည်က ဒေါ်မြတ်မြတ်ထွေး။

နံဘေးမှာ အသက်သုံးဆယ့်ငါး၊ လေးဆယ်ကြား ဆင်ရတဲ့ အမျိုးသမီးတစ်ယောက် ပါသေးသည်။ ဆွေမျိုးသား

ချင်းဖြစ်ဖို့ များသည်။ ဦးအလင်းရဲ့ အစ်မရင်းက နိုင်ငံခြားမှာ ဆိုတော့ ဦးအလင်း ပြောပြဖူးတယ်လေ။

တည့်တည့်ကြီး မျက်နှာချင်းဆိုင် အနေအထား လာနေတာ။ ဖူးစာသည် နှုတ်ဆက်ရမလား နှုတ်မဆက်ရဘူးလား ဝေခွဲမရတဲ့ ဇဝေဇဝါ ဒွိဟရုပ်နှင့် ခြေလှမ်းကို အားဘက်ဆင်းချ ရင်း နှေးပစ်လိုက်မိပါသည်။ ဖူးစာရဲ့ ပေါ်လွင်လှပလွန်းသော ဝတ်စုံကြောင့် သူတို့နှစ်ဦးစလုံးက ဖူးစာထံ လှမ်းကြည့်ကြသည်။

ဖူးစာရဲ့ မျက်လုံးများထဲမှ ရင်းနှီးနွေးထွေးတဲ့ အရိပ် အငွေ့ကြောင့် ထင်သည်။ ဒေါ်မြတ်မြတ်ထွေးနှင့် အဖော်ပါသည့် အစ်မကြီးက ဖူးစာကို မိတ်ဖွဲ့ပြုံး ပြုံးပြပါသည်။ ဒေါ်မြတ်မြတ် ထွေးကတော့ ဖျတ်ခနဲ လှမ်းကြည့်မိပြီး အတော်ချောတဲ့ မိန်းက လေးပါလားဆိုတဲ့ အသိအမှတ်ပြုခြင်းနှင့်သာ ဆက်လျှောက်သွား ပါသည်။

ဖူးစာက ဘေးက အစ်မကြီးကို ကမန်းကတန်း ပြန်ပြုံးပြလိုက်ရင်း ခေါင်းကလေးပါ ညွှတ်လိုက်မိပါသေးသည်။ သူ့ကို ဦးအလင်းရဲ့မေမေ မမှတ်မိဘူး။ ဝမ်းနည်းသလိုလေး တစ်ချက်ဖြစ်သွားပြီးမှ မမှတ်မိတာပဲ ကောင်းပါတယ်လို့ ဖြေသိမ့် တွေးနိုင်သည်။ ကိုယ်တိုင်လည်း ကိုယ်ယောင်ဖျောက်ကာ နေချင် တာပဲ မဟုတ်လား။

ဖူးစာကို ကျော်ဖြတ်လာတဲ့ မြမြကတော့ အနော် ဘက်ငုံ့ကာ ...

"ဟိုကောင်မလေးက ချောလိုက်တာနော်"

"အင်း ...၊ အတော်ချောတာ၊ ဆံပင်က အစစ်လား မြမြ"

"မြလည်း မသိဘူး အန်တီရဲ့"

ဖူးစာအကြောင်းကို တီးတိုးဝေဖန် ချီးမွမ်းသွားဖြစ် ကြပါသည်။

✧ ❣ ✧

အခန်းထဲပြန်ရောက် ဖုန်းကို ချာဂျင်သွင်းကာ လပ်တပ်ထားရင်း တစ်ပြိုင်နက်မှာပဲ ဖူးစာက ဖုန်းပါဝါကို ဖွင့် လိုက်ပါသည်။ ချာဂျင်သွင်းနေတုန်းလည်း ပါဝါ On ထားပြီး ကားပြောလို့ ရတယ်လို့ မအိက ပြောလိုက်သည်။ ဖုန်းနားက လှည့်ထွက်ခဲ့ကာ ပင်လယ်ဘက် လှည့်နေတဲ့ ဝရန်တာဆီ ထွက် ရပ်ရုံရှိသေးသည်။

"တီတီ ... တီတီ ... တီတီ"

ဖုန်းထမြည်လာတာမို့ ဘုရားတ,ကာ အလန့်တကြား ဖြစ်သွားရရင်း၊ ဖူးစာက အပြေးကလေး ဝင်လာခဲ့သည်။ ဖုန်းကို ကောက်ယူကြည့်လိုက်လျှင် ရင်ထဲ တဒိတ်ဒိတ် တုန်ဟီးလှုပ်ရှား သွားပါသည်။

ဦးအလင်း။

ဦးအလင်း ဖုန်းနံပါတ်လေ။

"တီတီ ... တီတီ ... တီတီ"

အချက်ပေါင်းများစွာ ဆက်ခါ်မြည်နေတဲ့ Ring သံကို နားထောင်ရင်း ဖွင့်နားထောင်မယ် နားမထောင်ဘူး ချီတုံချတုံဖြစ်ကာနေသည်။ လက်မလေးက ခလုတ်ကိုဖွင့်ဖို့ ရွယ်ပြီးမှ ဖယ်လိုက်မိပြန်တာ အကြိမ်ကြိမ်။ အို ... ဘာဖြစ်လို့ မပြောစရာလိုလဲ။ ကိုယ်ဘယ်မှာရှိနေတာလဲ ဦးအလင်း သိနိုင်တာမှမဟုတ်တာ။

ဦးအလင်းနဲ့ စကားပြောချင်ပါတယ်၊ ဦးအလင်းကို လွမ်းပါတယ်။ တကယ်တော့ ဦးအလင်းနဲ့ စကားတို့လှယ်ပြောဆိုခွင့် ဆိုတာလည်း လပိုင်းလေးသာ အချိန်ရှိတော့တာပါ။

"ဟယ်လို"

ဖူးစာအသံက တုန်ပြီး အာခေါင်ခြောက်နေ၍ ထွက်တောင်မလာ။

"ဟယ်လို"

"ဖူးစာ၊ မဖူးစာလား"

"ဟုတ်ပါတယ်"

"ကျွန်တော် အလင်းရောင်ပါ မဖူးစာ"

"ဟုတ်ကဲ့ ဦးအလင်း"

"ဝမ်းသာလိုက်တာဗျာ၊ တောက်လျှောက်ခေါ်နေတာ၊ လုံးဝခေါ်လို့ မရတာ၊ ဖူးစာ ဖုန်းပိတ်ထားတယ်"

"ဟုတ်ကဲ့ ... ဘက်ထရီလည်း ချာ့ဂျင်ကုန်နေလို့ပါ"

"ဖူးစာ ... ကျွန်တော် ဒီဖုန်းကို ဖူးစာ အိမ်ရောင်းလိုက်တဲ့ အိမ်ရှင်ဆီက ရတယ်"

"ဟုတ်ကဲ့ ဦးအလင်း"

"ဖူးစာ အခု ဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲဟင်"

ဖူးစာသည် မျက်ရည်လည်ကလေးနှင့် ကြည်နူးဝမ်းနည်းပြုံးနေမိကာ ...

"ဦးအလင်း ... ဖူးစာ စိတ်ချရတဲ့ တစ်နေရာမှာ အေးအေးချမ်းချမ်း ရှိပါတယ်"

"နိုင်ငံခြားတော့ ထွက်မသွားသေးဘူးနော်"

"ဟင့်အင်း"

"ဘယ်မှာလဲ ဖူးစာ၊ ကျွန်တော် သိလို့ မရဘူးလား"

"မပြောပါရစေနဲ့လား ဦးအလင်း၊ ဖူးစာ ဘယ်သူ့ကိုမှ ဘယ်မှာရှိတယ်ဆိုတာ ပြောမထားခဲ့ဘူး"

"အဲဒါ ဘာဖြစ်လို့လဲဗျာ၊ ဖူးစာ လုပ်သွားတာတွေက သိပ်ပဟေဠိဆန်နေသလိုပဲ၊ မဖူးစာ ဘာတွေလုပ်နေလဲ၊ ဘာတွေဖြစ်နေလဲ ... ဟင်"

ဖူးစာက စို့လာတဲ့ မျက်ရည်သီးလေးကို တို့ရင်း...

"ဖူးစာ ခွဲခွာရမယ့်သူတွေနဲ့ တစ်ခါတည်း အဆက်ဖြတ်လိုက်တာပါ"

"ဟာ ... ဒီလိုလုပ်လို့ ဘယ်ရမလဲ ဖူးစာ၊ ဘာဖြစ်လို့ အဆက်ဖြတ်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ၊ အချိန်ကျလို့ ခွဲခွာဖို့ ကြုံလာရင်လည်း ခွဲပေါ့၊ ဒါပေမဲ့ ဒါဟာလည်း အပြီးခွဲခွာရမှာမျိုးမှ မဟုတ်ဘဲ"

"... ... ..."

"ဖူးစာ ဘာဖြစ်နေလဲ၊ မဖူးစာ တစ်ခုခုတော့ ဖြစ်နေပါ လိမ့်မယ်၊ ကျွန်တော် သိချင်တယ်၊ ဘာရည်ရွယ်ချက်နဲ့ ဘာတွေလုပ်နေတာလဲ မဖူးစာရယ်၊ ကျွန်တော့်ကိုပြောပါ ကျွန်တော် စိတ်တွေထူပူပြီး ကုန်တိုက်ကိုလည်းရောက် မန်နေဂျာနဲ့လည်းတွေ့၊ မနုနုဆွေဆီလည်းရောက်၊ နောက် ဆုံး ဖူးစာအိမ်ပါ ရောက်သွားတာ"

"နုဆွေ ဘာပြောလဲဟင်"

"သူကလည်း စကားမပြောချင်သလို ပြောချင်သလိုနဲ့ ဘာမှ ရေရေရာရာ မပြောပါဘူး၊ ဖူးစာ သူနဲ့ အဆင်ပြေ ရဲ့လား၊ သူ့ကြည့်ရတာ ကျွန်တော့်ကို မဆက်ဆံချင်သလို ပဲ"

မဆက်ဆံချင်တာတော့ မဟုတ်။ နုနုဆွေဟာ ဖွင့် မချမိအောင် မငိုမိအောင် သူ့ဟာနဲ့သူ ရှောင်ဖယ်ဖယ်လေး လုပ် လိုက်တာသာ ဖြစ်ပါမည်။

"သူနဲ့လည်း ဘာမှမဖြစ်ပါဘူး ဦးအလင်း"

"ဖူးစာ တစ်ခုခု ပြဿနာများ ရင်ဆိုင်နေရလားဗျာ၊ ကျွန်တော် အလိုလိုနေရင်း အဲဒီလို ထင်နေတယ်၊ တစ်ခုခု ကို ရင်မဆိုင်ချင်လို့ ရှောင်သွားတာမျိုးလား၊ ကျွန်တော် အမျိုးမျိုး လျှောက်စဉ်းစားနေမိတာပါ၊ မဖူးစာမှာ ပြဿနာ အခက်အခဲ တစ်ခုခုရှိရင် ကျွန်တော့်ကို ဘာပဲဖြစ်ဖြစ် ဖွင့် ပြောပါ၊ ဘယ်နည်းနဲ့မဆို ဖွင့်ပြောပါ ...

ကျွန်တော် မဖူးစာရှေ့မှာ မားမားရပ်ပါရစေ၊ ဘာ ကိုပဲဖြစ်ဖြစ် ကျွန်တော် ဖြေရှင်းပေးနိုင်ပါတယ် ဖူးစာ၊ ကျွန်တော့်ကို ယုံကြည်နိုင် အားကိုးနိုင်ပါတယ်၊ ကျွန်တော့် ကို သိပ်ကြီးစိမ်းစိမ်းကားကား သဘောမထားပါနဲ့ မဖူးစာ ရယ်၊ အရင်းအချာ တစ်ယောက်လို သဘောထားပါ၊ မဖူးစာမှာ ပြဿနာတစ်ခုရှိရင် အဲဒီပြဿနာဟာ ကျွန်တော့် ပြဿနာပဲလို့ ခံယူထားပါတယ်"

"ဘာပြဿနာမှ မရှိပါဘူး ဦးအလင်းရယ်"

"ဖြေရှင်းရ ခက်ခဲနေတာမျိုးလေ"

"ဖြေရှင်းရ ခက်စရာလည်း ဘာတစ်ခုမှ မရှိပါဘူး ဦးအလင်း၊ ဖူးစာကို ယုံပါ"

ဟုတ်တယ်လေ။ ဘာမှ ဖြေရှင်းစရာ လိုတာမှ မဟုတ်ဘဲ။ သူ့အလိုလို ရှင်းနေပြီဖြစ်တဲ့ ကိစ္စကြီးပဲ။ အချိန်တန် ရင် သေဖို့ကို ဒီလိုပဲ မေ့မေ့ပျောက်ပျောက် စောင့်စားနေရုံက လွဲလို့ ဘာများရှိလို့လဲ။

"သေချာရဲ့လား ဖူးစာရယ်"

"သေချာပါတယ် ဦးအလင်း"

"ဒါဖြင့် ဘာဖြစ်လို့ ကိုယ်ရောင်ဖျောက်နေတာလဲ၊ အား
နဲ့ အဆက်အသွယ်ဖြတ် ကိုယ်ယောင်ဖျောက်နေစရာ
အကြောင်းရှိလို့လဲ"

"ဒါက ဖူးစာ အကြောင်းနဲ့ ဖူးစာပါ ဦးအလင်းရယ်၊
တော့မယ့်အတူတူ စောစောစီးစီး ကြိုတင်လေ့ကျင့်ထား
ပဲ ဆိုပါတော့"

"အဓိပ္ပာယ်မရှိဘူး၊ ကျွန်တော့် စိတ်ထဲမှာ တစ်ခုခုဆို
သိနေတယ်၊ ကျွန်တော့်ကို မဖူးစာ မယုံကြည်လို့
တာပဲလို့ပဲ တွေးမိပြီးတော့ ကျွန်တော် စိတ်မကောင်း
မိတယ်"

ဦးအလင်း အသံက တကယ့်ကို ကြေကြေ
ဖြစ်သည်။ ဖူးစာ ရင်ထဲလည်း နင့်ကာ တလှပ်လှပ် တဖျ
နာကျင်နေသည်ပင်။ ဦးအလင်းရယ် ... ရှင်သန်ရခြင်း ဘဝ
ဒီထက်ပို သံယောဇဉ်ကြီးသထက် ကြီးရအောင် ကျွန်မကို
နှောင်ပါနဲ့တော့။

✧ ❣ ✧

၁၀

"တစ်ဆိတ်လောက်၊ Chef နဲ့ စကားပြောလို့ ရမလား"

ကျယ်ဝန်းလှတဲ့ မီးဖိုခန်းကြီးရဲ့ ဘေးတံခါးပေါက်
င့်ကာ ရုတ်တရက် မေးခွန်းထုတ်လိုက်တဲ့ အမျိုးသမီးကို မီးဖို
ပ်သားလေးက ငေးကြည့်နေရင်း ...

"ဟို ... ဟို ... ဘာများ အဆင်မပြေလို့ပါလဲ ခင်ဗျာ"

စားဖိုမှူးကို တွေ့ချင်တယ်ဆိုတော့ ဒီနံနက်စာ
သည်ခင်းတဲ့ ဟိုတယ်က ဟင်းလျာများထဲမှာ ဘာတွေများ
ကောင်းမရောင်းတွေ ပါသွားလို့လဲလို့ အရင်ဆုံး တွေးပူစရာ
သွားပုံပင်။ ဖူးစာက ပြုံးလိုက်ရင်း ...

"အဆင်ပြေလွန်းလို့ပါ၊ အဆင်မပြေတာ မရှိပါဘူး"

ဖူးစာကို ကောင်လေးက လာပြီးတော့ပဲ နောက်
င်နေသလား တွေးမိပေမယ့် ခမ်းနားထည်ဝါလှတဲ့ ဖူးစာရဲ့
င်အဆင်ကြောင့် ရယ်ဟဟတောင် ရဲရဲမလုပ်ဝံ့ပါ။

"စားဖိုမှူးက ဦးဂျင်မီရွှေ ဆိုလို့ပါ"

"ဟုတ်ပါတယ်"

"အဲဒါကြောင့် တွေ့ချင်တာပါ၊ အစ်မနဲ့ အသိပါ"

"ဩော်"

ကောင်လေး ကြောင်တက်နေဆဲ ဟိုဟိုဒီဒီ ကြည့်လိုက်တဲ့ ဖူးစာက သူတို့ဘက် နောက်ကျောခိုင်းကာ စတီးဟင်းအိုးကြီးတစ်အိုးထဲ ပစ္စည်းတချို့ လှမ်းပစ်ထည့်လိုက်တဲ့ အဖြူရောင်စားဖိုမှူးဝတ်စုံပြည့်နှင့် ဂျင်မီရွှေကြီးကို လှမ်းတွေ့လိုက်ပါသည်။

ဂျင်မီရွှေကြီးလို့ ခေါ်ရတာကတော့ ငယ်ငယ်ကတည်းက သူငယ်ချင်း ဂျင်မီဟာ သူများလူနှစ်ယောက်စာလောက် ထောင်ထောင်မောင်းမောင်း ဝဝထွားထွားကြီး ဖြစ်လို့ပင်။

အရပ်က ခြောက်ပေလောက်ရှိကာ လူက ဝဖြိုးဘက် ပါသည်။ အသားကဖြူဖြူ။ ပါးဖောင်းဖောင်းနှင့် ဂျင်မီဟာ သဘောလည်းကောင်းတော့ အင်မတန်ခင်ဖို့ ချစ်ဖို့ကောင်းပါသည်။ ဂျင်မီ့ကို ခုလို မမျှော်လင့်တဲ့ နေရာမှာ ပြန်တွေ့လိုက်တဲ့အတွက် ရင်ထဲမှာ ကြည်နူးဝမ်းမြောက်မိခြင်းမှာ ကိုယ့်ရဲ့အသွေး သောကနှင့် ဝေဒနာတို့ကိုပင် မေ့စေပါသည်။

"စားဖိုမှူး ... ဧည့်သည်ပါ"

ခုနကောင်လေးက ဂျင်မီ့အနားသွားကာ သတင်းပို့လိုက်လျှင် ဂျင်မီက တအံ့တသြ လှည့်ကြည့်၍ ဖဝေဖဝါ ပြုံးဖြည်းလျှောက်လာသည်။ ရင်ဘတ်မှာ အတွန့်အဖတ်လေးတွေ ဘလေးတွေပါသော ကျော်ဂျက်အပါးစအဖြူ လက်ရှည်ဘလောက်စ် လေးနှင့် ကာကီရောင် စကတ်ရှည်ပုံကျကျလေး တွဲဝတ်ထားကာ လှပသော ပဲင်ဆယ်လ်ဟီးလ် ဖိနပ်နက်ပြောင်ပြောင်လေးနှင့် အဆင့်မြင့်မြင့် လှပနေတဲ့ ဤမိန်းကလေးက သူ့ဧည့်သည်ဆို၍ ဂျင်မီရွှေ အံ့အားသင့်နေပါသည်။

ဖူးစာက ပြုံးချင်လှတဲ့ နှုတ်ခမ်းကို လက်ဝါးလေးနှင့် အုပ်ထား၍ မျက်နှာတစ်ခုလုံးလည်း မမြင်သာ။ ဆံပင်ကောက်ခွေခွေ အရှည်ကြီးကလည်း ဆန်းဆန်းပြားပြား လှနေကာ အားလုံးခြုံကာ ပေါင်းလိုက်တော့ ဒီဟိုတယ်ကြီးမှာ တည်းနိုင်လောက်တဲ့ ဒီသူဌေးမကလေးကို သူ မသိပါလို့ပဲ ဂျင်မီရွှေ ထင်မိသည်။

"ဘာကိစ္စများပါလဲ ခင်ဗျာ"

ဖူးစာသည် အရပ်မြင့်ထွားထွားကြီးနှင့် သူ့ကိုရိုသေနေတဲ့ ဂျင်မီ့ကြောင့် အတော်ရယ်ချင်လှကာ ...

"ကိစ္စက ခေါက်ဆွဲကြော်ဆိုပြီး မှာစားလိုက်တာ တီကောင်ကြော်တွေ ဖြစ်နေလို့ပါပဲ ဦးဂျင်မီရွှေရယ်"

ဂျင်မီရွှေသည် လက်လည်းဖယ်လိုက်တဲ့ ဖူးစာကို ...ကျက်ချင်းမှတ်မိကာ ...

"ဟာ ... မမထား"

အကျယ်ကြီး အော်ဟစ်လိုက်တဲ့ ဂျင်မီကြောင့် ...ဘာ ရှုံ့မဲ့သွားကာ ...

"နင်ကလည်းဟာ ဒီနာမည်ကြီး ခေါ်တုန်း၊ မုန်းစရာကောင်းလိုက်တာ"

"နင် ... နင် ဘယ်လိုဖြစ်နေတာလဲဟှင်၊ ထိတွေပေါက်လို့လား၊ ယောက်ျား ရသွားပြီလား၊ နင့်ယောက်ျားက ဘော့စ်ပေ့၊ ဟုတ်လား"

ဖူးစာသည် ရှက်ဒေါသမျက်နှာလေး ရဲရဲနှင့် ...

"ဘယ်က ယောက်ျားရရဦးမှာလဲ၊ ငါ အပျိုပဲ ရှိသေးတယ်ဟဲ့၊ သိရဲ့လား"

"ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် နင် ဘယ်လိုလုပ်ပြီး ဒီဟိုတယ်မှာ ဒီပုံစံနဲ့လာတည်းနေရလောက်အောင် ..."

လက်ဖဝါးကြီးကို ဖြန့်ကာ အထက်အောက် စုန်ဆန် ညွှန်ပြရင်း ပြောတဲ့ ဂျင်မီကို ဖူးစာက ပြုံးပြနေရာမှ ဝမ်းနည်းဆို့နင့်လာကာ ...

"ငါ နင့်ကို စကားတွေ အများကြီး ပြောစရာရှိတယ် ဂျင်မီရယ်၊ အေးအေးဆေးဆေး ပြောပါ့မယ်"

"နင် ဘယ်နရက် နေမှာလဲ"

"မသိသေးဘူး၊ ကြာဦးမယ်"

"အဖော်ဘယ်သူနဲ့ လာလဲ"

"ငါ တစ်ယောက်တည်း"

"တစ်ယောက်တည်း !! "

ဂျင်မီက မယုံနိုင်အောင် အံ့သြနေသည်။

"မိုးမိုး နေကောင်းလား"

ပါးပါးကတော့ ဆုံးသွားတာကြာပြီ။ ဖူးစာသိသည်။

"အမိုးက လေဖြတ်ထားတယ်"

"ဟယ် ... ဟို အင်းစိန် အိမ်မှာပဲလား"

"အေး"

"ဘယ်သူနဲ့ နေလဲ"

"ငါ့မိန်းမနဲ့ ကလေးနဲ့ တူတူနေတယ်၊ ကိုဂျိန်းက သူ့အိမ်ထောင် ယိုးဒယားမနဲ့ ကွဲသွားတယ်၊ သာသနာပြုအဖွဲ့နဲ့ လာအိုဘက် ပါသွားတယ်။ သတင်းမကြားရဘူး၊ အဆက်အသွယ်လည်း မလုပ်ဘူးလေ၊ အပါကလည်း ယိုးဒယားမှာပဲ မိန်းမယူထားတယ်၊ သင်္ဘောတက်တဲ့အခါတက်၊ သင်္ဘောကဆင်းရင် ဒီပြန်မလာဘူး၊ ယိုးဒယားက မိန်းမအိမ်ပဲ ဆင်းတယ်၊ အမိုးကို လာပြန်မကြည့်ဘူးဟာ၊ ဟိုးတစ်ခါ ဆက်သွယ်တော့ လူကြုံနဲ့ ငွေဆယ်သိန်းထည့်ပေးလွှတ်လိုက်တယ်၊ ငါ ဒေါသဖြစ်လိုက်တာဟာ၊ ဒီကောင် အပါ ငါတွေ့ရင် ဆွဲထိုးတယ်"

"အေးဟယ် ... အပါကလည်း"

"အဲဒါ မမထား ညံ့လို့ပေါ့"

"လုပ်လာပြန်ပြီ"

"ဒီကောင်က နင်ပြန်မကြိုက်ကတည်းက စိတ်လေနေတာ"

"ဘာမှမဆိုင်ပါဘူး၊ လျှောက်မပြောနဲ့၊ အေး ... ဂျင်မီရေ နင် ငါ့ကို မမထားလို့ ခေါ်တာ ကောင်းတယ်၊ ငါ့ကို ယောင်ပြီး နာမည်မခေါ်နဲ့သိလား၊ မမထားပဲခေါ်၊ သူများ တွေကိုလည်း မမထားပဲ သိပစေ၊ တည်းဖို့မှတ်ပုံတင်ထား တဲ့ နာမည်ရင်းကိုလည်း ဘယ်သူမှ သိသေးတာမဟုတ် ဘူး၊ သူများမေးရင် ငါက မမထားပဲနော်"

ဂျင်မီက မယုံသင်္ကာကြီးကြည့်ကာ ...

"နင် ဘာတွေ လူသိမခံနိုင်တာ ရှုပ်ရှုပ်ယှက်ယှက်လုပ် လာလဲ"

"ဘာမှမလုပ်ရပါဘူး ဂျင်မီရယ်၊ နင် ငါ့အကြောင်း ... သားနဲ့၊ ငါ ဒီမှာ ငါသိတဲ့လူတွေနဲ့ လာဆုံနေလို့၊ ငါမှန်း သိမသွားစေချင်လို့ပါ၊ ဒါတွေ နင့်ကို ငါ နောက်မှအေး အေးဆေးဆေး ပြောပြပါ့မယ်ဟာ၊ အမိုး လေဖြတ်နေလ စိတ်မကောင်းလိုက်တာဟယ်၊ အခု နင်ပဲ မိုးမိုးကို ကျွေးမွေး ဆေးကုတာပေါ့"

"ဒါပေါ့ဟာ၊ ငါ့လခက ကောင်းပါတယ်၊ ငါလည်း ယိုးဒယား ခဏသွားလိုက်သေးတာပဲလေ၊ နင်သိတယ် မဟုတ်လား၊ နင့်အစ်မဆုံးတော့တောင် ပြန်မရောက်အေး လို့ မလာရတာ၊ အဲဒီတုန်းက ဟိုမှာ စားဖိုမှူးသင်တန်း

တက်ခဲ့နိုင်တယ်၊ တစ်နှစ်လောက်လည်း လက်ထောက်ပြန် လုပ်ခဲ့တယ်၊ ဒါနဲ့ ဒီပြန်ရောက်တော့ အလုပ်တန်းရပါ တယ်၊ အစက ရန်ကုန်ကပဲ "......"ဟိုတယ်က စားဖိုမှူး မှာ လက်ထောက်ပေါ့၊ နောက် ဒီငွေဆောင်ကို အလုပ် ခေါ်တာ လစာကောင်းလို့ ဝင်လျှောက်တာ ရတာနဲ့၊ ငါ ဘာမှမသုံးပါဘူးဟာ၊ ကုန်စရာလည်း မရှိဘူး၊ ပိုက်ဆံ နည်းနည်းဆောင်ထားရင် တစ်လ နှစ်လ မကုန်တော့ပါ ဘူး၊ အမိုးကိုကု၊ ပိုတာ မိန်းမနဲ့သား ကြည့်ရှုသုံးပေါ့ဟာ၊ ငါ့မိန်းမ နင်မဆုံသေးဘူးနော"

"အင်း ... ငါမတွေ့ဖူးဘူး"

"သဘောကောင်းတယ်၊ လိမ္မာပါတယ်ဟာ၊ ငါရတဲ့လခက အမိုးဆေးစရိတ်နဲ့ သူတို့သားအမိ လောက်ရုံပေါ့၊ မိန်းမ ကတော့ ဘာမှမလုပ်ဘူး၊ အိမ်မှာ အမိုးကိုလည်း ကြည့် ရသေးတာယ် မဟုတ်လား၊ ငါ့လခကို ဟိုမှာပဲ ပေးထုတ် ခိုင်းထားတယ်၊ ငါက ဘာမှမှ မလိုတာ"

ဖူးစာသည် ငယ်သူငယ်ချင်း ဂျင်မီ့ကို ကြင်ကြင် နာနာ ငေးကြည့်မိရင်း ...

"ဂျင်မီ ... ငါ မိုးမိုးကို ဆေးဖိုးနည်းနည်း ကန်တော့ချင် လိုက်တာ"

ဂျင်မီက ဖူးစာကို အကဲခတ် ကြည့်ရှုသည်။ အင်း တော်တော်ထောနေလို့ နေမှာပေါ့လို့ပဲ တွေးရသည်။

"ရန်ကုန်တုန်းက မတွေ့ဖြစ်ဘဲ ဒီရောက်မှ ဟိုကိုလှမ်းပေးချင်နေတယ်၊ ဒီကနေ လူကြုံပေးလို့ ရလား"

"ရတာပေါ့၊ နှစ်ရက်တစ်ခေါက် အသွားအပြန် ရှိတယ်၊ ဝန်ထမ်းတွေလည်း ဂျူတီအော့ဖ်တွေ ရန်ကုန်ပြန်တာပဲ"

"ဒါဖြင့် နင့်အိမ်ကို ပို့ပေးနိုင်း"

"နေပါစေဟာ၊ နင်ကလည်း၊ ခက်ခက်ခဲခဲ"

"ငါ့မှာ ငွေရှိနေလို့ပါ၊ ငါ့ပါးစပ်ထဲမှာ ခုထိ မိုးမိုးရဲ့မုန့်ကြာစိတို့ သာကူတို့ အရသာကို စွဲနေတုန်းပဲ၊ ငါတို့ကို ငယ်ငယ်က စေတနာအပြည့်နဲ့ ကျွေးခဲ့မွေးခဲ့တာလေ၊ ဟိုမှာ တစ်မြို့တည်း ရှိပေမယ့်ဟာ လူဆိုတာ ကိုယ့်အစကိုယ့်ပြဿနာ ကိုယ့်ရှုန်းကန်မှုနဲ့ ကိုယ်မဟုတ်လား၊ တကူးတကတောင် မရောက်ဖြစ်တာနော်၊ ဒါပေမဲ့ ရင်ထဲမှာ အမြဲရှိပါတယ်ဟာ၊ ငါလည်း မမရဲ့သား ကျော်ကျော်တာဝန်တစ်ဖက်နဲ့ တော်တော်ပင်ပန်းပါတယ်၊ အဲဒါကြောင့်လည်း ဘယ်မှမရောက် ဘယ်မှမလည်ဖြစ်"

"ကျော်ကျော်ရော ! "

"စင်ကာပူ ရောက်သွားပြီ၊ ကိုကိုခေါ်လို့"

"ကိုကို နေကောင်းတယ်နော်"

"ကောင်းတယ်၊ ကလေးတစ်ယောက်၊ သားလေးပဲ၊ မိန်းမနဲ့တော့ ကွဲသွားတယ်၊ မိန်းမနဲ့ကွဲလို့လဲ ငါတို့တူဝရီးကို ခေါ်တာလေ၊ ကျော်ကျော်က ကျောင်းတက်ပေါ့ဟာ၊ ငါက အိမ်မှုကိစ္စ လုပ်ပေးပေါ့"

"ကောင်းသားပဲ၊ အေးအေးချမ်းချမ်း"

"ဘယ်မှာကောင်းပါ့မလဲ ဂျင်မီရာ၊ ငါဟာ ငါ့ကိုယ် ငါအတွက် အသက်ရှင်လိုက်ရတယ်ဆိုတာ ဘယ်မလဲ"

"နင်ကလည်း ဒီနေ့မနက်ဖြန်ပဲ သေတော့မှာလိုလို"

"ဟုတ်တယ်လေ၊ သေခြင်းတရားကို နင်ပိုင်လား ဂျင်မီ"

"မပိုင်ပါဘူး … မပိုင်ပါဘူး … အဟဲဟဲ"

ဂျင်မီက ဖူးစာ နှောက်တယ်ထင်၍ ရယ်မောကာနေသည်။

"တကယ်နော်၊ ဘယ်နေ့ ရန်ကုန် အကြုံရှိလဲ"

"နက်ဖြန်ရှိတယ်ဟ"

"ငါ ပိုက်ဆံထည့် ကန်တော့မယ်နော်၊ မိုးမိုးဖို့ စာတစ်စောင် ညမှရေးဦးမယ်"

"နင် တကယ်ပြောနေတာလား၊ ဘယ်လောက်ပို့မှာလဲ"

"ငါးသိန်းလောက်"

"ဘုရားသခင် … အာ … ဒါတော့၊ မလုပ်ပါနဲ့ဟာ"

"ငါ့မှာ ပိုက်ဆံတွေ ရှိနေတယ် ဂျင်မီ"

"နင် ဒီစကားပဲ ပြောနေတာပဲ၊ ဘယ်ကပိုက်ဆံတွေလဲ၊ ဒီပိုက်ဆံတွေ ရှိနေရတဲ့အတွက် ဂုဏ်ယူတက်ကြွတဲ့ ပျော်

နေတဲ့ အရိပ်အယောင်တော့ နင့်မှာ မတွေ့ရဘူး၊ ပိုက်ဆံတွေရှိနေတာကို ပြောရင်း မျက်နှာက ညှို့မှိုင်းသွားတာပဲ"

ဂျင်မီရွှေက စိုးရိမ်သလို ဖြစ်လာကာ ဖူးစာကို အလေးအနက် စိုက်ကြည့်နေပါတော့သည်။

"ငါ ဒါတွေအားလုံး နင့်ကို ပြောပြမယ်လေ၊ နင်အားတဲ့နေ့ပေါ့"

"ငါက တူးတူဖိုး အားတယ်၊ ဒင်နာချိန်ပြီးရင် အားတယ် ဒါပေမဲ့ဟာ ဘာပဲဖြစ်ဖြစ် အမိုးဆီ ဒီလောက် ပိုက်ဆံအများကြီး မပို့ပါနဲ့၊ ငါက တစ်သောင်း နှစ်သောင်းလောက် ကန်တော့မှာမှတ်လို့"

ဂျင်မီ့ မျက်နှာက စိတ်ရှုပ်သွားတဲ့ပုံ ပေါ်ပါသည်။ သံယောဇဉ်ရှိတဲ့သူတွေနဲ့ ဝေးရာကို လာပါတယ်ဆိုမှ ပြေးမလွတ်ဘဲ ငယ်သူငယ်ချင်းနှင့် လာတွေ့နေတဲ့ အဖြစ်ကို ဖူးစာက စိတ်ပျက်မနေတော့ပါ။ အပြုံးကလေးနှင့်ပင် ...

"ငါ့အကြောင်း နင့်ကို ပြောပြပြီးရင် နင် သဘောပေါက်သွားမှာပေါ့၊ နင်အားတဲ့အချိန် တွေ့မယ် ဂျင်မီ"

ဂျင်မီက ဖူးစာကို နားမလည်နိုင်စွာ စူးစမ်းအကဲခတ်နေသည်။

✧ ❣ ✧

ဟိုတယ်ညွှဲခန်းမကြီးရဲ့ ထောင့်တစ်နေရာမှာ ဝါးကျည်တောက် အလှူခံပုံးကြီး အကြီးကြီးတစ်ခု ထောင်ထားပါသည်။ ဝါးကျည်တောက်ပေါ် စာကပ်ထားသည်မှာ "... ..."ရှာ မိဘမဲ့ လူမမယ်ကလေးနှစ်ဦးအတွက်။ ပင်လယ်ထဲ သေသွားတဲ့ မိဘနှစ်ပါးက ကျန်ရစ်တဲ့ တစ်နှစ်သားနှင့် နှစ်နှစ်ခွဲသားကလေးလေးနှစ်ဦးအတွက်လို့ သိရတဲ့အတွက် ဖူးစာက ကရုဏာသက်ကာ အလှူငွေ ထည့်နေမိပါသည်။

ဝါးကျည်တောက်ကြီးရဲ့ အပေါ်အပိတ်မှာ ပိုက်ဆံသိပ်ထည့်လို့ရရုံ အပေါက်နှင့်။ တစ်ရွက်ချင်းလိပ်ကာ ထည့်ရတာဖြစ်သည်။

ထမင်းစားခန်း ဘက်သို့ အတူ လျှောက်လာတဲ့ ဒေါ်မြတ်မြတ်ထွေးနှင့် မြမြတို့ တူဝရီးက ညွှဲခန်းထောင့်က ဖူးစာကို လှမ်းတွေ့နေရပါသည်။ သူတို့မှာလည်း အလှူထည့်ဖို့ အစီအစဉ်နှင့်။

"အန်တီ ... ဒီမှာ ခဏထိုင်နေလေ၊ မြ သွားထည့်လိုက်မယ်"

"အေး ... အေး"

ကွေ့ချိုးနေရာလေးက ဆိုဖာပေါ် ဒေါ်မြတ်မြတ်ထွေးက ထိုင်နေလိုက်ပါသည်။ သူတို့ကို ကျောပေးနေတဲ့ ဆံပင်ကောက်

ရှည်ရှည်နှင့် မိန်းကလေးကို လှမ်းကြည့်နေမိပါသည်။ ဒီကောင်မလေးကို မြင်ဖူးသလိုလိုပဲ။ မိတ်ဆွေတစ်ယောက်ယောက်ရဲ့ သမီးများလား။ ကြည့်ရတာ အဖော်လည်းမပါ တစ်ကိုယ်တော်ဖြစ်နေ၍ စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

ကမ်းခြေမှာ၊ ဟိုတယ်ထမင်းစားခန်းမှာ၊ မထော်တဆတွေ မျက်နှာချင်းဆိုင် တွေ့မိလျှင် ခေါ်မြတ်မြတ်ထွေးထိုမကြည့်တကြည့်နှင့် ခေါင်းကလေးညွတ်ကာ ဦးခေါင်းနိမ့်ပြီး ယို့ယို့လေး ကျော်ဖြတ်သွားတတ်ပုံက အံ့အားသင့်စရာ။ တခြားဘယ်သူကို အဲသလို လုပ်သေးလဲဆိုတော့ လုပ်တာမမြင်ပါ။ လူတိုင်းကိုမဟုတ် သူ့ကိုသာ။

ပြုံးပြတာ နှုတ်ဆက်တာမျိုးလည်း မဟုတ်။ ဘယ်တုန်းက မြင်ဖူးပါလိမ့် စဉ်းစားလို့ကို မရ။ ဒီဟိုတယ်မှာ တည်းနိုင်သူဖြစ်သည့်အပြင် အဝတ်အစား အဆင်အပြင် ကြည့်ရသည်မှာ ပိုက်ဆံရှိရှိ အဆင့်မြင့်မြင့်ထဲက ဖြစ်လိမ့်မည်လို့ ခန့်မှန်းရသည်။

ဖူးစာက အနားကို ရောက်လာသော သူ့ကို လှည့်ကြည့်လိုက်ရင်း မြမြကို မြင်လျှင် တစ်မျိုးလေး ရှိုးတိုးရှန့်တန့် ဖြစ်သွားရရင်း ...

"အစ်မ ... ထည့်မလို့လား၊ ထည့်လေ"

"ရပါတယ်၊ ညီမပြီးမှ ထည့်ပါ့မယ်၊ လုပ်ပါ"

"ကြာနေမှာစိုးလို့ပါ"

မြမြက ဖူးစာရဲ့ လက်ထဲကို အမှတ်တမဲ့ ကြည့်လိုက်မိလျှင် ထောင်တန်ငွေစက္ကူအထပ်က မထူမပါး။ တစ်ရွက်ချင်း လိပ်ထည့်နေရင်တော့ အတော်နှင့် ပြီးမှာမဟုတ်။ မြမြက လက်ထဲ အသင့်ကိုင်လာတဲ့ ငွေတစ်သောင်းကို နှစ်ရွက်စီထပ်လိပ်လိုက်၍ ငါးလိပ်သာရှိတာမို့ လိပ်လိုက်ထည့်လိုက် ခပ်သွက်သွက်လေး ပြုရင်း ...

"ရန်ကုန်ကပဲလား"

မိတ်ဖွဲ့စကား ဆိုလိုက်ပါသည်။

"ဟုတ်ကဲ့ပါ အစ်မ"

"အစ်မတို့လည်း ရန်ကုန်ကပဲ၊ အစ်မရဲ့အဒေါ်လေ၊ ကျန်းမာရေးအတွက် အနားယူဖို့လာတာ"

"ဪ ... ဘယ်လောက်ကြာကြာ နေမှာလဲ အစ်မ"

"အနည်းဆုံး တစ်ပတ်ပေါ့ကွယ်၊ ညီမရော"

"ကျွန် ... ကျွန်မလည်း ကြာမှာပါ"

"အလည်သက်သက်ပဲလား၊ ဘယ်သူနဲ့လာလဲ၊ သူငယ်ချင်းတွေနဲ့လား"

"ကျွန်မလည်း ကျန်း ... ကျန်းမာရေးအတွက် အနားယူဖို့ပါ၊ အဖော်မပါပါဘူး၊ တစ်ယောက်တည်း လာတာပါ အစ်မ"

"ဪ ... တစ်ယောက်တည်းလား၊ ညီမကို ကြည့်ရတာ ကျန်းကျန်းမာမာပဲ၊ ဘာများဖြစ်လို့လဲဟင်"

"ဦးနောက် ..."

ဖူးစာက စကားသံတို့ကာ ...

"ဦးနှောက်နဲ့ အာရုံကြောပေါ့ အစ်မရယ်၊ အနားယူဖို့ပါပဲ"

"ဩော် ... ဦးနှောက်အာရုံကြောရောဂါမျိုးက stress တွေ ဘာတွေ မရှိဘဲ ကောင်းကောင်း အနားယူလိုက်ရရင် ခဏပါပဲ၊ ကောင်းသွားပါတယ်"

"ဟုတ်ကဲ့"

ဖူးစာက ခေါင်းသာ ညိတ်လိုက်ပါသည်။ မြမြ သူ လှုဒါန်းမည့်ငွေ ထည့်ပြီးသွားပြီမို့ ...

"သွားလိုက်ဦးမယ် ညီမရေ"

"ဟုတ်ကဲ့ပါ အစ်မ"

"နာမည်ဘယ်လိုခေါ်လဲ"

ဖူးစာသည် ရုတ်တရက် ရင်တုန်ကာ နှုတ်ဆွံ့သွား ပြီးမှ ချက်ချင်းသတိရကာ ...

"မမထားပါ"

"မမထား ... ! ချစ်စရာလေး နာမည်လေးက၊ အစ်မ မြမြ၊ အန်တီက ဒေါ်မြတ်မြတ်ထွေးတဲ့ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ"

မြမြက လှည့်ထွက်လာကာ ဒေါ်မြတ်မြတ်ထွေး ခေါ်လျက် ထမင်းစားခန်းဘက်ဆီ လျှောက်လာရင်း ...

"အဲဒီကောင်မလေး လှူနေတာက ပိုက်ဆံတွေ အများကြီးပဲ၊ အဲဒါနဲ့ သူက မြကို အရင်ထည့်ခိုင်းတာနဲ့ အရင်ထည့်လိုက်တာ"

"ငါ သူ့ကို အရမ်းမြင်ဖူးတာပဲ မြမြရဲ့၊ နာမည်ဘယ်သူတဲ့လဲ"

"မမထားတဲ့"

"အင်း ... အဲဒီနာမည်တော့ မကြားဖူးပါဘူး"

"ဦးနှောက်နဲ့ အာရုံကြော ဝေဒနာရှိလို့ သူလည်း လာအနားယူတာတဲ့၊ တစ်ယောက်တည်းလာတာ အန်တီရဲ့၊ အဖော်လည်း မပါဘူး"

"အဖော်လေး ဘာလေးနဲ့ လာရောပေါ့၊ မိန်းကလေးတစ်ယောက်တည်းရယ်၊ ဒီမှာတော့ အနှောင့်အယှက်ပြုမယ့်သူတွေ ဘာတွေ မရှိနိုင်ပေမယ့် ဘာပဲဖြစ်ဖြစ် အဖော်ပါဖို့သင့်တာပေါ့"

ဒေါ်မြတ်မြတ်ထွေးနှင့် မြမြတို့ ထမင်းစားခန်းမထဲသို့ အဝင် ...

"အစ်မကြီး ... ကျွန်တော့်ကို မှတ်မိလား၊ ကျွန်တော် ဦးကျော်မင်းပါ ခင်ဗျာ၊ '......'ကုမ္ပဏီလေ၊ တစ်ခါ ဆွမ်းစားဆောင် ရေစက်ချအလှူမှာ အတူတူ ဆုံဖူးပါတယ်"

"ဩော် ... ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ '......'ကုန်တိုက်လည်း တူတူပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

"သိပါတယ်၊ အဲဒီကုန်တိုက်ကိုလည်း ရောက်တတ်ပါတယ် အခု ရောက်တာကြာပြီလား၊ မိသားစုပါသေးလား"

"အဲ ... ဟို ... အလုပ်ကိစ္စလေးနဲ့ လာတာပါ၊ ဒီမှာ မိတ်ဆွေတွေနဲ့ ရှယ်ယာသဘော ဟိုတယ်တစ်ခုလောက်များ ဆောက်ရင် ကောင်းမလားလို့လေ၊ အဲဒါကြောင့် စက္ကထရီနဲ့ မန်နေဂျာပဲ ပါပါတယ်၊ ဒီဟာက ကျွန်တော့်စက္ကထရီပါ၊ မန်နေဂျာကိုတော့ မြေကွက်ကြည့်ဖို့ လွှတ်ထားတဲ့ ပါမလာဘူးခင်ဗျ၊ လာပါ ... အစ်မကြီး၊ ကျွန်တော်တို့ အတူတစ်ဝိုင်းတည်း ထိုင်ကြရအောင်လား၊ ဒီညနေ ကျွန်တော် တည်ခင်းပါရစေ"

ဒေါ်မြတ်မြတ်ထွေးက ဦးကျော်မင်း နောက်မှ စက္ကထရီဆိုတဲ့ ဂါဝန်ရှည်နှင့် မိန်းကလေးကိုကြည့်ကာ စိတ်ထဲကဖြင့် ယုံလည်းမယုံကြည်၊ သဘောလည်း မကျလှ။ သို့သော် ဒါတွေက သူနှင့်မဆိုင်ပါ။ သူလည်း လုပ်ငန်းကြီး လုပ်ငန်းရှင်။ စီးပွားရေး လောကသားချင်း ရှောင်လွှဲ မျက်နှာဖျက်ဖို့ မကောင်းတတ်၍ ဦးကျော်မင်း လက်ဝါးကြီးတယမ်းယမ်း ညွှန်နေတဲ့ဝိုင်းဆီ လိုက်ပါလာခဲ့ပါသည်။

ဘေးကဖြတ်လျှောက်လာရင်း ဦးကျော်မင်း စကားတွေ တစွန်းတစ ကြားလိုက်ရတဲ့ ဖူးစာက ရယ်ချင်နေပါသည်။

စက္ကထရီတဲ့ ... အဟင်း ဟင်း။ ကိုယ်ကိုယ်တိုင် ဘွတ်ကင်လှမ်းလုပ်ပေးတာပါ။ ဘယ်က စက္ကထရီလဲ။ သူတို့သူဌေးရဲ့ စက္ကထရီဟာ သူဌေးကတော် သဘောကျတဲ့ ယောကျ်ားဆန်ဆန် ဒေါင်းတိမောင်းတိ မဒေစီ ဆိုတဲ့ အစ်မကြီးပါ။

ဖူးစာက လွှတ်နေတဲ့ ဒေါ်မြတ်မြတ်ထွေးတို့နှင့် နှစ်ဝိုင်းလောက်သာခြားတဲ့ စားပွဲမှာ နေရာယူလိုက်ပါသည်။ နှစ်ယောက်စားပွဲအသေးလေး။ ဒေါ်မြတ်မြတ်ထွေးတို့ဘက် ဘေးတိုက်ကျနေသည်။ ဒီဟိုတယ်မှာ တည်းခိုသူတိုင်းလိုလိုဟာ ဟိုတယ်ရဲ့ ရက်စ်တောရဲင့်မှာပဲ စားကြသည်ဖြစ်၍ ထမင်းစားခန်းကြီးမှာ လူမနည်းလှပါ။

"အစ်မကြီး ... မီနူးကြည့်ပါဦး၊ မှာပါခင်ဗျ၊ ကြုံကြိုက်တုန်း ပြုစုချင်တာပါ"

"ကျွန်မက ဘာမှသိပ်မစားနိုင်ပါဘူး ဦးကျော်မင်းရယ်၊ ဆီးဖုဒ်တွေလည်း သိပ်မတည့်ပါဘူး၊ ကြက်သားပဲ စားပါတယ်၊ ထွေထွေထူးထူး မမှာတော့ပါဘူး"

"ဒီက chef က တော်တော် တော်တာခင်ဗျ၊ အရင်က ရန်ကုန်က '... ...'ဟိုတယ်ကလေ၊ တော်ကြာကျရင် ဒီနေ့အဖို့ သူ့ရဲ့ စပါယ်ရှယ်ဟင်းလျာပွဲ လာလိမ့်မယ်၊ သူ့ရဲ့ စပါယ်ရှယ်ဟင်းလျာပွဲကတော့ တခြားဘယ်ဟင်းမှာမှ ရောပြီး လက်ဆောင်ချပေးလေ့ရှိတယ်"

"ဟုတ်ကဲ့၊ မနေ့က စားလိုက်ရပါတယ်၊ မနေ့ကတော့ ရေခူကို လုပ်ထားတဲ့ ဟင်းတစ်မျိုးလေ၊ သိပ်မစားရဲလို့၊ ဒီနေ့တော့ ဘာလာမလဲ မသိဘူး"

"ဒီဟိုတယ်ပိုင်ရှင် ဦးမောင်မောင်သန့်လည်း ဒီကို ခဏ ရောက်နေတယ် အစ်မကြီး၊ အစ်မကြီးကိုတွေ့ရင် လာနှုတ်ဆက်ဦးမှာ"

သူတို့စားပွဲ ဟင်းတွေမှာနေတုန်းမှာပဲ ဦးကျော်မင်းပြောတဲ့အတိုင်း ဦးမောင်မောင်သန့်က ထမင်းစားခန်းမထဲ ဝင်လာပါသည်။

ဧည့်သည်တွေထဲ ဝေ့ဝဲကြည့်ရင်း ဒေါ်မြတ်မြတ်ထွေးကို မြင်လျှင်တော့ ဒီစားပွဲကိုပဲ လျှောက်လာပါတော့သည်။ စီးပွားရေးသမားနှင့် ဘဏ်လုပ်ငန်းဆိုတာက ခွဲခြားလို့ မရသော ဒေါ်မြတ်မြတ်ထွေးကို စီးပွားရေးသမားတိုင်းက အရေးတယူ နှုတ်ဆက်ရသည်ချည်းပင်။

"အစ်မကြီး ရောက်နေလား၊ ဖုန်းတောင် မဆက်လိုက်ဘူး ဘယ်နေ့က ရောက်လဲခင်ဗျာ"

"မနေ့ကပါ ဦးမောင်မောင်သန့်ရယ်၊ သွေးလေးလည်း နည်းနည်းတိုး၊ နှလုံးကလည်း နည်းနည်းအားနည်းချင်တော့ ပင်လယ်လေရှူရင်း ခဏတဖြုတ် လာနားတာပါ"

"သားတော်မောင်ရော"

"မပါပါဘူး၊ သူ့အလုပ်နဲ့သူ ကျန်ခဲ့ပါတယ်။ တူမနဲ့ပဲ လာလိုက်တယ်"

"ဦးကျော်မင်းလည်း မှာကြလေ၊ မှာပြီးကြပြီလား"

"မှာထားပါတယ်"

"ကျွန်တော်ကတော့ ခဏနေ ပြန်မလို့လေ၊ ဟိုမှာအလုပ်တွေထားပြီး ဒီကို ကိစ္စလေးတစ်ခုနဲ့ လာခဲ့တာ၊ ပြီးတာနဲ့ ပြန်ရတော့မယ်၊ ဒီညပြန်ဝင်မှ မနက်တက်ဖို့ အစည်းအဝေးလေး ရှိတယ်"

"ဪ"

ထမင်းစားခန်းမကြီးထဲမှာ ဧည့်သည်တွေ တဖြည်းဖြည်း များလာပါပြီ။ စားပွဲထိုးကလေးတွေ စားပွဲတွေနှင့် မီးဖိုဆက်ဆီ ကူးကာသန်းကာ လူးလာခေါက်တုံ့ ရှိနေဆဲ မီးဖိုဆောင်နှင့် ခန်းမကူးတဲ့ တခါးချပ်ကြီး ပွင့်လာကာ chef ဝတ်စုံဖြူကြီးနှင့် စားဖိုမှူးကြီး ဂျင်မီရွှေ ထွက်လာပါသည်။

"အဲဒါ ကျွန်တော့်စားဖိုမှူးပဲ အစ်မကြီး၊ အင်မတန်လက်ရာကောင်းတာ၊ ဟော ... သူ့လက်ထဲက ဟင်းပန်းကန်ကြီးက ဒီနေ့အတွက် စပါယ်ရှယ်ဟင်း ဖြစ်လိမ့်မယ်"

ဦးမောင်မောင်သန့်က ငွေလင်ပန်းပေါ် ကြွေပန်းကန်ဖြူဖြူတစ်လုံး တင်ကာ လက်မြှောက်မ,ကိုင်ပြီး လျှောက်လာသော ဂျင်မီရွှေ့ကို လှမ်းကြည့်ရင်း ပြောပါသည်။ သူပါ ထမင်းစား

ခန်းထဲ ရောက်လာတာမြင်ပြီး သူရှိရာ စားပွဲဆီ လာပို့တာ
ထင်ဆဲ ဂျင်မီရှေ့က လမ်းခုလတ်က စားပွဲတစ်လုံးဆီမှာ ရပ်လ
စန်းကို စားပွဲပေါ် ဟန်ပါပါ တင်လိုက်ကာ ခါးကိုညွတ်
ဦးခေါင်းပါနိမ်လျက် ပြုံးပြုံးကြီး နှုတ်ဆက်လိုက်တဲ့ဟန်နှင့်

"ဂျင်မီ ... နင့်ပုံကြီးလည်းဟယ်၊ ရုက်စရာကြီး"

ဖူးစာက ခပ်တိုးတိုး ကျိတ်ကာ ရယ်ရပါသည်

"ဒါ ... ဒီနေ့ စပါရှယ်လ်ဟင်းလျာလေ၊ ခရုဟင်း"

"အမလေး"

ဖူးစာက ပခုံးလေးတွန့်သည်။ ဘေးစားပွဲ
စားဖို့မှူးကြီးကိုယ်တိုင် ထွက်စားပွဲထိုးတဲ့ စားပွဲမှ အမျိုးသမီး
ကို အကဲခတ်နေကြပါသည်။

"ဂျင်မီ ဘေးဝိုင်းတွေက တအားဝိုင်းကြည့်နေပြီ။ န
ငါ့ကိုချည်း အရေးတယူ လုပ်သလိုကြီး ဖြစ်နေပြီ၊
ကောင်းမလဲ"

ဖူးစာက ခပ်တိုးတိုးပြော၍ ဂျင်မီရှေ့က
စားပွဲတို့ကို ခေါင်းငဲ့ကာ ညွတ်ကာ အကဲခတ်လိုက်ရင်း
ကြီးနှင့် ဖူးစာဘက် ခါးတညွတ်ညွတ် လက်ဝါးကြီး
ညွှန်ပြရင်း ...

"ဟောဒါက ကျွန်တော့်ရဲ့ စပါယ်ရှယ် ဂက်စ်
ပါတဲ့ ခင်ဗျား"

အသံခပ်အောင်အောင်ကြီးနှင့် လေးငါးဆယ်ဝိုင်း
းအောင် ခပ်မိန့်မိန့်ကြီး မိတ်ဆက်လိုက်ပါသေး၍ ဖူးစာသည်
ခမ်းလေးကို လက်ဝါးကလေးအုပ်ကာ ပခုံးလေးလှုပ်၍ ရယ်
မိပါသည်။

ဂျင်မီသည် နေ့လယ်က ရင်နင့်စွာ နားထောင်သိ
းလိုက်ရတဲ့ ဖူးစာရဲ့ အဖြစ်သနစ် အခြေအနေကြောင့် တစ်
နေလုံးလည်း ရင်ထဲမကောင်း၊ ခုထိလည်း ရင်ထဲမကောင်း
နေကာ သူ့ငယ်သူငယ်ချင်းမကို ပျော်ရွှင်ပေါ့ပါးအောင် နောက်
ပြောင်ဟယ် မသိမသာ ဂရုစိုက် ဖေးမချင်တာ ဖြစ်သည်။
ကြည်နိုင်လောက်စရာ ကြားလိုက်ရတာ မဟုတ်လား။ ဖူးစာ
မဟုတ်ဘဲ ပေါက်ကရ လျှောက်ပြော လျှောက်နောက်တတ်
ဟုတ်တာ သူ ကောင်းကောင်းသိ၍သာ ယုံလိုက်ရသည်။
ာင် ငိုချင်သလို ဖြစ်နေတာ။

ယူကျုံးမရကြီးကို ဖြစ်နေတာ။ ဖူးစာကတော့ ဖြစ်
အကြောင်း အကောင်းပဲဆိုတဲ့ရုပ်နှင့် မသေခင့်စပ်ကြား သူ
ချင်တာလေးတွေ စိတ်လိုလက်ရ၊ ပေါ့ပါးလွတ်လပ်စွာ လုပ်
တော့မယ့်ပုံမျိုးနှင့် ထိုင်ကြေကွဲနေတာမျိုး မရှိ။ ဖူးစာရယ်ရ
င် တမင်တကာ ခဏထွက်ကာ ပျော်တော်ဆက်လိုက်တာ
ဖြစ်ပြီး နောက်မှာ လုပ်စရာတွေ တစ်ပုံကြီးမို့ ဂျင်မီက
ပြန်ဝင်သွားပါသည်။

"အဲဒီမိန်းကလေးက ဘယ်ကလဲဗျ"

ဦးကျော်မင်းက ဦးမောင်မောင်သန့်ကို မေးလိုက်တာဖြစ်ကာ ဦးမောင်မောင်သန့်ကလည်း သူ လုံးဝမတွေ့ မမြင်မကြုံမဆုံဖူးတဲ့ လှပတင့်တယ်သော (သူဌေးမကလေးလို့လည်း ထင်ရသော) ဖူးစာကို လှမ်းပြီးအကဲခတ်နေရာက ...

"ကျွန်တော်လည်း သေချာမသိဘူးဗျ၊ ဒီမှာ တည်းခိုနေတဲ့ ဖောက်သည် ဧည့်သည်မျိုး ဖြစ်ပါလိမ့်မယ်၊ chef နဲ့တော့ ရင်းနှီးနေတော့"

"သိပါဘူး၊ ခင်ဗျား chef ထွက်လာတော့ ဒီဝိုင်းလာမှ ထင်တာ"

တကယ်တော့ ဟိုတယ်ပိုင်ရှင်ကြီးနှင့်တကွ ထိပ်သီး သူဌေးမကြီးရော၊ ဂုဏ်သရေရှိ ကုမ္ပဏီပိုင်ရှင်ကြီးတွေ ပါ ရှိနေသည့် ဒီဝိုင်းကို chef ရောက်လာသင့်တာ။ ထွက်မလာ လည်း မလာနဲ့၊ လာရင်တော့ ဒီဝိုင်းလောက် honourable ဖြစ် တာ မရှိတော့။ ဒီကိုပဲ လာသင့်တာ အမှန်ပင်။

ဂျင်မီကတော့ ဂုဏ်သရေရှိဝိုင်းတွေ ဘာတွေ မဝင်စား၊ ကိုယ့်သူဌေး ဦးမောင်မောင်သန့်ကိုပင် မမြင်လိုက်

"အဲဒီ မမထား ဆိုတာ တစ်ယောက်ယောက်တော့ ယောက်ယောက်ပဲနော် အန်တီ၊ ဘာများလဲ မသိဘူး"

မြမြပင် မနေနိုင် မထိုင်နိုင်နှင့် ဒေါ်မြတ်မြတ် ကို တီးတိုးကပ်ပြောရသည်။

"သူ့ကြည့်ရတာ ဟိုတ်ကြီးဟန်ကြီးတော့ လုံးဝမရှိဘူး၊ ငါလည်း ကြည့်လေ မြင်ဖူးသလိုလိုရှိလေ စဉ်းစားလို့ကို မပေါ်ဘူး"

"အလှူပွဲလမ်း တစ်ခုခုမှာ ဆုံဖူးထားတာ ဖြစ်ပါလိမ့်မယ် အန်တီရယ်"

ထို့နောက်တော့ စားဖိုမှူးရဲ့ အထူးဟင်းလျာကို ားပွဲတိုင်းစေ့အောင် စားပွဲထိုးများ အသီးသီး လိုက်ချနေပါတော့ သည်။ ဘာပဲဖြစ်ဖြစ် စားဖိုမှူး ကိုယ်တိုင်ကိုယ်ကျ ထွက်ပြီးတော့ ာင် Serve လုပ်လိုက်တဲ့ ဧည့်သည်ဟာတော့ အထူးဂုဏ်ပြု င်း ခံရသလိုရှိရာ ဦးကျော်မင်း ဒေါ်မြတ်မြတ်ထွေးတို့ကို နှုတ် က်ပြီး ထွက်လာခဲ့တဲ့ ဦးမောင်မောင်သန့်က စိတ်ထဲ စနိုးစနင်ရှိ ာ စားပွဲထိုးတစ်ယောက်ကို တီးတိုးကပ်မှာခဲ့ပါသည်။

"ပြီးရင် မင်းတို့စားဖိုမှူးကြီးကို ငါ့ဆီ တစ်ချက်လွှတ်စမ်း ဟော့၊ ချက်ချင်း မဟုတ်ဘူး၊ သူ နည်းနည်းအလုပ်ချောင် သွားမှ"

သူဌေးတစ်ယောက်လုံးက ခေါ်တာဆိုတော့ မကြာမီ နည်းနည်းလစ်ဖို့ ချောင်သော တစ်ချိန်မှာ ဂျင်မီရွှေက သူဌေး ာ လာခဲ့ရပါတော့သည်။ သည်လို တကူးတက ခေါ်တတ်ခြင်း ည်းရှား၍ ဘာများပါလိမ့်ရယ်လို့ တထင့်ထင့်နှင့်ပင်။ သူဌေး နေတဲ့ အခန်းကို ဂျင်မီ တံခါးခေါက်၍ ဝင်သွားပြီးတဲ့နောက် င် ...

"အေး ... ဟုတ်ပြီ chef ရေ၊ ဘာမှမဟုတ်ပါဘူး၊ တစ်ခု မေးဖို့ပါ၊ ညှော်ကောင်းစောင်ကောင်းတွေ အများကြီးပဲရှိနေတဲ့အထဲကမှ အဲဒီမိန်းကလေးဝိုင်းကို မင်းက အော်နာလုပ်တာ ဘာသဘောလဲ ဆိုတာ သိချင်လို့ပါ"

"ကျွန်တော် အော်နာလုပ်တဲ့သဘောပဲတော့ မဟုတ်ပါဘူး ခင်ဗျာ၊ မိတ်ဆွေဟောင်းမို့ သီးသန့်ထွက်ပြီး ဂရုတစိုက် ပြုမိတာပါ"

"ဘယ်လိုမိတ်ဆွေဟောင်းလဲ၊ ဒီက ဂက်စ်အဟောင်းလား လာနေကျလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေဟောင်းပါ"

"ဟာ ... အဲဒါတော့ တစ်မျိုးကြီး ဖြစ်သွားတာပေါ့ chef ဥပမာ ... ကျွန်တော် ရှိနေတဲ့ဝိုင်းဆိုရင် ခင်ဗျားရောက်လာသင့်ဆုံး၊ ဦးဦးဖျားဖျားပွဲကို အချသင့်ဆုံး၊ ဂုဏ်သရေရှိလူကြီးနှစ်ဦးတောင် ပါတယ်"

"သူဌေး ထမင်းစားခန်းထဲ ရှိနေတာ ကျွန်တော် မသိလိုက်လို့ပါ၊ သိလိုက်ရင် သူဌေးရှိနေတဲ့ဝိုင်းကို အော်နာလုပ်သင့်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်"

"အခု လာမလုပ်လို့ ခင်ဗျားကို စိတ်ဆိုးပြီး ခေါ်ပြောနေတာ မဟုတ်ဘူးနော်၊ ဘာကြောင့် အားလုံးထဲက ဒီဝိုင်းကို ရွေး

ချယ်အထူးပြုပြီး အရေးတပေး လုပ်ပြလိုက်ရသလဲဆိုတာကို သိချင်တာ သက်သက်ပါ ...

ခင်ဗျားမှာ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိရတော့မယ် chef "

"ကျွန်တော် ... ကျွန်တော် ..."

"ဒါကို ခင်ဗျား ရှင်းမပြနိုင်ရင် ကျွန်တော်ရှိနေတဲ့ စားပွဲက ဘဏ်လုပ်ငန်းရှင် သူဌေးမကြီးကို ကျွန်တော် အားနာမျက်နှာပူလိုက်ရတာ အတွက် မဖြေသိမ့်နိုင်ပဲ ရှိလိမ့်မယ်"

ဂျင်မီရွှေက ခေါင်းကြီးငိုက်စိုက် လုပ်နေမိပါသည်။ ...ဆိုးပြီး ခေါ်ပြောတာ မဟုတ်ဘူး ဆိုပေမယ့် သူနဲ့ဂုဏ်သရေရှိ...ကြီးလူကောင်းတို့ ရှိတဲ့ဝိုင်းကို ကျော်ကာ သူတို့ကို အရာမသွင်း...သူတစ်ပါးကို အထူးအရေးလုပ် အရာသွင်းလိုက်သလို ခံစား...င်းအပေါ် သူဌေးတင်းနေပြီဆိုတာ ဂျင်မီ ရိပ်မိပါသည်။

"သူက ဘယ်သူလဲ၊ ဘယ်ကလဲ"

"သူက ... သူက ... မမထား ဆိုတဲ့ သာမန်မိန်းကလေး တစ်ယောက်ပါပဲ သူဌေး၊ ကျွန်တော်နဲ့က ငယ်သူငယ်ချင်းပါ"

"ခင်ဗျားရဲ့ ငယ်သူငယ်ချင်းကို ကျွန်တော်တို့ ဒီဝိုင်းကို ကျော်ပြီးတော့"

"ဒါက ဒီလိုပါ၊ အမှန်တိုင်း ပြောရရင် ကျွန်တော် သူ့ကို တမင်တကာ 'cheer' လုပ်တဲ့အနေနဲ့ လုပ်မိတာပါ၊ သူ့အတွက် အရမ်း ကြေကွဲဝမ်းနည်းစရာ ယူကျုံးမရစရာ အဖြစ်ဆိုးကြီး ကြုံနေရတာကို ကျွန်တော် သိလိုက်ရတဲ့အတွက် ခံစားရလွန်းလို့ သူ့မှာ စိတ်လှုပ်ရှားစရာ ပျော်စရာ ရယ်မောစရာလေး ရှိပါစေတော့ရယ်လို့ ကျွန်တော်_"

ဦးမောင်မောင်သန့်က မျက်မှောင်ကုတ်၍ စိတ်ဝင်စားမှု ပိုလာကာ ...

"သူက ဘာတွေကြုံနေရလို့လဲ"

"ဟို ... ဒါက လျှို့ဝှက်ရမယ့်ကိစ္စတော့ ဖြစ်နေပါတယ် သူငွေး၊ သူငွေးမေးလို့သာ ပြောပြနေရတာပါ၊ သူကိုအ ဘယ်သူ့ကိုမှ မသိစေချင်လို့ ပိတ်ထားတဲ့ ..."

"ပြောမှာသာ ပြောပါဗျာ၊ ကျွန်တော် စိတ်ဝင်စားလို့ ဆေးတာပါ"

ဂျင်မီသည် လက်နှစ်ဖက် နောက်ပစ် ခေါင်းကြီးငုံ့လျက် ငြိမ်နေရာမှ ...

"သူ ...၊ သူက ဒီကို တမင်တကာ စိတ်ပြေလက်ပျောက် ရောက်လာတာပါ၊ သူက ... သူက နောက်ထပ်တစ်ခု လောက်အတွင်း သေကိုသေရမယ့် ဘရိန်းကျူမာရောဂါ ခံစားနေရတဲ့သူပါ"

မမျှော်လင့်တဲ့ စကားမျိုး အကြောင်းအရာမျိုးကြား၍ ဦးမောင်မောင်သန့်ပင် ဘာဆက်ပြောရမှန်း မသိတော့လောက်အောင် အာစေးထည့်ခံရသလို ဆွံ့အသွားရပါတော့သည်။

၁၁

"နင် ခုန ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"ဘယ်သူရှိမလဲ နုနုဆွေရယ်၊ ငါ့ဆီ နေ့စဉ်ပုံမှန်ဆက်တာ ဒီနှစ်ယောက်တည်း ရှိတာ"

"ကိုအလင်းရောင်ပေါ့"

"အင်းပေါ့"

"သူလည်း ငါ့ဆီ နေ့တိုင်းလောက်ပဲ ရောက်ရောက်လာတယ်၊ နင် ဘယ်မှာရှိနေလဲဆိုတာ ငါသိလိမ့်မယ်ချည်း သူက ထင်နေတယ်၊ သူ့ဟဲန်းဒ်ဖုန်းနံပါတ်တောင် ငါ့ကို ပေးထားတယ်၊ နင် ဘယ်မှာလဲ ဖူးစာရယ်၊ ငါ့ကိုပြောပြစမ်းပါ၊ နင် ရန်ကုန်မှာတော့ မဟုတ်ဘူးလို့ ငါအလိုလို ထင်နေတယ်၊ ဂျီအက်စ်အမ်ဖုန်းလိုင်းမိတဲ့ တစ်မြို့မြို့မှာ နင် ရှိနေတာပဲ ဖြစ်ရမယ်၊ နင့်အမျိုးတွေ ဘယ်နယ်မှာရှိကြသလဲ ငါက မသိ"

ဖူးစာက ပြုံးမိရင်း ...

"မသိရလို့လည်း ဘာမှမထူးပါဘူး နုဆွေရယ်၊ သိရလည်းပဲ နင့်အလုပ်တစ်ဖက်နဲ့ လာနိုင်မှာမှ မဟုတ်ဘဲ"

"အိုး ... ဒါက ငါ့ဆုံးဖြတ်ချက်ပါ၊ နင့်အနားမှာ ရှိနေချင်တဲ့စိတ်က ပိုပြင်းထန်ရင် ငါအလုပ်ကို ခွင့်ယူလို့ရရင်ရ မရရင် ထွက်ပစ်မှာပေါ့"

"ဘာအကျိုးမှ မရှိဘဲ နင် အဲလိုတွေ လျှောက်လုပ်မှာလည်း စိုးလို့ ငါပြောတာ"

"အေးပေါ့ဟာ၊ နင်က နေနိုင်တယ်ပေါ့၊ ဒီအချိန်မှာ ဘယ်သူ့ကိုမှ နင် မလိုအပ်ဘူးပေါ့၊ နင့်သဘောပါ ဖူးစာရာ"

နုနုဆွေသည် ပြောရင်းက ငိုသံပါလာပြန်သည်။

ဖူးစာ ရင်ထဲလည်း နာကျင်ကာ ...

"ငါ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တာပါ နုဆွေရယ်၊ နင်နဲ့လောက် မချစ်မခင်ပေမယ့် ငါ့အကြောင်းသိသွားရင် ငါ့ဆီလာတွေ့ချင်မယ့်လူတွေ၊ ငါတို့ကုန်တိုက်မှာလည်း ရှိပါသေးတယ်၊ ဘာလုပ်မှာလဲဟယ်၊ အလကား ကသိလင်တ ဒုက္ခရောက်အောင်၊ မသေမချင်း ပူဆွေးဝမ်းနည်းနေကြရအောင်၊ ခုပဲကြည့် ... နင် သိထားတော့ ငါမသေမချင်း နင်ပူဆွေးနေရပြီ၊ ငါရှိတဲ့နေရာကို နင်သိပြီးရောက်လာခဲ့ရင် ခုထက် ပိုပူဆွေးစရာ ဖြစ်ဦးမယ်"

"နင် နေကောင်းရဲ့လား ဖူးစာ"

"ကောင်းပါတယ် နုဆွေရယ်"

"ခေါင်းမူးလား၊ ခေါင်းကိုက်လား"

"မနေ့ကတော့ ငါ နေ့လယ်ဘက် လျှောက်သွားနေလို့ ထင်တယ်၊ ညမှာ ခေါင်းနည်းနည်း ကိုက်တယ်"

"ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဒီလိုပဲ ဟိုနား ဒီနား အပျင်းပြေ"

"နင် ဆေးသောက်လား"

"ဟင့်အင်း၊ ဒီဆေးတွေက ဘာထူးမှာမို့လဲ၊ ပျောက်ကင်းစေမှာမှ မဟုတ်တာ၊ နည်းနည်း သက်သောင့်သက်သာ ရှိစေဖို့ပဲ မဟုတ်လား၊ ငါမှ ဘာမှမခံစားနေရတာ မသောက်ပါဘူးဟာ"

"ကိုအလင်းရောင်လည်း သနားပါတယ်ဟာ၊ သူက ဘာဖြစ် လို့ ဖြစ်ပြီး ဘယ်ရောက်လို့ ရောက်မှန်းလဲ မသိ ဖြစ်သွား တာဆိုတော့ သူက ပိုဆိုးတာပေါ့၊ နင့်မှာ ဘာပြဿနာ တစ်ခုခု တက်သွားသလဲပဲ သူ ထင်နေတယ်၊ မျက်နှာ တာ ပျက်နေတာပဲ၊ စင်ကာပူက နင့်အစ်ကိုလိပ်စာရှာ ဘာတွေတောင် ငါ့ကို လာမေးတယ်၊ သိများသိရရင် အဲဒီ အထိများ လိုက်မလား မသိဘူး ...

ဩော် ... မအီ ပြောသေးတယ်၊ နင်တို့အောက်ထပ် ဖုန်းကို နင့်အစ်ကို ဖုန်းဆက်တယ်တဲ့၊ အကျိုးအကြောင်း

မေးဖို့နေမှာပေါ့၊ မအီက မရှိဘူး၊ ၁ တူမနဲ့ပဲ တွေ့သွား တာ၊ အိမ်ရောင်းသွားပါတယ် ပြောလိုက်တော့ နင့်အစ်ကို လည်း ခုလောက်ဆို စဉ်းစားရကျပ်နေလောက်ပြီ၊ သူသိ ထားတာက အိမ်ငှားမယ်ပဲ သိထားတာမို့လား၊ နင့်အစ်ကို ကိုလည်း နင်တစ်ခုခုတော့ ဆက်သွယ်သင့် ပြောသင့်တယ်၊ သူတို့မှာလည်း မရေမရာနဲ့ တမျှော်မျှော် ဖြစ်နေမှာပေါ့ ဖူးစာရယ်"

ဟုတ်တော့ ဟုတ်သည်။ ဖူးစာလည်း ကိုကို့ထံ န်းဆက်ချင်နေပါသည်။ တကယ်တမ်းမှာ ဒီစကားတွေကို ကိုကို့ ကို ပြောထွက်နိုင်ဖို့က မလွယ်ကူပါ။ ပြောမယ့်ပြောရင်လည်း ည်တည်ငြိမ်ငြိမ်ပဲ ပြောနိုင်ချင်သည်။ ငိုကြီးချက်မနဲ့ မပြောလို ါ။

ကိုကို့မှာ အဝေးကြီးကနေ ရင်တွေပူ ဘလောင်တွေ ပြီး ဖူးစာရဲ့ ငိုသံတွေကြားမှာ လောင်မြိုက်ပူပြင်းမနေစေလိုပါ။ ာ်ကိုလျှော့ပြီး လွတ်လွတ်လပ်လပ် ပျော်ပျော်ပေါ့ပေါ့ကလေးပဲ သွားတော့မယ်လို့ စဉ်းစားခဲ့ပေမယ့် တကယ်တမ်းတော့လည်း င်ထဲပေါ့ပေါ့လေး နေမရပါ။

ချစ်သူ ခင်သူတွေ အားလုံးနဲ့ အဝေးမှာဆိုတော့ မ်းဆွတ်ခံစားနေရတာပါပဲ။ နုနုဆွေ ဖုန်းချသွားပြီးလျှင် ဖူးစာ အိပ်ရာပေါ်မှာ လှဲလျောင်းကာ ကိုယ့်အဖြစ်ကိုယ် ရင်နာနာနှင့် ူးနေမိပါသည်။ တစ်ယောက်တည်းရယ်။ အားငယ်လိုက်တာ။

ညညဆို ပိုဆိုးပါသည်။ ပင်လယ်ကမ်းခြေမို့ လှိုင်းပုတ်သံကြီး က တဝုန်းဝုန်းနှင့် ရင်ကိုပိုပြီးဟာကာ ချောက်ချားစေသည်။

ညမှာ မျက်စိတွေ ကျယ်နေတတ်ကာ မနက် အိပ်ရာမှမနိုး။ သေခြင်းတရား ဆိုတာကလည်း လူကိုခြောက် သားပင်။ ငါ အိပ်ပျော်နေရင်းများ မသိလိုက်ရဘဲ သေသွား နောက်မနက်ကျ နိုးမလာတော့ဘဲ နေမလား တွေးကာ တုန် မိတတ်၍ ညညတွေ သိပ်အိပ်မပျော်နိုင်တာ။ မနက်နိုးလာတဲ့အ တွေ "ငါမသေသေးပါလား" လို့ ရင်တမမ သက်ပြင်းချနိုင်ရသည်

တကယ်တော့ အိပ်ပျော်နေခိုက် သေသွားရ အငြိမ်းချမ်းဆုံးပါပဲ။ ကိုယ်က ကြောက်မယ့်သာ ကြောက်နေ အိပ်နေတုန်း သေသွားတော့ ကိုယ် ဘာမှမခံစားရတော့ဘူး တွေးမပူရတော့ဘူးပေါ့။

"ဖူးစာ နိုင်ငံခြားသွားရင် အပြီးပြန်မလာတော့ဘူး စိတ်ကူးထားလို့လား"

ဒါက ညနေက ဦးအလင်း မေးတဲ့စကား။

အပြီးခွဲရတော့မှာမို့ ကြိုတင်လေ့ကျင့်နေတယ် ဖူးစာရဲ့စကားကို သူကတော့ ဒီလိုပဲ အဓိပ္ပာယ်ကောက်ယူမှာ

"ဖူးစာ ပြန်မလာလည်း ကျွန်တော်က အဲဒီကို လိုက် မှာပဲ"

ဦးအလင်း စကားကို ပြန်ကြားယောင်ကာ ကြည်နူးနူးလေး ပြုံးနေမိပြန်သည်။

"သံယောဇဉ်ကြီးတဲ့ သူတွေနဲ့ ခွဲခွာဖို့ ကြိုတင်လေ့ကျင့် ထားတာဆိုတော့ မဖူးစာ ကျွန်တော့်ကို သံယောဇဉ်ကြီး တယ်ဆိုတဲ့ သဘောပေါ့နော်၊ ဝမ်းပဲသာရတော့မလို၊ ဝမ်း ပဲနည်းရတော့မလိုပဲ ဖူးစာရယ်၊ ဖူးစာရဲ့ အစီအစဉ်တွေ ကို သိပါရစေ သိခွင့်ပြုပါ"

ခခယယ သူ တောင်းဆိုနေခဲ့ရှာသည်။ ဖူးစာ ယ်မှာဆိုတာ သိရရင် ရှေ့ဆုံးက ပြေးလာမည့်သူဟာ ဦးအလင်း နုနုဆွေ ဆိုတာ ဖူးစာ သိသည်။ ရောက်ကိုလာမှာ။ မဖြစ် းပါဘူး။ ခုလောလောဆယ်မှာဖြင့် ဖူးစာသည် ဒေါ်မြတ်မြတ် း၊ မမမြတ်တို့နှင့် ရေချိုးငွေ့နှင့် ပေါင်းခံရေချိုးတဲ့ Sauna န်းမှာဆုံ၊ အနှိပ်ခံတဲ့ Massage အခန်းမှာဆုံ၊ ရေကူးကန်မှာ စားသောက်ခန်းမှာဆုံ၊ တဖြည်းဖြည်း ခင်ခင်မင်မင် ရှိနေခဲ့ ပြီ။

ခင်ခင်မင်မင်သာ ရှိပေမယ့် ဖူးစာကတော့ မရဲတရဲ င်ဖယ်ဖယ်လေးနှင့်သာ။ စကားပြောဆိုကြရရင်လည်း ခေါင်း သေးကို ငုံ့ချလျက်နှင့်သာ။

"ဒေါက် ... ဒေါက်"

ဖူးစာက "ဘယ်သူလဲ" လို့ လှမ်းမေးလိုက်သော် း အိပ်ရာမှ ထ,ပြီးနေပြီ။ သူ့အခန်းကို သန့်ရှင်းရေးလုပ် ကျ ခိုင်ခိုင်ပဲ ဖြစ်ပါလိမ့်မည်။ ခိုင်ခိုင်ဟာ အဖော်မရှိတဲ့

ဖူးစာကို သူအားရင် အားသလို အဖော်လာပြု စကားစမြည်ပြော နေကျ။

"မမ"

ထင်တဲ့အတိုင်း ခိုင်ခိုင်ပင်။ သို့သော် ခိုင်ခိုင့်အသံ က မောကြီးပန်းကြီး နိုင်နေသည်။ ဖူးစာက တံခါးသော့ကို သွား လှည့်ဖွင့်ပေးလိုက်ရင်း ...

"လာလေ ... ခိုင်ခိုင်"

"မမ"

အခန်းထဲ ဝင်လာတဲ့ ခိုင်ခိုင့် မျက်နှာလေးက ကတုန်ကယင်ရှိကာ အသံကလည်း တုန်လှုပ်နေလျက် မျက်ဝန်း ကလေးက ဖူးစာကို တည့်တည့်စူးစိုက် ထွင်းဖောက်အကဲခတ် နေလျက်။

"ဘာဖြစ်လို့လဲ ခိုင်ခိုင်"

"မမ ... လူတွေ ပြောနေကြတယ်၊ လူအတော်များများ တိတ်တိတ်လေး ပြောနေကြတယ်"

"ဘာကိုလဲ ... ဘာတဲ့လဲ"

"မမက ... မမက ..."

ဖူးစာက မျက်ခုံးလေးတွန့်သွားကာ ...

"ဘာဖြစ်တယ်တဲ့လဲ"

"မမ စိတ်မဆိုးပါနဲ့နော်"

"မဆိုးပါဘူး ခိုင်ခိုင်"

"ဟိုလေ ... မမက မကြာခင် သေတော့မှာတဲ့၊ ကင်ဆာ ဆိုလား၊ ရောဂါကျွမ်းနေတာတဲ့၊ မဟုတ်ဘူးမို့လားဟင်၊ တစ်လပဲ ခံတော့မှာတဲ့၊ မမက ဒီလောက် စိုစိုပြည်ပြည် ဖြူဖြူစင်စင် လှပနေတာ ဘယ်လိုလုပ် ကင်ဆာဖြစ်နိုင် မလဲနော်၊ မဟုတ်ဘူးမို့လား မမ"

ဖူးစာက သက်ပြင်းတစ်ချက် ချမိပါသည်။ စကားဆို တော့ နည်းနည်းချင်းကားရင်း ကွဲလွဲမှုလေးတော့ ရှိလာတာပေါ့။ သို့ပေမဲ့ စိတ်ကျဉ်းကျပ် ပင်ပန်းသွားမိကာ ...

"ညီမကို ဘယ်သူပြောလဲ"

"ဟိုတစ်နေ့က မမနဲ့ ရေနွေးချိုးခန်းမှာ စကားပြောတဲ့ အစ်မကြီးတို့လေ၊ သားအမိလား မသိတဲ့ဟာလေ၊ သဘော ကောင်းတဲ့ အန်တီကြီးတို့"

"အင်း၊ သူတို့က !!"

"သူတို့က ကျွန်မကို ခေါ်မေးတာ မမရဲ့၊ မဟုတ်ရင်လည်း လျှောက်မပြောပါနဲ့နော်တဲ့၊ ကျွန်မက မမအခန်းကို ပင် တိုင်ဝင်ထွက်နေတော့ မမနဲ့ ရင်းနှီးပုံရလို့ သိများသိသလား လို့ မေးကြည့်တာတဲ့၊ မမကို ဒီဟိုတယ်ကို နှစ်တိုင်းလာ နေကျ ဖောက်သည် ဧည့်သည် ထင်နေတာ၊ သူတို့ကို ဦးဘယ်သူကဆိုလည်း မသိဘူး ပြောပြလို့တဲ့"

"ညီမက ဘာပြောလိုက်လဲ"

"ကျွန်မမှ မသိတာ၊ မသိဘူးပေါ့၊ ဒါပေမဲ့ အဲလိုကြီးကြား ရတော့ ရင်တုန်သွားပြီး ဟိုဟိုဒီဒီ နည်းနည်းမေးကြည့်မိ တယ်၊ တချို့က ဟုတ်တယ်လို့ ပြောနေကြတယ် မမ"

"တချို့က !! လူအတော်များများ ပြောနေတဲ့ သဘောပေါ့"

"ဟုတ်"

ဖူးစာ ငိုင်နေမိပါသည်။

"သူတို့ကို ဘယ်သူကများ ..."

"အဲဒီ အန်တီတို့ကို ဟိုမိန်းမငယ်ငယ်လေးနဲ့ တွဲလာတဲ့ လူကြီးက ပြောပြတာတဲ့"

ဖူးစာက မျက်နှာလေးကို လက်ဝါးနှင့်ပွတ်သပ်နေ မိသည်။ ဖူးစာပြောမိတာဆိုလို့ ဂျင်မီတစ်ယောက်တည်း ရှိတာမို့ ဂျင်မီ့ဆီကပဲ ထွက်တာဖြစ်ဖို့ များပါသည်။ ဒါပေမဲ့ ဂျင်မီဟာ အလကားနေရင်း နှုတ်ဖွာဖွာနဲ့ သတင်းလိုက်ဖြန့်နေမယ့် သူမျိုး တော့ မဟုတ်ပါ။ အကြောင်းတစ်ခုခု ရှိပါလိမ့်မည်။

ဒါကြောင့် ဒီနေ့ခင်း ဒီညနေတို့မှာ ဖူးစာနဲ့ ရင်ဆိုင် တွေ့တဲ့ အချို့သော လူများဟာ ခါတိုင်းထက် အထူးတလည် အရေးတယူ ရှိနေကြပါတယ် ထင်မိတာ။

"ကိစ္စမရှိပါဘူးလေ"

"မဟုတ်ဘူးမို့လား မမ"

"အင်း ... ကြားတဲ့သူလည်း ကြားနေပြီဆိုတော့ အလကား နေရင်း လိမ်ပြောမနေချင်ပါဘူး၊ ဟုတ်တယ်ပဲ ဆိုပါစို့ ညီမရယ်"

"ဟင်"

"မမရဲ့ ရောဂါဝေဒနာက အစ်မရဲ့ သက်တမ်းကို တစ်လ ပဲ ဆက်နေနိုင်စေလိမ့်မယ်၊ ဒါပေမဲ့ ကင်ဆာတော့မဟုတ် ပါဘူး"

"တစ်လပဲ နေရတော့မယ် !! မမကလေ၊ ဟင် ... မမ ဒီလောက်ချောချောလှလှလေးနဲ့ စိုစိုပြည်ပြည် ရှိနေတာ မဖြစ်နိုင်ပါဘူး၊ ဖွ ... ဖွ ... မဖြစ်ပါစေနဲ့ မမရယ်"

အင်း ... သံယောဇဉ်ဆိုတာများလည်း တယ်ခက် ာပါလား။ ခုမှ စတင်မြင်ဖူးကြတာ လေး,ငါးရက် ရှိရသေးတဲ့ ိုတယ်က House keeper မိန်းကလေးနဲ့လည်း အပြန်အလှန် င်မင်သံယောဇဉ် တွယ်မိပြန်သေးသည်။ ခိုင်ခိုင်သည် ငိုမဲ့မဲ့နှင့် ူးစာကို ငေးစိုက်ကြည့်နေပါသည်။

ဖူးစာသည်လည်း ငိုင်ကာ ငြိမ်နေမိပါသည်။ ကိုယ် သေရတော့မယ်ဆိုတာ လူတွေအများကြီး သိကုန်ကြပြီ။ စိတ်ရှုပ် ာ ကောင်းလိုက်တာ။ ဦးအလင်းရဲ့မေမေလည်း သိပြီ။ ဒါပေမဲ့ ူတို့က ဖူးစာကို မမထားရယ်လို့သာ ထင်နေ သိနေကြတော့ ်မျိုးတော့ စိတ်အေးရသည်။ လူဆိုတာတော့ အကြောင်းအရာ

အဖြစ်အပျက်ဆန်းဆန်းတစ်ခု သိရရင် တစ်ဆင့် တစ်ဆင့် သိ ဖြန့်ဝေချင်ကြတာပဲလေ။ အဖြန့်ခံရသူကလည်း သိချင်စမြဲပါပဲ။

သတင်းဖြန့်ကြတဲ့ သူတွေကို ဖွားစာ ဘယ်လို သဘောမထားပါ။

"မမ ...၊ မမ မကြောက်ဘူးလားဟင်"

"အင်း ...၊ ကြောက်တော့ ကြောက်တာပေါ့ ခိုင်ခိုင်ရယ် ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ"

"ဆေးကုလို့လည်း မရတော့ဘူးလား"

"နိုင်ငံခြားမှာ သွားခွဲစိတ်ရင်တောင် အောင်မြင်ချင်မှ အောင်မြင်မယ်၊ အဲသလို သွားခွဲဖို့ ပိုက်ဆံလည်း မမှာ မရှိဘူး"

"ဟင် ... မမက သူဌေးပဲဟာ"

ဖွားစာက အနည်းငယ် ပြုံးမိရင်း ...

"ဘယ်သူက ပြောလဲ"

"တစ်ရက်စာကို သိန်းနားကပ်နေတဲ့ ဟိုတယ်၊ ထမင်းစ စားတော့ သိန်းချီရော၊ ဒီလိုဟိုတယ်မျိုးမှာ လာတည်း နိုင်တယ်၊ ရက်ကြာကြာ နေနိုင်တယ်ဆိုမှတော့ သူဌေးပေါ့ မမကလည်း"

"ဟင့်အင်း ... မမမှာရှိတဲ့ ပိုက်ဆံလည်းကုန်၊ သေမ ရက်လည်းစေ့၊ အတော်လောက်ပဲ မှန်းထားတာ၊ ပိုင်သ

တိုက်ခန်းကလေးရောင်းပြီး ဒီကိုလာတာ ခိုင်ခိုင်၊ တစ်ခါမှ မရောက်ဖူးတဲ့ ကမ်းခြေ၊ ပြီးတော့ ချစ်တဲ့ ခင်တဲ့ သံယော ဇဉ်ကြီးတဲ့သူတွေနဲ့လည်း မနီးတဲ့နေရာ၊ အချိန်စေ့ရင် ကိုယ့်ဟာကိုယ် လူမသိ သူမသိလေးပဲ တိတ်တိတ်ဆိတ် ဆိတ် သေချင်တယ် ခိုင်ခိုင်ရယ် ...

ဒါကြောင့် တိုက်ခန်းကိုရောင်း၊ ပစ္စည်းတွေ ပေး ကမ်းပစ်ပြီး လက်ထဲရှိသမျှငွေ လှူဒါန်းဖြုန်းသုံးနေတာ၊ လက်ထဲကျန်တော့လည်း ဘာလုပ်မှာလဲ ခိုင်ခိုင်၊ အစ်မနေရ မှာ တစ်လပတ်ဝန်းကျင်လောက်ပဲ၊ အဲဒါကို စသိရတဲ့နေ့ ကနေ ခုထိဆိုရင် တစ်ပတ်ကျော်သွားပြီ၊ တကယ်တော့ အစ်မသေလို့လည်း ဘာမှမဖြစ်ဘူး၊ ဘယ်သူမှ မထိခိုက် ဘူး၊ အစ်မမှာ မိဘလည်း မရှိ၊ အိမ်ထောင်လည်း မရှိ၊ အစ်မသေတဲ့အတွက် ဒုက္ခရောက်မယ့်သူလည်း မရှိပါဘူး သေပျော်ပါတယ်"

"ဟင့်အင်း ... ကိုယ်သေလို့ ဘယ်သူမှ ဒုက္ခမရောက်နိုင် တာနဲ့ပဲ သေပျော်ရောလား၊ မမ အသက်အရွယ်လေးနဲ့ အလှအပလေးနဲ့ ဘဝမှာ အနေပျော်ဆုံး အချိန်ပါ၊ မမ စိတ်မလျှော့ပါနဲ့ဦး မမရယ်၊ ဆေးပြန်ကုကြည့်ပါဦး၊ မမ က ကိုယ့်ကိုယ်ကိုယ် မနှမြောပေမယ့် ကျွန်မက နှမြော လွန်းလို့ပါ"

ဖူးစာက ရိုးသားပွင့်လင်းလှတဲ့ ခိုင်ခိုင့်ကို ဦးခေါင်းလေးကို သပ်ရင်း ပြုံးမိပါသည်။

"အိမ်ထောင်မရှိလည်း ချစ်သူလေး ဘာလေးတောင် မရှိဘူးလား မမရယ်"

"အဟား ဟား ... ခိုင်ခိုင်ကလည်း တွေးပဲတွေးတတ်တယ်"

"ဟုတ်တယ်လေ၊ မမ ဒီလောက်လှတာ၊ မမချစ်သူ ဘယ်လောက်ရင်ကျိုးမလဲ၊ မမလောက် ရုပ်ရည်မျိုး မပြောနဲ့ ကျွန်မတောင် ဒီရုပ်ဒီရည်နဲ့ ချစ်သူတစ်ယောက်တော့ ရှိသေးတာပဲ စားပွဲထိုးတဲ့ ညိုသွေးလေ၊ အဲဒါ ကျွန်မရည်းစားပေါ့၊ မမမှာရော မရှိဘူးလား"

ဖူးစာသည် ရင်ထဲနင့်တင့်တင့်နှင့် ငိုချင်စိတ်ပေါ်ထလာပါသည်။ အင်း ... တပ်မက်တွယ်တာဖို့ ကောင်းလှတဲ့ ဤလောကကြီးကို ဘယ်လိုခွန်အားနှင့်များ နှုတ်ဆက်ကျော်နိုင်ထွက်သွားရပါ့မလဲ။

"ဟင် ... မမ၊ သူရော အခုဘယ်မှာလဲ"

"သူ ဒါတွေမသိပါဘူး"

ဖူးစာ နှုတ်မှ လွှတ်ခနဲ ထွက်သွားမိပါသည်။

"ဟယ် ... မမရယ်၊ သူ့ကို ပေးမသိဘူး !! ဟုတ်လား သူ ဘယ်လိုများ ခံစားရမလဲ၊ သူ့ကို ဖွင့်ပြောပြဖို့ သင့်

ပါတယ်၊ ပြီးတော့ သူသာ သိခွင့်ရရင် ဒီလိုရက်ပိုင်း အချိန်ပိုင်းမှာ သူ မမကို ပြုပြုစုစု ယုယုယယ လိုသမျှ ဖြည့်ဆည်းပေးချင်မှာပေါ့"

ဖူးစာသည် စကားတတ်လှ တွေးတတ်လှတဲ့ House keeper ကလေးကို သတိလက်လွတ် ကြောင်ငေးကြည့်နေမိရာက ရင်ထဲ အတော်ကြီး နာကျင်လာပါသည်။ သူများ သိပ်ပြီးမတရားရာကျပြီလား။ ဦးအလင်း သိချင်မှာပါပင်။ ကိုယ်တို့ချင်း တရားဝင် မပတ်သက်သေးဘူး ဆိုပေမယ့်လည်း ဖူးစာ ကိုယ်တိုင်သည်လည်း သူ့အပေါ် သံယောဇဉ် ရစ်ပတ်နှောင်တွယ်မိကြောင်းကို ဟိုးအရင် ကျော်ကျော့်ကို တာဝန်မယူရခင်ကတည်းကပင် သူလည်း ရိပ်မိပြီး နေမှာပါ။

"မမ သေသွားမှပဲ သေပါရောလားလို့ သူ သိခွင့်ရမယ့် အဖြစ်မျိုးကတော့ ရက်စက်ရာ ကျလွန်းပါတယ် မမရယ်"

ဖူးစာသည် ရင်တဒိတ်ဒိတ် တုန်လာကာ တယ်လီ ...န်းလေးကို ကောက်ကိုင်လိုက်မိပါသည်။ အခန်းတံခါးဖွင့်ကာ ...ရန်တာကလေးသို့ ထွက်လာခဲ့သည်။ ပင်လယ်ကို ဖြတ်သန်း ...ိုက်ခတ်လာတဲ့လေက အေးပြီး နုသစ်လတ်ဆတ်နေသည်။

ဦးအလင်းရေ ...။ ခွဲကြရတော့မှာနော်။

ဖူးစာရဲ့ လက်ချောင်းကလေးများသည် ဦးအလင်း ...့ ဖုန်းနံပါတ်ကို နှိပ်မိလျက်သား။

"ဟယ်လို ... ဟယ်လို၊ ဖူးစာ ... ဖူးစာ ဘာဖြစ်သလဲဟင်"

ထာဝစဉ် အချိန်ပြည့် စိတ်ပူနေပုံရသော အလင်းရောင်က သိပ်မကြာသေးမီကမှ ဖုန်းစကားပြောပြီးထားပြီး ခုတစ်ကြိမ် မကြာမီ ထပ်ခေါ်လိုက်တာကြောင့် အလန့်တကြား စိတ်ပူသွားပုံရပါသည်။

"ဦးအလင်း"

"ဖူးစာ ပြောလေ၊ ဘာပြောချင်လို့လဲ"

ဖူးစာသည် ဖြည်းဖြည်းကလေး ရှိုက်ငင်လာမိရာမှ တိုးတိုးသိမ့်သိမ့် ငိုချလိုက်ပါသည်။

"ဖူးစာ ... ဖူးစာ ငိုနေတာလား၊ ကျွန်တော့်ကို စိတ်ပူအောင် မလုပ်ပါနဲ့ဗျာ၊ လာပါရစေ၊ ဖူးစာ အခုဘယ်မှာလဲ ဘယ်ရောက်နေလဲ"

"ဦးအလင်း"

"ဖူးစာ"

"ဖူးစာ ဘယ်မှာဆိုတာတော့ မပြောပါရစေနဲ့တော့၊ ဒါပေမဲ့ ဖူးစာလေ ... ဖူးစာ အခုလို ဘယ်သူ့ကိုမှ ဘာမှအသိမပေးဘဲ အဝေးကြီး ထွက်သွားခဲ့ရတာ အကြောင်းရှိပါတယ် ဦးအလင်း သိပ်သိချင်မှာပဲ ဆိုတာလည်း ကိုယ်ချင်းစာပါတယ်၊ မပြောခဲ့တာကလည်း ပြောမထွက်တာကြောင့်ပါ ဦးအလင်းရယ်"

"အခု ဖူးစာ ဘာဖြစ်နေလဲ ပြော၊ ဘာပြဿနာဖြစ်ဖြစ် ဘယ်လောက် ဒုက္ခရောက်နေနေ ကျွန်တော် အားလုံး တာဝန်ယူ ဖြေရှင်းပေးမယ်"

"ဦးအလင်း ... ဖူးစာလေ နောက်ထပ်တစ်လပဲ အသက်ရှင်ခွင့် ရှိတော့တယ်"

"ဘာ"

"ဖူးစာ ... ဖူးစာ တစ်လလောက်နေရင် သေရတော့မယ်"

"ဘာဖြစ်လို့ သေရမှာလဲ၊ ဖူးစာ ဘာဖြစ်နေလို့လဲ"

"ဖူးစာ ဘရိန်းကျူမာ ဖြစ်နေပါတယ်"

"ဘာ"

"နန့်ဆွေ အားလုံး သိပါတယ်၊ ဟိုးတလောက ချော်လဲလိမ့်ကျပြီး သတိလစ်သွားလို့ ခေါင်းကို ဘရိန်းစကဲန်ရိုက်ကြည့်လိုက်တော့ ဖူးစာရဲ့ ဦးနှောက်ထဲမှာ ကျူမာအလုံးတွေ အတော်များများက အခြေအနေ လွန်နေပြီ ဦးအလင်း၊ အင်္ဂလန်မှာ ခွဲရင်တောင် အောင်မြင်ဖို့ မသေချာတော့ဘူး၊ အများကြီး ပွားနေပြီ၊ ဖူးစာကသာ ဝေဒနာ သိသိသာသာ မခံစားရသေးပေမယ့် အခြေအနေက နောက်ထပ် တစ်လ တစ်လကျော်လောက်ထက် ပိုအသက်ရှင်နေစရာ အကြောင်း မရှိတော့တဲ့ အခြေအနေပါ"

"ဖူးစာ ... တကယ်ပြောနေတာလား"

"တကယ်ပါ ဦးအလင်း၊ နုနုဆွေ သိပါတယ်၊ သူလည်း ဖူးစာ ဘယ်မှာလဲ မသိတော့ ဒီဖုန်းကိုပဲ နေ့တိုင်းဆက်ပြီး ငိုနေတာပါ၊ သူ့ဆရာကြီးကိုယ်တိုင် ခေါ်ပြောတာပါ"

"ဖူးစာ ..."

တစ်ဖက်က အလင်းရောင်ရဲ့ အသံမှာ အက်ကွဲပြီး တိမ်ဆို့ဝင်သွားရပါသည်။

"ခွဲရင်တောင် ရှင်ဖို့ ရာခိုင်နှုန်းက ခပ်နည်းနည်း၊ ဒါကိုး အရဲစွန့်ပြီး ခွဲမလားဆိုရင်တောင် အဲလို ခွဲစိတ်ကုသဖို့ စရိတ်လည်း ဖူးစာ မတတ်နိုင်ပါဘူး၊ ဒါကြောင့် စင်ကာပူကိုလည်း မလိုက်တော့ဘူးလို့ ဆုံးဖြတ်ပြီး အခန်းကိုရောင်း ရတဲ့ငွေတွေ လှူတာလှူ၊ သုံးတာသုံးနဲ့ လူသိတွေမရှိတဲ့ ခပ်လှမ်းလှမ်း တစ်နေရာကို ဖူးစာ ထွက်လာခဲ့တာပါ"

"အဲဒါ ဘယ်မှာလဲ ဖူးစာ"

အလင်းရောင် အသံသည် နာကျင်ကြေမွနေသည်။

"တစ်ယောက်တည်း အဖော်မရှိ ဘာမရှိ ကျန်းမာရေး ချို့ယွင်းမှုကြီးနဲ့ ဘယ်လိုလုပ် နေမှာလဲ ဖူးစာ၊ မင်းဘယ် မှာလဲ မပြောချင်ရင် ရန်ကုန်ကို ပြန်လာခဲ့ပါ၊ ဝိုင်းဝန်း တိုင်ပင် ကြိုးစားကြည့်ရအောင်၊ လုံးဝမပျောက်ကင်းတော့ ဘူးဆိုတာ မှန်ရင်တောင် နေရဖို့ အချိန်လေးတွေကို ကိုယ်တတ်နိုင်သလောက် ဆွဲဆန့်ပေးကြည့်ပါရစေ၊ တောင်း ပန်ပါတယ် ဖူးစာရယ်၊ ပြန်လာခဲ့ပါ"

"ဦးအလင်းတို့ နုနုဆွေတို့ လက်ထဲမှာ မသေပါရစေနဲ့ ဦးအလင်းရယ်"

ဖူးစာသည် တရှိုက်ရှိုက် ငိုကြွေးနေမိပါသည်။ ဦးအလင်း အသံဟာလည်း လုံးဝတိတ်၍ ပျောက်ကွယ်နေလိုက် တာ။ သူလည်းပဲ လူသူမသိအောင် တိတ်တိတ်ကလေးများ ငိုနေ သလားပြီလား။

"ကိုယ့်ကို အဲသလောက် ရက်ရက်စက်စက် ထားမသွားပါ နဲ့ ဖူးစာရယ်"

"ဦးအလင်းကို ရက်စက်ချင်တာ မဟုတ်ပါဘူး၊ မရက် စက်ရက်ပါဘူး၊ ဖူးစာရဲ့အသည်းနှလုံးတွေက မခိုင်တာပါ၊ ခံနိုင်ရည် မရှိလို့ပါ"

"မင်း ကိုယ့်ကိုချစ်တယ် မဟုတ်လား ဖူးစာ"

အလင်းရောင်ရဲ့ မေးခွန်းသံက ဖူးစာနားထဲ အကြိမ် ကြိမ် အထပ်ထပ် ပဲ့တင်ရိုက်ခတ်နေပါသည်။ သူ့အသံဟာ ဒဏ် ရာရနေတဲ့ နာကျင်ဆင်းရဲနေတဲ့အသံ။

"ဦးအလင်းရယ်၊ ဘဝချင်း မနီးစပ်ဘူးဆိုပြီး ငြင်းခဲ့တာပါ၊ ခုတော့ ဘဝချင်းက ခြားတောင် ခြားသွားရတော့မှာ၊ ဘာမှ မပြောနိုင်တာ ဖူးစာကို ခွင့်လွှတ်ပါနော်"

ဖူးစာသည် မျက်ရည်အစိုစို အလူးလူးနှင့် ဖုန်းကို ဝါပါ အပြီးပိတ်ချလိုက်သည်။

✧ ❣ ✧

၁၂

"ဒေါက်တာ ခေါ်တယ် ဆိုလို့ပါ"

နုနုဆွေက ဒေါက်တာကျော်သာ့ ရှေ့၌ လက်ကလေး နှစ်ဖက် နောက်ပစ်၍ ခပ်ရို့ရို့မေးလေလျှင် ...

"မနက်ဖြန် မနက်ရှစ်နာရီ ဘရိန်းစကဲန်ရိုက်မယ့်လူနာ ရှိတယ်နော်"

"ဟုတ်ကဲ့ပါ"

"မကြူကြူရော သိပြီးပြီလား"

"ဟုတ်ကဲ့ ဒေါက်တာ၊ မကြူလည်း သိပါတယ်"

"ဆရာကြီး ပြောပြီးပြီလား"

"ဟုတ်ကဲ့၊ အန်ကယ်က သူကိုယ်တိုင်လည်း လာမယ်လို့ ပြောပါတယ်"

"အေးလေ ...၊ ငါတို့စက်ကြီးကလည်း ပထမစ,ဖွင့်တဲ့ လူနာကလည်း ဦးခေါင်းပိုင်းရိုက်တာ၊ ဒုတိယလူနာလည်း

ပဲ ဦးခေါင်းပိုင်းရိုက်တာ၊ တိုက်ဆိုင်လိုက်တာ၊ ပထမဆုံး ရိုက်တဲ့ ညည်းရဲ့သူငယ်ချင်းရော၊ သူ ဘာဆက်လုပ်ဖြစ်လဲ"

"သူ ..."

နုနုဆွေက သက်ပြင်းတစ်ချက်ချကာ စိတ်ထိခိုက်၍ အသံဆက်ထွက်မလာ။

"သူ ဘာဆက်လုပ်ဖြစ်လဲလို့ပါ"

"ဘာမှမလုပ်ဖြစ်ပါဘူး ဆရာရယ်၊ နိုင်ငံခြားမှာ သွားခွဲစိတ်နိုင်ဖို့ ဆိုတာကလည်း သာမန်အောက်ခြေလူတန်းစားက လူတစ်ယောက်အဖို့ ဘယ်လွယ်ပါ့မလဲ ဆရာရယ်"

"ဒါပေါ့လေ၊ ဟုတ်ပါတယ်၊ ဆရာကြီးနဲ့ကော ဆက်ပြနေဖြစ်လား"

နုနုဆွေက ခေါင်းကလေး ယမ်းခါလိုက်ပါသည်။

"မပြဘူး ဆရာ၊ ဆေးတောင် မသောက်ဘူး"

"ဩော် ... လုံးဝ ပစ်ထားလိုက်တယ်ပေါ့"

"သူပါ ပျောက်သွားတာ ဆရာ"

"ဘယ်လို"

"သူ ဘယ်ကိုထွက်သွားမှန်း မသိဘူး ဆရာ၊ လုံးဝပျောက်သွားတာ၊ ဘယ်ရောက်နေမှန်းကို မသိရတော့တာ"

ဒေါက်တာကျော်သာ့ မျက်နှာက စိတ်မကောင်းသလို …က်နွမ်းသွားပါသည်။

"ရုတ်တရက် သိလိုက်ရပြီး ဒီပရက်ရှင် ဝင်သွားတယ် ထင်တယ်"

"ဟုတ်တယ် ဒေါက်တာ၊ သူ နိုင်ငံခြားသွားဖို့ အစီအစဉ် ရှိတာကိုပါ ဖျက်လိုက်တယ်"

"ဖယ်မလီ မရှိလို့လား"

"မရှိဘူး ဆိုပါစို့ ဆရာ၊ မိဘမရှိတော့ဘူး၊ အစ်ကိုမိသားစု က စင်ကာပူမှာပေါ့၊ ဒီမှာ သူ့ကို အုပ်ထိန်းတဲ့သူ ဆုံးဖြတ်ပေးမယ့်သူ မရှိဘူး၊ သူ့ဟာသူပဲ ဆုံးဖြတ်သွား တယ်၊ တိုက်ခန်းပါရောင်းပြီး ဘယ်ကိုထွက်သွားမှန်းကို မသိတာ"

"ဒီတော့ သူ့ရဲ့နောက်ဆုံးအချိန်တွေကျရင် သူ ဘယ်သူ့ ကို အားကိုးမလဲ"

"သူက သူစိမ်းကိုပဲ ပိုက်ဆံပေးပြီး အားကိုးတော့မယ်တဲ့၊ သူချစ်တဲ့သူတွေ လက်ထဲ သေရရင် ပိုခံစားရမှာ စိုးလို့ တဲ့"

နုနုဆွေက မျက်ရည်လေးများကို မျက်တောင်ပုတ် ခတ်၍ ပြန်သွင်းနေရင်း ...

"ကျွန်မ ကိုယ်တိုင်တောင် ခုထိ မယုံနိုင်သေးသလိုပဲ၊ သူ လည်း တအားရှော့ခ်ဖြစ်သွားတာပေါ့ ဒေါက်တာရယ်၊ ကျွန်မတော့ ဒီစက်ခန်းထဲတောင် တာဝန်မကျချင်တော့ဘူး၊ ဒီစက်ကြီးနဲ့ ရိုက်လိုက်ပြီး အဲဒီလို မကြာခင်သေတော့မယ်

ဆိုတဲ့ Result မျိုး ထွက်လာမှာတွေကို နောက်ထပ်မမြင် ချင် မကြားချင် မသိချင်ဘူး"

"ဒီ Result မျိုးချည်းပဲ ထွက်မယ်တော့ ဘယ်ပြောလို့ ရမလဲ နုနုဆွေရယ်၊ ရောဂါမရှိတဲ့သူ ဆိုရင်လည်း မရှိတဲ့ အလျှောက်ပေါ့၊ ရောဂါရှိနေလို့သာ ဒီအဖြေထွက်ရတာ ကိုး"

"ဖူးစာလို ဘာမှဖြစ်မနေဘဲ လန်းဆန်းစိုပြည်နေတဲ့သူ တောင် မကြာခင် တစ်လအတွင်း သေရတော့မယ့် ဘရိန်း ကျူမာတွေနဲ့ဆိုတာ သိလိုက်ရတော့ တကယ့်နာတာရှည် လူမမာကြီးတွေ ယဲ့ယဲ့လေး ရှိတာတွေကို ရိုက်ကြည့်ရင် ဒီထက်ဆိုးတာတွေပဲ တွေ့ရမယ် ထင်နေမိတယ်"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ"

"မနက်ဖြန်ရိုက်မယ့် လူကြီးဆိုရင် အန်ကယ့်ဆီ လာလာ ပြနေတာ ကျွန်မ တွေ့ဖူးနေတာပါ ဒေါက်တာရယ်၊ လှုပ် တုတ်တုတ်နဲ့၊ သူ့ကျူမာက ဖိထားလို့ ကိုယ်တစ်ခြမ်းက ဆိုင်းပြီး ခပ်ဆွဲဆွဲ ဖြစ်နေတာလေ၊ သူဆိုရင် ဘယ်လိုများ ထွက်လာမလဲနော်၊ စိတ်မချမ်းသာလိုက်တာ"

"သူ့ကျူမာက အရေးပါတဲ့ နေရာကို သွားဖိမိထားတဲ့ သဘောပေါ့၊ ညည်းသူငယ်ချင်းကျတော့ အရေးကြီးတဲ့နေ ရာကို ကျူမာတွေက မဖိမိဘူး ဖြစ်လိမ့်မယ်၊ ဒါကြောင့် ဘာမှမဖြစ်သလို နေနိုင်တာ၊ စိတ်တော့ မကောင်းဘူးပေါ့

လေ၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ နုနုဆွေရယ်၊ ဒီတာဝ
ယူထားရမှတော့ ဒီအလုပ် လုပ်နေရတော့မှာပေါ့”

“နက်ဖြန် ဒီစက်ကြီးနဲ့ အလုပ်လုပ်ရဦးမယ်ဆိုတော့ ကျွန်
သူငယ်ချင်းကို အရမ်း သတိရတာပဲ၊ အဲဒီစက်ကြီး
ကြည့်တောင် မကြည့်ချင်ဘူး၊ ကျွန်မ စိတ်ထဲမှာ အတိ
နိမိတ်မကောင်းတဲ့ ဟာကြီးလို့ပဲ ထင်နေမိတယ်”

“ဟဲ့ ... ဩော်၊ ဒီလိုမပြောရဘူးလေ၊ အသက်မဲ့တဲ့
ကြီးမှာ အတိတ်တွေ နိမိတ်တွေလည်း မရှိဘူး၊ စိတ်အ
မထားနဲ့၊ အလကား”

နုနုဆွေသည် ဒေါက်တာကျော်သာ ဘယ်လိုပဲပြေ
ပြော ဒီအခန်းထဲ အလုပ်လုပ်ရတာ ရင်ထဲ မချမ်းမမြေ့ ရှိလှ
သည်။

✧ ❣ ✧

“ငါတို့ရဲ့သူဌေး ဦးမောင်မောင်သန့် တစ်ယောက်ကလွဲ
ငါ ဘယ်သူ့ကိုမှ မပြောဘူး၊ ဦးမောင်မောင်သန့်ကိုတော
ငါ မပြောလို့ မဖြစ်လို့ ပြောရတာ၊ ဟိုးတစ်ညနေက
နင့်ကိုထွက်ပြီး ဟင်းပွဲစပါယ်ရှယ်ကို အရင်ဆုံး လာချတာ
သူက ခေါ်မေးလို့ပါ၊ ခန်းမထဲမှာ သူ ကိုယ်တိုင်ပ
စားပွဲလည်း ရှိနေတယ်၊ ဂုဏ်သရေရှိ လူကြီးလူကော

လုပ်ငန်းရှင်တွေ အများကြီး ရှိနေတဲ့ထဲက နင့်စားပွဲကိုမှ ဘာဖြစ်လို့ ငါကိုယ်တိုင် ထွက်ချရတယ် ဆိုတာကို သူ ကျေနပ်အောင် အကြောင်းပြချက် ပေးရတာ ...

အဲဒီနေ့ နေ့လယ်က နင်ပြောပြလို့ နင့်အဖြစ်ကို သိပြီး ရင်ထဲမှာ ငယ်သူငယ်ချင်းအတွက် စိတ်မကောင်း ဖြစ်လွန်းလို့ နင် စိတ်ပျော်ပါစေ၊ နင် စိတ်ကြည်လင်ပါစေ ဆပ်ပရိုက်စ်လေး ဖြစ်ပါစေဆိုပြီး ငါကိုယ်တိုင် အရေးတယူ ထွက်ချမိတာပါလို့ သူ့ကို ထုချေရတာပေါ့ဟာ”

အပြစ်မကင်းသလို ရှင်းပြနေတဲ့ ဂျင်မီရွှေ စိတ်သက်သာရအောင် ဖူးစာက ပြုံးပြလိုက်ပါသည်။

“ကိစ္စမရှိပါဘူးဟာ၊ ငါက ဘယ်လိုသိကုန်ကြသလဲ အံ့ဩလို့ မေးရတာပါ”

“ငါ စိတ်မကောင်းဘူးဟာ၊ ဒီလောက်တောင် လူအများ ပါးစပ်ဖျားကို ရောက်သွားတာ၊ ငါ ဦးမောင်မောင်သန့် တစ်ယောက်ကလွဲပြီး ဘယ်သူ့မှ မပြောဘူးဆိုတာတော့ နင် ယုံပါ၊ သူ ဒီလိုပြန်ပြောလိမ့်မယ်လည်း မထင်မိဘူးပေါ့။ ငါ လိုက်စုံစမ်းကြည့်တော့ မန်နေဂျာကလည်း ဦးမောင်မောင်သန့် ဆီကပဲ သိတာ ...

အဲဒီညနေ ဦးမောင်မောင်သန့် ပြန်ခါနီးမှာပဲ သူနဲ့ ခုနက တစ်ဝိုင်းတည်းထိုင်တဲ့ မိတ်ဆွေ ‘......’ကုမ္ပဏီက ဦးကျော်မင်း ဆိုတာကို ရှင်းပြနေတုန်း မန်နေဂျာက

အနားရောက်သွားတာ၊ ဒီဦးကျော်မင်းက စားဖိုမှူးကို
တိုင် ဟင်းပွဲလာချရအောင် နင်က ဘယ်သူမို့လဲဆို
ဖြစ်နေလို့ ဦးမောင်မောင်သန့်က ဒီလို ဒီလိုဆိုပြီး ရှင်း
တာ၊ ဦးမောင်မောင်သန့် ကိုယ်တိုင်လည်း အဲဒီအကြောင်း
ကြားတော့ စိတ်မကောင်း လက်မကောင်း အံ့အားသ
ပြီး ငါ့ကို ဘာမှအပြစ်မပြောတော့ဘူးဟ ...

သူ ဦးကျော်မင်းကို ပြန်ပြောတော့လည်း
ဦးကျော်မင်းက သြော် ... ဖြစ်မှ ဖြစ်ရလေပေါ့၊ အဲသ
ဖြစ်သွားတယ်၊ အဲဒီမှာ မန်နေဂျာကလည်း ကြားလိုက်
တာပေါ့ဟာ၊ ကြားလိုက်ရတဲ့သူ အားလုံးဟာ ဘေး
ဝန်းကျင် အနီးဆုံးကို ပြန်ဖြန့်ကြတဲ့သူတွေချည်းပဲ၊ ဒါ
သူတို့လည်း မကောင်းတဲ့စိတ်ရယ် ဘာရယ် မရှိကြ
ဟာ ...

လူပီပီ ကိုယ်သိထားတဲ့ အံ့ဩတုန်လှုပ်စရာ သ
တစ်ခု နောက်တစ်ယောက်ကို ဖွင့်ပြောပြချင်တယ်
မျိုးလောက်ပါပဲ"

"အဲဒါတွေ ငါနားလည်ပါတယ် ဂျင်မီရာ၊ နင် ဘာ
မကောင်း ဖြစ်မနေပါနဲ့၊ မဟုတ်တရုတ်သတင်းမှ
ဘဲ၊ သတင်းမှန်ပဲလေဟာ"

"ဒါပေမဲ့ နင့်အတွက် အနှောင့်အယှက် ဖြစ်သွားရ
ဟာ"

"ကြားသိတဲ့သူတွေက ငါလာတာတွေ့ရင် ဝိုင်းကြည့်တာ လမ်းဖယ်ပေးတာ၊ မသိဘဲ ပြုံးပြတာ၊ ဂရုတစိုက် ကြင်ကြင်နာနာ အပြုအမူမျိုးတွေ လုပ်ပြတာပါ၊ အနှောင့်အယှက် ဖြစ်တယ်ရယ်လို့လည်း မဟုတ်ပါဘူး ဂျင်မီရာ၊ ငါက လူတွေသနားမခံချင်လို့၊ ငါ့ကိုကြည့်ပြီး စိတ်မကောင်းကြ ငိုကြဖြစ်မယ့်သူတွေ အနီးကနေ ပြေးလာတာလေ၊ ဒီမှာပါ ငါ့ကို သနားကြင်နာကြတဲ့သူတွေ လာတွေ့နေရတော့ နည်းနည်းတော့ နေရကျဉ်းကျပ်တာပေါ့၊ ဒါပေမဲ့လည်း ဟာ ငါ့မှာလည်း ဒီမှာမနေတော့ဘူးဆိုရင် တခြားနေစရာ လည်း မရှိပါဘူး"

"နင် ဒီမှာနေရတာ စိတ်ပြေလက်ပျောက် မဖြစ်တော့ဘူး၊ နေလည်း မနေချင်တော့ဘူးဆိုရင် ရန်ကုန်က ငါတို့အင်းစိန် ခြံထဲမှာ နေနိုင်တယ် ဖူးစာ၊ အမိုးကိုရော ငါ့မိန်းမကိုရော နင့် သိပ်ကျန်းမာရေး မကောင်းတာ ပြောပြထားတယ်၊ အဆုံးစွန်အထိတော့ မပြောပါဘူး၊ အမိုး စိတ်မကောင်း မှာလည်း စိုးလို့၊ နင် သိပ်မကျန်းမာတာ တစ်ယောက်တည်း ဖြစ်နေတာတွေ ပြောပြတော့ အမိုးက အဲဒီကို လာချင် လာဖို့ စာရေးမှာလိုက်တယ်၊ ငါ့မိန်းမကရောပဲ"

"အဲဒီလိုကို ဘေးလူတွေ ဒုက္ခမပေးချင်တာပါဆို ဂျင်မီ ရယ်၊ ဒီမှာမနေတော့ဘဲ ရက်လည်း တဖြည်းဖြည်း နီးကပ် လာပြီဆိုရင် ဆေးရုံတစ်ခုခုကို တက်နေမယ်"

"ပိုက်ဆံတွေလည်း နှမြောစရာကြီး ဖူးစာရယ်၊ ဒီက ဟိုတယ်စရိတ် ဆိုတာလည်း မတန်တာဆကြီး၊ ဆေးရုံမှာ နေတော့လည်း ဒီအတိုင်းပဲပေါ့၊ သူစိမ်းက ကြင်ကြင်နာနာ ပြုစုတယ်ဆိုတာ လူရင်းတွေ ဂရုစိုက်တာနဲ့တော့ ဘယ်တူပါ့မလဲ"

"ပိုက်ဆံဆိုတာ နက်ဖြန်သန်ဘက် သေတော့မယ့်လူအတွက် ဘာများ တန်ဖိုးရှိလို့လဲ ဂျင်မီ၊ ဒီပိုက်ဆံရွက်တွေက လူတစ်ယောက်ရဲ့ ရှင်သန်မှုဘဝကို ဖန်တီးနိုင်တာမို့လို့လား၊ သာမန်စက္ကူရွက်တွေနဲ့ ဘာမှ မခြားပါဘူး ဂျင်မီရယ်"

ဂျင်မီသည် ပထမဆုံး ဖူးစာကို ပြန်တွေ့ရတဲ့ ရက်ကထက် ကိုယ်ရည်ပိုစစ်ကျသွားသော ဖူးစာကို ကြင်ကြင်နာနာ ငေးကြည့်နေနိုင်ပါသည်။ မျက်နှာချောင်ကျသွားလိုက်တာ၊ ပါးရိုးတွေတောင် ပေါ်လာလို့။ စိတ်ဖိစီးမှုဟာ လူတစ်ယောက်ကို ဆွဲယူပစ်လိုက်သလို ချုံးကျသွားစေနိုင်တာ ကြောက်စရာကောင်းလှသည်။

"ငါ ရေထဲဆင်းလိုက်ဦးမယ်"

"သိပ်အနက်ဘက် မသွားနဲ့"

"အမလေး၊ ငါက အခုမှ ဘိချ်ကို ရောက်ဖူးပေမယ့် ရေကူးကျွမ်းပါတယ်နော်"

"ငါသိပါတယ်၊ အဝေးမှာ မတော်တဆ မှုးမော်နေမှာစိုးလို့ပါ၊ လူတွေနားပဲ နေနော်"

အဲသလို ပူပန်တဲ့ ဂရုစိုက်တဲ့ အပြောမျိုးတွေကို မ်းနည်းလှိုက်ဖိုတတ်တဲ့ အကျင့်ရှိတဲ့ ဖူးစာဟာ မျက်ရည်မလည် င် လှည့်ထွက်ခဲ့ရပါသည်။ ဒါကြောင့်လည်းပဲ ဦးအလင်းအနား၊ နုဆွေအနားက ထွက်လာတာပေါ့။ ဒါတောင်မှ တယ်လီဖုန်း ထဲကနေ ဦးအလင်းရဲ့ ဝမ်းနည်းနာကျင် ပူပင်တဲ့ စကားလုံးတွေ ကို ကြားရတိုင်း၊ နုနုဆွေရဲ့ ရှိုက်သံကို ကြားရတိုင်း ဒီဘက်မှာ ျက်ရည်ပေါက်ပေါက် ကျမိမြဲ။

"ဟိုင်း ... မမထား"

လျှောက်လာရင်း မျက်နှာချင်းဆိုင်ဆုံတဲ့ ဖူးစာနဲ့ ာန်ဂလိုချင်းကပ်ရပ် နိုင်ငံခြားသား ဇနီးမောင်နှံက လှမ်းနှုတ် ဆက်တာ ဖြစ်သည်။

"ဟိုင်း"

ဖူးစာက ပြန်ပြုံးပြကာ လက်ကလေး ပြလိုက်လျှင် အမျိုးသားကြီး လက်သီးဆုပ်၍ လက်မကိုကော့ထောင်ကာ တဆတ် ဆတ် လက်ကိုလှုပ်ပြရင်း ...

"Be brave"

ဇနီးသည် ဘိုမလေးဟာ နီးကပ်လာတဲ့ ဖူးစာကို င်ချင်းအပ် ကျုံးဖက်လိုက်ကာ တစ်ချက် နှစ်ချက် ညှစ်လိုက်၍

နှုတ်ခမ်းတင်းတင်းစေ့ ပြုံးပြသွားပါသည်။ ဘုရားရေ ...။ ဒါတော့ ခိုင်ခိုင့် လက်ချက်ပင်။ ခိုင်ခိုင်ဟာ အဲဒီ ဘိုမောင်နံ့ရဲ့ လက်ချွဲလည်း ဖြစ်သည်။ သူတို့လည်း လေးငါးရက်တော့ ရှိကြပြီ။ ခိုင်ခိုင်နဲ့လည်း ရင်းနှီး၊ ဖူးစာနဲ့လည်း မျက်မှန်းတန်း။

သတ္တိရှိဖို့ အားပေးသွားတာ။ သူတို့ကြည့်ကြတဲ့ မျက်ဝန်းတွေဟာ ကရုဏာမျက်ဝန်းတွေ။ ဒါတွေက လူကိုပိုနွမ်းလျစေတာ။ လောကကိုပိုပြီး တပ်မက်စေတာ။ ဖူးစာသည် ဘန်ဂလိုထဲမှာ တိတ်တိတ်ဆိတ်ဆိတ် အဝတ်လဲကာ တံခါးပိတ်ပြီး ရေစပ်ကို ဆင်းလာတဲ့အထိ ရင်ထဲမှာ လှိုက်ကာ လှိုက်ကာ နေပါသည်။

ဒီခံစားချက်ကို လူတိုင်းသိကြမှာ မဟုတ်ပါဘူး။ ကိုယ်ချင်းစာတတ်မှာလည်း မဟုတ်ပါဘူး။ ဒီကမ္ဘာလောကကြီးကို များမကြာမီ ခွဲခွာသွားရတော့မယ့် လူတစ်ယောက်ကို နောက်ဆံတငင်ငင်ဖြစ်အောင် လုပ်နေကြတာလိုပင်။ သူတို့ကတော့ နူးညံ့တဲ့ နှလုံးသားနဲ့ ကြင်နာသနားကြတာ။ ဖူးစာမှာတော့ ဒီလို သနားစရာဘဝ ဖြစ်နေတဲ့ ကိုယ့်အဖြစ်ကို ထပ်ခါ ထပ်ခါ အဖန်တလဲလဲ သတိရနေရအောင် ဖြစ်စေတာ။

မေ့ထားလို့မရဘဲ ပိုပိုတွေးမိစေတာ။ ဒါတွေထို အလွတ်ရုန်းချင်ကာမှ ...။

"ညီမရေ ... ရေထဲဆင်းမလို့လား"

နှုတ်ဆက်သံကြားမှ ရှေ့နားကသောင်ပြင်မှာ သဲပေါ် ထိုင်ချနေတဲ့ မမမြကို လှမ်းတွေ့ကာ ခေါင်းညိတ်ပြလိုက်ရသည်။

"အဝေးမသွားနဲ့နော်"

နောက်ထပ် ခေါင်းတညိတ်။ သူတစ်ယောက်တည်း ထိုင်နေပုံထောက်တော့ ဦးအလင်းရဲ့မေမေ ရေထဲမှာပေါ့။ လှမ်းမျှော်ကြည့်တော့ ဘောကွင်းတစ်ကွင်းကို ချိုင်းလျှိုစွပ်လျက် မလှမ်းကမ်းလေးမှာ ရေလှိုင်းစီးနေသည်။ ဖူးစာကလည်း ဘောကွင်း တစ်ကွင်းမှာကာ ရေထဲဆင်းလာခဲ့ပါသည်။

ကြာကြာနေနေတဲ့သူမို့ လူအတော်များများနှင့် မျက် မှန်းတန်းနေသော်လည်း ဘယ်သူနှင့်မှ နီးနီးနေလိုစိတ် မရှိဘဲ ပ်လှမ်းလှမ်းကို တစ်ယောက်တည်း ထွက်လာသည်။ အားလုံးနဲ့ ဝေးတဲ့နေရာမှာ တစ်ကိုယ်တော် ဘောကွင်းလျှိုစီး၍ မျှောနေလိုက် သည်။ အထီးကျန်ခြင်းကို ခါးခါးသီးသီး ခံစားရပါသည်။

ကိုယ်ဟာ တကယ်တော့ တစ်ကိုယ်တည်း ဖြစ်နေရ ရာ အကြောင်းမရှိ။ ဆွေမျိုးဆိုရင်လည်း လာနေဖို့ ခေါ်ထားတဲ့ စ်ကိုရင်း ရှိသည်။ ချစ်ရတဲ့သူ ဆိုရင်လည်း ခုခေါင်းညိတ် ခု စ်သူဖြစ်ရမည့် နှစ်ရှည်လမျော စောင့်ချစ်လာသူတစ်ဦး ရှိသည်။ ယ်ချင်း မိတ်ဆွေဆိုလည်း သူ့ကို မညည်းမညူ အိမ်ပေါ်တင် စုဖို့ စေတနာရှိသည့် နုနုဆွေတို့ ဂျင်မီတို့ အမိုးတို့ ရှိသည်။ နဲ့များ သူ့မှာ တစ်ယောက်တည်း ဖြစ်နေရသည်မှာ ဒီလိုအထူး ရစိုက် ကြင်နာမှုမျိုးကို မခံစားနိုင်လို့ပင်။

အဲဒါတွေကို ဝမ်းသာဝမ်းနည်းရတာက တစ်ယောက်တည်း အားငယ်လို့ ဝမ်းချည်းနည်းရတာထက် ပိုပြီး ရင်ကိုဆို့နစ်စေသည်။

ခုလောက်ဆို ကိုကိုလည်း တထင့်ထင့် ပူလောင်နေတော့မှာ။ “စင်ကာပူက နင့်အစ်ကို ဖုန်းဆက်လာလို့ ငါဖုန်းနံပါတ် ပေးလိုက်တယ်”လို့ နုနုဆွေ ဖုန်းဆက်သောနေ့ညမှာပင် ကိုကို့ထံက ဖုန်းလာပါသည်။ ဖူးစာ မဖွင့်ပါ။ ဖုန်းပေါ်မှာ “no number”လို့ ပေါ်ပြီး တစ်ဖက်က ဖုန်းနံပါတ် ပေါ်မလာတဲ့ ကောလ်ဟာ နိုင်ငံခြားကောလ်လို့ မအိက ပြောဖူးသည်။

အဲဒီ “no number”ကလေးဟာ ခဏခဏ မြည်လာကာ ခေါ်နေပါသည်။ ကိုကို့ကို ဟိုလိုလို ဒီလိုလို မရေမရာ ပြောလို့မဖြစ်။ အတိအကျ ပြောရမည်။

“ကိုကို ညီမလေး သေတော့မယ်”

အဲလိုလား။

ဟိုမှာ ခွင့်လေးတစ်ရက်ယူဖို့တောင် ခက်လှပါတယ်ဆိုတဲ့ မအားလပ်လွန်းလို့ ညီမကို ခေါ်ယူရတဲ့ ကိုကို့မှာ ပြန်လာဖို့လည်းခက်၊ လှမ်းခေါ်ပြုစုဖို့လည်း မတတ်နိုင်။ ကိုကိုစိတ်ဆင်းရဲရမှာကို ကြိုသိ၍ ထူးကိုပြန်မထူးတာ။ သေရမှာချင်းတူတူ ကိုကို့ကို ဒုက္ခသွားပေးသလိုဖြစ်အောင် နိုင်ငံရပ်ခြားထိ ဘာလို့သွားသေတော့မလဲ။ ကိုယ့်မြေပေါ်ပဲ ကိုယ်သေမှာပေါ့။

ဘာမှမပြောချင်လို့ ကိုကို့ဖုန်းကိုလည်း မဖွင့်။ ကိုကို့ဖုန်း မြည်လာတိုင်း ငိုကြွေးရသည်။ မထူးပါဘူးလေ၊ ဘယ်သူ့ဖုန်းလာလာပါ။ ဦးအလင်းထံက ဖုန်းလာလည်း ငိုရတာပင်။ နုနုဆွေထံမှ ဖုန်းလာလည်း ငိုရတာပင်။ မသေခင့်စပ်ကြားနေ့တိုင်းရက်ဆက် ငိုနေရတာ။ ခုလောလောဆယ်လည်း ရင်ထဲလှိုက်ဖိုနင့်သီးကာ အလွန်ငိုချင်လာသည်ဖြစ်၍ ဖူးစာသည် အတော်ဝေးဝေး တစ်နေရာ လူအုပ်စုနှင့် လှမ်းရာမှာ ဘောကွင်းနှင့် ရေစန်မျှောရင်း ရှိုက်ကြီးတငင် စိတ်ရှိလက်ရှိ ငိုကြွေးနေလိုက်ပါသည်။

နိုင်ငံခြားသားကြီး ပြောသွားတာ Be brave တဲ့။

သတ္တိရှိပါပေါ့။ ဟင့်အင်း ...။ ဘာမှ မဘာရေ့ဖ်နိုင်ဘူး။ ကိုယ်ဟာ တကယ်တော့ coward ပါ။ သူရဲဘောနည်းသူ တစ်ယောက်ပါ။ သေခြင်းတရားကို ပြုံးပြုံးကလေးနဲ့ လုပ်ချင်ရာလုပ်ရင်း ခပ်အေးအေး ရင်ဆိုင်ဖြတ်သန်းသွားဖို့ ကြိုးစားနေရင်းကကိုပဲ အကြိမ်ကြိမ် မအောင်မြင်၊ ရှုံးနိမ့်ငိုကြွေးနေရတဲ့ Coward တစ်ယောက်ပါ။

ကိုကိုရေ ... ဘာမှအသိမပေးတဲ့ ညီမလေးကို ခွင့်လွှတ်ပါ။

ဦးအလင်းရေ ...၊ ဦးအလင်း ရင်ထဲ ဗလောင်ဆူစိတ်ပူနေပြီဆိုတာ သိရက်နဲ့ ရှိတဲ့နေရာကို ခုထိ ဖုံးကွယ်ထားရတာကို ခွင့်လွှတ်ပါ။

တိုးတိုးလေးတွေ ရေရွတ်လိုက် ငိုလိုက်။ အဲဒီနား တစ်ဝိုက်မှာ ဖူးစာထံက ရှိုက်သံတွေသာ ပြန့်ကျဲနေမည်။

"သမီး"

"... ..."

"သမီး ... ထားထား"

ရေကိုဖြတ်၍ လာသလို သေးသေးစူးစူး ဖြစ်နေတဲ့ အသံတစ်ခုကြောင့် ဖူးစာက လှည့်ကြည့်လိုက်ပါသည်။

"ဟင် ... အန်တီ"

အရပ်မမြင့်လှတဲ့ ဒေါ်မြတ်မြတ်ထွေးဟာ ဘောကွင်းကို ချိုင်းလျှိုထားပေမယ့် အပေါ်မှ ခပ်လွတ်လွတ်နှင့် ပခုံးပါ ပေါ်မနေတော့ဘဲ ဘောကွင်းနှုတ်ခမ်းပေါ် မေးစေ့တင်ရုံလေးဖြစ်နေသည်။ ဒီရေလောက်ဆိုရင် အောက်မှ သူ အတော်ကြီးလွတ်နေပြီ။ ဖူးစာ အရပ်နှင့်တောင် လွတ်နေပြီဟာ။

"သမီး ... နေကောင်းရဲ့လား"

ရုတ်တရက် ဖူးစာသည် ငိုချင်ရက် လက်တို့သလို ဖြစ်ကာ မျက်နှာကလေး မဲ့သွားပြီး ငိုပစ်လိုက်ပါသည်။ ငိုနေရင်း တန်းလန်း လာခေါ်ပြီး မေးလိုက်တဲ့စကားက မေတ္တာကရုဏာ အကြင်နာသံတွေ အပြည့်ဖြစ်နေတာမို့ အငိုကိုရပ်လိုက်ဖို့ ဘယ်လိုမှ မကြိုးစားနိုင်လိုက်ပါ။

"သမီး ဘာဖြစ်လို့လဲ၊ မူးနေသလား၊ မောသလား"

ဒေါ်မြတ်မြတ်ထွေးက လက်ကလေး ယက်ကာ ယက်ကာ ဖူးစာ အနား ပိုနီးကပ်လာသည်။ ဖူးစာက သူ့ဘောကွင်းကို လှမ်းဖမ်းကိုင်ထားလိုက်ရင်း ...

"အန်တီ ဒီအနားက ရေနက်နေပါပြီ၊ ကမ်းဘက်မှာနေပါ"

"ဒီနားမှာ ဘောကွင်းက ရေပုတ်တဲ့ဆီ မျောပြီး သမီးက ငြိမ်နေလို့ စိတ်ပူသွားပြီး အနားရောက်အောင် လာမေးလိုက်တာ၊ နေမှကောင်းရဲ့လားလို့ သမီးရယ်"

"နေကောင်းပါတယ် အန်တီ"

ရေတွေပါ စိုနေကြတယ် ဆိုပေမယ့် မျက်လုံးအိမ်က စီးကာကျလာနေတဲ့ မျက်ရည်တွေကို သီးသန့်မြင်နေရနိုင်ပါသည်။ ဒါ့အပြင် နီမြန်းကြေကွဲနေတဲ့ မျက်ဝန်းတွေက ငိုနေတာကို ဘယ်လိုမှ လိမ်ညာမရနိုင်ပါ။

"ငိုနေတာလား သမီးရယ်"

"ဟုတ်ကဲ့ ... ဘာမှ မဖြစ်ပါဘူး အန်တီ"

"လာ ... လာ သမီးရယ်၊ ကမ်းပေါ်ပြန်ကြစို့၊ အဖော် အပေါင်းလေးနဲ့နေမှပေါ့၊ ခုလို တစ်ယောက်တည်း မနေရဘူးလေ"

ဒေါ်မြတ်မြတ်ထွေး စိတ်ထဲတွင် ဒီကောင်မလေး ရေလယ်မှာ မကြံကောင်း မစည်ရာ တစ်ခုခု လုပ်ပစ်လိုက်မှာကိုတောင် သံသယဝင်ကာ စိတ်မချ လက်မချ ဖြစ်နေပါသည်။

"ကိုယ့်စိတ်ကိုကိုယ် ဒုက္ခမပေးနဲ့လေ သမီး၊ ကြွဲကြွဲခံရင် ဆိုင်ရမှာပေါ့ သမီးရယ်"

"အန်တီရယ် ... ကျွန်မလေ ... ကျွန်မ ..."

ဖူးစာသည် ဒေါ်မြတ်မြတ်ထွေးရဲ့ ဘောကွင်းပေါ် ခေါင်းလှမ်းမှီတင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။ တဟီးဟီးနှင့် အကျယ်ကြီး။

"ငို ... ငို ...၊ ရင်ပေါ့အောင်ဆိုရင် ငိုသမီး၊ ဒါပေမဲ့ ကမ်းကိုတော့ ပြန်ကြစို့"

"သမီး ငိုချင်လို့ ဒီဘက်မျှောလာတာပါ၊ အန်တီ စိတ်မပူပါနဲ့၊ အန်တီ စိတ်ပူအောင် ဒုက္ခပေးမိသလိုပဲ၊ အန်တီ ကမ်းကိုပြန်ပါ"

"အန်တီလည်း ပြန်မယ်၊ သမီးလည်းလာ။ အန်တီပြောတာ နားထောင်ပါ သမီးရယ်၊ လာပါ၊ လိမ္မာတယ်၊ စိတ်မကောင်းတာလည်း စိတ်မကောင်းတာပေါ့လေ၊ ကိုယ့်စိတ်ကို အဲသလိုကြီး လွှတ်ပြီး အလိုမလိုက်ရဘူး၊ ဒီအချိန်မှာ ကိုယ့်မိသားစု၊ ကိုယ်ချစ်တဲ့ခင်တဲ့သူတွေ အသိုက်အဝန်းနဲ့ နွေးနွေးထွေးထွေး နေရတယ်၊ သမီးမှာ တကယ့်ကို အဖော်အပေါင်း အရင်းအချာ မရှိတာဆိုရင် အန်တီ သမီးကို အဖော်ပြုနိုင်တယ်၊ လိုတာကူညီနိုင်တယ်"

"အန်တီ"

"... ..."

"ထားထား"

"ကမ်းပေါ်က မြမြ စိတ်ပူနေပြီ၊ လာပါ သမီး၊ ပြန်ကြစို့"

"ဟုတ်ကဲ့ပါ အန်တီ"

သူ့ရဲ့ အရေးတယူ ဂရုစိုက်မှု စေတနာကို ဖူးစာ မငြင်းပယ်ချင်တော့ပါ။ လက်ချင်းလှမ်းတွဲကာ ပင်လယ်ဘက် ကျောပေးပြီး ကမ်းဘက် ပြန်မျှောအလာ အနောက်ဘက်က ရိုက်လာတဲ့ လှိုင်းလုံးကြီးတစ်လုံးက ကျောက ဖြန်းခနဲ ရိုက်ကာ ဆောင့်တွန်းလိုက်သလို ဖြစ်သွားရပါသည်။ ဖူးစာက အလိုက်သင့် ဟန်ချက်ထိန်းလိုက်နိုင်ကာ လက်တွဲပြုတ်သွားတဲ့ ဒေါ်မြတ်မြတ်ထွေးဘက် လှည့်ကြည့်မိလျှင် ဒေါ်မြတ်မြတ်ထွေးသည် လှိုင်းလုံးတွင် အလိုက်သင့် မျှောမပါတတ်၍ ဘယ်လိုရှောင်လိုက်တယ် မသိ။ လှိုင်းအရှိန်နှင့်ရောကာ ဘောရော လူပါ ကျွမ်းထိုးမှောက်ခုံ ဖြစ်ပြီး လူတခြား ဘောကွင်းတခြား ဖြစ်သွားပါသည်။

"အန်တီ"

ဘောကွင်းက ကမ်းခြေဘက် လျှောခနဲ ပါသွား၍ ဒေါ်မြတ်မြတ်ထွေးကတော့ ခြေကျွတ်လက်ကျွတ်နှင့် နှစ်လုံးသုံးလုံး ဆင့်ရိုက်လာတဲ့ လှိုင်းလုံးတွေကြားမှာ မြုပ်ချည်ပေါ်ချည်။ သူ့ခြေထောက်နှင့် လွတ်နေတဲ့ ရေအနက်မို့လည်း ကြမ်းကိုမထောက်နိုင်။

"အန်တီ ရလား"

ဖိုးစာက လိုင်းတွေကိုဆန်ကာ သူ့ဆီသွားရ၍ အတော်နှင့် မရောက်။

"ဝူး ... ဖရူး"

မျက်စိစုံမှိတ်ကာ ဘာမှမလုပ်နိုင်ဘဲရှိတဲ့ ဒေါ်မြတ်မြတ်ထွေးဆီ အရောက် နောက်လှိုင်းတစ်လုံးမှာ ကျွမ်းထိုးမှောက်ခုံ မဖြစ်အောင် ဖိုးစာက လက်ကိုတုံ့ဆွဲထားလိုက်ပါသည်။

"အန်တီ ... သမီး ဘောကွင်းကို ကိုင်လိုက်"

သူ့ကို ကျုံးဖက်ထားပြီး ခေါင်းပေါ်မှ ဘောကွင်း[illegible] စွပ်ချပေးလိုက်ပြီးလျှင် ...

"ရပြီ အန်တီ၊ မျက်လုံးဖွင့်၊ ရပြီ၊ မကြောက်နဲ့တော့"

ဒီတော့မှ ဒေါ်မြတ်မြတ်ထွေးသည် မျက်လုံးဖွင့် ကြည့်လာကာ ဖရိုဖရဲ ဆံပင်ရေစိုတွေကို သပ်တင်ရင်း ...

"အမလေး ... ဘုရား ... ဘုရား၊ ရေနစ်ပြီထင်တာ"

"ရရဲ့လား အန်တီ ... ဘယ်လိုနေလဲဟင် ... လန့်သွားလား"

"ရတယ် ... ရတယ်၊ နည်းနည်းပဲ လန့်သွားတာပါ၊ ဘာမှမဖြစ်တော့ဘူး"

"ဖြစ်မှ ဖြစ်ရလေ အန်တီရယ်၊ အဲဒါ သမီးဆီ လိုက်လာပြီး ဖြစ်ရတာ၊ သမီးကြောင့်ပဲ၊ အန်တီ့ကို သမီး ဒုက္ခ[illegible] မိသလို ဖြစ်သွားပြီ"

"အို ... မဆိုင်ပါဘူးကွယ်၊ အန်တီကလည်း သမီးကိုစိတ်ပူပြီး စူးစူးစမ်းစမ်း လာကြည့်တာ၊ သမီးကလည်း အခု အန်တီ့ကို ကယ်တာ၊ အပြန်အလှန်ပေါ့ ... အဲ့ဟင်း ... ဟင်း"

"အန်တီ နေကောင်းတယ်နော်၊ လန့်ပြီး နှလုံးတွေဘာတွေ တအားခုန်သွားမှာစိုးလို့"

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး"

နှစ်ယောက်သား ကမ်းဘက် ပြန်ကူးလာပါသည်။ ဘောကွင်းထဲမှာ ဒေါ်မြတ်မြတ်ထွေး။ ဘေးကနေ ဘောကွင်းကို ထိန်းကာ ဖိုးစာက ကူးရင်းလိုက်လာပါသည်။ ကမ်းခြေကနေ စိုးရိမ်ပူပန်တကြီး ရပ်မျှော်စောင့်နေတဲ့ မမမြက ရေစပ်နားအထိ တိုးကပ်လာသည်။

"အန်တီ"

"ရတယ် မြမြရေ၊ ငါ ဘာမှမဖြစ်ပါဘူး"

"ဘာဖြစ်လို့ အဝေးကြီး သွားရတာလဲ၊ စိတ်ပူလိုက်တာ၊ လှမ်းအော်တာလည်း မကြား၊ ဟိုဘက်က အမျိုးသားတွေကို အကူအညီ တောင်းရကောင်းမလားတောင် စဉ်းစားနေတာ"

"ကျွန်မအပြစ်ပါ မမရယ်၊ အန်တီက ကျွန်မကို စိတ်ပူပြီး ကျွန်မအနား လိုက်လာတာ"

ဖူးစာ မျက်နှာဟာ ကြည့်လိုက်ရုံနှင့် မကြာသေးခင်ကမှ အသည်းအသန် ငိုကြွေးထားတဲ့ မျက်နှာမှန်း သိသာလေရာ မြမြမှာလည်း စိတ်မကောင်းခြင်းနှင့် သက်ပြင်းသာ ရှိုက်မိပါသည်။ ကမ်းပေါ်ရောက်လျှင် သုံးယောက်သား ဘန်ဂလိုတွေဘက် ဖြည်းဖြည်းလျှောက်လာကြရင်း ...

"ခုပဲ အလင်း ဖုန်းဆက်နေတာ အန်တီရဲ့"

ဖူးစာ ရင်ထဲ ဒုတ်ခနဲ ခုန်သွားရပါသည်။

"ဟုတ်လား ... ဘာတဲ့တုန်း"

"အထူးတလည်တော့ မရှိပါဘူး၊ မေမေ နေကောင်းလားပေါ့"

"ကောင်းတယ်လို့၊ ဒီမှာ အများကြီး ပေါ့ပါးကြည်လင်နေတယ်လို့ မပြောလိုက်ဘူးလား"

"ပြောပါတယ် အန်တီရဲ့၊ သူကသာ အန်တီ့ကို စိတ်ပူပြီး ဖုန်းဆက်ဆက် မေးနေတာ၊ အန်တီကဖြင့် ဒီမှာသွေးလည်း မတိုး၊ နှလုံးလည်း ကောင်းပြီး ဟန်ကိုကျလို့၊ သူသာ စိတ်ပူစရာ၊ သူ့ပဲ သတင်းပြန်မေးရမှာ"

"အင်း ...၊ ငါ့သားလေးလည်း တစ်ဒုက္ခပဲ၊ အခုဘာတဲ့လဲ"

"သူ့အသံက အားပြတ်ပြီးတော့ နွမ်းချိပြီးတော့ ဖုန်းထဲကကိုသိသာနေတာ၊ စိတ်ဆင်းရဲနေတဲ့ အသံကြီး။ အလင်း_မင်း ဘာဖြစ်နေလဲ မေးတော့လည်း ဟင့်အင်းပဲ။ ဟိုကောင်မလေးသတင်း ဘာရသေးလဲလို့ မေးကြည့်သေးတယ်"

"ဘာတဲ့လဲ"

ဖူးစာသည် ခေါင်းကြီးငုံ့ချကာ သဲပြင်ကိုသာ သဲသဲမဲမဲ ကြည့်ရင်း လျှောက်နေသည်။ ဘေးချင်းယှဉ်ရက်မှာ အတူလျှောက်နေရတဲ့အတွက် စိတ်ထဲမလုံလဲ။ ဘန်ဂလိုဆီ တစ်ဟုန်ထိုး ပြေးချင်ပြီ။

ရင်တွေလည်း တဒိတ်ဒိတ်ခုန်ကာ ခြေတွေလက်တွေကတော့ အေးစက်ပြီး အကြောအချဉ်တွေတောင် ကပ်ချင်လာသည်။ ခေါင်းကို လုံးဝမမော့ရဲပါ။

"ကောင်မလေးနဲ့ ဖုန်းအဆက်အသွယ် ရတယ်တဲ့"

"ဟုတ်လား"

"ဘယ်ရောက်နေမှန်းသာ မသိတာ၊ ဖုန်းတော့ ပြောရတယ်တဲ့"

သြော် ...။ ဦးအလင်းဟာ အိမ်မှာ လုံးစေ့ပတ်စေ့ကို ပြောပြတိုင်ပင်ထားတာပါလား။

"နိုင်ငံခြား မသွားဘူးပေါ့"

"မသွားဘူး ဖြစ်မှာပေါ့ အန်တီ၊ ဒါပေမဲ့ သူရှိတဲ့နေရာကိုတော့ ပြောမပြဘူး"

"နေတွေ ဘာတွေမှ ကောင်းရဲ့လား၊ ခေါင်းဆောင့်ထားတာက ဘာများထူးသေးလဲ"

"အဲဒါတော့ မမေးလိုက်မိဘူး၊ ဖုန်းအဆက်အသွယ်ရတယ်ဆိုပေမယ့် အလင်းရဲ့အသံက ချုံးချုံးကျနေတာ၊ ဟိုဟိုဒီဒီ

ဆက်မေးမလို့ပဲ၊ အန်တီတို့ကို လှမ်းမြင်ပြီး စိတ်ပူတာနဲ့ ဒါပဲပြောပြီး ဖုန်းပိတ်လိုက်တာ"

"ထားလိုက်ပါ မြမြရယ်၊ မေးမနေပါနဲ့တော့၊ သူ့ဟာနဲ့သူ စိတ်ချမ်းချမ်းသာသာ နေပါစေ"

၁၃

လမ်းလျှောက်လာတဲ့ နုနုဆွေရဲ့ နံဘေးသို့ ကားတစ်စင်းက ဖြည်းဖြည်းလိမ့်လျှော အရှိန်သတ်လိုက်လျှင် နုနုဆွေက ခေါင်းငိုက်စိုက် ငုံ့ချလျှောက်နေရာမှ ငဲ့ကြည့်လိုက်ပါသည်။

"ဟာ ... ကိုအလင်းရောင်"

"မနုနုဆွေ ဘယ်လဲ"

"ကျွန်မ အိမ်ပြန်မှာ"

"ဒီနေ့ ဆေးရုံမသွားရဘူးလား"

"ကျွန်မ စိတ်ပင်ပန်း လူပင်ပန်းရှိလို့ သုံးရက်ခွင့်ယူထားတယ် ကိုအလင်းရောင်၊ မနေ့က တစ်ရက်နားပြီးသွားတော့ ဒီနေ့ မနေနိုင်ပြန်ဘူး၊ ဘာပဲသိရသိရ ဆိုပြီး ဒီလမ်းထဲ လာမိပြန်တာပဲ၊ ဖူးစာတို့အိမ်ကို ဝင်လိုက်တဲ့ မအိက ကျွန်မနဲ့ခင်တော့ အခု သူ့ဆီက ပြန်လာတာ"

"လာလေ မနုနုဆွေ၊ တက်ပါ"

"အို … နေပါစေ ကိုအလင်းရောင်၊ ဘတ်စ်ကားစီးလို့ ဒါရိုက်ရောက်ပါတယ်"

"လာပါဗျာ၊ ကျွန်တော် ပို့ပေးပါရစေ၊ ကျွန်တော် စကားလည်း နည်းနည်းပြောချင်လို့ပါ"

နုနုဆွေက ခဏကလေးမျှ စဉ်းစားလိုက်ပြီး အလင်းရောင် တံခါးလှမ်းဖွင့်ပေးနေတဲ့ ရှေ့ခန်း သူ့နံဘေးနေရာကို ဝင်ထိုင်လိုက်ပါတော့သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်မက တင်ရမှာ မဟုတ်ဘူးလား"

"မနုနုဆွေ လိုက်လာပေးလို့ပါ၊ ခုချိန်ခါမှာ မနုနုဆွေလို ဖူးစာရဲ့ သူငယ်ချင်းအရင်းဆုံး မပြောနဲ့ ဖူးစာနဲ့ စကား တစ်ကြိမ်လောက်ကလေးပဲ ပြောဖူးတဲ့သူဖြစ်ဖြစ် သူ့ဆီက ဘာကြားရမလဲလို့ သိချင်ဇောနဲ့ စကားလိုက်ပြောချင်နေတော့တာပဲ၊ သူ့ကို လုံးဝ မမြင်ရ မတွေ့ရတဲ့ အချိန်မှာ မနုနုဆွေနဲ့ ခုလို အေးအေးဆေးဆေး ဆုံရတာ ဝမ်းသာလိုက်တာ၊ ဆေးရုံကိုကျတော့ အားနာတာနဲ့ သိပ်မလာချင်တော့ဘူး"

"ကိုအလင်းရောင် အခု ဘယ်ကိုလာတာလဲ"

"ဒီလမ်းထဲမှာ ဖူးစာရဲ့တူ ကျော်ကျော် သူငယ်ချင်းရဲ့ စာအုပ်ဆိုင် ရှိတယ်လေ"

"ကိုအလင်းရောင်က ဘယ်လိုလုပ် ိလဲ"

"ဒီလိုပဲ ဖူးစာနဲ့ စကားပြောရင်း စကားထဲ ပါလာတာလေးတွေ မှတ်မိနေတာပါ၊ ဟိုးအရင်ကပေါ့ဗျာ၊ သူ ဝတ္ထုသွားငှားကြောင်း၊ စာအုပ်ဆိုင်ပိုင်ရှင်က ကျော်ကျော့်သူငယ်ချင်းလေးမို့လို့ နှစ်ရက်ကြာသွားရင်တောင် နှစ်ရက်ခ မယူကြောင်း စသဖြင့်ပေါ့၊ အရေးမကြီးတာလေးတွေထဲက မှတ်မိနေတဲ့ အချက်ကလေးတွေကို လိုက်စုံစမ်းမလို့"

နုနုဆွေက အလင်းရောင်ကို ငေး၍ကြည့်နေမိတော့သည်။

"စာအုပ်ဆိုင်က ကောင်လေးနာမည်က မောင်ထူးလွင်တဲ့။ သူတို့စာအုပ်ဆိုင် တစ်ဆိုင်ပဲ လမ်းထဲရှိတာကိုး၊ ကျော်ကျော့်သူငယ်ချင်းလား သွားမေးကြည့်တော့ ဟုတ်တယ်တဲ့၊ သူ့ကို မေးကြည့်တော့လည်း ဖူးစာတို့ ကျော်ကျော်တို့ အမျိုးတွေရှိတဲ့မြို့ပေါ့၊ ကောင်လေးကလည်း မသိရှာဘူး၊ ကျော်ကျော် ဘာမှမပြောဖူးဘူးတဲ့၊ ဒါနဲ့ အဲဒီ မောင်ထူးလွင်ဆီက တခြားသူငယ်ချင်းတွေလိပ်စာလည်း တောင်းလာတယ် …

ပြီးတော့ ဒီလမ်းထဲ ရပ်ကွက်ထဲမှာ ဖူးစာ ဘယ်သူနဲ့ အခင်ဆုံးလဲ၊ ဘယ်အိမ်နဲ့ ရင်းနှီးလဲ၊ မေးကြည့်သေးတယ်၊ ဖူးစာက ဘယ်အိမ်နဲ့မှ သိပ်ရင်းရင်းနှီးနှီး မနေဘူးတဲ့၊ ပုံမှန်ပဲတဲ့၊ အိမ်လည်တာ ဝင်ထွက်တာ ဘယ်သူနဲ့မှ

မရှိဘူးတဲ့၊ ဒီတော့ ဘယ်အိမ်နဲ့မှ ထူးပြီးမခင်ဘူးဗျ၊ သူ့အပေါ်ထပ် အောက်ထပ် ဘေးခန်းတွေနဲ့တောင်မှ မေးထူးခေါ်ပြောပဲ ...

အဲဒီအခန်းတွေလည်းပဲ ဖူးစာ ဘယ်ပြောင်းသွားလဲ ဘယ်သူမှ မသိဘူး၊ အိမ်ကထွက်သွားတာတောင် မတွေ့ကြတာတဲ့၊ အိမ်ကို ရောင်းသွားသလား၊ ငှားသွားသလားတောင် သူတို့မသိကြဘူး၊ မအိ ပြောမှ ရောင်းသွားမှန်းသိကြတာ၊ လမ်းစကို ပျောက်နေတာပဲဗျာ၊ ဘေးအခန်းကတော့ ကျော်ကျော် စင်ကာပူသွားတာ သိတယ်၊ အောက်ထပ် ဖုန်းဆက်လို့ရတဲ့အိမ်ကလည်း ဖုန်းလာလာပြောသံကြားတော့ တချို့ကိစ္စတွေ သိတယ်၊ အိမ်ငှားမယ်ပြောရာကနေ စိတ်ပြောင်းပြီး ရောင်းတော့မယ်လို့ ဖုန်းလာဆက်တာတွေ ဘာတွေတော့ ပြန်ပြောပြတယ်၊ ဒါပေမဲ့ ဒီထက်ပိုပြီး ဘာမှမပြောနိုင်ကြဘူး"

နုနုဆွေက သက်ပြင်းကြီး ချရင်း ...

"ကိုအလင်းရောင်လည်း ပင်ပန်းခံလိုက်တာနော်"

"ကျွန်တော် ပင်ပန်းလို့ ဘာမှဖြစ်မသွားပါဘူး မနုနုဆွေရာ၊ သူ ... သူသာ၊ ဒီလောက် အခြေအနေကြီးနဲ့ စိတ်လိုက်မာန်ပါ ထွက်သွားတာကို ရင်နာလို့မဆုံးဘူး၊ ယူကျုံးမရဘူး"

"ဩော် ... ကိုအလင်းရောင်ကို သူ ..."

"သူ ပြောပြပြီးပါပြီ၊ ဖုန်းထဲက ပြောပါတယ်၊ ကျွန်တော်တို့ ခင်ဗျားတို့လက်ထဲမှာ မသေပါရစေနဲ့တဲ့ဗျာ။ အတွေးတွေ မှားလိုက်တာ၊ သူ့အတွက် သက်သောင့်သက်သာအဖြစ်နိုင်ဆုံးနေရာက ကျွန်တော်တို့ ခင်ဗျားတို့ လက်ထဲမှာပါ"

နုနုဆွေ နှာသီးဖျားတွေနီကာ ရှိုက်သံပါလာပြန်လေပြီ။

"သူ့ကို စိတ်တောင်တိုတယ်၊ ကျွန်မနဲ့သူက ညီအစ်မလိုပါ ကိုအလင်းရောင်ရယ်၊ အမေကလည်း သူ့ကို သမီးတစ်ယောက်လို ချစ်တာ၊ ကျွန်မဆီမှာ သူ့အိမ်သူ့ရာလို နေလို့ရတယ်၊ အသည်းမာနိုင်လိုက်တာ၊ ရက်စက်လိုက်တာ"

"ရက်စက်လိုက်တာတော့ တကယ်ပဲဗျာ၊ ကျန်ရစ်ခဲ့တဲ့သူတွေ သူ့ကိုချစ်တဲ့ မေတ္တာထားတဲ့လူတွေ ရင်ထဲမှာ ဘယ်လောက် ပူလောင်ကျွမ်းခြစ်နေမလဲ သူ မတွေးဘူးဗျာ၊ ကျွန်တော် အလုပ်ထဲတောင် ဘယ်လိုမှ စိတ်ပါလို့မရပါဘူး၊ သူ့မှာ ကျန်တာလေးက ဒီလပိုင်းလေး၊ ခုဆိုရင် ရက်ပိုင်းတောင် ဖြစ်နေမလား မသိဘူး၊ ဒီရက်ကလေးအတွင်း သူ့ကို ကျွန်တော်တို့ မတွေ့ရင် ... ..."

အလင်းရောင်က ကားကို ပလက်ဖောင်းတစ်ဖက်ကပ်ရပ်လိုက်ရင်း ...

"မနုနုဆွေ၊ ဒီကော်ဖီဆိုင်လေးမှာ ခဏလောက် ထိုင်ရအောင်ဗျာ"

နုနုဆွေလည်း မငြင်းတော့ပါ။ နှစ်ယောက်သား ကော်ဖီနှင့် စနက်ခ်ဘား ဆိုင်လေးတစ်ဆိုင်ထဲမှာ ကြေကွဲတဲ့ရုပ် ကိုယ်စီနှင့် ကော်ဖီတစ်ခွက်စီ ရှေ့ချထိုင်မိကြသည်။

"မအိဆီကိုတော့ နှစ်ခေါက်ရှိပြီဆိုတော့ ဒီနေ့ မဝင်ခဲ့တော့ဘူး"

"မအိကလည်း ပြောပါတယ်၊ ကိုအလင်းရောင် လာလား မေးမြန်းစုံစမ်းတာ၊ သူလည်း ဘာမှမှ မသိတာ"

"သူ့ဆီက ဖုန်းနံပါတ်လေး ရတာပဲ ကျေးဇူးတင်မဆုံးပါဘူး"

"ဒီဖုန်းကိုလည်း သခင်မက တစ်နေကုန် ပိတ်ထားသေးတာ၊ ညနေလောက်ပဲ ဆက်လို့ရတာ"

"ဟုတ်တယ်ဗျာ"

"သူ သံယောဇဉ် ဖြတ်ရှာတာပါ ကိုအလင်းရောင်ရဲ့ အဲဒါကို ကျွန်မ နားလည်တယ်"

"ကျွန်တော်လည်း နားလည်ပါတယ်"

"ဘယ်များရောက်နေသလဲနော်၊ တွေးလိုက်ရင် မောနေတာပဲ၊ မတော်တဆ ရောဂါလက္ခဏာတွေ ပြလာပြီး ငေး ထိုင်ရ မသက်မသာတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဆေးရုံတက်မယ်တဲ့"

နုနုဆွေသည် မျက်ရည်များနှင့် ဒေါသများ အတူ ထွက်လာပြန်ရင်း ...

"ဒါတော့ သူပြောမှလား၊ နောက်ဆုံးအချိန်ကျရင်တော့ ဆေးရုံတစ်ရုံရုံ သူ ရောက်ရမှာပဲ၊ သူက သူ့ကိုလာကြည့်မယ့်သူတောင် မရှိစေရဘဲ စပါယ်ရှယ်နာ့စ်နဲ့ပဲ နေသွားမယ် သေသွားမယ်တဲ့၊ ကဲ ... ဘယ်လောက် တစ်ကိုယ်ကောင်းဆန်လဲ၊ ကျွန်မ သူ့ကို ပြုစုချင်တာပေါ့၊ သူပေးမပြုစုဘူး၊ သူ သံယောဇဉ် ပြတ်ချင်တာပဲ သူသိတယ် ...

အဲဒါ သူ့အကျင့်ပဲ၊ ဖူးစာဟာ အကျဉ်းအကျပ် တစ်ခုကြုံပြီ၊ ဒုက္ခရောက်ပြီ၊ ပြဿနာတက်ပြီဆိုရင် ကျွန်မဆီ မဆက်သွယ်လာတော့ဘူး၊ သုံးလေးရက် အဆက်ပြတ်ပြီ၊ သူ ပြေလည်ကြည်လင် ပျော်ရွှင်နေရင် သူနဲ့ကျွန်မ နေ့တိုင်းလိုလို အဆက်အသွယ် မပြတ်ဘူး၊ သူ့ဆီက အသံတိတ်ပြီ အဆက်သွယ် ပြတ်ပြီဆိုရင် သူ တစ်ခုခု မပြေလည်တာ ရှိပြီဆိုတာ ကျွန်မ သိလိုက်ပြီ၊ မရမက စုံစမ်းရပြီ ...

ကျွန်မကတော့ ကိုယ်မပြေလည်ရင် သူ့ပဲဖြစ်ဖြစ် ဘယ်သူ့ပဲဖြစ်ဖြစ် အကူညီတောင်းသင့် တောင်းလိုက်တာပဲ၊ အကုန်လုံး ရင်ဖွင့်ချတာပဲ၊ သူက ခံစားရလေ မျိုသိပ်လေ၊ ကျိတ်ပြီး ငိုနေတာ သူ့အကျင့်ပဲ၊ ခုလောက်ဆိုရင်

သူ တစ်ယောက်တည်း ခဏခဏ ငိုကိုငိုနေမယ်၊ သေချာတယ် ကိုအလင်းရောင်ရယ်၊ တစ်ကြိမ်ကြုံပြီးပါပြီ”

အလင်းရောင်သည် မေးကြောကို တင်းနေအောင်အံကိုကြိတ်ကာ မျက်တောင်ကို စိုက်၍ မလှုပ်မယှက် နားစိုက်ထောင်နေပါသည်။ နုနုဆွေက မျက်ရည်ပေါက်တချို့ကို ဘယ်ပြန်ညာပြန် ပွတ်သုတ်ရင်း ...

“သူလည်း နောက်ဆုံးအချိန် ရောက်နေပါပြီ၊ မထူးပါဘူး၊ ကျွန်မ ဖွင့်ပြောမယ်၊ ကျန်ခဲ့တဲ့ လေးနှစ်ကလေ၊ သူ့အစ်မလင်မယား ကားမှောက်မသေဆုံးကြခင်တုန်းက ကိုအလင်းရောင်ကို အဖြေပေးဖို့ သူ အားလုံးစီစဉ်ပြီးပါပြီ၊ ကျွန်မကို တိုင်ပင်တယ်၊ ဘဝချင်း အခြေအနေချင်း ကွာခြားတယ်ဆိုပြီး သူ အားငယ်နေတာသိတော့ ကျွန်မကတော့ အားပေးတယ် ...

သူပြလို့ ကိုအလင်းရောင်ကို တွေ့ဖူးထားတော့ ကျွန်မက ထောက်ခံတယ်၊ အားပေးတယ်၊ တိုက်တွန်းတယ်၊ ခေါင်းညိတ်ခိုင်းတယ်၊ သူ့လို ဖြူစင်တဲ့ မိန်းကလေးမျိုးဟာ ပြည့်စုံကြွယ်ဝပြီး သူ့ကို တကယ်မြတ်နိုးတဲ့ ကိုအလင်းရောင်လို လူမျိုးနဲ့ ထိုက်တန်ပါတယ်၊ နောက်ဆုံးတော့ သူ ဆုံးဖြတ်လိုက်တယ်၊ ခေါင်းညိတ်မယ်လို့လေ ...

သူ ကိုအလင်းရောင်ကို တော်တော်ချစ်ပါတယ်၊ ကျွန်မ အသိဆုံးပါ ကိုအလင်းရောင်ရယ်၊ ရှေ့အပတ်ထဲမှာ ကိုအလင်းရောင် မွေးနေ့ရှိတယ်၊ အဲဒီနေ့မှာ အဖြေပေးမယ်ဆိုပြီး သူ ကြည်နူးနေတာ၊ အဲဒီမွေးနေ့မတိုင်ခင် ငါးရက်အလိုမှာ သူ့အစ်မလင်မယားက ကားမှောက်ပြီးဆုံးတယ်၊ ကျွန်မ သူ့ကို နားချပါတယ်၊ ကျော်ကျော့်ကို တာဝန်ယူရတာနဲ့ ကိုအလင်းရောင်ကို အဖြေမပေးတော့တာ ဘာဆိုင်လို့လဲဟယ်လို့ ...

သူ့အတွက်နဲ့ လူတစ်ဖက်သားကို ဒုက္ခမပေးချင်ဘူးဆိုတဲ့ စိတ်ဟာ တစ်ခါ တစ်ခါမှာ အစွန်းကိုတောင် ရောက်နေတယ်၊ ကျော်ကျော်ဟာ ဂျစ်ကန်ကန်လေး၊ စောင့်လည်းရှောက်ရသေး၊ စိတ်လည်း ဆင်းရဲရသေး၊ အဲဒီ အဖြစ်အပျက်တွေ ဖြစ်တဲ့ လပိုင်းက သူ ကျွန်မကိုရော ဘယ်သူ့ကိုမှ မဆက်မသွယ်ဘဲ အလုပ်ကအိမ်၊ အိမ်ကနေအလုပ် ဒီနှစ်ခုကလွဲရင် လောကကြီးကို အဆက်ဖြတ်ထားပြီး အားတိုင်း ငိုနေတာပဲ ...

လူလည်း ပိန်ချုံးကျသွားတာ၊ ဆေးပတ်ဝန်းကျင်ကတော့ အစ်မဆုံးသွားလို့ဆိုတာ တစ်ခုပဲ သိကြတာပေါ့၊ အမှန်က ကိုအလင်းရောင်ကို ငြင်းလိုက်ရတဲ့အတွက်လည်း သူ့စိတ်မှာ အကြီးအကျယ် ထိခိုက်ဒဏ်ရာရသွားခဲ့တယ်၊

ဘယ်သူနဲ့မှ မတွေ့ဘူး၊ ကျွန်မဆီလည်း မလာဘူး၊ ကျွန်မ အတင်းလိုက်ပြီးခေါ် အပြင်ခေါ်ထုတ်၊ အိမ်ကိုသွားနဲ့ သူ့ကို ဖေးမရတယ်၊ သူ့မှာ အဲသလို ဖေးမပေးဖို့ လူလိုတယ် ဦးအလင်းရောင် ...

သူ့စိတ်က မာသလိုလိုနဲ့ ပျော့နေတာ၊ စိတ်တိုလို့သာ သိပ်အသည်းမာတယ်လို့ ပြောရပေမယ့် တကယ်တမ်း သူ့အသည်းက တအားပျော့တာ”

နုနုဆွေသည် မောများပင်မောက အသက်ပြင်းပြင်း ရှိုက်ရှူနေပါသည်။

“ဒါတွေ သူ့အစ်ကိုရော သိရဲ့လား”

“အစက ဘယ်သိမလဲ၊ လုံးဝမပြောဘူး၊ ဘာမှအကြောင်း မကြားပဲ ခုလို လုပ်သွားတာပဲ၊ အိမ်ကိစ္စရှင်းမှ သူလိုက်လာမယ်ဆိုတော့ သူ့အစ်ကိုက နောက်လလောက်မှ သူလာမယ်လို့ တွက်ထားတာ၊ ဘာပဲဖြစ်ဖြစ် အခြေအနေတွေတော့ အပြန်အလှန် မကြာမကြာလေး ဖုန်းပြောနေရမှာပေါ့၊ သူ့ဆီက အဆက်ပြတ်နေတော့ သူ့အစ်ကိုက သူ့အိမ်အောက်ထပ်ကို ဆက်တာ၊ မအိတူမလေးနဲ့တွေ့ပြီး အိမ်ရောင်းသွားပြီ ပြောင်းသွားပြီဆိုတော့ စိတ်တွေပူတာပေါ့၊ မအိတူမလေးကလည်း ဖုန်းနံပါတ်တွေ ဘာတွေ မပေးလိုက်ဘူး၊ သူ့အစ်ကိုမှာ ရန်ကုန်ကို သူ့အသိဆီဖုန်း

ဆက်၊ ကျွန်မတို့ဆေးရုံကြီးရဲ့ ဖုန်းနံပါတ် လှမ်းမေး၊ ဆေးရုံကို ဖုန်းဆက်ပြီး ကျွန်မကိုခေါ်၊ တစ်ကြိမ်က ကျွန်မ မရှိဘူး၊ နောက်တစ်ကြိမ်မှ စကားပြောရတယ်”

“သူ့အစ်ကို့ကို ပြောပြလိုက်လား”

“ပြောပြလိုက်ရတာပေါ့ ကိုအလင်းရောင်ရယ်၊ မဟုတ်ရင် သူ့အစ်ကိုက သူ့ကို ဘာတွေလျှောက်လုပ်နေလဲဆိုပြီး စိတ်တိုနေဦးမယ်၊ ကျွန်မ အဲဒီသတင်းစကားကို ပါးစပ်က ထွက်ပြီး သူ့အစ်ကို့ကို ပြောပြလိုက်ရတဲ့ အချိန်မှာ ရင်မှာ အနာကျင်ဆုံးပဲ၊ ဒါကြောင့် ရှင့်ကိုလည်း မပြောခဲ့တာ”

“သူ့အစ်ကိုက ဘာအစီအစဉ်ရှိလဲ”

“သူ့အစ်ကိုက ကြက်သေ သေသွားလိုက်တာ မနည်းပြန်ခေါ်ယူရတယ်၊ စကားကို မပြောနိုင်တာ၊ ပြီးမှ ပလုံးပထွေးနဲ့ ပြန်မေးနိုင်တာ၊ အခြေအနေကို ပြောပြပြီး ဖုန်းနံပါတ်လည်း ကျွန်မ ပေးလိုက်တယ်၊ အဲဒါ သူ့အစ်ကို သူ့ဆီဆက်တယ်၊ သူက ဖုန်းမကိုင်ဘူး၊ နိုင်ငံခြားကနေ သူ့အစ်ကိုဆက်တာမှန်းသိလို့ တမင် မကိုင်တာနေမှာ”

“အစ်ကို့ကို ဘာပဲဖြစ်ဖြစ် ပြောပြရမှာပေါ့ဗျာ”

“သူက အဲလိုမျိုးလေ၊ သူ့အစ်ကို့ကို သူ ပြောမထွက်ဘူး၊ မောင်နှမနှစ်ယောက် ဖုန်းထဲက ဟိုဘက်ဒီဘက် အပြန်အလှန် ငိုရမှာမျိုးကို သူ မခံစားနိုင်ဘူး အဲဒါပဲ၊ အဲဒီတော့

သူ့အစ်ကိုက ကျွန်မကိုပဲ ပြန်ဆက်ပြောတယ်၊ သူတို့ စင်ကာပူမှာလည်း ခွဲလို့ရတယ်၊ သူ အခု စုံစမ်းနေတယ် သူ့အိမ်က ဝယ်ထားတာ အပိုင်ဆိုတော့ သူ့အိမ်ကိုရောင်း လိုက်ပြီး ဖူးစာကို ခွဲစိတ်ကုသပေးမယ်ဆိုတာ ပြောထားသေး ပါတဲ့၊ သူ အိမ်ပြန်ငှားနေမယ်ပေါ့၊ ခွဲစိတ်ဖြစ်အောင် ခွဲ မယ်တဲ့၊ အဲဒါ မနေ့ညကမှ ပြောတာ ...

ဖူးစာကို ဒီနေ့မှ ပြောပြရမှာ။ ကျွန်မ သိပါတယ် သူ ငြင်းမှာပါ၊ သူ့အစ်ကို တကယ် အဲသလို လုပ်မှာကို သူ လုံးဝလက်ခံမှာ မဟုတ်ဘူး၊ ကျွန်မ သိတယ်၊ သူ့စိတ် ထဲမှာ သူ့အစ်ကိုတွေ သူ့တူလေးတွေ အိမ်ပိုင်ကနေ အိမ် ငှားပြန်နေရပြီး အောင်မြင် မအောင်မြင် မရေရာတဲ့ သူ့ ခွဲစိတ်ကုသမှုအတွက် ငွေသုံးမှာကို လုံးဝလက်မခံနိုင်ဘာ သေချာတယ်"

"သူ့ဘက်က ပြန်ငဲ့ညှာတယ် ဆိုတာကလည်း သူ့ဘက်က ခံစားချက် တစ်ပိုင်းပေါ့ နုနုဆွေ၊ ဒီဘက်ကကျတော့လည်း ဖစ်ဖ်တိ ဖစ်ဖ်တိ ဆိုလို့ မသေချာတဲ့တူတူ ငွေကုန်ခံပြီး မခွဲတော့ဘူးလို့ နေရက်နိုင်ပါ့မလား၊ သူ့အစ်ကို ဖုန်းဆက် ရင် မနုနုဆွေ ပြောပေးပါ၊ ကျွန်တော်လည်း သူ့ကိုခွဲစိတ် ကုသပေးချင်တယ်၊ သူ့မှာ သူ့အစ်ကိုဆိုတာ မရှိရင်တောင် ကျွန်တော် သူ့ကို ဒီအတိုင်း ပစ်မထားလိုက်နိုင်ဘူး ...

ကောင်းရင် အောင်မြင်သွားနိုင်သေးတာပဲ၊ ကျွန်တော်ခွဲ ဖြစ်အောင် ခွဲမှာ၊ အဲဒါ သူ့အစ်ကို့ကို ပြောပြပေးပါ၊ ကျွန်တော်ပါ တာဝန်ယူပါရစေလို့"

နုနုဆွေက အလင်းရောင်ကို အံ့သြဝမ်းသာ ငေး ကြည့်နေပါသည်။

"ဘာပဲလုပ်မယ် ပြောပြော ပထမဆုံး သူ ဘယ်မှာဆို တာ ကျွန်တော်တို့ သိရမှ၊ မသိရဘဲ ဘာမှဆက်လုပ်လို့ မရဘူး"

"သူကမှ မပြောတာ၊ ခက်တာပေါ့ ကိုအလင်းရောင် ရယ်"

"ကျွန်တော် ဒါကြောင့် ကျော်ကျော့် သူငယ်ချင်းတွေက တစ်ဆင့် သူတို့ဆွေမျိုးသားချင်းတွေ ဘယ်မှာရှိကြလဲ၊ လိုက်စုံစမ်းဦးမယ်"

"ဖူးစာက ဆွေမျိုးတွေဆီသွားမယ့် သူမျိုးလည်း မဟုတ် ဘူး ကိုအလင်းရောင်၊ ကျွန်မတော့ သူ ဆွေမျိုးတွေဆီ ရှိနေမယ်လို့ မထင်ဘူး"

"တခြားလည်း ဖူးစာနဲ့ ရင်းနှီးတဲ့သူ စဉ်းစားမရတော့ဘူး၊ ကျွန်တော် သူတို့ကုန်တိုက်မှာလည်း လူဦးရေတော်တော် များများကို လိုက်မေးကြည့်ပြီးပြီ၊ ဘယ်မှာရှိလောက်တယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒါပေမဲ့ ကျွန်တော်

လက်မလျှော့ပါဘူး၊ ကျွန်တော်က မရမက လိုက်စုံစမ်းနေဦးမှာပဲ”

နုနုဆွေက သက်ပြင်းကြီးကြီးတစ်လုံး မှုတ်ထုတ်မိသည်။

✧ ❣ ✧

၁၄

ဆရာဝန်ကြီး ဦးစောဘလဲက ဓာတ်မှန်နှစ်ချပ်ကို
ားချင်းယှဉ်ကာ တစ်ချပ်နှင့် တစ်ချပ် နှိုင်းယှဉ်ကြည့်နေရင်း
က်မှောင်ကြီး ကုတ်လာရတော့လျက် ...

“What the hell is that ?”

ဦးစောဘလဲ မျက်နှာကြီး နီမြန်းမြန်း ဖြစ်လာကာ
ါင်းကို တစ်ချက်ချင်း စည်းချက်ကျကျယမ်းကာနေလျှင် ဘေး
 နာ့စ်ကလေးသာမက လူနာရှင်ပါ မျက်လုံးလေးပြူးလျက်
လောတကြီး နားစွင့်နေမိကြပါသည်။

“ညည်းက လူနာရှင်လား”

“ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်မ ခင်ပွန်းပါ”

“ကဲ ... ညည်း ခဏအပြင်ပြန်ထွက်စောင့်ဦး၊ ပြီးမှပြန်ခေါ်လိုက်မယ်၊ ဟုတ်လား”

“ဟုတ်ကဲ့”

ဆရာဝန်ကြီးက နာ့စ်ဖက်လှည့်ကာ ...

"သင်းသင်း"

"ရှင်"

"အပေါ်မှာ ဒေါက်တာကျော်သာ ရှိလား"

"ရှိပါတယ် ဆရာကြီး၊ ဒါ သူ့ဆီကပဲ သွားရွေးလာတာပါ"

"ဘာပြောသေးလဲ"

"ဘာမှတော့ မပြောပါဘူး"

"အခု သွားခေါ်လိုက်စမ်း"

"ဟုတ်"

နာ့စ်ကလေးက အခန်းထဲမှ ထွက်သွားကာ သိပ် မကြာမီပင် ဒေါက်တာကျော်သာနှင့်အတူ ဦးစောဘလဲ အခန်းထဲ ပြန်ဝင်လာပါသည်။

"ထိုင်ပါ ဒေါက်တာ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒီပုံတွေ ဒေါက်တာလည်း မြင်ပြီးရောပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

"ဘယ်လိုစဉ်းစားမိလဲ"

ဒေါက်တာကျော်သာက ကိုယ်ကို တစ်ချက်ပြင်ထိုင် ပြီးမှ ...

"ကျူမာတွေ တွေ့နေရတာ၊ ကျွန်တော့်အမြင်တော့ အတော် ဆိုးဆိုးဝါးဝါးပဲ ဆရာကြီး"

"နောက်ကော ဘာသတိထားမိသေးလဲ"

"ကျွန်တော် ထူးထူးခြားခြားတော့ မှတ်ချက် မချနိုင်ပါဘူး၊ ဒါပေမဲ့ ဒီမှာ အရင်ဆုံးရိုက်တဲ့ လူနှစ်ယောက်က တစ်ယောက်လည်း ကျူမာ၊ နောက်တစ်ယောက်လည်း ကျူမာ၊ အခြေအနေတွေကလည်း အဆိုးစားတွေ ဖြစ်နေတော့ စိတ်အနှောင့်အယှက်တောင် ဖြစ်မိပါတယ်"

"ဒါတင် ဘယ်ကမလဲဗျ၊ ဒီမှာကြည့်လေ"

ဒေါက်တာကျော်သာက ဦးစောဘလဲ ကိုင်ပြနေတဲ့ ဓာတ်မှန်ချပ် နှစ်ချပ်ကို အာရုံစိုက်၍ ကြည့်လိုက်ပါသည်။ တစ်ပုံတည်းပဲ မဟုတ်လား။ အဲ ... မဟုတ်သေး။ ခေါင်းခွံပုံသဏ္ဌာန် ကွာခြားမှုရှိသည်။

"ခင်ဗျားဆီမှာ နုနုဆွေ သူငယ်ချင်းမလေးရဲ့ပုံတွေလက်ခံ မရှိတော့ ခင်ဗျား သေချာမပြောနိုင်ဘူးဖြစ်တာ၊ ကျွန်တော့် ဆီမှာက ဒီကောင်မလေးရဲ့ ဓာတ်မှန်တွေရှိနေသေးတယ်၊ ဒီဟာပဲလေ၊ ဒါက နုနုဆွေ သူငယ်ချင်းရဲ့ ဦးနှောက်ဖြတ်ပိုင်း၊ ဒါက ဒီနေ့လူနာ ဦးခင်မောင်ဝင်းရဲ့ ဦးနှောက်ဖြတ်ပိုင်း"

ဒေါက်တာကျော်သာ မျက်လုံးပြူးလျက် အလန့် တကြားဖြစ်ကာ ...

"ဆရာကြီး"

"အင်း ... ဘာတွေ့လဲ"

"ကျူမာတွေက နေရာကအစ အတိအကျ ချွတ်စွပ်တူနေ
တယ်"

"အဲဒါပဲ၊ ခင်ဗျားတို့စက် ဘာမှားနေသလဲ၊ လာ ... လာ
တစ်ခါတည်း ကျုပ်က သေချာချင်တာ၊ တအုံနွေးနွေး
စောင့်နေရတာ မကြိုက်ဘူး၊ ခင်ဗျား အခုပဲ စက်ကိုအဆင်
သင့် သွားပြင်ထားလိုက်ပါ၊ ထပ်စမ်းကြည့်ရမယ်"

"ဘယ်သူရိုက်မလဲ ဆရာကြီး"

"ကျွန်တော် ရိုက်မယ်"

ဒေါက်တာကျော်သာသည် စိတ်ရှုပ်ရှုပ် တုန်လှုပ်လှုပ်
နှင့် စက်ခန်းကြီးရှိရာကို ပြေးရပါသည်။ စက်ကို ဦးနှောက်ဖြတ်
ပိုင်းပုံရိုက်ဖို့အတွက် အဆင်သင့် ပြင်ရသည်။ များမကြာခင်မှာ
ဦးစောဘလဲက ဝင်ရောက်လာပါသည်။ ဘေးက ဆရာဝန်ဆရာ
တွေ အကူအညီနှင့် အင်္ကျီချွတ်၊ လူနာဝတ်စုံ ပိုးသတ်ပြီးသား
လဲဝတ်။ စက်ထဲဝင်ရန် အသင့်ပြင်လဲလျောင်းနှင့် စိတ်မြန်လာ
မြန်ပင် အဖြေတစ်ခု သိရဖို့ တက်ကြွနေပါသည်။

ဦးစောဘလဲရဲ့ ဦးနှောက်ကို စီတီစကဲရန်ရိုက်ထား
ပြီးစီးသွား၍ ပုံတွေထွက်လာပြီ ဖြစ်သောအခါမှာတော့ ဦးစော
ဘလဲ အပါအဝင် ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီးများအား
စက်ပိုင်းဆိုင်ရာ တာဝန်ရှိသူများရော အားလုံးခေါင်းချင်းဆိုင်
အရေးပေါ် ညှိနှိုင်းစည်းဝေး ကောက်ချက်ချရပါတော့သည်။

သူတို့အနေနှင့် ကြီးကျယ်သော အမှားအယွင်းတစ်ခု
ဖြစ်ပွားခဲ့ပြီ။ စောစောစီးစီး သိရှိလိုက်နိုင်သည် ဆိုသော်လည်း
မသိရခင်အချိန်က နစ်နာမှုတစ်ခုတော့ ဖြစ်ပွားခဲ့ရပြီ ဖြစ်ပါသည်။
ဦးစောဘလဲရဲ့ ဦးနှောက်ဖြတ်ပိုင်းပုံမှာလည်း Tumour လို့ထင်ရ
တဲ့ အဖြူလုံးအရိပ်တွေဟာ ရှေ့ကနစ်ပုံနှင့် ဆင်တူချွတ်စွပ်
နေရာတူ။ စက်ရဲ့အမှားအယွင်းတည်း။

"ကဲ ... ပထမဆုံး နုနုဆွေကို သွားခေါ်၊ ဟိုပေးရှဲန့်ကို
ချက်ချင်း အကြောင်းကြားနိုင်ဖို့ လိုတယ်"

"နုနုဆွေ ခွင့်ယူထားတယ် ဆရာကြီး"

"ကျွတ် ...၊ ခွင့်ယူထားရင်လည်း အိမ်ကိုလိုက်ပေါ့၊ သူ့
သူငယ်ချင်းကို ချက်ချင်းခေါ်လာနိုင်ခဲ့ဖို့ စီစဉ်ပါ။ သေသေ
ချာချာ ပြန်ပြီးရှင်းပြ အသိပေးရမယ်၊ ချက်ချင်းဆောင်
ရွက်ဖို့ လိုတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တစ်ယောက်တည်း လမ်းလျှောက်လာနေတဲ့ ဖူးစာ
သည် ရှေ့က ခုန်ကာပေါက်ကာ ပါးစပ်က တကြော်ကြော်
သီချင်းပေါက်ကရ ဟစ်အော်ကာ လျှောက်သွားနေတဲ့ ကောင်က
လေးကို သဘောကျပြီး ကြည့်နေမိပါသည်။ အင်္ကျီမပါ ပြောင်နေ

တဲ့ ကျောပြင်လေးက မည်းတူးနေတာပဲ။ အောက်က စုတ်ပြတ် နွမ်းဖတ်နေသော ကျောင်းစိမ်းပုဆိုး အရောင်လွင့်နှင့်။ ကိုးနှစ် ဆယ်နှစ်လောက်။

အခုလည်း ကျောင်းနေတုန်းပဲ၊ ကျောင်းသားပဲလား မသိ။ တစ်ချိန်ကတော့ ကျောင်းနေခဲ့ဖူးမည်။ ခုတော့ ခေါင်းပေါ် တွင် တောင်းတစ်လုံး ရွက်လျက်။ တောင်းထဲမှာက အလွတ်။ ဒီဟိုတယ်တွေဘက်ကို သူလာပို့ရောင်းချတဲ့ ပစ္စည်းတစ်ခုခု အကုန် ရောင်းချခဲ့ရပြီဖြစ်မည်။ ဒါကြောင့် ပျော်နေတာ။

တကယ်တော့ ဆင်းရဲချင် ဆင်းရဲပါစေ၊ ပင်ပင်ပန်း ပန်း ရှာဖွေစားရင်လည်း စားရပါစေ။ စိတ်လွတ်ကိုယ်လွတ် ခုန် ပေါက်ပြီး ကျန်းမာပျော်ရွှင်နေရတဲ့ ဘဝကို ရချင်လှပါသည်။ ဒီကလေး ဘယ်ကပါလိမ့်။ အဝေးကြီး သွားရဦးမှာလား။ ဖူးစာ ကတော့ ရောက်ရာပေါက်ရာပင်။ မောလာ ညောင်းလာမှ ပြန် လှည့်သည်။

ဤသို့ဖြင့် ရှေ့မှာ ကောင်ကလေး၊ နောက်မှာ ဖူးစာ လျှောက်လာနေကြရင်း ဘေးက ဖြတ်သန်းသွားတဲ့ စက်ဘီး လည်းရှိ ကားလည်းရှိ။ စိတ်ကလေး ကြည်ကြည်လင်လင် ရှိနေ ဆဲ အလွန်ကံကြမ္မာဆိုးဝါးတဲ့ အခိုက်အတန့်တစ်ခု အရောက်တွင်။

ကောင်ကလေးသည် သူ့လက်ထဲက လွတ်ကျ[illegible] သွားတဲ့ ဂေါ်လီလုံးလား၊ ရစ်ဘီးလုံး သေးသေးလေးလား၊ ဘာလေး လဲမသိတဲ့ ဆော့စရာပစ္စည်းကလေးတစ်ခု လိမ့်သွားတဲ့နောက်

ကမူးရှူးထိုး အလိုက်။ ဟိုတယ်တွေကိုပဲ လာနေတဲ့ ပုံဆန်းဆန်း ဂျစ်ကား အရှိန်ပြင်းပြင်းတစ်စီးဟာ လှစ်ခနဲ လမ်းပေါ်ပြေးတက် ပြီး သူ့ပစ္စည်းကို မကြောက်မရွံ့ ကောက်တော့တဲ့ ကောင်ကလေး ကို မထင်မှတ်ဘဲ ဒုန်းခနဲ ဝင်တိုက်လိုက်ပါတော့သည်။

"အမလေး ... သေပါပြီ"

ဖူးစာရဲ့အော်သံမှာ အကျယ်ကြီး။

ကောင်လေးဟာ အရှိန်နှင့် အဝေးကို ဝုန်းခနဲလွင့် ထွက်သွားပါသည်။ ဂျစ်ကားဟာ ကျွိကျွိမြည်အောင် ဘရိတ်အုပ် ပြီး ခပ်လှမ်းလှမ်းကျမှ ရပ်သွားပါသည်။ အပျော်ခရီးထွက်လာ တာဖြစ်သည့် လူရွယ်လေးတွေဟာ တစ်မုဟုတ်ချင်း စိတ်ဆင်းရဲ ကုန်ကြရပြီဖြစ်ကာ ကားပေါ်က ရွံ့တွံ့တွံ့ ဆင်းလာကြသည်။

လမ်းသွားလမ်းလာ တစ်ယောက် နှစ်ယောက် ကောင်လေးကို သွားပွေ့လိုက်ကြပါသည်။ ဖူးစာသည် ချက်ချင်း ရင်တွေ ဘောက်ဘက်ခတ်ခုန်ပြီး ငိုချင်လာသည်။ ဖြစ်မှဖြစ်ရ လေ။ ကံကြမ္မာဟာ အရမ်းကိုမျက်လှည့်ပြတတ်ပါလား။ ကောင် ကလေးခမျာ သူ့ပစ္စည်းတွေ ရောင်းကုန်လို့ ပျော်နေရှာတာပါ။

ခုနကတုန်းက တစ်လအကြာမှာ သေရမယ့်သူ အဖြစ် ကောင်ကလေးရဲ့ဘဝကို အားကျနေခဲ့တာပါ။ ခုတော့ မျက်လှည့်ပြလိုက်သလို ဒီကောင်ကလေးက အရင်များ ... ...။ အို ... လွဲပါစေ၊ ဖယ်ပါစေ။ ဘာမှမဖြစ်ပါစေနဲ့။

"ဘာဖြစ်သွားသေးလဲရှင်"

"ခေါ်မရဘူးဗျ"

"ဘုရား ... ဘုရား၊ ဘယ်က ကလေးလဲဟင်၊ ဒီနား တစ်ဝိုက်က မဟုတ်ဘူးလား"

"ဒါ မအေးစိန် သားလေး မဟုတ်ဘူးလား၊ သူတို့နေတာ အဝေးကြီးမှာ၊ ဘယ်လိုလုပ် ဒီနားရောက်နေလဲ"

ကောင်ကလေးက သွေးအိုင်ထဲမှာ။ ဖူးစာ ရင်ထဲ ဆို့နင့်လာသည်။ ငယ်ငယ်ကလေး ရှိသေးတာ။ သူ့အသက်လေး ဆက်ရှင်သန်နိုင်ပါစေ။

"ဆေးရုံပို့ကြရအောင်ပါရှင်၊ ရှင်တို့ကားက ဆေးရုံလိုက် ပို့ပေးပါ၊ ဒီကလေးအတွက် လိုအပ်တဲ့ ကုန်ကျစရိတ် ကျွန်မ ကုသိုလ်ယူပါ့မယ်၊ မြန်မြန်ပို့ကြရအောင်၊ ကြာရင် သွေးလွန်သွားလိမ့်မယ်"

ဤသို့နှင့် ထိုကားနှင့်ပင် ထိုကလေးငယ်ကိုတင် ကာ ပုသိမ်ဆေးရုံကို ပြေးကြပါသည်။ လမ်းတစ်လျှောက်လုံးတွင် ဤကျောပြောင်ကလေးငယ်လေးသည် ဖူးစာရင်ခွင်ထဲတွင် သွေး အလူးလူး။ ဆေးရုံရောက်တဲ့အထိ အသက်ရှင်နေသေးတာကို သိရ၍ ဖူးစာ စိတ်အေးရပါသည်။

"သွေးသွင်းဖို့ လိုပါတယ်"

အဖော်ပါလာသူက ဖူးစာအပါအဝင် သုံးယောက်။ နောက်ထပ် လူရွယ်လေးနှစ်ယောက်ကလည်း သွေးလှူဖို့ အသင့် ပါပင်။

"ကျွန်တော်က အို"

"ကျွန်တော်လည်း အို"

"ကျွန်မက အေဘီပါ"

ဖြစ်ချင်တော့ ကလေးရဲ့သွေးဟာလည်း ရှားရှား ပါးပါး သွေးအုပ်စု အေဘီ ဖြစ်နေပါသည်။ ဖူးစာသည် သွေးလှူ ဖို့ ခုတင်ပေါ်တက်ရင်း ရင်ထဲတွင် မဖော်ပြနိုင်သော ပီတိသော်မနသ နှင့် ထုံအိကြည်နူးလှပါသည်။ သူ့တစ်သက်မှာ သွေးမလှူဖူးခဲ့ သေးပါ။ ခုတော့ ကြည့်စမ်း။ မသေခင်စပ်ကြားလေး တိုက်တိုက် ဆိုင်ဆိုင်။ သွေးလှူဒါန်းခွင့် ရသွားသေးသည်မှာ ဘယ်လောက် မွန်မြတ်ပါသလဲ။ ဘယ်လောက် ပီတိဖြစ်ဖို့ ကောင်းပါသလဲ။

ကလေး,ကလေး သေသွားမှာစိုးကာ အပျော်လာကာ မှ မပျော်ရဘဲ စိတ်ဆင်းရဲနေတဲ့ လူရွယ်လေးနှစ်ယောက်က ဆေးရုံစင်္ကြံတွင် ထိုင်ငိုင်နေကြပါသည်။ သူတို့အုပ်စုထဲက တချို့ သောလူတွေတော့ ဆင်းကျန်ရစ်ခဲ့သည်။ ရောက်လည်း ရောက်နေ ပြီမို့လား။ ကျန်ခဲ့သူတွေလည်း ပျော်တော့ ပျော်နေနိုင်မှာမဟုတ်ပါ။

"အစ်မရယ် ... ကျွန်တော်တို့လည်း ပုံမှန်ပဲ မောင်းလာတာ ပါနော်၊ အစ်မ တွေ့ပါတယ်"

"ဟုတ်ပါတယ်၊ တအားအရှိန်မမြင့်ပါဘူး"

"ဒီချာတိတ်လေးကိုက ကားနီးနီးပဲ လိုတော့ရက်နဲ့ လမ်း ပေါ်ပြေးတက်တာ"

မှန်ပါသည်။

ကလေးဟာ သူ့ကစားစရာလား ဘာလား သူ မက်မောသည့် ပစ္စည်းလေးကို အရူးအမူးလိုက်ကောက်တာ ကားကို ဂရုတောင်ပြုမိပုံမရ။ သူ့စိတ်ထဲ သူလိုချင်တာပဲ ရှိနေပုံ ဖြစ်သည်။

"ကျွန်တော်တို့လည်း ဘယ်လိုမှ ရှောင်လို့မရတော့ဘူး လေ"

"ရှောင်လိုက်ရင်တော့ ဘေးဆွဲချပြီး ကားမှောက်မှာ"

"ရှောင်တာတွေ မရှောင်တာတွေ အထိကို မရောက်ဘူး ဝုန်းခနဲ တိုးဝင်လာတာ"

"ဟုတ်ပါတယ်၊ အစ်မ မြင်ပါတယ်၊ ခုနလူတွေလည်း မြင်မှာပါပဲ၊ လာစစ်ဆေးတဲ့ အခါကျတော့ မြင်တဲ့အတိုင်း ပြောပေးမှာပေါ့၊ မစိုးရိမ်ပါနဲ့"

ဖူးစာထံက သွေးရပြီးတဲ့နောက် ချာတိတ်လေးကို သွေးသွင်းပါသည်။ ဖူးစာတို့ ထိုင်စောင့်ပေးနေကြပြီး အတန်ကြာ မှာ [illegible] ဆရာဝန် ထွက်လာကာ ...

"အခြေအနေ ကောင်းပါတယ်၊ အသက်တော့ မသေတော့ ဘူး"

"တော်ပါသေးရဲ့ရှင် ဝမ်းသာလိုက်တာ"

"အစ်မဆီက သွေးရတာပဲ အရမ်းအဆင်ပြေသွားတာပေါ့ ကျေးဇူးတင်လိုက်တာ အစ်မရယ်၊ အစ်မ ပြန်ချင်ပြီလား လိုက်ပို့ရမလား"

"ရတယ်၊ ဒီကကိစ္စဝိစ္စအားလုံး ပြီးမှပြန်မယ်၊ ကလေးကို လည်း စောင့်ကြည့်ချင်သေးတယ်"

လူစွယ်လေးတို့ကို ယာဉ်တိုက်မှုနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းပြီးတဲ့အထိ ကောင်လေးရဲ့အိမ်က ရောက်မလာ ပါ။ ကောင်လေးအမေ "မအေးစိန်"ဆိုတာကို သိတဲ့သူက သွား တော့အကြောင်းကြားပေးနေသည်။ ဝေးသည်ထင်ပါရဲ့။ သူတို့ အလာကို စောင့်ကြရသည်။

အတော်ကြီးကြာမှ "မအေးစိန်"ဆိုသူက နှစ်နှစ် အရွယ်လောက် ကလေးတစ်ယောက် ခါးထစ်ခွင်ကာ ရောက်လာ ပါသည်။ ရောက်လာသည်နှင့် ငိုကြီးချက်မ။ ဆေးရုံတစ်ခုလုံးပင် အုတ်အုတ်ကျက်ကျက် ဖြစ်သွားရသည်။ သူ့ကို အခြေအနေပြော ပြ ရှင်းပြ။

"အမလေး ... ကျွန်မသားလေးက အမေကို လုပ်ကျွေးတဲ့ ကလေးလေးပါတော်"

"အစ်မသားလေး ဘာမှမဖြစ်ပါဘူး၊ မသေပါဘူး။ ဆေးရုံ မှာ လေး,ငါးရက်နေတော့ ကောင်းသွားမှာပါ အစ်မရယ်"

"ကျွန်မမှာလည်း ဆေးရုံကို သွားဟယ်လာဟဲ့ အခေါက် ခေါက် လာနိုင်တဲ့ လူအင်အား ငွေအင်အား မရှိပါဘူး အစ်မရယ်၊ ဒီပုသိမ်မြို့ပေါ်လည်း လူအသိမရှိ။ တည်းစရာ မရှိ။ လက်ထဲလည်း တစ်ပြားမှမရှိ၊ ဒါတွေ တွေးပူတာပါ"

"ဩော် ... ဒီကြွပ်ကြွပ်အိတ်လေးက ကလေးခါးကြားထဲက ရတာ၊ ပိုက်ဆံလေးတွေပါတယ်၊ အစ်မ ကလေးကို စောင့်ပြီး ပြုစုကျွေးမွေးနိုင်အောင် ကိုယ့်ဟာကိုယ် စီစဉ်ကြည့်ချည်။ ကုန်ကျမယ့်စရိတ် ကျွန်မ ထုတ်ပေးမယ်"

"အို ... အစ်မ နေပါ၊ အစ်မက မဆီမဆိုင်၊ တိုက်တာက သူတို့မို့လား"

လူရွယ်လေးတွေကလည်း ပျာပျာသလဲပင် ...

"ကျွန်တော်တို့လည်း အစ်မကို ပိုက်ဆံပေးဖို့ ရည်ရွယ်ပါတယ်၊ ကလေး ကုသစရိတ်ပေါ့"

လူရွယ်လေးတွေကလည်း ငွေထုတ်ပေးပါသည်။ ဖူးစာကလည်း လူ့ကိုလူချင်နေတဲ့သူဖြစ်၍ သတ်သတ်လွှဒါန်းကူညီသေးရာ ကလေးအမေ မအေးစိန်မှာ အတော်လေး သုံးလောက်စွဲလောက် ဖူဖူလုံလုံ ဖြစ်သွားရပါသည်။ ဆေးရုံကလည်း ကလေးကငယ်သေး၍ မအေးစိန်ကို ပေးစောင့်တဲ့အတွက် မအေးစိန်အဖို့ စားဖို့သောက်ဖို့လောက်သာ လိုသည်။

လူငယ်ကလေး သတိရလာတဲ့အခါမှာတော့ အားလုံးစိတ်ချလက်ချ သက်မကျကြရသည်။ လူရွယ်ကလေးတွေ အမှုကိစ္စ လိုက်ဆောင်ရွက်နေရဆဲ ဖူးစာက မအေးစိန်နှင့် စကားလက်ဆုံတွေ ကျလျက်သား။

"အစ်မသားလေးနာမည်က ဘယ်သူတဲ့လဲ"

"ကျော်လွင်တဲ့"

"ကျောင်းနေသေးလား"

"မနှစ်ကထိတော့ ထားတာပဲ အစ်မရယ်၊ လေးတန်းအောင်ပေါ့၊ ဒီနှစ်တော့ ထုတ်ထားလိုက်တယ်"

"ဟင် ဘာဖြစ်လို့လဲ အစ်မရယ်၊ ကျောင်းတက်ပါစေ"

"အလယ်တန်း ဆက်ထားပေးဖို့က လွယ်တာမဟုတ်ဘူး အစ်မရေ၊ အစိုးရကျောင်းတက်တယ် ဆိုပေမယ့်လည်း စာအုပ်ဖိုး ဘောပင်ဖိုးက ရှိသေးတာပဲ၊ ဗလာစာအုပ်ဆိုတာများ တစ်အုပ်ဝယ်ဖို့ အနိုင်နိုင်။ သူ့အဖေကလည်း သေပြီဆိုတော့ ကျွန်မမှာ ဒီကလေးငယ်နဲ့ ဖြစ်သလိုလုပ်စားရတာ၊ ဒီသားကြီးလေးက ရတတ်သမျှလေး ဟိုတယ်တွေဘက် သွားရောင်းချပေးရှာတယ်၊ သူ ဒီလိုလုပ်ပေးတာလေးက စားနေရတာ၊ စာတော့တတ်စေချင်တာပေါ့၊ ကျွန်မတို့ ဟိုဘက်ရွာက ကလေးနှစ်ယောက်ဆိုရင် လူမမယ်ကလေးတွေ အဖေနဲ့ အမေက ပင်လယ်ထဲ ပြိုင်တူသေတော့ ခိုကိုးရာမဲ့ကြတော့ ဒီသတင်းကို ဟိုတယ်တွေကလည်းကြားရော အလှူခံပုံးတွေ ထောင်ပေးတယ်လေ ...

ကျွန်မတို့ကျတော့ ကျွန်မကလည်း ရင်ကျပ်ပန်းနာက ခပ်ဖောက်ဖောက်၊ ဒီလူမမယ် ကလေးနှစ်ယောက်ရှိပေမယ့် သူတို့ဖအေက သူ့ဟာသူမူးပြီး အရက်နာကျသေတော့ ဘယ်သူက အလှူခံပုံး ထောင်ပေးမလဲ၊ ဖြစ်

သလို ကြဲဖန်ရှာဖွေစားရတာတော့၊ ဟင်း ... သင်းကတော့ သူ ကြိုက်တာလေး သူသောက်စားပြီး ကော့နေအောင် သေသွားပြီ၊ ကျုပ်မှာသာ ဒုက္ခတွေနဲ့တော့ ... အီး ...ဟီး ... ဟီး”

ကလေးအမေက ငိုချင်းချနေပါတော့သည်။

အင်း ... လူဟူသမျှ သူ့အပူသောကနှင့် သူချည်းပါလား။ ကိစ္စဝိစ္စတွေကြောင့် ညနေစောင်းကာ မှောင်တောင်လာပြီ။ နေ့လယ် ဆယ့်နှစ်နာရီခွဲ တစ်နာရီကတည်းက ဖူးစာ လမ်းလျှောက်ထွက်လာတာ။ ခုတော့ ဟိုတယ်ရဲ့ ဒင်နာချိန်တောင် လွန်လောက်ပြီ။ ဗိုက်လည်း မဆာပါ။ လူက မူးနောက်ကာ အန်ချင်သလို ဖြစ်နေသည်။ ဇက်ကြောတွေလည်းထိုးပြီး ခေါင်းနောက်ဘက်ထဲကလည်း ထိုးကိုက်နေသည်။

စိတ်ညစ်စိတ်ရှုပ်စရာတွေ ဖိစီးရှုပ်ထွေးလိုက်ရလို့လည်း ဖြစ်နိုင်သလို ကိုယ့်ရောဂါ ဝေဒနာနဲ့ရော ဆိုင်လေမလားလို့ ဖူးစာ တွေးမိပါသည်။ ဂျစ်ကားနဲ့ လူရွှယ်လေးနှစ်ယောက်လည်း ခြောက်နာရီခွဲကျော်မှပင် အာမခံတွေ ဘာတွေလုပ်လို့ပြီးကာ ဟိုတယ်ကို ပြန်ဖို့ပြင်ရသည်။

“အေးပါ၊ ငါနင်တို့ကို ကျေးဇူးအေးမှာပါ၊ ပြဿနာမလုပ်ပါဘူး၊ အဲဒါ ဒီအစ်မကို အားနာလို့၊ သူ့မှာ မဆီမဆိုင် ငွေလည်းဝင်လှူရ ထောက်ပံ့ရ၊ သွေးလည်းလှူပေး၊ အခု ငါ့သားလေး ကျောင်းနေဖို့တောင် တစ်နှစ်စာ စာအုပ်နဲ့

တိုလီမိုလီဖိုး အလုံအလောက် ပေးသွားတာ၊ ဒီအစ်မကြောင့် နင်တို့ကိုလည်း ငါကျေအေးပေးလိုက်မှာ”

လူရွှယ်ကလေး နှစ်ယောက်မှာ ခုမှပဲ သက်ပြင်းကျကြ၊ မျက်နှာလေး ကြည်လင်လာနိုင်ကြပါသည်။

၁၅

“မနေ့ကညကလေ မမက ခေါင်းတွေ တအားကိုက်နေ
တော့ ကျွန်မက လာနှိပ်ပေးတယ် မဟုတ်လား”

“အင်း”

“ဒီကနေပြန်တော့ အားလုံး သတင်းဝိုင်းမေးကြတာ မမရဲ့
မမ ဘယ်လိုနေလဲ၊ သက်သာလားနဲ့၊ စိတ်ပူနေကြတာ”

“ဟုတ်လား၊ မနေ့ကတော့ ဘယ်လိုကိုကိုက်မှန်း မသိ
တာ၊ ခုတော့ သက်တော့သက်သာပါပြီ၊ ခေါင်းကြီးနဲ့ ဇက်
ကြီးက လေးနေသေးတာတော့ ရှိတယ်”

“မနေ့က မမက ညစာပါ လွတ်တာကိုး၊ ဦးဂျင်မီက မမ
ဖို့ အသင့်ပြင်ထားပေးသေးတယ်”

“ဘယ်လိုမှ မစားချင်တော့တာ၊ အိုဗာလ်တင်း သောက်
အိပ်လိုက်တယ်လေ”

“ဒီမနက်လည်း Breakfast ထွက်မစားတော့ လူတွေမေးနေ
တယ်”

“ဒီမနက်းလည်း အိုဗာလ်တင်းနဲ့ ဝေဖာလေး စားလိုက်တော့
တယ်၊ ခေါင်းမကြည်တော့ မထချင် မသွားချင်တော့ဘူး
ကွယ်”

“ဒေါက် ... ဒေါက်”

တံခါးခေါက်သံကြောင့် ခိုင်ခိုင်ကပင် “ဘယ်သူလဲ”
ဟု မေးလိုက်ပါသည်။

“မိခိုင်လား၊ မမထား ရှိလား”

“ရှိတယ် ရှိတယ် ဦးဂျင်မီ”

“ငါ ဝင်ခဲ့လို့ ရလား”

“ဝင်ခဲ့ ဂျင်မီ”

တံခါးလှည့်ဖွင့်ပြီး ဂျင်မီရွှေ ဝင်လာပါသည်။ ကံ့ကော်
ပန်းလေးငါးပွင့်လောက် စုစည်းထားတဲ့ ပန်းစည်းလေးကိုင်လျက်။
ပုံးစာကို စိုးရိမ်တကြီး အကဲခတ်ကာ ...

“နင် သက်သာရဲ့လား မမထား”

“အင်း ... သက်သာပါတယ်၊ ဒါက ဘာလဲ”

“ဒါက ရွာဘက်က မိန်းမကြီးတစ်ယောက်ဆီကတွေ့လို့
ဝယ်ထားတာ၊ ရော့”

“အဟား ဟား၊ နင်က ငါ နေမကောင်းလို့ ပန်းစည်းနဲ့
လာတာပေါ့လေ”

"အေးပေါ့၊ နင် ညနေစာလည်း လာမစား၊ နင့်ကိုလည်း မတွေ့ကြတာနဲ့ ညကျတော့ ခေါင်းတွေကိုက်လို့ဆိုတာ မိခိုင်ဆီက သိရတော့ နင့်ကိုသိတဲ့လူ တော်တော်များများ စိတ်တွေပူကြတာ၊ ငါ့ကို သတင်းလာလာမေးကြတယ်"

ဖူးစာက ဝမ်းသာဝမ်းနည်းလေး ပြုံးလိုက်ပါသည်။ ရက်တွေရှည်ကြာလာတော့ ဖူးစာရဲ့ရောဂါဝေဒနာ အခြေအနေကို သိတဲ့သူတွေ များလာပါပြီ။ တချို့တွေလည်း ဘရိန်းကျူမာရယ်လို့ပင် အတိအကျ သိကြပါသည်။ ဒါကြောင့်လည်း စိတ်တွေပူကြရှာတာ။

"ခုတောင် အပြင်မှာ တချို့တွေ ရစ်သီရစ်သီနဲ့ ဒီနားပတ်ပြီး လမ်းလျှောက်နေတဲ့သူကလျှောက်၊ နင့်ကို သတင်းမေးချင်ကြတာ ထင်တာပဲ၊ မေးရမှာလည်း အနှောင့်အယှက်ပြုရာ ကျမလားလို့ ချိန်ဆနေကြပုံပဲ"

"ဟင် ... ဘယ်သူတွေလဲ"

"တော်တော်ရှိတယ်၊ ဟိုဘက် ဘန်ဂလိုက ဘိုလင်မယားရယ်၊ နောက် ... ဟိုဘက်သူဌေးမကြီး တို့ဝရီးကတော့ ရှေ့နားပန်းခြံလေးက ထီးကြီးအောက်က ခုံတန်းမှာ ထိုင်နေကြတယ်။ ပြီးတော့ နင်ချစ်တယ်ဆိုတဲ့ ဟိုကလေးမလေးတို့ သားအမိ၊ အဖေတော့ မပါဘူး၊ အမေနဲ့ သမီးလေးပဲ။ လောင်ဒရီက ဒေါ်မိနာကြီးလည်း တစ်ပတ်ပတ်ထိုး ပြတင်းပေါက်ကို ခြေဖျားထောက်လိုက် မမီလိုက်။ ဘုရား

စာတောင် ဆိုပေးသွားသေး၊ ပြီးတော့ မနေ့ကမှ ရောက်တဲ့ကောင်လေးတစ်အုပ်စု"

"ဟယ် ... ဒီလောက်တောင်လား၊ လူတွေက ငါ့ကိုသေတော့မယ်လို့ ထင်နေကြပြီ တူတယ်"

ဂျင်မီရွှေက ပခုံးတွန့်ပါသည်။

"မနေ့ကတော့ မူးလည်းမူး အန်လည်းအန်ချင်၊ ခေါင်းလည်း တအားကိုက်၊ ဒါပေမဲ့ အဲဒါနဲ့တော့ ငါမသေလောက်သေးပါဘူးနဲ့ တူတယ်နော် ... ဂျင်မီနော်"

ဂျင်မီရွှေက ပြုံးရင်း ...

"ကဲ ... ငါလည်း ကစ်ချင်ကို လစ်ရတော့မယ်၊ နင်လည်း နေကောင်းရင် အပြင်လေး ဘာလေး ထွက်ဦး"

ဂျင်မီ ထွက်သွားပြီးလျှင်တော့ ဖူးစာသည် ကမန်းကတန်း အဝတ်လဲကာ အပြင်ခဏတဖြုတ် ထွက်ဖို့ပြင်ရပါသည်။ ညက အားသွင်းထားတဲ့ဖုန်းကို ဘောင်းဘီနောက်အိတ်ထဲထည့်ပြီး တံခါးဖွင့် ထွက်သည်ဆိုလျှင်ပင် ကောင်လေးရွယ်တစ်အုပ် ပြေးလာကာ ...

"အစ်မ ... အစ်မ၊ ကျွန်တော်တို့ မနေ့က ကားတိုက်မိတဲ့"

"အေး ... အစ်မ မှတ်မိပါတယ်၊ ခုဘာဖြစ်လို့လဲ"

"ဟိုချာတိတ်လေး အခြေအနေ အိုကေပဲ၊ ဘာမှသိပ်မဖြစ်ဘူး၊ မနက်အစောကြီးက ရောက်ပြီးပြီ"

"ဟုတ်လား၊ အေး ... ကောင်းတာပေါ့"

"အစ်မ ... အစ်မ၊ အစ်မက ဟိုဒင်း ... ရောဂါသည်ဆို"

"နင်တို့ကို ဘယ်သူပြောလဲ"

"ဆောရီးအစ်မ၊ ဟိုဟာလေ၊ Breakfast မှာ ကျွန်တော်တို့ အော်ကျယ် အော်ကျယ်နဲ့ မနေ့ကအကြောင်း ပြောနေတာ ကြားတဲ့စားပွဲထိုးက အစ်မ ပါသွားတာသိတော့ ပြောပြတာ၊ အဲဒါနဲ့ အစ်မ မနေ့က တအားပင်ပန်းရပြီး သွေးလည်းထုတ်ထားရတော့ အိုကေရဲ့လားလို့ စိတ်ပူလို့ပါ"

"အိုကေပါတယ်ကွာ၊ စိတ်မပူနဲ့"

အဲဒီနောက်တော့ဖြင့် ဖူးစာသည် ဒီနားမှာ ပတ်လျှောက်နေတဲ့ ကြင်နာတတ်တဲ့ ဘိုလင်မယားကို နှုတ်ဆက်၊ ထို့နောက် ဘာဘီရုပ်ကလေးလို ချစ်ဖွယ်ရုပ်ရည်နှင့် ဆံပင်ကောက်ညိုလေးများ ပိုင်ဆိုင်၍ မြင်မြင်ချင်း အသည်းယား ဖက်နမ်းမိသော ကလေးလေးနှင့် သူ့အမေတို့ သတင်းမေးတာကို နေကောင်းကြောင်းပြော။ ထို့နောက်တော့ သူ့ကို ဖင်တကြွကြွ မျှော်ကြည့်နေတဲ့ မမမြတို့ တစ္ဆဝရီးထံ လျှောက်လာခဲ့ပါသည်။

"ထားထား ... နေကောင်းရဲ့လား"

"ကောင်းပါတယ် မမမြ၊ အန်တီရော ဒီနား နေမရှိန်ဘူးလား၊ ထိုင်နေတာ ကြာပြီလားဟင်"

"နေမရှိန်ပါဘူး သမီးရယ်၊ မနေ့ကညက နေမကောင်းလို့ဆို"

"ဟုတ်ကဲ့၊ ခေါင်းတွေ မူးကိုက်တာပါ၊ ပင်လည်းပင်ပန်းသွားရလို့ပါ အန်တီ၊ ပုသိမ်ဆေးရုံပါ သွားလို့ပါ၊ ကလေးတစ်ယောက် ကားတိုက်တာ ကြားတယ် မဟုတ်လား"

"အင်း ... ကြားပါတယ်၊ လူတွေက အမျိုးမျိုး ပြောနေကြတော့ ကားတိုက်တာပဲ သမီးပါ ပါသလိုလို၊ ဆေးရုံရောက်သွားပြီလည်းပြော၊ ဘာကို အတည်ယူရမှန်းမသိတာ၊ ညကျတော့ သမီးပြန်ရောက်လာတယ် နေမကောင်းဘူးဆိုတော့ စိတ်ကထပ်ပူပြန်ရော၊ တစ်ယောက်ကပြောရင် တစ်မျိုးဆိုတော့ လည်နေတာပဲ၊ ဒီမနက်မှ ခိုင်ခိုင်သေချာပြောပြမှ အစုံအလင် သိရတာ၊ ခေါင်းမထူနိုင်အောင် ကိုက်တယ်ဆို"

"ဟုတ်ကဲ့ အန်တီ၊ ကိုက်လည်းကိုက်၊ ခေါင်းတွေလည်းမူး၊ အန်လည်းအန်ချင်၊ တစ်နေကုန် ပင်ပန်းပြီး ဆာသွားတာလည်း ပါမယ်ထင်ပါတယ်၊ ကလေးစိတ်ချရအောင် စောင့်ကြည့်နေတာနဲ့ မှောင်ပြီးမှ ပြန်ရောက်တာလေ အန်တီ၊ ပင်ပန်း ဗိုက်ဆာပြီးပဲ ဖြစ်သလား၊ ဒါမှမဟုတ်ရင်လည်း အထဲကရောဂါဝေဒနာကပဲ လက္ခဏာပြချိန်တန်လို့ ပြသလား မသိပါဘူး အန်တီရယ် ...

ခုလည်းပဲ နည်းနည်းတော့ ခေါင်းထဲက အုံတုံတုံပဲ၊ အလျှဉ်းကြီးတော့ မပျောက်သေးဘူး"

"အခန်းထဲ မအောင်းနေနဲ့လေ ထားထား၊ လာလေ လမ်းလေး ဘာလေး လျှောက်ရအောင်၊ သိပ်လည်းမပူဘူး၊ ဟိုဘက်က ကောင်မလေးတွေအုပ်စု သောင်ပြင်မှာ မြင်းတွေငှားစီးနေကြတယ်၊ ပျော်စရာကြီး"

ဖူးစာသည် လှမ်းမျှော်ကြည့်ရင်း ပြုံးရွှင်သွားကာ—

"မမြ စီးပါလား၊ ကျွန်မ မစီးရဲဘူး"

"စီးတော့ စီးချင်သား၊ တူတူစီးရအောင်လေ"

"ကြောက်တယ် မမြရယ်၊ စီးလည်း မစီးတတ်ဘူး"

ပြောရင်းဆိုရင်းက မြင်းငှားစီးနေကြတဲ့ ကမ်းခြေအနားဆီ ရောက်လာကြပါသည်။ အဲဒီအနားမှာပဲ လမ်းလျှောက်နေကြရင်းက မြင်းဆရာကို ဈေးမေးရင်း မမြကြီးက ပြုံးဖြီးဖြီးနှင့် အရမ်းကို စီးချင်နေရာ ...

"ကဲပါ မြမြရယ်၊ စီးမှာသာစီး၊ ဒီရောက်တုန်း တစ်ခါတစ်လေ စီးရတာ"

ဒေါ်မြတ်မြတ်ထွေး ဝင်ပြောမှပင် မမြက စီးဖြစ်တော့သည်။ မမြက အသက်သာကြီးသော်လည်း လူကသေးသေးသွယ်သွယ်ဖြစ်ရာ မြင်းပေါ်တက်တော့လည်း ပေါ့ပေါ့ပါးပါး၊ မမြကို ကြည့်ကာ ဒေါ်မြတ်မြတ်ထွေးနှင့် ဖူးစာ အူတွေနာအောင် ရယ်မောရသည်။ ကျောကြီးကော့သွားလိုက်၊ ခါးကြီးစောင်းသွားလိုက်။ ဒါကို ရယ်နေရတာနှင့်ကို မောနေရပါသည်။

လက်တွဲကာ ခဏလမ်းလျှောက်နေရာမှ သဲပြင်ပေါ် နှစ်ယောက်အတူ ထိုင်ချလိုက်ကြသည်။ မမျှော်လင့်ဘဲ ဖူးစာသည် သူ အင်မတန် ရောက်ချင်ဖူးလှတဲ့ ကမ်းခြေမှာ ချစ်ရသူရဲ့မိခင်နှင့် ခင်မင် သံယောဇဉ်တွယ်မိသည်။ ချစ်သူနဲ့တော့ မဟုတ်ဘူးပေါ့။ သူ့အမေနဲ့။ ဒါပေမဲ့ တစ်ယောက်အကြောင်း တစ်ယောက်ရင်ထဲ တစ်ယောက် စိတ်နေသဘောထားတို့ကို နောက်တစ်ယောက်သိခွင့်ရခဲ့တာပေါ့။

မသိခင်က ရှိန်လန့်ခဲ့တဲ့ ဦးအလင်းရဲ့ မေမေဟာ အင်မတန် သဘောမနော အေးဆေးငြိမ်းချမ်းလှပါသည်။ ဦးအလင်းရေ ... ဖူးစာရဲ့ နောက်ဆုံးအချိန်တွေထဲက တစ်ဝက်တစ်ဖဲ့ကို ဦးအလင်းရဲ့မေမေနဲ့ ခင်ခင်မင်မင် ရယ်ရယ်မောမော ကုန်ဆုံးခဲ့ရတာ ဝမ်းသာမိပါတယ်။ ဦးအလင်းနဲ့တော့ အတူကုန်ဆုံးခွင့်မရှိခဲ့ပေမယ့် အခုလောက်ဟာလည်း အရှုံးထဲက အမြတ်ပါပဲ။

"အဲ ... သမီးရေ၊ ထားထားရေ ... မြင်း ... မြင်း"

ဒေါ်မြတ်မြတ်ထွေးရဲ့ အလန့်တကြား ရေရွတ်သံကြောင့် အတွေးတွေ နစ်မြောရာမှ ဖူးစာ လှည့်အကြည့် ယောင်ယမ်းပြီး မြင်းဘေးနှစ်ဖက်ကို ခြေထောက်နှင့် ညှပ်ကန်လိုက်တဲ့ မမြကြောင့် မြင်းကြီးက ဒုန်းစိုင်းစေတယ်ထင်ပြီး အရှိန်တင်ပြေးတော့တာ။ မမြက ဇက်ကြိုးကိုင် မကျွမ်းတော့ ပြုတ်မကျအောင် စုဆုပ်ဆွဲထားတဲ့ ဇက်ကြိုးအနေအထားက မြင်းကြီးကို ဖူးစာတို့ဘက်ရှိရာ ဦးတည်စေလေသလား မသိ။

လွှားခနဲ လွှားခနဲ ကိုယ့်ဆီပြေးဝင်လာတဲ့ မြင်းကြီးကို အမြင် နှစ်ယောက်သား အလန့်တကြားတွေ အော်ဟစ်ကြပြီးတဲ့နောက်တော့ ဖူးစာသည် ချာခနဲလှိမ့်ကာ ဒေါ်မြတ်မြတ်ထွေးကိုယ်ပေါ် ခုန်အုပ်သလို မှောက်လျက်သား အပေါ်က ဆီးကာပေးထားလိုက်ပါသည်။ မြင်းကန်လိုက်ရင် နှလုံးရောဂါနဲ့ အဘွားကြီးတစ်ချီတည်း အသက်ထွက်သွားနိုင်တာလေ။ ကိုယ်ကတော့ ဘယ်လိုတွေးတွေး သေလူပဲ မဟုတ်လား။

"ထားထား ... သမီး"

သဲလုံးကြီးတွေ ကိုယ်ပေါ်စင်ကျန်ရစ်ခဲ့ကာ တင်ပါးကို လျှပ်ခနဲ ခပ်စပ်စပ် တစ်ချက်ထိ ခံလိုက်ရပြီး မြင်းကြီးက ကျော်ဖြတ်သွားခဲ့ပြီ။ ဒေါ်မြတ်မြတ်ထွေးက ဖူးစာကို အောက်ကနေ လှမ်းကိုင်လှုပ်ကာ ...

"ထားထား ... ဘာဖြစ်သွားလဲဟင်"

"နည်းနည်းပဲ၊ အားလားလား ... အီသွားတာပါ"

ချွေးတွေ သဲတွေ လူးသွားတဲ့ ဖူးစာက ဒေါ်မြတ်မြတ်ထွေး အပေါ် အားလျားခွပုံစံမှ ဘေးကိုလှဲချလိုက်ပါသည်။

"ဘယ်နားလဲဟင်၊ ဘယ်နားလဲ၊ သတိရရဲ့လား၊ သိပ်နာသွားသလား၊ ခေါင်းထိသေးလား"

ဖူးစာက ပက်လက်ပုံစံ သဲပေါ်အိပ်ရင်း ဒူးကိုကွေးချည်ဆန့်ချည် ပြုကြည့်သည်။ တင်ပါးက မျက်တက်တက်။ မကျိုးမပဲ့တာတော့ သေချာသည်။ လွှားခနဲ အခုန်မှာ ခွာနဲ့ပဲ လျှပ်တိုက်

သွားတာမျိုးနေမှာ။ အလန့်တကြားမို့ တခြားဘယ်ထိသေးလဲ ဟိုကိုင်ဒီစမ်း လုပ်ကြည့်ရသည်။ ထိမထိ မသိ။ ခေါင်းကိုလည်း ဒေါ်မြတ်မြတ်ထွေး မေးမှကိုင်ကြည့်ရသည်။

"လာပွေ့ချီပေးကြပါဦး၊ နေဦး၊ ခွေခေါက်ကုန်ဦးမယ်၊ ဟိုတယ်ကို ဖုန်းလှမ်းဆက်မှ၊ သွားနေရင် ကြာတယ်၊ ကတ်တစ်ခုလောက် ယူခဲ့ပါလို့၊ လူနာတင်ဖို့"

ဒေါ်မြတ်မြတ်ထွေးသည် ပူပန်တကြီးနှင့် အုံလာသော လူတွေကို အော်ဟစ် ပြောနေပါသည်။ သူတို့အပေါ်က မြင်းကြီး ကျော်ဖြတ်သွားတာသာ သိလိုက်ကြ၍ ဘယ်နားထိမထိ ဘယ်သူမှ မသိကြပါ။ မမြလည်း ပြေးလာနေပြီ။ မြင်းဆရာက ပြေးလိုက်ပြီး မြင်းကို တုံ့ဆွဲအရှိန်သတ်နိုင်၍ မမြလည်း ဘာမှမဖြစ်ပါ။ ဖူးစာ အနား ဒူးတုပ်ပစ်ချထိုင်လိုက်ကာ ...

"ထားထား ... ဘယ်နာသွားလဲ"

"ဖုန်းပါလား မြမြ"

"မပါဘူး"

ဖူးစာက ဘောင်းဘီတင်ပါးအိတ်ထဲက ဖုန်းကို အနည်းငယ်စောင်းပြီး ထုတ်ယူပေးလိုက်ပါသည်။ ပါဝါအော့ဖ် လုပ်ထား၍ မြမြက ပါဝါအွန်လိုက်သည်နှင့် ...

"တီတီ ... တီတီ ... တီတီ"

ဘုရားရေ ...။ ပါဝါဖွင့်ဖွင့်ချင်း အမြဲခေါ်သံမြည်လာတတ်သည်မှာ ဦးအလင်း ထံကပဲပေါ့။

"ဟင် ... အလင်းရဲ့ဖုန်းနံပါတ်ကြီးပါလား"

"ဘယ်သူ ! "

"အလင်းလေ အန်တီ၊ အလင်းက ဒီဖုန်းကို !! ထားထားနဲ့ အလင်း သိတာလား"

ဖူးစာသည် ရှုံ့မဲ့ကလေးနှင့်သာ ဖုန်းကို မမမြဲ့ဖွင့်ဖို့ မေးလေးဆတ်ပြလိုက်တော့သည်။ သိစရာရှိသမျှ သိကြပါစေတော့။ သေမထူး နေမထူးပဲလေ။

"ဟဲလို"

"ဖူးစာလား"

"ဘယ်က ဖူးစာလဲ၊ အလင်း၊ ငါပါ မမမြ"

"ဟင် ... မမမြ၊ ဒါဆိုရင် ဖူးစာ ငွေဆောင်မှာဆိုတာ သေချာတာပေါ့"

"ဖူးစာ ဆိုတာ ! "

"ကျွန်တော့်ကောင်မလေးလေ မမမြ၊ သူ့ဖုန်းကို အခု မမမြ ကိုင်ထားတာလေ"

"ဩော် ... ဩော် ... အင်း ... အင်း"

"သူလည်း ငွေဆောင်မှာပေါ့"

"အင်း ... သူငွေဆောင်မှာမှန်း မင်းက မသိဘူးလား"

"ခုမှသိတာ၊ ခုလေးတင်၊ သူ့အိမ်မှာ အဝတ်လျှော်ဖူးတဲ့ မုန့်ဟင်းခါးသည်ကြီးက ဖူးစာ ငွေဆောင်သွားမယ်ပြောတယ် ပြောတာ၊ ဟုတ်ရဲ့လားလို့ လှမ်းဆက်ကြည့်တာ"

"အမလေး၊ ရှုပ်နေတာပဲဟယ်၊ မုန့်ဟင်းခါးသည်ရော၊ အဝတ်လျှော်တာရော၊ ဘာတွေလဲ အလင်းရယ်"

မမမြက ဖူးစာဘက်လှည့်ကာ ...

"ထားထား ...၊ ထားထားက ဖူးစာလား"

"ဟုတ် ... ဟုတ်ပါတယ်"

ဒေါ်မြတ်မြတ်ထွေးလည်း အံ့အားတသင့်ကြီးနှင့် ဖူးစာကို မျက်လုံးကျွတ်ကျမလို ငေးကြည့်နေပါသည်။ ဒီကောင်မလေးဟာ သူနဲ့ဆုံလိုက်ရင် နာဖို့ကိန်းချည်း ကြုံဆိုက်နေတော့တာပဲ။ ဒါကြောင့် မြင်ဖူးပါတယ်လို့ ထင်မိသား။ သူကလေး၊ သားမြတ်နိုးတဲ့ မိန်းကလေးဟာ သေရတော့မယ့် ဝေဒနာနဲ့ တစ်ယောက်တည်း စိတ်ပြေလက်ပျောက် နေနေတဲ့ အခြေအနေမျိုးနဲ့။ ဖြစ်မှ ဖြစ်ရလေ။

"သမီး ... သမီးက ဖူးစာ ဟုတ်လား၊ အန်တီ မမှတ်မိလိုက်ပါလားကွယ်။ မှတ်မိရင် သားကို ဖုန်းဆက်ပြောနိုင်မှာ၊ သားခမျာ သမီးကို ရှာနေတာ"

"တမင်ကို ရင်မဆိုင်ချင်တော့လို့ သမီး လာပုန်းနေတာပါ အန်တီ၊ ဦးအလင်းကို ခံစားကြေကွဲပြီး မကျန်ရစ်ခဲ့စေချင်ဘူး၊ သူရှိတဲ့အရပ်မှာလည်း မသေချင်ဘူး၊ ဒါကြောင့် တိတ်တိတ်ကလေး အဝေးလာနေနေတာပါ"

"မမမြ"

အလင်းရောင် အော်လိုက်သံကြောင့် ဒီဘက်ကို နားစွင့်နေတဲ့ မမမြက လန့်ဖျပ်ကာ ...

"ပလုတ်တုတ်၊ ဘာလဲ အလင်း ... ပြော"

"ဖူးစာကို တစ်ခု သေသေချာချာ ပြောပြလိုက်"

"အင်း ... အင်း ... ဘာပြောရမှာလဲ"

"သူ့ခေါင်းကိုရိုက်တဲ့ ဓာတ်မှန်က မှားနေတယ်တဲ့၊ သူ့ခေါင်းမှာ ဘာရောဂါ ဘာကျူမာမှ မရှိဘူး၊ ကြားလား မမမြ၊ အခု ပြောပြလိုက်ပါ"

"အေး အေး၊ ထားထားရေ ... အဲ ... ဖူးစာ၊ ဒီမှာအလင်းက ပြောနေတယ်၊ ခေါင်းကိုရိုက်တဲ့ ဓာတ်မှန် မှားတယ်တဲ့၊ ဖူးစာ ခေါင်းမှာ ဘာကျူမာမှ မရှိဘူးတဲ့"

"ဟင်"

ဖူးစာသည် ကယောင်ကတမ်း ထ,ထိုင်လိုက်ပါသည်။

"ဖူးစာမှာ ခေါင်းထဲမှာ ဘာကျူမာမှ မရှိဘူး !! တကယ်လားဟင် ! "

"မမမြ ... ဖူးစာကို ဖုန်းပေးလိုက်ပါ၊ သူ ဘာဖြစ်နေလို့လဲ"

"ကဲ ... ကဲ ... ရော့ ... ရော့ ... ပြောလိုက်"

ဖူးစာသည် လက်ထဲရောက်လာသော ဖုန်းကို နားမှာ ကမန်းကတန်းကပ်ကာ ...

"ဦးအလင်း"

"ဖူးစာ ... ဖူးစာမှာ Brain Tumour မရှိဘူး၊ စက်က ချို့ယွင်းမှု အမှားအယွင်းတစ်ခုကြောင့် ရိုက်သမျှပုံတိုင်းမှာ အဖြူလုံးတွေနဲ့ error တွေ ပေါ်နေတာ၊ နုနုဆွေ ပြောတယ်၊ ဆရာဝန်ကြီးကလည်း ဖူးစာကို ချက်ချင်းပြန်ခေါ်ခိုင်းတယ်၊ ကျွန်တော်လည်း ဒီနေ့ပဲ ဖူးစာ ငွေဆောင်မှာဆိုတာ သတင်းရတယ်၊ ဖူးစာတို့အိမ်မှာ အဝတ်လျှော်ခဲ့တဲ့ ဒေါ်ဒေါင်းကြီး ပြောတာ၊ အဲဒါ ကျွန်တော် ဒီနေ့ပဲ ငွေဆောင်ကို လိုက်လာလိုက်မယ်နော်၊ ဖူးစာကိုခေါ်ပြီး နောက်နေ့မှ ရန်ကုန်ပြန်မယ်၊ ဆရာဝန်ကြီးဆီ ပြန်ပြမယ်"

"ရောဂါမရှိတော့တာ သေချာရဲ့လား ဦးအလင်းရယ်"

"သေချာပါတယ် ဖူးစာရယ်၊ ယုံပါ"

"ဒီ ... ဒီကိုတော့ မလိုက်ခဲ့ပါနဲ့လား၊ ဖူးစာ ရန်ကုန်ကို ပြန်လာပါ့မယ်"

"မရဘူး၊ ကျွန်တော် လာကြိုမယ်"

"ဟိုလေ ... ဒီမှာလည်း လူကြီးတွေ .."

"ဘာမှ စိတ်ရှုပ်စရာ တွေးမနေနဲ့တော့ ဖူးစာ၊ အနားမှာ မေမေများ ရှိနေလား"

"ဟုတ်ကဲ့"

"ဖုန်းခဏပေးလိုက်ပါ၊ ကျွန်တော် စကားခဏပြောချင်လို့ပါ"

ဖူးစာသည် ဒေါ်မြတ်မြတ်ထွေးထံ မရဲမဝံ့လေး လှမ်းကြည့်ရင်း ...

"အန်တီ ... ဟို ... ဦးအလင်းက စကားပြောချင်လို့ပါ"

ဒေါ်မြတ်မြတ်ထွေးက ဖုန်းကို လှမ်းယူကာ စကားပြောနေတော့လျှင် ဖူးစာသည် ခေါင်းကလေးငုံ့လျက်သား မျက်နှာလေးရဲရဲနှင့် စိတ်တွေ ယောက်ယက်ခတ် လှုပ်ရှား ရင်ဖိုလျက် ရှိတော့သည်။

✧ ❣ ✧

လမင်းမိုမို